# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

**ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၈)**


၁၃၇၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက် | ၂၀၁၈ ခုနှစ်၊ မတ် ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၇)၊ အမှတ် (၁၆၅)


# နိုင်ငံတော်သမ္မတ ဦးထင်ကျော် မလေးရှားနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် မတ် ၁၃**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး မစ္စတာ မိုဟာမက် ဟာနဖ်ဘင် အဗ္ဗဒူလာ ရာမန်အား နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခင်လတ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

**တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး မစ္စတာ မိုဟာမက် ဟာနဖ်ဘင် အဗ္ဗဒူလာ ရာမန်အား နိုင်ငံတော်သမ္မတ ဦးထင်ကျော် လက်ခံတွေ့ဆုံစဉ်။**

သတင်းစဉ်

# မြန်မာ့ခေါင်းဆောင်နှင့် အစိုးရအနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ခွင့်လွှတ်သည်းခံမည်မဟုတ် တိကျခိုင်မာသည့် အထောက်အထားရှိပါက မြန်မာနိုင်ငံအနေဖြင့် အရေးယူရန် အဆင်သင့်ရှိ

နေပြည်တော် မတ် ၁၃

**ဂျီနီဗာမြို့ ကုလသမဂ္ဂအဆောက်အအုံတွင် ၂၆-၂-၂၀၁၈ ရက်မှ ၂၃-၃-၂၀၁၈ ရက်အထိ ကျင်းပပြုလုပ်လျက်ရှိသည့် (၃၇) ကြိမ်မြောက် လူ့အခွင့်အရေးကောင်စီ၏ ပုံမှန်အစည်းအဝေးကာလအတွင်း ၁၂-၃-၂၀၁၈ ရက်တွင် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ ခေါင်းစဉ်ဖြင့် အပြန်အလှန် ဆွေးနွေးမှုတစ်ရပ်ကို ပြုလုပ်ခဲ့သည်။**

အဆိုပါ အပြန်အလှန်ဆွေးနွေးမှုတွင် ဦးစွာ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ယန်ဟီလီမှ ၎င်း၏ အစီရင်ခံစာတင်သွင်းပြီး၊ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သည့် နိုင်ငံတကာအချက်အလက် ရှာဖွေရေးအဖွဲ့မှ နှုတ်ဖြင့် အစီရင်ခံစာတင်သွင်းခဲ့သည်။

ထို့နောက် မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးထင်လင်းက မိန့်ခွန်းတစ်ရပ် တုံ့ပြန်ပြောကြားခဲ့ပါသည်။ ယင်းသို့ ပြောကြားရာတွင် အမြဲတမ်းကိုယ်စားလှယ်က လက်ရှိ ဒီမိုကရက်တစ်အစိုးရ တာဝန်ယူသည့် နှစ်နှစ်တာကာလအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဒီမိုကရေစီအခြေခံအုတ်မြစ်များတွင် တိုးတက်မှုများစွာကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ရေရှည်တည်တံ့သည့် အဖြေတစ်ရပ်ပေါ်ထွက်ရန် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များကို အကောင်အထည်ဖော်ခြင်းသည်လည်း တိုးတက်မှုများ ရရှိနေပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ပြန်လည်တည်ဆောက်ရန် လိုအပ်**

ယင်းသို့ ကြိုးပမ်းမှုများ တိုးတက်မှုလမ်းကြောင်းအပေါ် ရောက်ရှိနေချိန်တွင် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လတွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများသည် ရခိုင်ပြည်နယ် အခြေအနေကို ရုတ်တရက်ပြောင်းလဲစေခဲ့ကြောင်း၊ ARSA ၏ အကြမ်းဖက်တိုက်ခိုက်မှုများနှင့် သွေးထိုးလှုံ့ဆော်မှုများ သက်ရောက်နေချိန်တွင် ထိခိုက်ခံရသည့်သူများအားလုံး၏ လုံခြုံရေးအတွက် တရားဥပဒေစိုးမိုးရေး ပြန်လည်တည်ဆောက်ရန် လိုအပ်ကြောင်း၊ တိုင်းရင်းသားမျိုးနွယ်စုများဖြစ်သည့် ရခိုင်၊ ဒိုင်းနက်၊ မြို၊ သက်၊ မရမာကြီးနှင့် ဗုဒ္ဓဘာသာ၊ မူဆလင်၊ ဟိန္ဒူဘာသာကိုးကွယ်သူများ၏ နေ့စဉ်ဘဝနှင့် အနာဂတ်တို့ကို ဆိုးရွားစွာ ထိခိုက်စေခဲ့ကြောင်း၊ အလားတူ ရခိုင်ပြည်နယ် အတွင်းတွင်သာမက ရခိုင်ပြည်နယ်ပြင်ပသို့ပါ နေရပ်စွန့်ခွာမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ သို့သော် ကျေးရွာနှင့် လူအတော်များများမှာ ဆက်လက်တည်ရှိနေသည်ဆိုသည့် အချက်ကို အလေးအနက်ထား ပြောကြားခဲ့ပါသည်။ အဆိုပါအချက်ကို သံတမန်များနှင့် ကုလသမဂ္ဂအေဂျင်စီများမှ

*စာမျက်နှာ ၇ ကော်လံ ၁* ❋




မြန်မာ့အလင်း

# ပြည်သူထဲက ပြည်သူတို့၏ သန္နိဋ္ဌာန်

ရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းသား ကိုဖုန်းမော် ကျဆုံးကွယ်လွန်ခဲ့သည်မှာ နှစ် (၃၀)ပြည့်သွားပြီ ဖြစ်ပါသည်။ ကိုဖုန်းမော်ကျဆုံးသည်မှ အစပြုခဲ့သော ကျောင်းသားလှုပ်ရှားမှုတို့မှတစ်ဆင့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး ပါဝင်ခဲ့သော လူထုဒီမိုကရေစီအရေးတော်ပုံကြီး။ ကိုဖုန်းမော်ကျဆုံးခဲ့သည်မှာ နှစ်ပေါင်း(၃၀)ပြည့်သော ယနေ့အခါသမယ၌ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ ဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်ခဲ့သော လူထုအစိုးရသစ်က နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ကိုင်တွယ်ကျင့်သုံး ဆောင်ရွက်နေပြီ ဖြစ်ပါသည်။

ကိုဖုန်းမော်ကျဆုံးခဲ့ရသည့် သမိုင်းအဓိပ္ပာယ်၊ နိုင်ငံရေးအနှစ်သာရတို့ကို မှန်ကန်စွာ နားလည်ရန် လိုအပ်ပါသည်။ ရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းသား ကိုဖုန်းမော်ကျဆုံးခဲ့ရခြင်းသည် ကျောင်းသား ကျောင်းသူတို့အား ကိုယ်စားပြုဆောင်ရွက်ပိုင်ခွင့်ရှိသော အဖွဲ့အစည်းမရှိခြင်းကို ညွှန်ပြနေပါသည်။ ကျောင်းသား ကျောင်းသူတို့၏ တိုင်းပြည်အရေးလှုပ်ရှားဆောင်ရွက်နေမှုကို နိုင်ငံရေးအန္တရာယ်ဟု သတ်မှတ်ထားခြင်းကို ဖော်ပြနေပါသည်။ နိုင်ငံသူ နိုင်ငံသားတို့၏ သဘောထားအမြင်နှင့် ခံစားချက်တို့ကို ကာလရှည်ကြာဖိနှိပ်မှုသည် ပေါက်ကွဲပွင့်အန်မှုကို ဖြစ်ပေါ်စေတတ်ကြောင်း သတိပေးနေပါသည်။ ကိုဖုန်းမော်ကျဆုံးခဲ့ရခြင်းသည် လတ်တလော အကြောင်းရင်းဖြစ်၍ တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံး၏ တငွေ့ငွေ့တောက်လောင်နေသော အထွေထွေမကျေနပ်မှုသည် အခြေခံအကြောင်းတရား ဖြစ်ပါသည်။

ကိုဖုန်းမော် အသက်စွန့်လှူတ်ခဲ့ရသည်က အချည်းနှီးမဟုတ်သည်မှာ ပေါ်လွင်ထင်ရှားပြီးဖြစ်သော်လည်း မည်ကဲ့သို့သော အကျိုးဆက်တို့ ဖြစ်ပေါ်ခဲ့သည်ကို အလေးအနက်သုံးသပ်ရန် လိုအပ်ပါသည်။ ကိုဖုန်းမော်၏ အသက် စွန့်လှူတ်မှုကြောင့် ကိုင်လှုပ်ခံနိုးကြားလာသော ကျောင်းသားလှုပ်ရှားမှုသည် လူထုဒီမိုကရေစီအရေးတော်ပုံကြီးကို အသက်သွင်းဖြစ်ပေါ်ခဲ့ပါသည်။ ဤလူထုဒီမိုကရေစီအရေးတော်ပုံကြီးက ထိုးဖောက်ဖြိုခွဲ၍မရနိုင်ဟု ထင်မှတ်မှားခဲ့သော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ယန္တရားအရပ်ရပ်ကို ရက်ပိုင်းအတွင်း ပြိုလဲရပ်တန့်စေခဲ့ပါသည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသည် နိုင်ငံတော်ကို တာဝန်ယူအုပ်ချုပ်ခဲ့သည့် (၂၆)နှစ်ကာလအတွင်း တိုင်းပြည်၏ ပျက်စီးယိုယွင်း ဆုတ်ယုတ်မှု ဖြစ်ပေါ်စေခဲ့ပါသည်။

လူထုဒီမိုကရေစီအရေးတော်ပုံကြီးသည် အပြီးသတ်ရလဒ်ကို မဖန်တီးနိုင်ခဲ့သော်လည်း တိုင်းပြည်၌ ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်ခြင်းနှင့်အတူ ပါတီစုံဒီမိုကရေစီကျင့်သုံးခြင်းနှင့် ၁၉၉၀ ရွေးကောက်ပွဲကျင်းပခြင်းတို့ကို ဖြစ်ပေါ်စေခဲ့ပါသည်။ ၁၉၉၀ ရွေးကောက်ပွဲ၌ ပြည်သူလူထု၏ ဒီမိုကရေစီရေးသန္နိဋ္ဌာန်ကို ဦးထိပ်ထားသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အနိုင်ရရှိခဲ့သော်လည်း တိုင်းပြည်၏ အချုပ်အခြာအာဏာကို ကျင့်သုံးဖော်ဆောင်ခွင့်မရရှိခဲ့ပါ။ ၁၉၉၀ ရွေးကောက်ပွဲမှသည် ၂၀၁၅ ရွေးကောက်ပွဲအထိ ရှည်လျားသော ဒီမိုကရေစီခရီးကြမ်းကို တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးသည် လူထုဒီမိုကရေစီအရေးတော်ပုံကြီးက ဖန်တီးလိုက်သည့် ဒီမိုကရေစီသန္နိဋ္ဌာန်ဖြင့် ကြံ့ကြံ့ခံလျှောက်လှမ်းခဲ့ပါသည်။ ကျဆုံးခဲ့သည်မှာ နှစ်ပေါင်း (၃၀)ရှိပြီဖြစ်သော ရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းသား ကိုဖုန်းမော်သည် ပြည်သူလူထု၏ ဤဒီမိုကရေစီသန္နိဋ္ဌာန်ကို ပုံဖော်ဖန်တီးခဲ့သည့် ပြည်သူထဲက ပြည်သူတစ်ဦးဖြစ်ပါသည်။ တရားမျှတ တည်ငြိမ်ဖွံ့ဖြိုးသော နိုင်ငံတော်ကြီးဖြစ်ပေါ်ရေးအတွက် အသက်ပေးလှူခဲ့သော ကိုဖုန်းမော်အား တိုင်တည်၍ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက တိုင်းပြည်၌ ဒီမိုကရေစီစနစ်ကို အပြည့်အဝ၊ အခိုင်အမာ ကျင့်သုံးဆောင်ရွက်နိုင်ရေးအတွက် သန္နိဋ္ဌာန်ချ ဆောင်ရွက်ကြပါရန် လေးစားစွာ နှိုးဆော်တင်ပြအပ်ပါသည်။ ။

## ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရုံးမှ တရားရေးဆိုင်ရာ လစ်လပ်ရာထူး ငါးနေရာအတွက် စိတ်ဝင်စားသူများ လျှောက်ထားနိုင်

**နေပြည်တော် မတ် ၁၃**

United Nations Dispute Tribunal (UNDT) နှင့် United Nations Appeals Tribunal (UNAL) တို့တွင် တရားရေးဆိုင်ရာ လစ်လပ်ရာထူး ငါးနေရာအတွက် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ အရည်အချင်းပြည့်မီသော နိုင်ငံသားများ လျှောက်ထားနိုင်ကြောင်း သိရှိရသည်။

လိုအပ်သည့် တရားရေးဆိုင်ရာ အတွေ့အကြုံများနှင့် နယ်ပယ်များအပြင် ဘာသာစကားတတ်ကျွမ်းမှု လိုအပ်ချက်တို့ကို တင်ပြလျက် ယှဉ်ပြိုင်လျှောက်ထားလာသော တရားသူကြီးများအား Internal Justice Council ၏ ထောက်ခံချက်ဖြင့် ကုလသမဂ္ဂအထွေထွေညီလာခံက ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုတရားရေးဆိုင်ရာ လစ်လပ်ရာထူးနေရာများတွင် အငြိမ်းစားတရားသူကြီးများလည်း လျှောက်ထားနိုင်ကြောင်း သိရပြီး http://www.un.org/en/oaj/unjs/docs/judical Vacancy EN.pdf တွင် လိုအပ်သည့် အချက်အလက်များကို ဝင်ရောက်ကြည့်ရှုနိုင်ပြီး စိတ်ဝင်စားသူများသည် internal justice council applicaion@un.org သို့ မတ် ၃၁ ရက်နောက်ဆုံးထား လျှောက်ထားနိုင်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## ဆိုင်ကယ်စီးနင်းသူများ သတ်မှတ်စည်းကမ်းမလိုက်နာပါက ထိရောက်စွာ အရေးယူသွားမည်

**မော်လမြိုင် မတ် ၁၃**



မွန်ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ (၁/၂၀၁၈) အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် မော်လမြိုင်မြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပရာ ပြည်နယ်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ တက်ရောက်အမှာစကားပြောကြားသည်။

မော်တော်ဆိုင်ကယ် စီးသူများအနေဖြင့် အရည်အသွေးပြည့်မီသော ဆိုင်ကယ်ဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ ဝတ်ဆင်မောင်းနှင်ရေး၊ မော်တော်ဆိုင်ကယ်မောင်းနှင်သူများ လက်ကိုင်ဖုန်းအသုံးမပြုရေး၊ မော်တော်ဆိုင်ကယ်မောင်းနှင်စဉ် နားကြပ် (Bluetooth/earphone) အသုံးပြု၍ သီချင်းနားထောင်ခြင်းမပြုရေး၊ မော်တော်ဆိုင်ကယ် နောက်ကြည့်မှန်များ တပ်ဆင်မောင်းနှင်ရေး စသည့် စည်းကမ်းချက်များကိုလိုက်နာရန်၊ မော်တော်ဆိုင်ကယ်စီးနင်းသူများအား အသိပညာပေးခြင်းကို မတ် ၆ ရက်မှ ၂၀ ရက်အထိ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန် ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီက ဆောင်ရွက်လျက်ရှိပြီး ပညာပေးကာလကုန်ဆုံးသည့် ရက်မှစ၍ တားမြစ်ထားသည့် စည်းကမ်းချက်များကို ဖောက်ဖျက်ကျူးလွန်ပါက ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်နယ်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းနိုင်ဦးက ပြောကြားသည်။

မွန်ပြည်နယ်တွင် ၂၀၁၇ ခုနှစ်အတွင်း ယာဉ်တိုက်မှုပေါင်း ၉၅၁ မှုရှိရာ ဒဏ်ရာရရှိသူ ၁၅၇၉ ဦး၊ သေဆုံးသူ ၃၈၉ ဦးရှိပြီး မော်တော်ဆိုင်ကယ်ကြောင့် ယာဉ်တိုက်မှု ၅၄၀၊ ဒဏ်ရာရရှိသူ ၉၃၆ ဦး၊ သေဆုံးသူ ၂၁၉ ဦးရှိ၍ ဖြစ်ပွားမှုနှုန်းမှာ ၅၆ ဒသမ ၇၈ ရာခိုင်နှုန်းရှိကြောင်း ပြည်နယ်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီထံမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## သတင်းနှင့်စာနယ်ဇင်း ဝန်ထမ်းဟောင်းများအသင်း သက်ကြီးပူဇော်ပွဲနှင့် တွေ့ဆုံပွဲကျင်းပမည်

**ရန်ကုန် မတ် ၁၃**

သတင်းနှင့် စာနယ်ဇင်း ဝန်ထမ်းဟောင်းများအသင်းမှ ဒုတိယအကြိမ်အဖြစ် အသက် ၈၀ နှင့်အထက် သက်ကြီးအသင်းသားများ ပူဇော်ပွဲနှင့် ဝန်ထမ်းဟောင်းများ မိတ်ဆုံတွေ့ဆုံပွဲကို မတ် ၂၅ ရက် (တနင်္ဂနွေနေ့)နံနက် ၉ နာရီခွဲတွင် ဗဟန်းမြို့နယ် အာဇာနည်လမ်း(ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်)ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဓမ္မာရုံ၌ စည်ကားစွာ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားသို့ သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများ အသင်းဝင်သည်ဖြစ်စေ၊ အသင်းမဝင်သည်ဖြစ်စေ၊ ဝန်ထမ်းဟောင်းများအားလုံး တက်ရောက်နိုင်ပါကြောင်း သိရသည်။ အသင်းသားအသစ်အဖြစ် ပါဝင်လိုသူများ၊ အသင်းနှစ်စဉ်ကြေးပေးသွင်းလိုသူများ အဆင်ပြေစေရေးအတွက် အခမ်းအနားကျင်းပမည့်နေ့ရက်တွင် ဆောင်ရွက်ပေးနိုင်ရန် စီစဉ်ထားရှိပြီး ဖြစ်သည်။ ဝန်ထမ်းဟောင်းများအနေဖြင့် အသင်းကိစ္စနှင့်စပ်လျဉ်း၍ ဆောင်ရွက်လိုပါက အတွင်းရေးမှူး ဦးဇော်ဝင်း(ဖုန်း-၀၉-၄၂၀၀၁၃၈၉) နှင့် တွဲဖက်အတွင်းရေးမှူး ဦးအေးသန်း (ဖုန်း-၀၉-၄၄၀၃၇၇၆၃၆)တို့ထံ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၃-၃-၂၀၁၈

ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၃၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၈၀၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | |
|---|---|
| ဒီဇယ် | ၇၉၅/၈၁၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၇၀/၇၈၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၁၅/၈၃၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၁၀/၈၃၅ ကျပ် (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၃၆ ・၀ |
| ဥရောပ | တစ်ယူရို | ၁၆၄၈ ・၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၈ ・၁ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၅၅ ・၉ |
| ထိုင်း | တစ်ဘတ် | ၄၂ ・၇ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ・၅၅ |
| တရုတ် | တစ်ယွမ် | ၂၁၁ ・၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၂ ・၂ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီရွှေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

# မလေးရှား-မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေး

**နေပြည်တော်  မတ်  ၁၃**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး မစ္စတာ မိုဟာမက် ဟာနဖ်ဘင် အဗ္ဗဒူလာ ရာမန် အား ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မလေးရှား-မြန်မာ နှစ်နိုင်ငံ အစိုးရအချင်းချင်း၊ လွှတ်တော် အချင်းချင်း၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး မစ္စတာ မိုဟာမက် ဟာနဖ်ဘင် အဗ္ဗဒူလာ ရာမန်တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** သတင်းစဉ်





# ဥပဒေရေးရာကိစ္စရပ်များနှင့် နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး

**နေပြည်တော်  မတ်  ၁၃**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံအမတ်ကြီး H.E. Mr. Peter Lysholt Hansen အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အမှတ် (I-11) ၌ လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

**ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် ဥပဒေရေးရာကိစ္စရပ်များနှင့် နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ် ဆွေးနွေးကြသည်။

**သတင်းစဉ်**


# နှစ်နိုင်ငံတိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော်  မတ်  ၁၃**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ အလုပ်သဘော လေ့လာရေးခရီး သွားရောက်နေသော နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်သည် ယနေ့ နံနက်ပိုင်းတွင် ဟန္နိုင်းမြို့ရှိ ဒုတိယဝန်ကြီးချုပ်ရုံး ဧည့်ခန်းမ၌ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H. E. Mr. Truong Hoa Binh နှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသနေ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားလူမျိုးများ၏ စာပေ၊ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ ထိန်းသိမ်းစောင့်ရှောက်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံတိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးအပါအဝင် မြန်မာနိုင်ငံအစိုးရအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများ၊ ဗီယက်နမ်နိုင်ငံမှ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

မတ် ၁၂ ရက် နံနက်ပိုင်းတွင်လည်း ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဟန္နိုင်းမြို့ပြည်သူ့ရေးရာကော်မတီ အကြီးအကဲ Mr. Ngo Van Quyနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ နှစ်နိုင်ငံတိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို လည်းကောင်း၊ နေ့လယ်ပိုင်းတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ လူမျိုးစုရေးရာကော်မတီ ဥက္ကဋ္ဌ/ဝန်ကြီး H. E. Mr. Do Van Chien ဦးဆောင်သော အဖွဲ့နှင့် တွေ့ဆုံကာ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ဗီယက်နမ် လူမျိုးစုရေးရာကော်မတီတို့အကြား တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသတိုင်းရင်းသားများ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း တွေ့ဆုံ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

# မြန်မာနိုင်ငံအစိုးရနှင့် ဆွစ်ဇာလန်နိုင်ငံ အစိုးရတို့အကြား စီးပွားရေးဆိုင်ရာဆွေးနွေး

**နေပြည်တော် မတ် ၁၃**

မြန်မာနိုင်ငံ အစိုးရနှင့် ဆွစ်ဇာလန်နိုင်ငံ အစိုးရတို့အကြား တတိယအကြိမ် စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲကို မတ် ၁၂ ရက် နံနက် ၉ နာရီတွင် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**





ဆွေးနွေးပွဲသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်၊ အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တို့မှ အဆင့်မြင့်အရာရှိများနှင့် ကိုယ်စားလှယ်များ၊ ဆွစ်ဇာလန်နိုင်ငံဘက်မှ Assistant State Secretary for Economic Affairs and Delegate of the Federal Council for Trade Agreements ဖြစ်သူ Ambassador H.E. Mrs. Livia Leu၊ မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Paul Seger၊ ဆွစ်ဇာလန်နိုင်ငံ အစိုးရဘက်မှ တာဝန်ရှိသူများနှင့် ပုဂ္ဂလိကကဏ္ဍမှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲတွင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေး၊ အလုပ်သမားအခွင့်အရေးနှင့် ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အသိဉာဏဆိုင်ရာ မူပိုင်ခွင့်နှင့် Corporate Social Responsibility ဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်

**နေပြည်တော်  မတ်  ၁၃**

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

**မိုး/ဇလ**

# မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံတို့အကြား စီးပွားရေး၊ ခရီးသွားလာရေးကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် မတ် ၁၃**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံအမတ်ကြီး မစ္စတာ မိုဟာမက် ဟာနဖ်ဘင် အဗ္ဗဒူလာ ရာမန်အား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ စီးပွားရေး၊ ခရီးသွားလာရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

**တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံအမတ်ကြီး မစ္စတာ မိုဟာမက် ဟာနဖ်ဘင် အဗ္ဗဒူလာ ရာမန်အား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ ညှိနှိုင်းစည်းဝေး

**နေပြည်တော် မတ် ၁၃**

၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီမှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဝင်များ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ယင်းဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်များမှ ၁၂ ဦး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်မှ လုပ်ငန်းရှင်များ၊ ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် အမြင့်ဆုံးထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင်များ၏ ကိုယ်စားလှယ် ၂၀ နှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှတာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရှောင်တခင် ဝင်ရောက်ကြည့်ရှု

**နေပြည်တော် မတ် ၁၃**



ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယမန်နေ့ နေ့လယ်ပိုင်းတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ကင်ဆာရောဂါဆေးပညာ၊ ပြင်ပလူနာဆေးသွင်းဌာနသို့ ရှောင်တခင် ဝင်ရောက်ကြည့်ရှု၍ လူနာများ ကင်ဆာရောဂါဆေးဝါးများ ဆေးသွင်းကုသမှုခံယူနေမှု အခြေအနေ၊ ကင်ဆာရောဂါ စာရင်းဇယားများ စနစ်တကျ ဖြည့်သွင်းနေမှုအခြေအနေ၊ ဆရာဝန်၊ ဆရာမများ လုပ်ငန်းခွင်တွင် ဆောင်ရွက်နေရမှုအခြေအနေ၊ လူနာများ စောင့်ဆိုင်းရမှုအခြေအနေ၊ ဆေးသွင်းကုသဆောင်နှင့် ပတ်ဝန်းကျင်အခြေအနေများကို အသေးစိတ်ကြည့်ရှုကာ ပံ့ပိုးပေးနိုင်သည့် အချက်များကို ချက်ချင်းညှိနှိုင်း ပံ့ပိုးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကင်ဆာရောဂါကု (ဓာတ်ရောင်ခြည်)ဌာန၊ ကင်ဆာရောဂါနာကျင်မှုနှင့် ဝေဒနာပေါင်းစုံ ထောက်ကူပြုဌာန၊ ကင်ဆာရောဂါဝေဒနာရှင် လူနာများ ဓာတ်ရောင်ခြည်ဖြင့် ကုသမှုခံယူမှု အခြေအနေ၊ ဓာတ်ရောင်ခြည်ကုသမှု စက်များ၏ လည်ပတ်နေမှုအခြေအနေ၊ ဓာတ်ရောင်ခြည်ဖြင့် ကုသမှုခံယူရန်အတွက် လူနာများစောင့်ဆိုင်းရမှု အခြေအနေ၊ ဓာတ်ရောင်ခြည်စက်များကို ကိုင်တွယ်ကုသမှုပေးနေသော ဆရာဝန်၊ ဆရာမ၊ ကျွမ်းကျင်ဝန်ထမ်းများ၏ လုပ်ငန်းခွင် အဆင်ပြေမှုအခြေအနေ၊ စက်များတည်ရှိရာ အဆောက်အအုံများ အခြေအနေ၊ ကင်ဆာရောဂါဆေးကုသဆောင် (ငါးထပ်ဆောင်)အသစ် ဆောက်လုပ်ပြီးစီးမှုအခြေအနေနှင့် ဓာတ်လှေကားတပ်ဆင်နိုင်ရန် ဆောင်ရွက်ရမည့် အခြေအနေများကို အသေးစိတ်ကြည့်ရှုကာ လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ပံ့ပိုးပေးနိုင်သည့်အချက်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်း၍ ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးသည် ခုတင် ၃၀၀ ဆံ့ အရိုးရောဂါကုဆေးရုံကြီး (ကြည့်မြင်တိုင်)သို့ ရှောင်တခင် ဝင်ရောက်ကြည့်ရှုကာ ပြင်ပလူနာဌာန၊ ဆေးကုသဆောင်၊ ဓာတ်မှန်နှင့် ရောဂါရှာဖွေရေးစက်များ၊ ခွဲစိတ်ခန်း၊ ဆေးရုံပတ်ဝန်းကျင် အခြေအနေများအား အသေးစိတ်ကြည့်ရှုကာ လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တက္ကသိုလ်ဝင်စာမေးပွဲ ရူပဗေဒဘာသာရပ်ဖြေဆို

**နေပြည်တော် မတ် ၁၃**

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၇ ရက် ဗုဒ္ဓဟူးနေ့ နံနက် ၉ နာရီတွင် မြန်မာတစ်နိုင်ငံလုံး၌ တစ်ပြိုင်တည်း စတင်ကျင်းပခဲ့သည်။ တက္ကသိုလ်ဝင်စာမေးပွဲကို နိုင်ငံရပ်ခြားရှိ မြန်မာ နိုင်ငံသံရုံးများ၌ စာစစ်ဌာန ၂၀ ခုနှင့် မြန်မာနိုင်ငံအတွင်း၌ စာစစ်ဌာန ၁၇၁၃ ခု စုစုပေါင်းစာစစ်ဌာန ၁၇၃၄ ခုဖြင့် ကျင်းပလျက်ရှိသည်။

မတ် ၁၃ ရက်တွင် ရူပဗေဒဘာသာဖြေဆိုရန် စာရင်းရှိ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၄၁၇၆ ဦးရှိရာ ဖြေဆိုသူ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၆၉၃၈၉၆ ဦး ဖြေဆိုကြပြီး ဖြေဆိုရန်ပျက်ကွက်သူ ၄၇၇၈၀ ဦးဖြစ်၍ ဖြေဆိုမှုရာခိုင်နှုန်း ၉၃ ဒသမ ၅၆ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

တစ်နိုင်ငံလုံး၌ ဆေးရုံဖြေဆိုသူ ၁၅၆ ဦး၊ အကြားအာရုံချို့ယွင်းသူ ဖြေဆိုသူ (စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး) ၁၀ ဦး၊ ကိုယ်အင်္ဂါမသန်စွမ်းဖြေဆိုသူ ၁၀၄ ဦး၊ အကျဉ်းထောင်များတွင် ဝင်ရောက် ဖြေဆိုသူ ၇၉ ဦး၊ ကရင်ပြည်နယ် မြဝတီမှ ဝင်ရောက်ဖြေဆိုသူ ၁၁၇ ဦး၊ ရှမ်းပြည်နယ်(မြောက်)လောက်ကိုင်တွင် ဖြေဆိုသူ ၉၁ ဦး၊ ရခိုင်ပြည်နယ်တွင် ဝင်ရောက်ဖြေဆိုသော မွတ်စလင်ကျောင်းသား ကျောင်းသူ ၁၀၀၂ ဦး၊ ကချင်ပြည်နယ်မှ IDP စခန်းရှိ တက္ကသိုလ်ဝင်ဖြေဆိုသည့် ကျောင်းသား ကျောင်းသူ ၄၁၀ ရှိကြောင်း ပညာရေးဝန်ကြီးဌာန ထုတ်ပြန်ချက်အရ သိရသည်။

**မြန်မာ့အလင်း**

# တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် မတ် ၁၃**

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ပဉ္စမနေ့အဖြစ် ဆက်လက်ကျင်းပပြုလုပ်ရာ ယနေ့တွင် ရူပဗေဒဘာသာရပ်ကို ဖြေဆိုကြသည်။ ရူပဗေဒဘာသာကို အတွဲ(၁) ဓာတုဗေဒ၊ ရူပဗေဒ၊ ဘောဂဗေဒ၊ အတွဲ(၅)ဓာတုဗေဒ၊ ရူပဗေဒ၊ သမိုင်း၊ အတွဲ(၆) ဓာတုဗေဒ၊ ရူပဗေဒ၊ စိတ်ကြိုက်မြန်မာစာ၊ အတွဲ(၇) ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒနှင့် အတွဲ(၈) ဓာတုဗေဒ၊ ရူပဗေဒ၊ ပထဝီဝင် ဘာသာတွဲယူသည့် ကျောင်းသား ကျောင်းသူများသာ ဖြေဆိုကြကြောင်း သိရသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ရူပဗေဒဘာသာဖြေဆိုရန် ၂၂၈၆၂ ဦး စာရင်းသွင်းထားပြီး ၂၁၃၈၂ ဦး ဖြေဆို ကြသည်။

ယနေ့ စာမေးပွဲတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးစာစစ်ဌာန၌ လူနာစာဖြေသူ ၁၆ ဦး ဖြေဆိုလျက်ရှိပြီး နှစ်ဦး ပျက်ကွက်သည်။ မြောက်ဥက္ကလာပဆေးရုံကြီးတွင်လည်း စုစုပေါင်း စာဖြေသူ ခုနစ်ဦး ကိုယ်တိုင်ရေးသားဖြေဆိုကြသည်။

အင်းစိန် ဗဟိုအကျဉ်းထောင်တွင် ၂၂ ဦး၊ မန္တလေးဗဟိုအကျဉ်းထောင်တွင် ၃၇ ဦး၊ ဘားအံအကျဉ်းထောင်တွင် ရှစ်ဦး ၊ ရွှေဘိုအကျဉ်းထောင်တွင် တစ်ဦး၊ မြိတ်အကျဉ်းထောင်တွင် နှစ်ဦး၊ တောင်ငူအကျဉ်းထောင်တွင် နှစ်ဦး၊ စစ်တွေအကျဉ်းထောင်တွင် တစ်ဦး၊ မြောင်းမြအကျဉ်းထောင်တွင် တစ်ဦးနှင့် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူရဲစခန်းတွင် အချုပ်သားတစ်ဦး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် အချုပ်သား နှစ်ဦး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)တွင် အချုပ်သား တစ်ဦး၊ မကွေးတိုင်းဒေသကြီး ထီးလင်းရဲစခန်းတွင် အချုပ်သားတစ်ဦးတို့သည် ရူပဗေဒဘာသာကို ဖြေဆိုကြသည်။

အကြားအာရုံချို့ယွင်းသူ စာဖြေသူများမှာ ရန်ကုန်တိုင်းဒေသကြီးတွင် လေးဦး၊ မန္တလေးတိုင်းဒေသကြီးတွင် သုံးဦး၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် တစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီးတွင် နှစ်ဦး၊ စုစုပေါင်း ၁၀ ဦး ရူပဗေဒဘာသာရပ် ကို ဖြေဆိုကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဘဝရှေ့ဆောင်စာကြည့်တိုက် အခမဲ့အင်္ဂလိပ်စာသင်တန်းဖွင့်

**သာကေတ မတ် ၁၃**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အမှတ်(၅)ရပ်ကွက် ဘဝရှေ့ဆောင်စာကြည့်တိုက်တွင် ကျောင်းသား ကျောင်းသူ လူငယ်များ နွေရာသီကျောင်းပိတ်ရက်များကို အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် နွေရာသီ(အခမဲ့)English Grammar and Compisition သင်တန်းဖွင့်ပွဲကို မတ် ၅ ရက်နံနက်ပိုင်းက ဘဝရှေ့ဆောင်စာကြည့်တိုက်၌ ကျင်းပခဲ့သည်။

အဆိုပါသင်တန်းကို ဘဝရှေ့ဆောင်စာကြည့်တိုက်ကော်မတီဝင်များနှင့် စာပေဝါသနာရှင်များ ပူးပေါင်း၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး နေ့စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၉နာရီမှ ၁၁ နာရီအထိ သင်ကြားပေးသွားမည်ဖြစ်သည်။ သင်တန်းတွင် ဆန်းစစ်ချက်များဖြေဆိုပြီး ပထမ၊ ဒုတိယ၊ တတိယဆုများ ရွေးချယ်၍ ဆုများပေးအပ်သွားမည်ဖြစ်ပြီး သင်တန်းသား ၄၁ ဦး တက်ရောက်ကြကာ သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ဆောင်းနှင်းဝေ(သာကေတ)**

# ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်း

**၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ**
**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၈။)**
**၁၃၇၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်**
**(၂၀၁၈ ခုနှစ်၊ မတ်လ ၁၃ ရက်)**

ပြည်ထောင်စုလွှတ်တော်သည်ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

**အပိုင်း ၁**

**အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်**

၁။ (က) ဤဥပဒေကို ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။
(ခ) ဤဥပဒေသည် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့ထိ ကုန်ဆုံးသည့်ကာလအတွက် ဖြစ်ရမည်။
(ဂ) ဤဥပဒေသည် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

**အပိုင်း ၂**

**နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ**

**အခန်း(၁)**

**ရငွေများနှင့်သုံးငွေများ**

၂။ နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသော ရငွေများကိုပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။
(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။
(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွက်ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။
(ခ) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပုဒ်မ ၁၁ အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍ လည်းကောင်း ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။
(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ပုဒ်မ ၁၁ အရ ပိုမိုသုံးစွဲရန်ခွင့်ပြုသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဘဏ္ဍာရေးကော်မရှင်နှင့် ညှိနှိုင်းရရှိသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများအရ လိုအပ်သည့်ငွေကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ သင့်တင့်လျောက်ပတ်စွာ ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စအဖြစ်ထောက်ပံ့ခြင်း၊ လိုအပ်သည့် ချေးငွေများထုတ်ချေးခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

**အခန်း(၂)**

**ငွေချေးယူခြင်း**

၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်များအတွက် ဖြစ်စေ၊ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်များအတွက် ဖြစ်စေ၊ ပြည်ထောင်စုက တာဝန်ယူရသော ချေးငွေစာချုပ်များ သို့မဟုတ် အာမခံစာချုပ်များထုတ်ပေးခြင်းဖြင့် လည်းကောင်း၊ အခြားနည်းလမ်းများဖြင့် လည်းကောင်း ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ငွေချေးယူနိုင်သည်။ ထိုသို့ ချေးငွေရယူသည့် အခါသင့်သည် ထင်မြင်သည့် အတိုးနှုန်းများ သတ်မှတ်နိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန် သို့မဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များကိုလည်း ပြုလုပ်နိုင်သည်။ သို့ရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေချေးယူခြင်းအတွက် အတိုးနှုန်းနှင့် လိုအပ်သော စည်းကမ်းချက်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ညှိနှိုင်းပြီးမှ သတ်မှတ်နိုင်သည်။

၇။ ပြည်ထောင်စုအစိုးရအဖွဲ့က ယခင်ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်ငွေများ ဖြည့်တင်းရန် အာမခံစာချုပ်များ ရောင်းချခြင်းဖြင့် ရယူခဲ့သည့်ချေးငွေများနှင့် စပ်လျဉ်း၍ အချိန်ကျရောက်သောအခါ ပေးဆပ်ခြင်းကို အာမခံစာချုပ်အသစ်များဖြင့် လဲလှယ်နိုင်သည်။

၈။ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်ငွေများဖြည့်တင်းရန် အစိုးရငွေချေးသက်သေခံလက်မှတ်များ ဝယ်ယူခြင်းနှင့် ရောင်းချခြင်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တာဝန်ပေးအပ်နိုင်သည်။

၉။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ထောင်စုအဆင့် ဌာနအဖွဲ့အစည်းအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းအတွက်သော်လည်းကောင်း ပြည်ပမှ ငွေချေးယူနိုင်သည်။ ပြည်ပမှ ရရှိသောချေးငွေများကို နိုင်ငံတော်နှင့် အကျိုးတူဆောင်ရွက်နေသော လုပ်ငန်းများသို့ သင့်လျော်သော စည်းကမ်းချက်များသတ်မှတ်၍ ပြန်လည်ထုတ်ချေးခွင့်ပြုနိုင်သည်။

၁၀။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤအခန်းပါကိစ္စရပ်များအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား လုပ်ပိုင်ခွင့် အပ်နှင်းနိုင်သည်။
(ခ) ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှုဥပဒေအခန်း(၁၀)နှင့်အညီ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဤအခန်းပါ ငွေချေးယူသောကိစ္စများအတွက် နိုင်ငံတော်ကိုယ်စားအာမခံချက်ပေးနိုင်သည်။

၁၁။ ဇယား(၁)၊ (၃) နှင့် (၇)တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးသော ချေးငွေစာချုပ်ချုပ်ဆိုပြီးသည့် ပြည်ပချေးယူရငွေသည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ ပိုမိုရရှိသော ငွေများဖြင့် ဆက်နွှယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား(၂)၊ (၄)နှင့် (၈) တို့တွင် ဖော်ပြခွင့်ပြုထားသော သုံးငွေများထက် ပိုမိုသုံးစွဲရန် လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲခြင်းဖြင့် ဖြစ်စေ၊ ပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးပေါ်ရန်ပုံငွေမှ ဖြစ်စေခွင့်ပြုနိုင်သည်။ ယင်းသို့ ခွင့်ပြုခဲ့သည့် သုံးငွေများကို ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ခွင့်ပြုခဲ့သည့် သုံးငွေများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

၁၂။ ၂၀၁၈ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကုန်ဆုံးသည့် ကာလအတွင်း ဤအခန်းအရငွေချေးစာချုပ်များ ချုပ်ဆိုပြီးနောက် အမှန်တကယ်ချေးယူရရှိသည့်ငွေ စုစုပေါင်းသည် သန်းပေါင်းလေးဆယ့်နှစ်သိန်းထက် မပိုစေရ။

**အခန်း(၃)**

**ပြည်ပအကူအညီရယူခြင်း**

၁၃။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက် တစ်ရပ်ရပ်အတွက် ပြည်ထောင်စုအဆင့် ဌာနအဖွဲ့အစည်းအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းအတွက်သော်လည်းကောင်း ပြည်ပအကူအညီကို ငွေသား၊ ပစ္စည်း၊ ဆောင်ရွက်ပေးမှုတို့ဖြင့် ရယူခွင့်ပြုနိုင်သည်။

၁၄။ ဇယား(၁)၊ (၃) နှင့် (၇) တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ပအကူအညီရငွေသည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ ပိုမိုရရှိသော ငွေများဖြင့် ဆက်နွှယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား(၂)၊ (၄)နှင့် (၈)တို့တွင် ဖော်ပြခွင့်ပြုသော သုံးငွေများထက် ပိုမိုသုံးစွဲရန် လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲခြင်းနည်းလမ်း၊ ပုဒ်မ ၂၇ ပါပြဋ္ဌာန်းချက်များနှင့်အညီ အရေးပေါ်ရန်ပုံငွေမှခွင့်ပြုသည့် နည်းလမ်းတို့ဖြင့် ခွင့်ပြုနိုင်သည်။ ယင်းသို့ခွင့်ပြုသည့် သုံးငွေများကို ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ခွင့်ပြုခဲ့သည့်သုံးငွေများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

**အခန်း(၄)**

**ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ**

၁၅။ လူမှုဖူလုံရေးအဖွဲ့သည် မိမိတို့၏ လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင်ထိခိုက်မှုအကျိုးခံစားခွင့် ရန်ပုံငွေတို့အပေါ် ရပ်တည်၍ လုပ်ငန်းများကို မိမိ၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။

၁၆။ (က) လူမှုဖူလုံရေးအဖွဲ့၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆)တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။
(ခ) ပုဒ်မခွဲ (က) ပါတာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။
(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၇။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့၏ ဇယား(၅)နှင့် (၆) တို့တွင် ဖော်ပြထားသော ငွေများကို လုပ်ငန်းအရ လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကိုဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့တင်ပြသော ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။
(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့အား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန် သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့် ဖြစ်စေ၊ ချေးငွေဖြင့် ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

၁၈။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့က လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင်ထိခိုက်မှု အကျိုးခံစားခွင့် ရန်ပုံငွေတို့ဖြင့် ရပ်တည်ပြီး ယင်းရန်ပုံငွေမှ အကျိုးခံစားခွင့်များပေးရာတွင် လုံလောက်မှုမရှိ၍ တောင်းခံလာပါက ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှထည့်ဝင်ခြင်း၊ ထောက်ပံ့ခြင်းနှင့် လိုအပ်သည့် ချေးငွေများ ထုတ်ချေးခြင်း၊ လူမှုဖူလုံရေးအိမ်ရာ စီမံကိန်းအတွက် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှထောက်ပံ့ပေးခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

*ဆက်လက်ဖော်ပြပါမည်*

# မိုးမိတ်မြို့အား ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် မတ်လနောက်ဆုံးပတ်အတွင်း ဆောင်ရွက်ပြီး ဓာတ်အားပို့လွှတ်သွားမည်



ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းနိုင်



ဦးတိုးသောင် (မိုးမိတ်မဲဆန္ဒနယ်)

> “ မြေပုံမြို့နယ်အတွင်း မဟာဓာတ်အားလိုင်း ဖြတ်သန်းသွားရာ ဒေသတစ်လျှောက်ရှိ ကျေးရွာများအား ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် မင်းပြားဓာတ်အားခွဲရုံမှ ကြာအင်းတောင်ကျေးရွာအထိ ၃၃ ကေဗွီ ဓာတ်အားလိုင်း ၂၇ ဒသမ ၅ မိုင် တည်ဆောက်ခြင်းနှင့် ကြာအင်းတောင်ကျေးရွာတွင် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေဓာတ်အားခွဲရုံ အသစ်တစ်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများအား ဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် ၅ နှစ်စီမံကိန်း ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပေးသွားမည် ”

**နေပြည်တော် မတ် ၁၃**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**မြေနေရာသစ်သို့ ရွှေ့ပြောင်းထားရှိ**

အစည်းအဝေးတွင် **ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကျော်၏ ကျေးသီးမြို့နယ် အမှတ်(၁၃၁) ခြေလျင်တပ်ရင်းမှ တပ်ရင်းပိုင်အဖြစ် သိမ်းယူရာတွင် ပါဝင်သွားသော နမ့်ကုံးရေကန် ရေဝေရေလဲဧရိယာ ၃၁ ကေနှင့် တောင်သူများ၏ စိုက်ခင်း ၁၆၅ ကေအား ပြည်သူပိုင်အဖြစ် ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က အဆိုပါမြေနေရာများသည် အမှတ်(၁၃၁) ခြေလျင်တပ်ရင်း၏ တပ်ပိုင်မြေဧက ၅၈၀ တွင်ပါဝင်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၁၅ ရက်စွဲဖြင့် မြေပေးမိန့်ရရှိခဲ့ပြီး ဖြစ်ပါကြောင်း၊ မေးခွန်းတွင် တောင်သူများ၏ စိုက်ခင်းမြေ ၁၆၅ ကေဟု ဖော်ပြထားသော်လည်း တပ်မြေသိမ်းယူစဉ်က ရွှေ့ပြောင်းတောင်ယာမြေ ၁၅ ကေ၊ သုသာန်မြေ ၃ ဒသမ၅ ကေနှင့် မြေလွတ်မြေလပ် ၅၆၁ ဒသမ ၅ ကေ ဖြစ်ပါကြောင်း၊ တောင်ယာမြေ ၁၅ ကေသည် ယာယီတောင်ယာစနစ်ဖြင့် စိုက်ပျိုးခဲ့ခြင်းသာဖြစ်ပြီး ပိုင်ဆိုင်မှုအထောက်အထားမရှိကြောင်းနှင့် သုသာန်မြေ ၃ ဒသမ ၅ ကေ မှာ မြေနေရာသစ်သို့ ရွှေ့ပြောင်းထားရှိပြီး ဖြစ်သဖြင့် တပ်ပိုင်မြေအဖြစ် သိမ်းဆည်းခဲ့ခြင်း ဖြစ်ပါကြောင်း။

နမ့်ကုံးရေကန်သည် သဘာဝရေများ ထွက်ရှိသည့် ရေကန်ဖြစ်ပြီး မြို့နေပြည်သူများ သောက်ရေ၊ သုံးရေအဖြစ် သုံးစွဲလျက်ရှိသည့်အပြင် ကိုယ်ထူကိုယ်ထ အသေးစား လျှပ်စစ်ဓာတ်အားထုတ်ယူပြီး မြို့တွင်းသို့ လျှပ်စစ်မီးများ ပေးဝေအသုံးပြုလျက်ရှိကြောင်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အဆိုပါရေကန်အား ပြန်လည်ပြုပြင်ထိန်းသိမ်းရန်အတွက် ငွေကျပ် ၁၈၇ သန်း ခွင့်ပြုထားသည်ကို စိစစ်သိရှိရပါကြောင်း။

သို့ဖြစ်ပါ၍ ပြည်သူများ အသုံးပြုလျက်ရှိသော သဘာဝရေများထွက်ရှိသည့် နမ့်ကုံးရေကန်နှင့် ရေဝေရေလဲနေရာ ၃၁ ကေအား မြို့နယ်အတွင်းရှိ ရဟန်းသံဃာနှင့် ရပ်မိရပ်ဖများ၏ သဘောဆန္ဒအတိုင်း အများပြည်သူလူထုပိုင်အဖြစ် နယ်မြေစည်းရုံးရေးအရ ပြန်လည်စွန့်လွှတ်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် စိုက်ခင်းမြေ ၁၆၅ ကေသည် တပ်ပိုင်မြေအဖြစ် ပြည်ထဲရေးဝန်ကြီးဌာန၏ မြေပေးမိန့် ရရှိခဲ့ပြီးဖြစ်ခြင်း၊ ပိုင်ဆိုင်မှုအထောက်အထားတစ်စုံတစ်ရာမရှိခြင်း၊ တပ်ရင်း၏အဆောက်အအုံများနှင့် နီးကပ်စွာတည်ရှိနေခြင်းကြောင့် လုံခြုံရေးအရ ပြန်လည်စွန့်လွှတ်ပေးနိုင်ခြင်းမရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

**ပြည်နယ်အစိုးရရန်ပုံငွေဖြင့် တည်ဆောက်**

မိုးမိတ်မဲဆန္ဒနယ်မှ ဦးတိုးသောင်၏ **မိုးမိတ်မြို့တွင် လျှပ်စစ်မီး ၂၄ နာရီ ရရှိသုံးစွဲနိုင်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းနိုင်က မိုးမိတ်မြို့အား ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ၁၃၂ ကေဗွီ ခွဲရုံဖြစ်သည့် လက်ပံလှခွဲရုံမှတစ်ဆင့် ဇရက်ကွင်းခွဲရုံကို ၆၆ ကေဗွီလိုင်းနှင့် စတင်ဓာတ်အားပို့လွှတ်ရမည် ဖြစ်ပါကြောင်း၊ မိုးမိတ်မြို့သို့ ၂၄ နာရီ ဓာတ်အားပေးပို့နိုင်ရန်အတွက် မိုးကုတ်-မိုးမိတ် ၆၆ ကေဗွီဓာတ်အားလိုင်း ၂၄ ဒသမ ၆၅ မိုင်နှင့် မိုးမိတ်မြို့တွင် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ ၁ရုံ တည်ဆောက်ခြင်း လုပ်ငန်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ လည်းကောင်း၊ မိုးမိတ်ဓာတ်အားခွဲရုံမှတစ်ဆင့် မြို့ပေါ်ရပ်ကွက် ၄ ရပ်ကွက်အား ဓာတ်အားချိတ်ဆက် ဖြန့်ဖြူးပေးနိုင်ရန်အတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၆ မိုင်၊ ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာ ၆ လုံး နှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁၄ ဒသမ ၅ မိုင်တို့ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် လည်းကောင်း၊ မိုးမိတ်မြို့နယ်ရှိ ကျေးရွာ ၁၄ ရွာသို့ ဓာတ်အားချိတ်ဆက်ဖြန့်ဖြူးပေးနိုင်ရန်အတွက် ၁၁ ကေဗွီဓာတ်အားလိုင်း ၁၀ ဒသမ ၈မိုင်၊ ၁၁/ ၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာ ၂၁ လုံးနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၂၁ ဒသမ ၉၇ မိုင်တို့ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် တည်ဆောက်ထားပြီးဖြစ်ပါကြောင်း။

ဇရက်ကွင်းမှမိုးကုတ်သို့ လက်ရှိတွင် ၃၃ ကေဗွီဖြင့် ဓာတ်အားပေးထားပါကြောင်း၊ သို့သော် ယင်းဓာတ်အားလိုင်းသည် နှစ်ကာလကြာမြင့်ခြင်း၊ တောတောင် ထူထပ်မှုထဲတွင် တည်ဆောက်ထားခြင်းတို့ကြောင့် မိုးကုတ်မြို့၏ လျှပ်စစ်အခြေအနေသည် အားရမှုမရှိပါကြောင်း၊ ထို့ကြောင့် ၆၆ ကေဗွီဓာတ်အားလိုင်းအသစ်ကို တည်ဆောက်နေခြင်းဖြစ်ပါကြောင်း၊ အဆိုပါ ဓာတ်အားလိုင်း တည်ဆောက်မှုသည် ယခု မတ်လဆန်းတွင် တည်ဆောက်ပြီးစီးမည်ဖြစ်ပါကြောင်း၊ ဓာတ်အားပို့လွှတ်ရန်အတွက် ဇရက်ကွင်းနှင့် မိုးကုတ်ဓာတ်အားခွဲရုံတို့ကို မီးပိတ်၍ ဓာတ်အားလိုင်းများကိုပြောင်းပြီး ချိတ်ဆက်ရမည်ဖြစ်သဖြင့် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုစဉ်ကာလအတွင်း အဆိုပါ လုပ်ငန်းများကို ဆောင်ရွက်ခဲ့လျှင် စာမေးပွဲဖြေဆိုမှုနှင့် စာပေလေ့လာမှုများကို အနှောင့်အယှက်ဖြစ်မည်စိုးသောကြောင့် ယခုရက်ပိုင်းအတွင်းတွင် ထိုလုပ်ငန်းများ ဆိုင်းငံ့ထားပါကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကာလပြီးဆုံးသွားလျှင် ၆၆ ကေဗွီဓာတ်အားလိုင်းကို မတ် ၂၀ ရက်မှ ၂၂ ရက်အတွင်း မိုးကုတ်မြို့သို့ စတင်ထုတ်လွှတ်မည် ဖြစ်ပါကြောင်း၊ မိုးကုတ်ဓာတ်အားရရှိပြီဆိုလျှင် မိုးကုတ်မှ မိုးမိတ်မြို့သို့ ဓာတ်အားလိုင်းအသစ် တည်ဆောက်ပြီးစီးသွားပြီဖြစ်သောကြောင့် ထပ်ဆင့်ဆောင်ရွက်ရမည့် လုပ်ငန်းများကို မတ်လ နောက်ဆုံးပတ်အတွင်းတွင် ဆောင်ရွက်ပြီး ဓာတ်အားများကို ပို့လွှတ်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

**အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ**

မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း၏ မြေပုံမြို့ပေါ်ရှိ ပြည်သူများ၊ ငမန်းရဲကျွန်းတိုက်နယ်ရှိ ကျေးရွာများ၊ မြေပုံမြို့နယ်အတွင်း မဟာဓာတ်အားလိုင်း ဖြတ်သန်းသွားရာဒေသရှိ ကျေးရွာများ လျှပ်စစ်မီးသုံးစွဲနိုင်ရန် မည်သို့ စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ရခိုင်ပြည်နယ် မြေပုံမြို့တွင် အိမ်ခြေ ၂၆၀၀ ခန့်ရှိရသည့်အနက် တစ်ဝက်ကျော်ကို လက်ရှိဓာတ်အားများ ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ မြို့ပေါ်ရပ်ကွက်များ လျှပ်စစ်မီးလင်းရန် ကျန်ရှိသည့်နေရာများ မီးလင်းရန်အတွက် ၄၀၀ ဗို့ ဓာတ်အားလိုင်းပေ ၂၀၆၀ ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရ၏ ဖြည့်စွက်ရန်ပုံငွေဖြင့် အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သဲတန်းရပ်ကွက်အတွက် ၁၁/ ၀ ဒသမ ၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံး တိုးချဲ့တည်ဆောက်နိုင်ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရ၏ ပိုလျှံရန်ပုံငွေဖြင့် ဆောင်ရွက်ပေးနိုင်ရန် စီစဉ်လျက်ရှိပါကြောင်း။

မြေပုံမြို့နယ် ငမန်းရဲကျွန်းတိုက်နယ်ရှိ ကြက်ရေကြီးကျေးရွာ၊ ဝကောက်ကြီးကျေးရွာ၊ ပြင်ချောင်းကျေးရွာ၊ ပြင်ခူချောင်းကျေးရွာ၊ ငမန်းရဲကြီးကျေးရွာနှင့် လွှန်းလုံးပိုက်ကျေးရွာ စသည့် ကျေးရွာခြောက်ရွာအား လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန်အတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁၁ မိုင်ခန့်နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာ ရှစ်လုံးနှင့် ၄၀၀ ဗို့ ဓာတ်အား ၅ ဒသမ ၅ မိုင် တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အစိုးရ၏ ရန်ပုံငွေထဲတွင် ထည့်သွင်းလျာထားပြီး ဆောင်ရွက်ပေးရန် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မြေပုံမြို့နယ်အတွင်း မဟာဓာတ်အားလိုင်း ဖြတ်သန်းသွားရာ ဒေသတစ်လျှောက်ရှိ ကျေးရွာများအား ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် မင်းပြားဓာတ်အားခွဲရုံမှ ကြာအင်းတောင်ကျေးရွာအထိ ၃၃ ကေဗွီ ဓာတ်အားလိုင်း ၂၇ ဒသမ ၅ မိုင် တည်ဆောက်ခြင်းနှင့် ကြာအင်းတောင်ကျေးရွာတွင် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေဓာတ်အားခွဲရုံ အသစ်တစ်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများအား ဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် ၅ နှစ်စီမံကိန်း ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်း လျာထားပေးသွားမည် ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်၏ ဆိပ်ဖြူလျှပ်စစ်ဓာတ်အားခွဲရုံမှ လက်ဆယ်ကျေးရွာထိ၊ ပင်းတလဲကျေးရွာနှင့် ဆူးလေကုန်းကျေးရွာထိ မီးတိုင်၊ မီးကြိုးများသွယ်တန်းပြီးဖြစ်ပါ၍ မီးတိုင်၊ မီးကြိုးနှင့်နီးသော ကျေးရွာများအား လျှပ်စစ်မီးပေးနိုင်ခြင်း ရှိ၊ မရှိနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းနိုင်က ဆိပ်ဖြူဓာတ်အားခွဲရုံမှ စလင်းမြို့နယ် တညောင်ကျေးရွာအထိ တည်ဆောက်ထားသော ၁၁ ကေဗွီ ဓာတ်အားလိုင်း ပတ်ဝန်းကျင်တွင် ဆိပ်ဖြူမြို့နယ်အတွင်း ရေလည်ကျွန်း၊ ချင်တောင်၊ တောင်ငယ်လုံး၊ သံဇလုံ၊ ကမ္ဘားကြီး၊ ငွေးပင်ချောင်း၊ ဆူးလေကုန်း၊ ခြောက်အိမ်တန်း၊ ဇီးကပ်၊ မရိုးခုံ၊ ရွာသာအေး၊ ကံသာအေး၊ ရေလည်သောင်၊ ကျီးပင်စသည့်ကျေးရွာ ၁၄ ရွာသည် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်း NEP ၏ ပထမအဆင့်တွင် အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်ထားပြီးဖြစ်ပါကြောင်း။

**ကျေးရွာ ၃၀ ခန့်အား**
**ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်**

ထို့အပြင် ဆိပ်ဖြူ- ပင်းတလဲ ၁၁ ကေဗွီ ဓာတ်အားလိုင်း ပတ်ဝန်းကျင်ရှိ ချောင်းမကြီး (အရှေ့)ကျေးရွာ၊ မယ်ဇလီကွေ့ကျေးရွာ၊ ပင်းတလဲကျေးရွာနှင့် တူရွှင်းမျောကျေး ရွာစသည့် ကျေးရွာ ၄ ရွာအား ဓာတ်အားချိတ်ဆက်ရယူနိုင်ရန်အတွက် လိုအပ်သော ၁၁ ကေဗွီဓာတ်အားလိုင်း ၂ ဒသမ ၇ မိုင်နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ၊ ၂၀၀ အမ်ဗွီအေ ထရန်စဖော်မာ ခြောက်လုံးအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရ၏ ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများကို ညှိနှိုင်းပေးသွားမည် ဖြစ်ပါကြောင်း၊ ဆိပ်ဖြူဓာတ်အားခွဲရုံမှ လက်ဆယ်ကျေးရွာအထိ ၁၁ ကေဗွီ ပင်မဓာတ် အားလိုင်း ၁၆ မိုင်သည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပြီးသော ဓာတ်အားလိုင်းဖြစ်ပါကြောင်း၊ အဆိုပါ ဓာတ်အားလိုင်းပတ်ဝန်းကျင်ရှိ ကျေးရွာ ၃၀ ခန့်အား လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန်အတွက် လိုအပ်သော ၁၁ ကေဗွီ ဓာတ်အားလိုင်းနှင့် ၁၁/ ၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာများကို နှစ်အလိုက်မကွေးတိုင်းဒေသကြီး အစိုးရ၏ ဘဏ္ဍာရန် ပုံငွေတွင် ထည့်သွင်းလျာထား ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ညှိနှိုင်းပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ရပ်စောက် မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်နှင့် မြို့သစ်မဲဆန္ဒနယ်မှ ဦးသာအောင်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းနိုင်က ရှင်းလင်းဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

**အဆိုတင်သွင်း**

ယင်းနောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် အချက်များကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်းကို ဥပဒေ ကြမ်းကော်မတီအတွင်းရေးမှူး ဦးကျော်စိုးလင်းက အဆိုတင်သွင်းသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က တင်ပြချက်များနှင့်စပ်လျဉ်းသည့် သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြမည်ဖြစ်ကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ကို မတ် ၁၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် မတ် ၁၃**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြသည့် ဦးမျိုးနိုင်၊ ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဥက္ကဋ္ဌ ဒေါ်ထွေးထွေးလှ ဦးဆောင်သည့် အမျိုးသမီးကော်မတီအဖွဲ့ဝင် ၅၂ ဦး၊ ဒေါ်အေးအေးမူ(ခ) ဒေါ်ရှားမီး၊ ကလေးမဲဆန္ဒနယ်၏ မိတ်ဆွေများဖြစ်သည့် တွဲဖက်အတွင်းရေးမှူး ဦးကျော်ကျော်မိုး ဦးဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီဝင် ၅၂ ဦးနှင့် လူထုရပိုင်ခွင့် ညှိနှိုင်းဖော်ဆောင်ရေးအဖွဲ့(မြန်မာပြည်) (C.A.N-Myanmar)မှ ဥက္ကဋ္ဌစောဇင်မောင်စိုး ဦးဆောင်သည့် အဖွဲ့ဝင် ၂၅ ဦး၊ စုစုပေါင်း ၁၂၉ ဦးတို့သည် ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ပြီး လွှတ်တော် အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့ကြပါသည်။

**သတင်းစဉ်**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရေးဖော်ဆောင်ရာတွင် အဂတိလိုက်စားမှုလျော့ကျရန် အရေးကြီး

**နေပြည်တော် မတ် ၁၃**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၇ ရက် မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ပြန်လည်ရှင်းလင်းဖြေကြားသည်။

**ရာသီမရွေးသွားလာနိုင်သောလမ်း**

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော်၏ **ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် ဂုဏ်ကျွန်းကျေးရွာနှင့် မင်းပြားမြို့နယ် ပန်းမြောင်းတိုက်နယ် ကျေးရွာတို့ကြားတွင်ရှိသော ရွာချင်းဆက်လမ်းအား မြေသားဖို့ခြင်းနှင့် ကျောက်ခင်းခြင်း ကျောက်ချောခင်းခြင်းစသည်ဖြင့် အဆင့်တိုးမြှင့် ဖောက်လုပ်ပေးရန်အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် ဂုဏ်ကျွန်းကျေးရွာနှင့် မင်းပြားမြို့နယ် ပန်းမြောင်းတိုက်နယ် ကျေးရွာတို့ ကျေးရွာချင်းဆက်သွယ်ထားသည့် လမ်းသည် ပြည်ထောင်စုလမ်းအဆင့်စာရင်းဝင်ရန်အတွက် ဆောင်ရွက်ရမည့်လမ်း ဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းစာရင်းသို့ သိမ်းသွင်းနိုင်ရေးအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့တင်ပြပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းအဖြစ် ရောက်ရှိပါက ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေတင်ပြတောင်းခံ၍ ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ရာသီမရွေးသွားလာနိုင်သောလမ်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**ရန်ပုံငွေရရှိမှုပေါ်မူတည်၍**

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၏ **ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်အတွင်း ရန်ကုန်-စစ်တွေကားလမ်းမှ ကန်စောက်ကျေးရွာ - ကံသုံးဆင့်-ဒုံနာ- နီချေ-အောက်လာကျေးရွာအထိ ကျေးရွာချင်းဆက်လမ်းကို ရာသီမရွေးသွားလာနိုင်သည့် ကွန်ကရစ်လမ်း သို့မဟုတ် ကျောက်ချောလမ်း ဖောက်လုပ်ပေးရန်နှင့် ကန်စောက်ကျေးရွာအနီး ယိုးချောင်းချောင်းလက်တက်တွင် ပေ ၁၂၀ အကျယ် သံကူကွန်ကရစ်တံတားတစ်စင်းတို့ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ**မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက မြေသားလမ်း ဆောင်ရွက်ပြီးစီးပြီဖြစ်သည့် ကန်စောက်-ကန်သုံးဆင့်မြေသားလမ်း ၄ မိုင် ၁ ဒသမ ၃ ဖာလုံအား ကွန်ကရစ်လမ်းခင်းလုပ်ငန်းနှင့် ယိုးချောင်းလက်တက်(ပန်းပဲချောင်း)တံတားတည်ဆောက်ခြင်း လုပ်ငန်းတို့ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုမူလခွင့်ပြုရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါလုပ်ငန်းများ ပြီးစီးပါက ဆောင်ရွက်ရန်ကျန်ရှိသော ဒုံနာ-နီချေ-အောက်လာ ကျေးရွာချင်းဆက်လမ်း သုံးမိုင်ခန့်အား ပြည်ထောင်စု မူလခွင့်ပြုရန်ပုံငွေနှင့် ပြည်နယ်အစိုးရရန်ပုံငွေတို့တွင် နှစ်အလိုက် ထည့်သွင်းလျာထားပြီး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက်၏ **ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် ကာနန်းကျေးရွာအုပ်စုနှင့် ပလက်ဝမြို့နယ် မှုံတနူးကျေးရွာအုပ်စု ကာနန်း-ပိုက်တော-မှုံတနူး-ချိုင်းစနူးကြား ကားလမ်း ဖောက်လုပ် ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ပလက်ဝမြို့နယ် ထိုနူး-မှုံတနုံး-ချိုင်းစနူး လမ်းအရှည် ၁၉ မိုင်



ဒုတိယဝန်ကြီး ဦးကျော်လင်း

လမ်းအကျယ် ၃ ပေအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် နောက်ပိုင်းကာလများတွင် ဘဏ္ဍာငွေ တင်ပြတောင်းခံပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

ကန်ပက်လက်မြို့နယ် ကာနန်းလမ်းခွဲမှ ပိုက်တော-ထိုးနူးလမ်းအရှည် မိုင် ၂၀ အကျယ် ၆ ပေ လမ်းအား ဦးစားပေးသတ်မှတ်ထားမှုနှင့် ဒေသခံပြည်သူများ၏ တောင်းဆိုချက်အရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစတင်၍ ဘဏ္ဍာငွေလျာထားတင်ပြတောင်းခံပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**အရည်အသွေးကျဆင်း**

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းက အဆိုပါဥပဒေကို ပြင်ဆင်စရာမလိုသည်အထိ ပြည့်စုံသထက်ပြည့်စုံအောင် ယခုကတည်းက ဝိုင်းဝန်းကြိုးစားရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအမံနည်းနာသစ်များနှင့် ပြုပြင်ပြောင်းလဲရေးကို အရှိန်အဟုန်မြှင့်ဖော်ဆောင်သည့်နေရာတွင် အဂတိလိုက်စားမှုလျော့ကျရန် များစွာအရေးကြီးပါကြောင်း၊ အဂတိလိုက်စားမှု မြင့်မားသည်နှင့်အမျှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု နည်းပါးခြင်းသည် တိုက်ရိုက်အနေဖြင့် ဆက်စပ်နေပါကြောင်း၊ အဂတိတရားတိုးပွားနေပါက တိုင်းပြည်ဘဏ္ဍာအခွန်အခများလျော့ပါးခြင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်း ပရောဂျက်များတွင် အရည်အသွေးကျဆင်းပြီး နောက်ဆက်တွဲပြုပြင်ထိန်းသိမ်း ကုန်ကျစရိတ်များထပ်မံဖြည့်ဆည်းရခြင်းများ ဖြစ်နေပါကြောင်း။

အဂတိလိုက်စားမှုအနည်းအများ ညွှန်းကိန်းဆိုင်ရာ အချက်အလက်အနေဖြင့် တင်ပြရပါက တိုးတက်ထွန်းကားမှုသာလွန်သည့် စင်ကာပူနိုင်ငံအနေဖြင့် ၂၀၁၆ ခုနှစ် Transparency International အညွှန်းကိန်းသတ်မှတ်ချက် အဆင့်-၇ ရမှတ် ၈၄ ဖြစ်ပြီး မြန်မာနိုင်ငံမှာ အဆင့် ၁၃၆၊ ရမှတ် ၂၈ နှင့် ၂၀၁၇ ခုနှစ်တွင် အဆင့် ၁၃၀ ဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုများသည် ယခုအချိန်အထိ နိုင်ငံအတွင်း မလျော့ကျသေးဘဲ ဆိုးဆိုးရွားရွားဆက်ဖြစ်နေပါကြောင်း၊ ထို့ကြောင့် တိုင်းပြည် project များ၏ အကျင့်ပျက်ခြစားမှုများမှ အကာအကွယ်ပေးနိုင်သည်အထိ ဥပဒေအသစ်ကိုပြဋ္ဌာန်းပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အနေဖြင့် ပြည်သူများနှင့်အတူ အလွှာအသီးသီးက အဂတိလိုက်စားသူများကို ဖော်ထုတ်နိုင်ပါစေဟု ဆန္ဒပြုပါကြောင်း ဆွေးနွေးသည်။

**အကျင့်ပျက်ခြစားမှုများ ဝိုင်းဝန်းတိုက်ဖျက်**

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုးက ဥပဒေကို စတင်ပြဋ္ဌာန်းခဲ့သည့် ၂၀၁၃ ခုနှစ်တွင်



မဲဆန္ဒနယ်အမှတ်(၁၁)မှ<br>ဒေါက်တာခွန်ဝင်းသောင်း

ကမ္ဘာ့နိုင်ငံ ၁၇၆ နိုင်ငံတွင် အဆင့် ၁၇၂ အထိ မိမိတို့နိုင်ငံအနေဖြင့် အကျင့်ပျက်ခြစားမှုများခဲ့ပါကြောင်း၊ ယခင်အစိုးရလက်ထက်တွင် တိုင်ကြားမှု ၆၀၀ သာရှိပြီး သုံးမှုကိုသာ စစ်ဆေးအရေးယူခဲ့ပါကြောင်း၊ ၂၀၁၄ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် ပထမအကြိမ် အဂတိတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် တိုင်ကြားစာ ၄၃၅၃ စောင်ရရှိပြီး ၄၆ စောင်သာ အရေးယူနိုင်ခဲ့ပါကြောင်း၊ ထို့ကြောင့် ၂၀၁၆ ခုနှစ်တွင် အဂတိလိုက်စားမှုအဆင့် ၁၃၆ အဖြစ် အနည်းငယ်လျော့ကျလာခဲ့ပါကြောင်း၊ အသစ်ဖွဲ့စည်းခဲ့သည့် ဒုတိယအကြိမ် အဂတိတိုက်ဖျက်ရေး ကော်မရှင်နှင့်အတူ ယခုစတုတ္ထအကြိမ် အဂတိတိုက်ဖျက်ရေးပြင်ဆင်ချက်သည် အရေးကြီးပါကြောင်း၊ အကျင့်ပျက်ခြစားမှုများ ဝိုင်းဝန်းတိုက်ဖျက်ရင်း နိုင်ငံ၏ဂုဏ်သိက္ခာ မြှင့်တင်နိုင်ပါစေကြောင်း ဆွေးနွေးသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကြည်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးလှဆန်းနှင့် မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ) ဦးလှမြင့်သန်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ၂၈ ရက် မြောက်နေ့ကို မတ် ၁၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ရဲသွင်**

❒ **အဂတိလိုက်စားမှုများသည် ယခုအချိန်အထိ နိုင်ငံအတွင်း မလျော့ကျသေးဘဲ ဆိုးဆိုးရွားရွားဆက်ဖြစ်နေပါကြောင်း၊ ထို့ကြောင့် တိုင်းပြည် project များ၏ အကျင့်ပျက်ခြစားမှုများမှ အကာအကွယ်ပေးနိုင်သည်အထိ ဥပဒေအသစ်ကို ပြဋ္ဌာန်းပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အနေဖြင့် ပြည်သူများနှင့်အတူ အလွှာအသီးသီးက အဂတိလိုက်စားသူများကို ဖော်ထုတ်...**

*ရှေ့ဖုံးမှ*

ငင်းတို့၏ မကြာသေးမီက ရခိုင်ပြည်နယ်သို့ ခရီးစဉ်များတွင် တွေ့မြင်ခဲ့ကြကြောင်း၊ သို့ရာတွင် နိုင်ငံအချို့က မှုတမူနည်းသည့် ချဉ်းကပ်မှုမျိုးကြောင့် မြန်မာနိုင်ငံအပေါ် နိုင်ငံတကာ၏ အမြင်နှင့်သဘောထားပုံစံပြောင်းလဲသွားခဲ့ပြီး နောက်ဆုံးတွင် သမိုင်းက ဆုံးဖြတ်ပေးလိမ့်မည်သာဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ဥပဒေအရ အရေးယူရန် ဆောင်ရွက်လျက်ရှိ**

အမြဲတမ်းကိုယ်စားလှယ်က ဆက်လက်ပြောကြားရာတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အနေဖြင့် နိုင်ငံတာဝန်ကို မထမ်းဆောင်မီကပင် လွတ်လပ်ခွင့်၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ လူ့အခွင့်အရေးကို အဓိကဦးစားပေးတာဝန်အဖြစ် သတ်မှတ်ထားသည့် မြန်မာနိုင်ငံ ခေါင်းဆောင်အနေဖြင့် ဆိုးရွားလှသည့် လူ့အခွင့်အရေးချိုးဖောက်မှုရှိသည်ဆိုသည့် စွပ်စွဲချက်များအပေါ် ဥပက္ခာပြုထားသည် ဆိုသော ပြောဆိုချက်မှာ ယုတ္တိမတန်ကြောင်း၊ မြန်မာ့ခေါင်းဆောင်နှင့် အစိုးရအနေဖြင့် ယင်းသို့သော ပြစ်မှုများကို မည်သည့်အခါမှ ခွင့်လွှတ်သည်းခံမည်မဟုတ်ကြောင်း၊ တိကျခိုင်မာသည့် အထောက်အထားရှိပါက မြန်မာနိုင်ငံအနေဖြင့် အရေးယူရန် အဆင်သင့်ရှိပါကြောင်း၊ အင်းဒင်ဖြစ်စဉ်နှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းနှင့် စည်းမျဉ်းများကို ချိုးဖောက်ခဲ့သည့် တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ရွာသားများကို ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်းနှင့် တာဝန်ခံမှုရှိခြင်းအတွက် အပြုသဘောဆောင်သည့် ခြေလှမ်းတစ်ရပ်ပင်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ပူးပေါင်းဆောင်ရွက်သွားရန် အဆင်သင့်ရှိ**

ထို့ပြင်၊ မြန်မာနိုင်ငံ၏အခြေအနေ၊ မြေပြင်အခြေအနေနှင့် ကိုက်ညီသည့် မည်သည့်အစီအစဉ် (သို့မဟုတ်) ယန္တရားနှင့်မဆို ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိပါကြောင်း၊ သို့ရာတွင် ရေရှည်တည်တံ့မည့် အဖြေတစ်ရပ်ပေါ်ထွက်ရေးအတွက် အကူအညီပေးရန်ဖြစ်ပြီး၊ စိန်ခေါ်မှုများကို ပိုမိုဆိုးရွားစေရန် မဟုတ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၁၉၉၂ ခုနှစ်များမှစ၍ အထူးအစီရင်ခံစာ တင်သွင်းသူများ၏ ခရီးစဉ်များကို လက်ခံပေးခဲ့ကြောင်း၊ မစ္စ ယန်ဟီလီ၏ မြန်မာနိုင်ငံသို့ ခရီးစဉ်ကို ခြောက်ကြိမ်တိုင်တိုင် စီစဉ်လက်ခံပေးခဲ့ကြောင်း၊ မစ္စ ယန်ဟီလီနှင့် အကောင်းဆုံးပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့သော်လည်း၊ ပြီးခဲ့သည့်ဇူလိုင်လက မြန်မာနိုင်ငံခရီးစဉ်အပြီး ထုတ်ပြန်သည့် ထုတ်ပြန်ချက်သည် စွပ်စွဲချက်နှင့် အတည်မပြုရသေးသည့် အချက်အလက်များကို အသားပေးဖော်ပြထားပြီး၊ သမာသမတ်နှင့် ဓမ္မဓိဋ္ဌာန်ကျခြင်းမရှိကြောင်း၊ ထို့အပြင် အကြမ်းဖက်တိုက်ခိုက်မှုများနှင့် အစိုးရပိုင်း၏ ရှင်းလင်းပြောကြားမှုများကို ထည့်သွင်းဖော်ပြရန် ပျက်ကွက်ခဲ့ကြောင်း၊ ၎င်းအနေဖြင့် ကျင့်ဝတ်စည်းကမ်းအပေါ် မလိုက်နာခြင်းသည် ၎င်းအား ပြည်သူများမှ မနှစ်သက်သည့် အချက်ပင်ဖြစ်ကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်၍ လွှတ်တော်အတွင်း အကြိတ်အနယ်ဆွေးနွေးခဲ့ကြပြီးနောက် မစ္စ ယန်ဟီလီနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ခြင်းသည် အကျိုးရှိနိုင်မည်မဟုတ်ဟု ပြည်သူများနှင့်အစိုးရက သဘောရခဲ့ကြောင်း၊ ၎င်းနေရာ၌ အစားထိုးရန် အထူးလိုအပ်လာပြီး တစ်ချိန်တည်းတွင် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ ယန္တရားနှင့် ပူးပေါင်းဆောင်ရွက်သွားရန် မြန်မာအစိုးရအနေဖြင့် အဆင်သင့်ရှိကြောင်း ထည့်သွင်း ပြောကြားခဲ့သည်။

**အပြုသဘောပံ့ပိုးကူညီသွားလိမ့်မည်ဟု မျှော်လင့်**

ပြန်လည်လက်ခံရေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများအနက် မြေထိုးစက်ဖြင့် မြေညှိခြင်းမှာ ယင်းလုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ခုသာဖြစ်ကြောင်း၊ အစိုးရမှ ဆောင်ရွက်သည့် မည်သည့်ကိစ္စမျိုးမဆို အပြစ်သဘော သံသယအမြင်ဖြင့် မရှုမြင်သင့်ကြောင်း၊ မြန်မာနိုင်ငံသည် နိုင်ငံတကာအသိုက်အဝန်းနှင့် ကုလသမဂ္ဂတို့နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း၊ ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေးနှင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတို့နှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် ညှိနှိုင်းဆွေးနွေးလျက်ရှိရာ ယခုဆိုလျှင် concept note ကို လက်ခံရရှိထားပြီး၊ ၎င်းအပေါ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီလုပ်ငန်းစဉ် တိုးတက်မြှင့်တင်ရန်နှင့် လူ့အခွင့်အရေး တိုးတက်မြှင့်တင်ကာကွယ်ရေးတို့တွင် မြန်မာနိုင်ငံ၏ အခြေအနေ၊ လိုအပ်ချက်တို့နှင့်အညီ ကြိုးပမ်းမှုများကို နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် အပြုသဘောပံ့ပိုးကူညီသွားလိမ့်မည်ဟု မျှော်လင့်ကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❒ *ကျောဖုံးမှ*

နောက်ဆုံးပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ကာဂျစ္စတန်နှင့် အဝေးကွင်းပွဲမှာ စက်တင်ဘာ ၅ ရက်တွင် ယှဉ်ပြိုင်ရမည်ဖြစ်သော်လည်း လုံခြုံရေးအခြေအနေကြောင့် ရွှေ့ဆိုင်းထားခြင်းဖြစ်ပြီး အာရှဘောလုံးအဖွဲ့ချုပ်က တောင်ကိုရီးယားနိုင်ငံတွင် ပြန်လည်ကစားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် တောင်ကိုရီးယားနိုင်ငံ၏ ရာသီဥတုနှင့် အသားကျစေရန် မတ် ၁၅ ရက်တွင် ကြိုတင်သွားရောက်မည်ဖြစ်ပြီး ကာဂျစ္စတန်နှင့် ပွဲမတိုင်မီ ခြေစမ်းပွဲတစ်ပွဲ ယှဉ်ပြိုင်ကစားရန် စီစဉ်ထားသည်။ **ညီမြတ်သော်တာ**

❂ *ကျောဖုံးမှ*

ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ကြဖို့ လိုအပ်ပါတယ်” ဟု ကလေးခရိုင် မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်စိုးက ပြောသည်။

ကလေးဒေသသည် နယ်မြေဆက်စပ်လျက်ရှိသော ချင်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင်တို့မှ ရွာသွန်းသမျှသော မိုးရေများမှာ မြစ်ရေ၊ ချောင်းရေများမှတစ်ဆင့် မြစ်သာမြစ်ထဲသို့ စီးဝင်လျက်ရှိရာ ယခုအခါ ယင်းတိုင်းတာရေးကိရိယာမှ ရရှိလာသော အချက်အလက်များကို အသုံးချပြီး မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၊ ဇလဗေဒ ခန့်မှန်းရေးဌာနခွဲမှ မြစ်ရေကြီးမှုကို ကြိုတင်ခန့်မှန်း၍ သတိပေးချက်များအား အချိန်မီ ထုတ်ပြန်ပေးနိုင်မည်ဖြစ်သည်။

ထို့အပြင် မိုးတွင်းကာလများ၌ ကလေးမြို့နယ်အတွင်း ရုတ်တရက် ရေကြီးရေလျှံမှု ဖြစ်ပွားတတ်သော နန်းကသဲချောင်းနှင့် ဇီးချောင်းတို့တွင်လည်း အလိုအလျောက် မြစ်ရေအနိမ့်အမြင့် တိုင်းတာရေးကိရိယာ တပ်ဆင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ကလေးခရိုင် မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ သိရသည်။ **ချင်းတွင်းသား**

# နိုင်ငံတော်ပိုင်အဖွဲ့အစည်းများရဲ့ ရသမျှငွေအားလုံး ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေထဲ ထည့်ပြီး သုံးသမျှငွေအားလုံးကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရ

ဒေါ်နွဲ့နွဲ့ဝင်း

ရှင်မင်း၊ မွေးကြူ

**ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း- အခြားစာရင်းရှင် (Union Fund Account –Other Account –UFA –OA) နှင့် ပတ်သက်ပြီး နေပြည်တော်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ စကားဝိုင်းဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။**

**အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နွဲ့နွဲ့ဝင်း၊ မြန်မာ့ စီးပွားရေးဘဏ် အထွေထွေမန်နေဂျာ ဦးဝင်းနိုင်ဦး၊ ငွေတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်စီစီပြုံး၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး) ဦးမောင်မောင်ခန့်တို့ ပါဝင်ဆွေးနွေးခဲ့ကြပြီး ၎င်းတို့၏ ဆွေးနွေးချက်များကို ဖော်ပြလိုက်ပါသည်-**



**ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း- အခြားစာရင်းရှင် (Union Fund Account–Other Account–UFA–OA) နှင့် ပတ်သက်ပြီး စကားဝိုင်းဆွေးနွေးပွဲ ကျင်းပစဉ်။**

**ဦးမောင်မောင်ဝင်း**
**ဒုတိယဝန်ကြီး**
**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

ယနေ့ ကျွန်တော်တို့ ဆွေးနွေးမယ့် စကားဝိုင်းဆွေးနွေးပွဲ အစီအစဉ်ကတော့ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများရဲ့ ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေလို့ ခေါ်တဲ့ OA စာရင်းများနဲ့ ပတ်သက်ပြီး ရှင်းလင်းဆွေးနွေးတင်ပြမယ့် အစီအစဉ်ပဲဖြစ်ပါတယ်။

ယခုလိုဆွေးနွေးတင်ပြဖို့ အစီအစဉ်ဖြစ်ပေါ်လာတာကတော့ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတချို့က နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနဲ့ ပတ်သက်ပြီးတော့ လေ့လာသုံးသပ်တဲ့ အစီရင်ခံစာတွေမှာ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းတွေရဲ့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း - အခြားစာရင်းရှင်- UFA-OA စာရင်းများဟာ နိုင်ငံတော်ရဲ့ဘတ်ဂျက်ကို ဝင်ရောက်ခြင်းမရှိတဲ့အကြောင်း၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေရဲ့ပြင်ပကို ရောက်နေတဲ့အကြောင်း၊ ဒီလက်ကျန်တွေဟာ ယခုဆိုရင် တော်တော်များနေပြီဖြစ်တဲ့အကြောင်း ဒီလက်ကျန်တွေကိုလည်း ၎င်းတို့သဘောနဲ့ စီမံခန့်ခွဲသုံးစွဲပိုင်ခွင့်ရှိသလို ဖြစ်နေတဲ့အကြောင်း စသဖြင့် ဒီလိုရေးသားဖော်ပြခဲ့ကြတာကတစ်ဆင့် သတင်းမီဒီယာတွေမှာလည်း တချို့ ရေးသားဖော်ပြထားတာတွေလည်း ရှိပါတယ်။

နောက်လူမှုကွန်ရက် စာမျက်နှာများမှာလည်း ပျံ့နှံ့ပြီးတော့ ရေးသားဖော်ပြထားတာတွေလည်း တွေ့ရပါတယ်။ နောက်ဆုံးလွှတ်တော်ကိုယ်စားလှယ်ကြီးများကလည်း မေးခွန်းထုတ်လာတဲ့အဆင့်ထိ ရောက်ရှိလာပါတယ်။

၂၀၁၈ ခုနှစ် ခြောက်လအတွက် နိုင်ငံတော်ရဲ့ဘတ်ဂျက်ကို ပြည်ထောင်စုလွှတ်တော်ကို ကျွန်တော်တို့တင်ပြခဲ့တဲ့ အချိန်မှာလည်း ပြည်ထောင်စုလွှတ်တော်ရဲ့ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီကနေပြီးတော့ OA စာရင်းတွေနဲ့ ပတ်သက်လို့ အများပြည်သူ ရှင်းရှင်းလင်းလင်းသိရှိနိုင်အောင် OA စာရင်းများနဲ့ ပြည်ထောင်စုအစိုးရရဲ့ အပ်ငွေစာရင်းတို့ရဲ့ ဆက်နွှယ်မှုကို ရှင်းလင်းတင်ပြပေးသင့်တဲ့အကြောင်း သဘောထားမှတ်ချက် ပြုခဲ့ပါတယ်။

ဒီလို သဘောထားမှတ်ချက်ပြုထားတာက တစ်ကြောင်း၊ ကျွန်တော်တို့ ကိုယ်တိုင်ကလည်း မိဘ ပြည်သူများသိရှိနိုင်စေဖို့အတွက် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းတွေရဲ့ OA စာရင်းများနဲ့ပတ်သက်ပြီးတော့ ရှင်းလင်းဆွေးနွေးတင်ပြလိုတာက တစ်ကြောင်းကြောင့် ယခုလို စီစဉ်ပြီးတော့မှ တင်ဆက်ရခြင်းဖြစ်ပါတယ်။

ဒီပုဂ္ဂိုလ်များကို ဒီမှာဖိတ်ကြားပြီးတော့ ဆွေးနွေးရတာကတော့ နိုင်ငံတော်စီးပွားရေးအဖွဲ့အစည်းများရဲ့ OA စာရင်းတွေနဲ့ ပတ်သက်ပြီးတော့ အဓိကတာဝန်ယူ စီမံခန့်ခွဲနေကြတဲ့ သက်ဆိုင်ရာဌာနအသီးသီးက ပုဂ္ဂိုလ်တွေဖြစ်ပါတယ်။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကတော့ OA စာရင်းတွေရှိနေတဲ့ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းတွေထဲမှာမှ OA စာရင်းလက်ကျန်အများဆုံးရှိပြီးတော့ နိုင်ငံတော်ရဲ့ဘတ်ဂျက်မှာလည်း ကြီးမားတဲ့အစိတ်အပိုင်းကနေပါဝင်နေတဲ့ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းဖြစ်တဲ့အတွက်ကြောင့် ဒီအဖွဲ့အစည်းကို ဖိတ်ကြားပြီး ဆွေးနွေးရခြင်းဖြစ်ပါတယ်။

ပထမဦးစွာ ဆရာမဒေါ်နွဲ့နွဲ့ဝင်းကို မေးမြန်းလိုတာကတော့ OA စာရင်းများဟာ နိုင်ငံတော်ရဲ့ ဘတ်ဂျက်မှာလည်း ပါဝင်ကြောင်း သိရပါတယ်။ နိုင်ငံတော်ရဲ့ ဘတ်ဂျက်မှာ ဘယ်လိုပါဝင်သလဲ၊ ဘယ်လို လည်ပတ်နေလဲဆိုတာကို မသိခင်မှာ ကျွန်တော်တို့ နိုင်ငံတော်ရဲ့ဘတ်ဂျက်စနစ်အကြောင်း အစိုးရရဲ့စာရင်းထိန်းသိမ်းမှု Government Accounting ဒါလေးတွေက အများပြည်သူသိရှိဖို့ လိုအပ်မယ်လို့ ကျွန်တော်ထင်ပါတယ်။

Government ဘတ်ဂျက်တွေနဲ့ Government Accounting စနစ်တွေကို အများပြည်သူသိရှိအောင် ကျေးဇူးပြုပြီးတော့ ရှင်းပြပေးပါ။

**ဒေါ်နွဲ့နွဲ့ဝင်း**
**ညွှန်ကြားရေးမှူးချုပ်**
**ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန**

ကျွန်မအနေနဲ့ နိုင်ငံတော်ရဲ့ဘတ်ဂျက်ရေးဆွဲပုံစနစ်ကို တင်ပြပါမယ်၊ နိုင်ငံတော်ရဲ့ ဘတ်ဂျက်

> **❖ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းတွေက အမြတ်ရရှိတယ်ဆိုရင် ရရှိတဲ့အမြတ်ရဲ့ ၂၀ ရာခိုင်နှုန်းကို နိုင်ငံတော်ရဲ့ထည့်ဝင်ငွေကို ပေးဆောင်ရပါတယ်။ ၂၅ ရာခိုင်နှုန်းကို ဝင်ငွေခွန်အဖြစ် ပေးဆောင်ရပါတယ်။ ကျန်တဲ့ ၅၅ ရာခိုင်နှုန်းကို ဘဏ္ဍာရေးနှစ်ကုန်တဲ့အခါမှာ OA လက်ကျန်အနေနဲ့ ရှေ့ပိုင်းဘဏ္ဍာရေးနှစ်ကို သယ်ဆောင်သွားလို့ရပါတယ်။ ရှုံးတဲ့အဖွဲ့အစည်းတွေကတော့ ထည့်ဝင်ငွေတို့၊ ဝင်ငွေခွန်တို့ကို မဆောင်ရပါဘူး။ ဒါပေမယ့်လည်း OA လက်ကျန်တွေကို လာမယ့် ဘဏ္ဍာရေးနှစ်ကို သယ်ဆောင်လို့ရပါတယ်။**
>
> **ဒေါ်နွဲ့နွဲ့ဝင်း**

ဆိုတာကတော့ လာမယ့်ဘဏ္ဍာရေးနှစ်မှာ အဖွဲ့အစည်းတွေရဲ့ ရငွေသုံးငွေတွေကို ကြိုတင်ခန့်မှန်းရေးဆွဲတာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ဘတ်ဂျက်မှာ အဓိကအားဖြင့် ဗဟိုအဖွဲ့အစည်းများဘတ်ဂျက်၊ ဝန်ကြီးဌာန၊ ဦးစီးဌာနများရဲ့ ဘတ်ဂျက်နဲ့ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ ဘတ်ဂျက်ဆိုပြီး သုံးပိုင်း ပါရှိပါတယ်။ ကျွန်မတို့ဟာ နိုင်ငံတော်ပိုင်အဖွဲ့အစည်းများရဲ့ OA ရငွေတွေအပါအဝင် ရသမျှငွေအားလုံးကို ပြည်ထောင်စုရဲ့ ဘဏ္ဍာရန်ပုံငွေထဲကို ထည့်ရပါတယ်။

သုံးသမျှငွေအားလုံးကိုလည်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကနေ ထုတ်ယူသုံးစွဲ ရပါတယ်။ အဲဒီလိုထုတ်ယူသုံးစွဲတဲ့အခါမှာ နိုင်ငံတော်ရဲ့ ဘတ်ဂျက်မှာ လျာထားပြီးတော့မှ ပြည်ထောင်စုလွှတ်တော်ကနေ အတည်ပြုပြဋ္ဌာန်းရပါတယ်။

ဒါကိုလည်း ပြည်ထောင်စုဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေနဲ့ အတည်ပြုပြဋ္ဌာန်းပြီးမှသာလျှင် ဘတ်ဂျက်ခွင့်ပြုချက်အရ ထုတ်ယူသုံးစွဲရတာဖြစ်ပါတယ်။ ကျွန်မတို့ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းပေါင်း ၃၂ ခုရှိပါတယ်။ ဒီအဖွဲ့အစည်း ၃၂ ဖွဲ့မှာ OA ဖွင့်လှစ်ထားတာဆိုရင် အဖွဲ့ ၂၀ ရှိပါတယ်။

ကျန်တဲ့ ၁၂ ဖွဲ့ကတော့ ငွေရေးကြေးရေးအဖွဲ့အစည်းဖြစ်တဲ့ ခြောက်ဖွဲ့နဲ့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပြင်ပမှာရှိတဲ့ အဖွဲ့အစည်းခြောက်ဖွဲ့ကတော့ OA စာရင်းများ လုံးဝဖွင့်လှစ်ထားခြင်း မရှိပါဘူး။

နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းတွေက အမြတ်ရရှိတယ်ဆိုရင် ရရှိတဲ့အမြတ်ရဲ့ ၂၀ ရာခိုင်နှုန်းကို နိုင်ငံတော်ရဲ့ထည့်ဝင်ငွေကို ပေးဆောင်ရပါတယ်။ ၂၅ ရာခိုင်နှုန်းကို ဝင်ငွေခွန်အဖြစ် ပေးဆောင်ရပါတယ်။ ကျန်တဲ့ ၅၅ ရာခိုင်နှုန်းကို ဘဏ္ဍာရေးနှစ်ကုန်တဲ့ အခါမှာ OA လက်ကျန်အနေနဲ့ ရှေ့ပိုင်းဘဏ္ဍာရေးနှစ်ကို သယ်ဆောင်သွားလို့ ရပါတယ်။ ရှုံးတဲ့အဖွဲ့အစည်းတွေကတော့ ထည့်ဝင်ငွေတို့၊ ဝင်ငွေခွန်တို့ကို မဆောင်ရပါဘူး။ ဒါပေမယ့်လည်း OA လက်ကျန်တွေကို လာမယ့်ဘဏ္ဍာရေးနှစ်ကို သယ်ဆောင်လို့ရပါတယ်။

အဲဒီလို သယ်ဆောင်တဲ့အခါမှာလည်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးကနေ စာရင်းစစ်ဆေးအတည်ပြုရပါတယ်။ ပြီးတော့မှ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က စာရင်းနဲ့ တိုက်ဆိုင်စစ်ဆေးပြီးတော့မှ ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြအတည်ပြုချက်ရယူရပါတယ်။ အဲဒီလို ခွင့်ပြုချက်ရယူပြီးမှသာလျှင် သယ်ဆောင်ရပါတယ်။ ဒါလည်း စာရင်းသဘောသဘာဝအရ စာရင်းကိုပဲ သယ်ဆောင်တာဖြစ်ပါတယ်။ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများရဲ့ OA လက်ကျန်တွေဟာဆိုရင် UFA-OA ထဲမှာပဲ ထားရှိသုံးစွဲရတာ ဖြစ်ပါတယ်။

**ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း**

မြန်မာ့စီးပွားရေးဘဏ်ဆိုတာကလည်း ကျွန်တော်တို့ Government ဘတ်ဂျက်မှာပါတဲ့ ဌာနဆိုင်ရာအဖွဲ့အစည်းမှန်သမျှက အခြားဘဏ်မှာ စာရင်းဖွင့်လို့မရပါဘူး၊ မြန်မာ့စီးပွားရေးဘဏ်မှာသာ စာရင်းဖွင့်ကြရပါတယ်။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ အပါအဝင် ဖွင့်ကြရတာဖြစ်ပါတယ်။ ဒါကြောင့်မို့ မြန်မာ့စီးပွားရေးဘဏ်မှာ ဌာနဆိုင်ရာတွေကနေ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း ဖွင့်လှစ်ဆောင်ရွက်ပုံ အကြောင်းလေးကိုလည်း ရှင်းလင်းဆွေးနွေးပေးစေလိုပါတယ်။

**ဦးဝင်းနိုင်ဦး**
**အထွေထွေမန်နေဂျာ**
**မြန်မာ့စီးပွားရေးဘဏ်**

ပြည်ထောင်စုအစိုးရရဲ့ ငွေစာရင်းတွေကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ စာရင်းအနေနဲ့ မြန်မာ့စီးပွားရေးဘဏ်မှာလည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှာ ပြည်ထောင်စုအစိုးရရဲ့ အပ်ငွေစာရင်းကိုလည်းကောင်း ဖွင့်လှစ်ပြီးတော့ ထားရှိရပါတယ်။

ကျွန်တော့်အနေနဲ့ကတော့ မြန်မာ့စီးပွားရေးဘဏ်မှာ ထိန်းသိမ်းထားရှိတဲ့ စာရင်းတွေနဲ့ ပတ်သက်ပြီးတော့ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ မြန်မာ့စီးပွားရေးဘဏ်ဟာ အစိုးရရဲ့စာရင်းတွေကို ပုဂ္ဂလိကစာရင်းတွေနဲ့ ရောနှောမှုမရှိအောင်သီးခြားအနေနဲ့ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေစာရင်းအနေနဲ့ ထိန်းသိမ်းထားရှိပါတယ်။

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းတွေမှာ ပါရှိတဲ့ စာရင်းတွေကတော့ နိုင်ငံတော်စီးပွားရေးအဖွဲ့အစည်းများရဲ့ စာရင်းတွေ SEE စာရင်း၊ ငွေထုတ်စာရင်းတွေပါ။ နောက်တစ်ခုက စည်ပင်သာယာရေးစာရင်းအဖွဲ့တွေရဲ့ ငွေထုတ်စာရင်းတွေပဲ ဖြစ်ပါတယ်။ နောက်တစ်ခုက ဗဟိုအဖွဲ့အစည်းစာရင်းတွေ၊ ဝန်ကြီးဌာနနဲ့ ဦးစီးဌာနတို့ရဲ့ ငွေထုတ်စာရင်းတွေဖြစ်ပါတယ်။ ပြီးတော့ အခြားစာရင်းရှင်စာရင်း Other Account (OA ) စာရင်းနဲ့ လှည့်ပတ်ရန်ပုံငွေစာရင်းများ ဖြစ်ကြပါတယ်။

ဒီစာရင်းတွေဟာ စာရင်းအားဖြင့် အမည်အမျိုးမျိုးဖြစ်နေသော်လည်း မြန်မာ့စီးပွားရေးဘဏ်အနေနဲ့အစိုးရရဲ့ ငွေစာရင်းတွေ အားလုံးကို တစ်စုတည်း၊ တစ်ပေါင်းတည်းဖြစ်အောင် စုစည်းပြီးတော့ တစ်ခုတည်းသော လက်ကျန်ဖြစ်အောင် ကျွန်တော်တို့ ရေးဆွဲရပါတယ်။

မြန်မာ့စီးပွားရေးဘဏ် ရုံးချုပ်ဟာဆိုရင် ဘဏ်ခွဲအသီးသီးကနေပေးပို့လာတဲ့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း UFA ရဲ့ ပိုငွေ သို့မဟုတ် လိုငွေတွေကိုစုစည်းပြီးတော့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း UFA ရဲ့ ပိုငွေ စုစုပေါင်း လိုငွေ စုစုပေါင်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကိုပေးပို့ပြီးတော့ စာရင်းပြန်လည်ရှင်းလင်းရပါတယ်။

ဒါ့ပြင် လစဉ်လကုန်တဲ့အခါမှာလည်း ဘဏ်ခွဲအသီးသီးကပေးပို့တဲ့ ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေစာရင်း၊ စာရင်းအသီးသီးတွေရဲ့ စာရင်းဖွင့်လက်ကျန်၊ လအတွင်း သွင်းငွေ၊ လအတွင်း ထုတ်ငွေတွေနဲ့ စုစုပေါင်း စာရင်းပိတ်လက်ကျန်တွေကို သတ်မှတ်တဲ့ ရှင်းတမ်းပုံစံတွေနဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကိုပေးပို့ပြီးတော့ စာရင်းပြန်လည်ရှင်းလင်းရပါတယ်။

**ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း**

ငွေတိုက်ဦးစီးဌာနက OA စာရင်းတွေနဲ့ ပတ်သက်ပြီးတော့ ခွင့်ပြုတာတို့၊ စောင့်ကြပ်ကြည့်ရှုတာတို့၊ ပိတ်သိမ်းတဲ့အထိ စီမံခန့်ခွဲရတဲ့ဌာန ဖြစ်တယ်လို့ သိရပါတယ်။ ဒါကြောင့်မို့ SEE တွေရဲ့ OA စာရင်းတွေပဲရှိတာလား၊ အခြား OA စာရင်းတွေရောရှိတာလား ဒါတွေနဲ့ ပတ်သက်ပြီးတော့ OA တွေကို ဘယ်လိုခွင့်ပြုတယ်၊ ဘယ်လိုစောင့်ကြပ်ကြည့်ရှုတယ်ဆိုတဲ့ အကြောင်းလေးတွေကို ရှင်းလင်းပြောကြားပေးစေလိုပါတယ်။

**ဒေါ်စီစီပြုံး**
**ညွှန်ကြားရေးမှူးချုပ်**
**ငွေတိုက်ဦးစီးဌာန**

ကျွန်မတို့ ငွေတိုက်ဦးစီးဌာနအနေနဲ့ကတော့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ OA စာရင်းဖွင့်လှစ်ခြင်း၊ ဖွင့်လှစ်ခွင့်ပြုခြင်းကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်အရ ဆောင်ရွက်ပါတယ်။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အခြားစာရင်းရှင်ဆိုတဲ့ UFA - OA ဆိုတဲ့ စာရင်းတွေက မြန်မာ့စီးပွားရေးဘဏ်မှာရှိတဲ့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ စာရင်းအောက်မှာရှိတဲ့ ဘဏ်အမျိုးအစားတစ်ခုပဲ ဖြစ်ပါတယ်။

*စာမျက်နှာ ၉ သို့*

# ကိုဖုန်းမော်၊ ကိုစိုးနိုင် ကျဆုံးခြင်း နှစ်(၃၀)ပြည့်မြောက်ခြင်း အထိမ်းအမှတ် အောက်မေ့ဖွယ်အခမ်းအနား ကျင်းပ

**ရန်ကုန် မတ် ၁၃**

ကိုဖုန်းမော်၊ ကိုစိုးနိုင် ကျဆုံးခြင်း နှစ် (၃၀) ပြည့် အထိမ်းမှတ် အောက်မေ့ဖွယ် အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်၌ ကျင်းပသည်။ **(ယာပုံ)**



နံနက် ၈ နာရီခွဲတွင် ကိုဖုန်းမော် ကျဆုံးစဉ်အချိန်က သွေးစွန်းသော ကြယ်ပုံသဏ္ဌာန်ပြုလုပ်ခဲ့သည့်နေရာတွင် ကျောင်းသားသမဂ္ဂများမှ ကိုယ်စားလှယ်များ၊ စက်မှုတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ ကျဆုံးသွားသူတို့၏ မိသားစုဝင်များ၊ နိုင်ငံရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များက အောက်မေ့ဖွယ် အထိမ်းအမှတ်အဖြစ် လွမ်းသူ့ပန်းခွေချကာ ဂါရဝပြုကြပြီး သံဃာတော်အပါး ၃၀ ကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းကာ ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

အဆိုပါအခမ်းအနားကို ရန်ကုန်နည်းပညာတက္ကသိုလ်ကျောင်းသားသမဂ္ဂမှ ဦးစီးကျင်းပခြင်းဖြစ်ပြီး သမိုင်းဖြစ်ရပ်ကို အမှန်အတိုင်းသိရှိကြရန်နှင့် အေးချမ်းသော တိုင်းပြည်ဖြစ်ပေါ်တည်ဆောက်ရေးတွင် လူငယ်များ၏ စိတ်အားထက်သန်မှုကို ပြသလိုသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ယခင်နှစ်များတွင် ကျောင်းသားဟောင်းများ ဦးစီးသည့် ကော်မတီက နှစ်စဉ်ကျင်းပခဲ့ပြီး (၂၉) ကြိမ်မြောက် အခမ်းအနားကို စက်မှုတက္ကသိုလ်ဝင်းအတွင်း၌ ပထမဆုံးအကြိမ်အဖြစ် ကျင်းပခွင့်ရရှိခဲ့ကာ ယခုနှစ်တွင် ရန်ကုန်နည်းပညာတက္ကသိုလ်ကျောင်းသားသမဂ္ဂမှ ပထမဆုံးအကြိမ်အဖြစ် လက်ဆင့်ကမ်း ဦးစီးကျင်းပခြင်းဖြစ်သည်။

နိုင်ငံရေးပါတီဖြစ်မြောက်ရေး ဦးဆောင်ကော်မတီ တာဝန်ခံ ဦးကိုကိုကြီးက "လွန်ခဲ့တဲ့ နှစ် ၃၀ မှာ အတူတူလက်တွဲပြီး တိုက်ပွဲဝင်ခဲ့ကြတဲ့ ရဲဘော်တွေနဲ့လည်း ပြန်လည်ဆုံတွေ့ရတယ်၊ လူငယ်မျိုးဆက်တွေ ဦးဆောင်ပြီးတော့ အခုလိုကျင်းပတယ်ဆိုတာ မတရားမှုကိုဆန့်ကျင်ခဲ့တဲ့ ကျောင်းသားတွေရဲ့ သမိုင်းအမွေကို လက်ဆင့်ကမ်းပေးတဲ့ပွဲလို့ ပြောလို့ရပါတယ်၊ နောက်နောင်မှာ ဒီလိုအနိဋ္ဌာရုံမျိုး မပေါ်ပေါက်ဖို့အတွက် ဒီမိုကရေစီကို အာမခံချက်ပေးတဲ့ အစိုးရမျိုး၊ အလေ့အကျင့်မျိုး ထူထောင်ဖို့ လိုအပ်ပါတယ်"ဟု ပြောသည်။

အခမ်းအနားတွင် အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ထိုခေတ်အခါက သမဂ္ဂသတင်းစဉ်တွင် တင်ပြချက်များနှင့် ပြင်ပသတင်းမီဒီယာများတွင် ဖော်ပြချက်များကိုလည်း မှတ်တမ်းဓာတ်ပုံများဖြင့် ပြသခဲ့သည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**

# ပြည်တွင်း ပြည်ပအလုပ်အကိုင် သုံးသောင်းခွဲခန့် ဖေဖော်ဝါရီလအတွင်း ပေးအပ်နိုင်

**နေပြည်တော် မတ် ၁၃**

ပြည်တွင်းပြည်ပ အလုပ်အကိုင်များ ရရှိကြစေရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေး၊ အလုပ်လုပ်ကိုင်နိုင်သူများ တစ်ဦးချင်းဝင်ငွေတိုးပွားစေရေးတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဖော်ထုတ်ပေးလျက်ရှိရာ ဖေဖော်ဝါရီလအတွင်း ပြည်တွင်း ပြည်ပအလုပ်အကိုင် အခွင့်အလမ်းပေါင်း ၃၅၀၀၀ ခန့် ဖော်ထုတ်ပေးအပ်နိုင်ခဲ့ကြောင်း သိရှိရသည်။

သင့်တော်သည့် လုပ်ခလစာရရှိရေး၊ အလုပ်သမားအခွင့်အရေးများ အပြည့်အဝရရှိရေးနှင့် အလုပ်လက်မဲ့ ကင်းဝေးစေရေးအတွက် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် Exchange Management System ဖြင့် Online မှ ဆောင်ရွက်ပေးလျက်ရှိရာ အလုပ်ရှင်များအတွက်လည်း ပိုမိုကောင်းမွန်သည့် အလုပ်သမားရှာဖွေမှုပုံစံကို ပြောင်းလဲကျင့်သုံးပေးနိုင်ခဲ့သည်။

ဖေဖော်ဝါရီလအတွင်း ပြည်ပအလုပ်အကိုင် ပေးအပ်နိုင်သည့် ပမာဏမှာ လူဦးရေ ၁၅၀၀၀ ကျော်နှင့် ပြည်တွင်းအလုပ်အကိုင် ပေးအပ်နိုင်ခဲ့သည့် ပမာဏမှာ ၂၀၀၀၀ ကျော်ခန့်ရှိကြောင်း ဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားပြီး ပြည်တွင်းတွင် ပြည်ထောင်စုနယ်မြေ၌ အစိုးရအလုပ်အကိုင် ၃၉၁ ခု၊ ရန်ကုန်တိုင်းဒေသကြီးတွင် အစိုးရအလုပ်အကိုင် ၂၆၈ ခုနှင့် ပုဂ္ဂလိကအလုပ်အကိုင် ၁၃၆၂၀ ခု၊ ဧရာဝတီတိုင်းဒေသကြီးတွင် အစိုးရအလုပ်အကိုင် ၁၅၂ ခုနှင့် ပုဂ္ဂလိကအလုပ်အကိုင် ၅၅၆ ခု၊ ပဲခူးတိုင်းဒေသကြီးတွင် အစိုးရအလုပ်အကိုင် ၁၃၅ ခုနှင့် ပုဂ္ဂလိကအလုပ်အကိုင် ၁၉၅၁ ခု၊ မန္တလေးတိုင်းဒေသကြီးတွင် အစိုးရအလုပ်အကိုင် ၂၆၂ ခုနှင့် ပုဂ္ဂလိကအလုပ်အကိုင် ၇၁၃ ခု၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် အစိုးရအလုပ်အကိုင် ၁၀၈ ခုနှင့် ပုဂ္ဂလိကအလုပ်အကိုင် ၄၅၄ ခု၊ မကွေးတိုင်းဒေသကြီးတွင် အစိုးရအလုပ်အကိုင် ၂၈၉ ခုနှင့် ပုဂ္ဂလိကအလုပ်အကိုင် ၃၃၅ ခု၊ တနင်္သာရီတိုင်းဒေသကြီးတွင် အစိုးရ အလုပ်အကိုင် ၄၁ ခုနှင့် ပုဂ္ဂလိကအလုပ်ကိုင် ၂၂၀ ခု၊ ကချင်ပြည်နယ်အတွင်း အစိုးရအလုပ်အကိုင် ၅၀ နှင့် ပုဂ္ဂလိကအလုပ်အကိုင် ၂၂၅ ခု၊ ကယားပြည်နယ်အတွင်း အစိုးရအလုပ်အကိုင် ၁၈ ခုနှင့် ပုဂ္ဂလိကအလုပ်အကိုင် ၄၃ ခု၊ ကရင်ပြည်နယ်တွင် အစိုးရအလုပ်အကိုင် ၂၉ ခုနှင့် ပုဂ္ဂလိကအလုပ်အကိုင် ၁၇၂ ခု၊ ချင်းပြည်နယ်တွင် အစိုးရအလုပ်အကိုင်နှင့် ပုဂ္ဂလိကအလုပ်အကိုင် ၃၀ စီနှင့် မွန်ပြည်နယ်တွင် အစိုးရအလုပ်အကိုင် ၃၃ ခုနှင့် ပုဂ္ဂလိက အလုပ်အကိုင် ၁၂၄၄ ခု၊ ရခိုင်ပြည်နယ်တွင် အစိုးရအလုပ်အကိုင် ၄၀ နှင့် ပုဂ္ဂလိကအလုပ်အကိုင် ၁၁၁ ခု၊ ရှမ်းပြည်နယ်တွင် အစိုးရအလုပ်အကိုင် ၈၅ ခုနှင့် ပုဂ္ဂလိကအလုပ်အကိုင် ၃၄၁ ခုတို့ကို ပေးအပ်နိုင်ခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် ပြည်ပနိုင်ငံများသို့ ရွှေ့ပြောင်း အလုပ်သမားများကို တရားဝင်စေလွှတ်ပေးနိုင်ခဲ့ခြင်းမှာလည်း ဖေဖော်ဝါရီလတွင် လူဦးရေ ၁၅၀၀၀ ကျော်ခဲ့ရာ မလေးရှားနိုင်ငံသို့ ၃၀၅ ဦး၊ စင်ကာပူနိုင်ငံသို့ ၁၈ ဦး၊ ကိုရီးယားနိုင်ငံသို့ ၁၀၂ ဦး၊ ထိုင်းနိုင်ငံသို့ ၁၅၁၀၉ ဦး၊ ယူအေအီးသို့ ၁၀ဦး၊ ဂျပန်နိုင်ငံသို့ ၉၃ ဦးနှင့် ကာတာနိုင်ငံသို့ ၁၆ ဦးတို့ စေလွှတ်ထားခဲ့ခြင်းကြောင့် စုစုပေါင်း လူဦးရေ ၁၅၆၅၃ ဦးအား ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများ ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

**ခင်ရတနာ**

# ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)တွင် စုပေါင်းသွေးလှူဒါန်းပွဲကျင်းပမည်

**ရန်ကုန် မတ် ၁၃**

သွေးလိုအပ်နေသည့် လူနာများအား ဇီဝိတဒါန အသက်ကယ်နိုင်ရန် ရည်မှန်း၍ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များက စုပေါင်းသွေးလှူဒါန်းကြမည့် (၁၉)ကြိမ်မြောက် နှစ်သစ်အကြိုစုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပရန်ရှိကြောင်း သိရသည်။

အဆိုပါသွေးလှူဒါန်းပွဲကို ဧပြီ ၇ ရက် (စနေနေ့) နံနက် ၈ နာရီ၌ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)ရှိ အလှူတော်မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်ဆေးရုံကြီး အမျိုးသားသွေးဌာနမှ တာဝန်ခံဆရာဝန်ကြီးနှင့်အဖွဲ့က လက်ခံရယူကြမည်ဖြစ်သည်။

နှစ်သစ်အကြို စုပေါင်းသွေးလှူဒါန်းပွဲ၌ ပါဝင်လှူဒါန်းလိုသူများသည် အဆိုပါဆေးရုံကြီးရှိ သံဃာတော်များ ပြင်ပလူနာဌာန ဖုန်း-၅၅၂၉၇၅၊ သီလရှင်များ ပြင်ပလူနာဌာန ဖုန်း-၅၄၂၇၀၆၊ လူပုဂ္ဂိုလ်များ ပြင်ပလူနာဌာန ဖုန်း-၅၅၂၅၄၂၊ ဆေးရုံအုပ်ကြီးရုံး ဖုန်း-၅၅၈၄၃၄၊ လူမှုဆက်ဆံရေးဌာနစု ဖုန်း-၅၄၁၇၉၅ တို့သို့ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဧပြီ ၆ ရက်အတွင်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

*စာမျက်နှာ ၈ မှ*

## ❖ လစဉ်လကုန်တဲ့အခါမှာလည်း ဘဏ်ခွဲအသီးသီးကပေးပို့တဲ့ ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေစာရင်း၊ စာရင်းအသီးသီးတွေရဲ့ စာရင်းဖွင့် လက်ကျန်၊ လအတွင်း သွင်းငွေ၊ လအတွင်း ထုတ်ငွေတွေနဲ့ စုစုပေါင်း စာရင်းပိတ်လက်ကျန်တွေကို သတ်မှတ်တဲ့ ရှင်းတမ်းပုံစံတွေနဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကိုပေးပို့ပြီးတော့ စာရင်းပြန်လည် ရှင်းလင်းရပါတယ်။

**ဦးဝင်းနိုင်ဦး**

ဒီစာရင်းဖွင့်လှစ်ရတဲ့ ရည်ရွယ်ချက်တွေကတော့ အစိုးရဌာနအဖွဲ့အစည်းတွေအနေနဲ့ လုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ဖို့၊ နောက်တစ်ခါ သူတို့အနေနဲ့ အချိန်နဲ့ တစ်ပြေးညီဆောင်ရွက်နိုင်ဖို့ ငွေထုတ်ငွေသွင်းပြုလုပ်တဲ့အခါမှာ ငွေလက်ကျန်ဘောင်အတွင်းမှာ လွယ်လင့်တကူဆောင်ရွက်နိုင်ဖို့ ဆိုပြီးတော့ OA စာရင်းတွေကို ဖွင့်လှစ်ခွင့်ပြုခြင်း ဖြစ်ပါတယ်။

ဖွင့်လှစ်ခွင့်ပြုထားတဲ့ UFA-OA စာရင်းအနေနဲ့ကတော့ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းတွေကနေပြီးတော့ မိမိဘဏ္ဍာငွေနဲ့ ဆောင်ရွက်တဲ့ကိစ္စရပ်တွေကို ပထမဦးစွာ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းတွေကနေ Work Capital က ထည့်သွင်းပြီးတော့ အသုံးပြုနိုင်ဖို့အတွက် ဖွင့်လှစ်ထားတာပါ။ အဲဒါကိုတော့ SEE-OA လို့ ခေါ်ပါတယ်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ အမိန့်ကြော်ငြာစာအမှတ် ၃၅/၂၀၁၇ အရ ဖွင့်လှစ်ခွင့်ပြုထားတဲ့ ငွေကြေးကိစ္စရပ်တွေ ဥပမာ - ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်ကနေ ထောက်ပံ့ငွေပေးတာတွေရှိပါတယ်။ အဲဒီထောက်ပံ့ငွေတွေကို ထည့်သွင်းပြီးတော့ သုံးစွဲတာမျိုးဖြစ်ပါတယ်။ နောက်တစ်ခုက လုပ်ငန်းရဲ့ လိုအပ်ချက်အရ ဖွင့်လှစ်ခွင့်ပြုတဲ့ ကိစ္စရပ်တွေပါ။ အဲဒါတွေက ပြည်ပချေးငွေတွေ၊ ပြည်ပအကူအညီတွေရရှိတယ်၊ ရရှိတဲ့အခါမှာ ငွေတွေရဲ့ အဝင်အထွက်တွေကို ထင်သာမြင်သာရှိနိုင်ဖို့အတွက် UFA-OA စာရင်းတွေ ဖွင့်လှစ်ပြီးတော့ သုံးစွဲကြတာ ဖြစ်ပါတယ်။

နောက်ဆုံးတစ်ခုက ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်အရ ဆောင်ရွက်တဲ့ ကိစ္စရပ်တွေ ဥပမာ သဘာဝဘေးရန်ပုံငွေတွေကို ဖွင့်လှစ်ပြီးသုံးစွဲတာမျိုးရှိပါတယ်။ ဒါတွေက ခုနက ပြောခဲ့တဲ့ SEE-OA လည်းရှိပါတယ်။ တခြားရိုးရိုး OA တွေလည်း ရှိပါတယ်။ ကျွန်မတို့ မြန်မာ့စီးပွားရေးဘဏ်မှာရှိတဲ့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းအောက်မှာဖွင့်ထားတဲ့ တစ်လုံးတစ်စည်းရှိနေတဲ့ UFA-OA စာရင်းတွေပဲ ဖြစ်ပါတယ်။

ပြည်ထောင်စုအစိုးရရဲ့ ငွေစာရင်းနှစ်ခုရှိတာကို ရှင်းပြချင်ပါတယ်။ တစ်ခုက မြန်မာ့စီးပွားရေးဘဏ်မှာရှိတဲ့ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေစာရင်း ဖြစ်ပါတယ်။ ဒါက မြန်မာ့စီးပွားရေးဘဏ်မှာရှိပါတယ်။ နောက်တစ်ခုက မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကနေ ထိန်းသိမ်းထားရှိတဲ့ ပြည်ထောင်စုအစိုးရအပ်ငွေစာရင်းဆိုတာ ရှိပါတယ်။ ဒီစာရင်းနှစ်ခုဟာ ဆက်စပ်မှုရှိပါတယ်။

ဘယ်လို ဆက်စပ်သလဲဆိုရင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ စာရင်းကြီးကို အပတ်စဉ်၊ လစဉ်၊ နှစ်စဉ်စာရင်းတွေကို ရှင်းလင်းညှိနှိုင်းပြီး ပိတ်သိမ်းပါတယ်။ ပိတ်သိမ်းပြီးဖြစ်ပေါ်လာတဲ့ ပိုငွေလိုငွေတွေက ဗဟိုဘဏ်မှာ ထိန်းသိမ်းထားရှိတဲ့ ပြည်ထောင်စုအစိုးရအပ်ငွေ စာရင်းမှာ သွားပြီးတော့ စာရင်းရှင်းလင်းတာမျိုးရှိပါတယ်။ ဒီစာရင်းနှစ်ခုက ဆက်စပ်မှုရှိကြောင်း ရှင်းလင်းလိုပါတယ်။

**ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း**

ပြည်ထောင်စုလွှတ်တော်ရဲ့ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီက သဘောထားမှတ်ချက်ပြုထားတဲ့အထဲမှာလည်း SEE တွေရဲ့ UFA-OA စာရင်းတွေက Government Deposit Account နဲ့ ဘယ်လိုဆက်သွယ်မှုရှိသလဲဆိုတာ ရှင်းပြပေးပါဆိုတဲ့ အချက်ပါပါတယ်။

အထူးသဖြင့် ကျန်တဲ့ OA တွေကတော့ ထားလိုက်ပါ။ အထူးသဖြင့် SEE တွေရဲ့ OA တွေက Government Deposit Account တွေ ဘယ်လိုချိတ်ဆက်ပြီးတော့ ဘယ်လို အဝင်အထွက်ရှိနေတယ်ဆိုတာတွေကို ထပ်မံပြီးတော့ ရှင်းပြပေးပါ။

**ညွှန်ကြားရေးမှူးချုပ် ဒေါ်နွဲ့နွဲ့ဝင်း**

ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေစာရင်းအောက်မှာ SEE-OA ဆိုတာရှိပါတယ်။ ပြီးရင် တခြား UFA - OA စာရင်းဆိုတာရှိပါတယ်။ ဒါတွေအားလုံးဟာ UFA-OA စာရင်းတွေပဲ ဖြစ်ပါတယ်။ အဲဒီတော့ UFA,OA စာရင်း တစ်ခုလုံးကို စာရင်းရှင်းတဲ့အထဲမှာ SEE-OA က အလိုအလျောက်ပါပြီးသား ဖြစ်ပါတယ်။ ဒါကြောင့်မို့ UFA Account က နေပြီးတော့ ဖြစ်ပေါ်လာတဲ့လိုငွေ ပိုငွေအားလုံးဟာ Government Deposit Account ထဲကို ရောက်သွားတဲ့အတွက် Government Deposit Account မှာရှိတဲ့ လိုငွေကိစ္စကို SEE-OA မှာရှိတဲ့ လက်ကျန်ငွေတွေက သွားပြီးတော့ လိုငွေကို ဖြည့်ဆည်းတဲ့ သဘောသက်ရောက်သွားတဲ့အတွက် သူတို့နှစ်ခုက ဆက်စပ်သွားပြီး ဖြစ်ပါတယ်။

**ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း**

SEE တွေရဲ့ UFA-OA ဆိုတာ သူ့ရဲ့ နာမည် အခေါ်အဝေါ်ကတော့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း အခြားစာရင်းရှင်လို့ ခေါ်ပြီး Union Fund Account -Other Account လို့ ခေါ်ပါတယ်။ အတိုအားဖြင့် UFA-OA လို့ ခေါ်ရမယ့် စာရင်းဖြစ်တာကို ကျွန်တော်တို့ နားလည်ပါတယ်။ SEE တွေရဲ့ UFA-OA က ဘယ်လိုဖြစ်လာလဲ။ အရင်ကတည်းက ရှိတာလား၊ ဒါမှမဟုတ် ဘယ်နှခုနှစ်ကစပြီးတော့ ပေါ်ပေါက်လာပြီးတော့ ဘယ်လိုရည်ရွယ်ချက်တွေနဲ့ ဖွင့်လှစ်ခဲ့ရတာလဲဆိုပြီး ဒါလေးကိုလည်း ရှင်းပြစေလိုပါတယ်။

**ညွှန်ကြားရေးမှူးချုပ် ဒေါ်နွဲ့နွဲ့ဝင်း**

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မတိုင်မီက UFA-OA ဆိုတာမရှိပါဘူး။ SEE Account တစ်ခုပဲရှိပါတယ်။ ၂၀၁၂ -၂၀၁၃ ဘဏ္ဍာရေးနှစ်ကစပြီးတော့ ကျွန်မတို့ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ညွှန်ကြားချက်အမှတ် ၅၄၇ ထုတ်ပြန်ပြီးတော့မှ UFA-OA စာရင်းကို ဖွင့်လှစ်ခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်နောက်ပိုင်းမှာ SEE တွေဟာဆိုရင် SEE Account ဆိုတာရှိသလို အဲဒီ SEE Account ကလည်း UFA SEE Account ပါပဲ၊ UFA - OA Account ဆိုပြီးတော့ Account နှစ်ခု ဖြစ်ပေါ်လာတာ ဖြစ်ပါတယ်။

အဲဒီလိုဖြစ်ပေါ်လာတဲ့ အဓိကရည်ရွယ်ချက် နှစ်ချက်ရှိပါတယ်။ ပထမအချက်ကတော့ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းတွေကို စီးပွားရေးဆန်ဆန်ဆောင်ရွက်ဖို့ပဲ ဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ မိမိငွေကြေးအစီအစဉ်နဲ့ မိမိရပ်တည်နိုင်ပြီး ဆောင်ရွက်နိုင်ဖို့ပဲ ဖြစ်ပါတယ်။ ဒါလည်း ရေရှည်မှာ တချို့ SEE တွေက Corporatization ကို သွားနေလို့ပဲ ဖြစ်ပါတယ်။

တကယ်လို့ ရာနှုန်းပြည့် Corporatization ဖြစ်သွားမယ်ဆိုရင်တော့ သူတို့က နိုင်ငံတော်ရဲ့ ဘတ်ဂျက်မှာ မပါဝင်တော့ဘဲနဲ့ ပြင်ပကို ရောက်ရှိသွားမှာ ဖြစ်ပါတယ်။

*ဆက်လက်ဖော်ပြပါမည်*

# မြန်မာ-တရုတ် အဏ္ဏဝါသိပ္ပံဆိုင်ရာသုတေသန ပူးပေါင်းဆောင်ရွက်မှု

ဒေါက်တာဇော်မင်းအောင်(နိုင်ငံခြားရေးဝန်ကြီးဌာန)

**ကမ္ဘာကြီး၏ ၇၂ ရာခိုင်နှုန်းခန့်သည် ရေများဖြင့် ပါဝင်ဖွဲ့စည်းလျက်ရှိကြောင်း သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်များအရ တွေ့ရှိရပေသည်။ ကမ္ဘာကြီးပူနွေးလာမှု (Global Warming) ကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ကို တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်၍ ရိုက်ခတ်လျက်ရှိရာ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်း (Sea Level Rise)၊ ပင်လယ်ရေမျက်နှာပြင် အပူချိန်နှင့် ဆားငန်ဓာတ်ပြောင်းလဲလာခြင်း (Water Temperature and Salinity)၊ ပင်လယ်ရေတွင် အောက်ဆီဂျင်ပါဝင်မှု လျော့နည်းလာခြင်း (Oxygen Depletion) အပါအဝင် ပင်လယ်သမုဒ္ဒရာ၏ ဂေဟစနစ်များတွင်လည်း ပြောင်းလဲခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။ ထိုသို့သော ကမ္ဘာကြီး၏ လေးပုံသုံးပုံခန့်ရှိသည့် ရေကမ္ဘာ၏ ပြောင်းလဲလာမှုများသည် သက်ဆိုင်ရာကမ်းရိုးတန်းနှင့် ကုန်းမြေထုအား မလွဲမသွေ ရိုက်ခတ်လျက်ရှိကာ ပင်လယ်သမုဒ္ဒရာများသည် ရာသီဥတုပြောင်းလဲမှုအတွက် အခြေခံကျသော အခန်းကဏ္ဍမှ ဖန်တီးဖြစ်ပေါ်လျက်ရှိပေသည်။**

### အဏ္ဏဝါသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများ

မြန်မာနိုင်ငံသည် ၁၉၃၀ ကီလိုမီတာခန့် ရှည်လျားသော ကမ်းရိုးတန်းအား ပိုင်ဆိုင်ထားသည့် နိုင်ငံဖြစ်ပြီး ကပ္ပလီပင်လယ် (Andaman Sea)၊ ဘင်္ဂလားပင်လယ် (Bay of Bengal) တို့နှင့် ဆက်စပ်လျက်ရှိရာ ပင်လယ် နှစ်စင်း၏ ပြောင်းလဲလာမှု ဖြစ်စဉ်များသည် ဆက်စပ်ကုန်းမြေထုနှင့် အတွင်းပိုင်းကုန်းမြေထုကိုလည်း ရိုက်ခတ်မှုများရှိနေသဖြင့် မြန်မာ-တရုတ် အဏ္ဏဝါသိပ္ပံဆိုင်ရာ ပူးပေါင်းသုတေသန လုပ်ငန်းစဉ် တစ်ရပ်အား ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့မှ ၂၀ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အဏ္ဏဝါသိပ္ပံဆိုင်ရာ သုတေသန ရေယာဉ် XIANG YANG HONG 03 ဖြင့် မြန်မာ့သီးသန့် စီးပွားရေးဇုန်အတွင်း အဏ္ဏဝါသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများ ပြုလုပ်လေ့လာရန် စီစဉ်ဆောင်ရွက်ခဲ့ကြပါသည်။

အဏ္ဏဝါသုတေသနလုပ်ငန်း ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) အရှေ့အိန္ဒိယသမုဒ္ဒရာနှင့် ဆက်စပ်ပင်လယ်များသည် ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များအပေါ် များစွာ သက်ရောက်မှုရှိနေခြင်းကြောင့် မိုးလေဝသဆိုင်ရာ သုတေသန လုပ်ဆောင်ရန်၊

(၂) မြန်မာ့ပင်လယ်ပြင်အတွင်းရှိ ငါးသယံဇာတများ အထိုက်အလျောက်ထိန်းသိမ်းနိုင်စေရန်နှင့် ရေရှည်စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်စေရန်၊

(၃) မြန်မာ့ပင်လယ်ပြင်နှင့် ကမ်းရိုးတန်းဒေသ၏ ဂေဟစနစ် ထိန်းသိမ်းမှုလုပ်ငန်းများ အကောင်အထည်ဖော်နိုင်စေရန်၊

(၄) နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအရ တရုတ်-မြန်မာ နှစ်နိုင်ငံ သုတေသီပညာရှင်များ ပင်လယ်ပြင်ဆိုင်ရာ သုတေသနလုပ်ငန်းများကို အတူတကွ ပူးပေါင်းလုပ်ဆောင်ရန်။


မြန်မာ့သီးသန့် စီးပွားရေးဇုန်အတွင်း ပူးပေါင်းသုတေသန ပြုလုပ်နေစဉ်။


သံအမတ်ကြီး H.E. Mr. Hong Liang နှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

## “ကမ္ဘာကြီး၏ လေးပုံသုံးပုံခန့်ရှိသည့် ရေကမ္ဘာ၏ ပြောင်းလဲလာမှုများသည် သက်ဆိုင်ရာကမ်းရိုးတန်းနှင့် ကုန်းမြေထုအား မလွဲမသွေ ရိုက်ခတ်လျက်ရှိကာ ပင်လယ်သမုဒ္ဒရာများသည် ရာသီဥတုပြောင်းလဲမှုအတွက် အခြေခံကျသော အခန်းကဏ္ဍမှ ဖန်တီးဖြစ်ပေါ်လျက်ရှိ”

သုတေသနလုပ်ငန်းအစီအစဉ်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ချစ်ကြည်ရေးလာရောက်သည့် အဏ္ဏဝါသိပ္ပံဆိုင်ရာ သုတေသနရေယာဉ် XIANG YANG HONG 03 သည် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့ နံနက် ၆ နာရီတွင် ရန်ကုန်မြို့ မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်း (MITT) သို့ ဝင်ရောက်ဆိုက်ကပ်ခဲ့ပါသည်။ သုတေသနရေယာဉ် XIANG YANG HONG 03 အား ကြိုဆိုခြင်း အခမ်းအနားကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့ မြန်မာစံတော်ချိန် နံနက် ၉ နာရီ၌ ရန်ကုန်မြို့ မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်းတွင် အဆိုပါရေယာဉ်ပေါ်ရှိ အစည်းအဝေးခန်းမအတွင်း ကျင်းပခဲ့ကြပါသည်။

### ဆုမွန်ကောင်းများတောင်း

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ကိုယ်စားလှယ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူနှင့် XIANG YANG HONG 03 ရေယာဉ်၏ အဏ္ဏဝါသိပ္ပံဆိုင်ရာ သုတေသနခေါင်းဆောင်တို့မှ အပြန်အလှန် နှုတ်ခွန်းဆက်စကားများပြောကြားခဲ့ကြကာ နှစ်နိုင်ငံ ကိုယ်စားလှယ်များ တစ်ဦးချင်းစီအလိုက် မိတ်ဆက်ခဲ့ကြပြီး သုတေသနခရီးစဉ် အောင်မြင်ရန် ဆုမွန်ကောင်းများ တောင်းခဲ့ကြပါသည်။ ထို့နောက် နှစ်နိုင်ငံကိုယ်စားလှယ်များမှ အဏ္ဏဝါသိပ္ပံဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ်အား ချစ်ကြည်ရင်းနှီးစွာ ကျင်းပပြုလုပ်ဆွေးနွေးခဲ့ကြကာ ယင်းနေ့ ညနေပိုင်းတွင် သုတေသနရေယာဉ်သည် မြန်မာသုတေသီများနှင့်အတူ မြန်မာ့သီးသန့်စီးပွားရေးဇုန် (Exclusive Economic Zone - EEZ) အတွင်းရှိ သုတေသနဆောင်ရွက်မည့်နေရာသို့ စတင်ထွက်ခွာခဲ့ပါသည်။

သုတေသနရေယာဉ်သည် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့ မြန်မာစံတော်ချိန် နံနက် ၉ နာရီတွင် သတ်မှတ်ထားသည့် သုတေသနပြုလုပ်မည့်နေရာများသို့ ရောက်ရှိပြီး Water Temperature, Salinity နှင့် ရေနမူနာအတွက် (CTD) ကို အသုံးပြု၍ ရေအနက် ၃ မီတာ၊ မီတာ ၃၀၊ မီတာ ၅၀၊ ၇၅ မီတာ၊ မီတာ ၁၀၀၊ မီတာ ၁၅၀ နှင့် ၂၀၈ မီတာအထိ ရေအနက်အလိုက် ရေအငန်နှုန်း၊ ရေအပူချိန်များကို တိုင်းတာခဲ့ကာ သက်ဆိုင်ရာ ရေအနက်အလိုက် ပင်လယ်ရေနမူနာများ စုဆောင်းခြင်း၊ Vertical Net ကိရိယာဖြင့်

*စာမျက်နှာ ၁၁ သို့*



မြန်မာ-တရုတ် အဏ္ဏဝါ သိပ္ပံဆိုင်ရာ သုတေသီများ ဆွေးနွေးနေကြစဉ်။

# Myanmar-Japan Economic Conference သို့ ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက် သဝဏ်လွှာဖတ်ကြား




**နေပြည်တော် မတ် ၁၃**

Myanmar-Japan Economic Conference အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဟန်နှင့် မြန်မာ-ဂျပန်စီးပွားရေးကော်မတီဥက္ကဋ္ဌ Mr. Ken KOBAYASHI တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက တတိယအကြိမ် ဂျပန်-မြန်မာ ပူးတွဲစီးပွားရေးကွန်ဖရင့်သို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သည့် သဝဏ်လွှာအား ဖတ်ကြားခဲ့သည်။ (ဓာတ်ပုံ)

အလားတူ ဂျပန်နိုင်ငံဝန်ကြီးချုပ် H.E. Mr. Shin Zo ABE မှ ပေးပို့သည့် သဝဏ်လွှာအား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Tateshi HIGUCHI မှ ဖတ်ကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

ရေအနက် မီတာ ၁၂၀ တွင်ရှိသည့် ပင်လယ်ရေ၏ အာဟာရဓာတ်ပါဝင်မှု၊ ကလိုရိုဖီးလ်ပါဝင်မှု၊ အကောင်မျှောလေး (Zooplankton)၊ အပင်မျှောလေး(Phytoplankton) များအား နမူနာယူခြင်း၊ Sacchi Disc ကို အသုံးပြု၍ ပင်လယ်ရေ၏ ကြည်လင်မှုနှုန်းအား တိုင်းတာခြင်း၊ ပင်လယ်ရေစီးကြောင်း Ocean Currents တိုင်းထွာသော ကိရိယာဖြစ်သည့် (ADCP) ကို သင်္ဘောဝမ်းဗိုက် (Mounted) တွင် တပ်ဆင်ပြီး တိုင်းထွာခြင်း၊ အလိုအလျောက် မိုးလေဝသတိုင်းထွာသည့် ကိရိယာ Meteorology Elements (AWS) ကို အသုံးပြု၍ လေတိုက်နှုန်း၊ လေတိုက်ရာအရပ်၊ ပင်လယ်လေအပူချိန်၊ ပင်လယ်ရေမျက်နှာပြင်ဖိအား၊ စိုထိုင်းဆ၊ အဝေးမြင်တာနှင့် မိုးရေချိန်စသည်တို့ကို တိုင်းထွာခြင်းလုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြပါသည်။

**သုတေသနလုပ်ငန်းစဉ်အောင်မြင်စွာဆောင်ရွက်**

သုတေသနရေယာဉ်သည် ရန်ကုန်မြို့မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်း (MITT) သို့ ၂၀-၁-၂၀၁၈ ရက်နေ့ နံနက် ၈ နာရီတွင် ပြန်လည်ရောက်ရှိလာခဲ့ရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Hong Liang နှင့် သံရုံးတာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြပြီး မြန်မာ့သီးသန့် စီးပွားရေးဇုန်အတွင်း မြန်မာ-တရုတ် အဏ္ဏဝါသိပ္ပံဆိုင်ရာ ပူးပေါင်းသုတေသနလုပ်ငန်းစဉ်အား အောင်မြင်စွာ ဆောင်ရွက်ခဲ့ကြပါသည်။

**ရေရှည်စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်မည့်အကျိုးကျေးဇူး**

ယခုဆောင်ရွက်ခဲ့သည့် မြန်မာ-တရုတ် အဏ္ဏဝါသိပ္ပံဆိုင်ရာ ပူးပေါင်းသုတေသနလုပ်ငန်းစဉ်ကြောင့် မြန်မာ့သီးသန့် စီးပွားရေးဇုန် (EEZ) အတွင်း အဏ္ဏဝါသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းဖြင့် သမုဒ္ဒရာထဲတွင်ရှိသော ပင်လယ်ရေ၏အပူချိန်၊ ပင်လယ်ရေငန်နှုန်းများ၊ သမုဒ္ဒရာရေစီးကြောင်း၊ ပင်လယ်ပြင်ဆိုင်ရာ မိုးလေဝသအချက်အလက်များ၊ အဏ္ဏဝါဓာတုဗေဒဆိုင်ရာ အချက်အလက်များဖြစ်ကြသည့် (Nutrients, N, K, DO)၊ ပင်လယ်ရေ ကြည်လင်နှုန်းများ၊ အဏ္ဏဝါဇီဝဗေဒဆိုင်ရာ လုပ်ငန်းများ (Chlorophyll-a, Microplankton, Meso plankton) စသည်တို့ကို လေ့လာသိရှိခွင့်များ ရရှိခဲ့ကြပြီး မြန်မာ-တရုတ် နှစ်နိုင်ငံ သိပ္ပံပညာရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုကို တိုးတက်စေခဲ့ပါသည်။ ထို့အပြင် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုကို ရရှိစေခဲ့သည့်အပြင် ပင်လယ်ငါးသယံဇာတများအား အထိုက်အလျောက်ထိန်းသိမ်းနိုင်ရန်နှင့် ရေရှည်စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်မည့် အကျိုးကျေးဇူးများကို ရရှိစေခဲ့ပြီး မြန်မာ့ကမ်းရိုးတန်းဒေသ၏ ဂေဟစနစ်ထိန်းသိမ်းမှုလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင်လည်း အထောက်အကူရရှိစေခဲ့ပါသည်။ ထို့အပြင် အဏ္ဏဝါသိပ္ပံဌာနအသီးသီးတွင် သင်ကြားလျက်ရှိသော ဘာသာရပ်များ သင်ကြားရာတွင်လည်း အထောက်အကူအဖြစ် ရရှိစေနိုင်မည်ဖြစ်ပါကြောင်း ဖော်ပြရေးသားအပ်ပါသည်။ ။




သီလဝါဆိပ်ကမ်းသို့ XIANG YANG HONG 03 ဆိုက်ကပ်စဉ် ကြိုဆိုနှုတ်ဆက်သူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

## AFC Cup ပြိုင်ပွဲ ရန်ကုန် ရှုံးပွဲကြုံတွေ့

**မနီလာ မတ် ၁၃**

၂၀၁၈ ရာသီ AFC Cup ပြိုင်ပွဲ အုပ်စုပွဲစဉ်(၄)အဖြစ် ဖိလစ်ပိုင်ကလပ် ဂလိုဘယ်အသင်းနှင့် မြန်မာကလပ် ရန်ကုန်အသင်းသည် ယနေ့ ညနေပိုင်းက ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ယှဉ်ပြိုင်ကစားရာ ဂလိုဘယ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ထန်ဟွာနှင့် ဘာလီယူနိုက်တက်အသင်း၏ သရေပွဲကြောင့် ရန်ကုန်အသင်းသည် ယခုပွဲအနိုင်ရလျှင် အုပ်စုပထမဖြင့် အာဆီယံဇုန် ဆီမီးဖိုင်နယ်သို့ တက်ရောက်ခွင့်ရမည်ဖြစ်သော်လည်း ရှုံးပွဲကြုံတွေ့ခဲ့သောကြောင့် လက်ကျန်ပွဲများကို ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။ ရန်ကုန်အသင်းသည် ယခုပွဲတွင် ပုံစံကောင်းရရန် ရုန်းကန်ခဲ့ရပြီး ပွဲပြီးခါနီးတွင် ပေးလိုက်ရသည့် ပယ်နယ်တီဂိုးဖြင့် ပထမဆုံး ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

ရန်ကုန်အသင်းသည် ပထမပိုင်းတွင် ဂိုးသွင်းခွင့်အနည်းငယ်ရခဲ့ပြီး တိုက်စစ်မှူးများဖြစ်သည့် အီမန်နျူရယ်နှင့် အီစိုးတို့၏ တိုက်စစ်တွဲလုံးမှာလည်း အလုပ်မဖြစ်ခဲ့ပေ။ ဒုတိယပိုင်းတွင် ဂလိုဘယ်အသင်း ဂိုးရရန် ပိုအားထည့်လာပြီး ရောဘတ်က ပြစ်ဒဏ်ဘောကို ခေါင်းတိုက်သွင်းကာ အဖွင့်ဂိုးရယူပေးခဲ့သည်။ ဂိုးပေးလိုက်ရသောကြောင့် ရန်ကုန်အသင်း ချေပဂိုးရရန် ကြိုးစားလာခဲ့ပြီး မိနစ် ၉၀ တွင် ကြည်လင်း၏ ဖန်တီးပေးမှုမှ တစ်ဆင့် မောင်မောင်လွင်က ခေါင်းတိုက်ကာ ချေပဂိုးပြန်သွင်းခဲ့သည်။ ရန်ကုန်အသင်းသည် အဝေးကွင်းတွင် သရေရလဒ်ကို ထိန်းကစားနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ၉၀+၅ မိနစ်တွင် ပယ်နယ်တီပေးခဲ့ရသည်။ ယင်းပယ်နယ်တီကို တိုက်စစ်မှူး ရှုဖူက ကန်သွင်းခဲ့ပြီး ဂလိုဘယ်အသင်း အနိုင်ရခဲ့ခြင်းဖြစ်သည်။

အုပ်စု (F) အခြားပွဲတွင် ထန်ဟွာ (ဗီယက်နမ်)နှင့် ဘာလီယူနိုက်တက် (အင်ဒိုနီးရှား)တို့ ဂိုးမရှိသရေကျခဲ့သည်။ ယခုပွဲအပြီးတွင် လေးပွဲစီကစားအပြီး၌ မြန်မာကလပ် ရန်ကုန်အသင်းက ကိုးမှတ်၊ အင်ဒိုနီးရှားကလပ် ဘာလီယူနိုက်တက်အသင်းက ငါးမှတ်၊ ဗီယက်နမ်ကလပ် ထန်ဟွာနှင့် ဖိလစ်ပိုင်ကလပ် ဂလိုဘယ်အသင်းက လေးမှတ်စီ ရထားသည်။

**ဖိုးသော်ဇင်**

## MFF Futsal Open Cup ပြိုင်ပွဲ အုပ်စုပွဲများ ဆက်လက်ယှဉ်ပြိုင်

**ရန်ကုန် မတ် ၁၃**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပလျက်ရှိသည့် MFF Futsal Open Cup ပြိုင်ပွဲ အုပ်စု ဆဋ္ဌမနေ့ကို ယနေ့ နံနက်ပိုင်းမှစ၍ အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ ကျင်းပခဲ့ပြီး ပရော်ဖက်ရှင်နယ်ကလပ်အသင်းများ၏ ပွဲများပါဝင်လာကာ ဂိုးပြတ်နိုင်ပွဲများ ရယူနိုင်ခဲ့သည်။

ဆဋ္ဌမနေ့တွင် MIC အသင်းက Mariners အသင်းကို ၂၄ ဂိုး-ဂိုးမရှိ၊ VUC အသင်းက ၁၄/၁၅ အသင်းကို ရှစ်ဂိုး-တစ်ဂိုး၊ Panda အသင်းက Arch Rival အသင်းကို ၁၃ ဂိုး-ဂိုးမရှိ၊ Titans XII အသင်းက YTD အသင်းကို ခြောက်ဂိုး-ငါးဂိုး၊ Futsal Club Brother အသင်းက Shwe Pyi Thar အသင်းကို ၁၆ ဂိုး-လေးဂိုး၊ Winner အသင်းက Brotherhood Utd အသင်းကို ခုနစ်ဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။

**ရဲရင့်ရှိုင်း**

## မန်းရွှေစက်တော်ဘုရား၌ ဂိတ်ဝင်ကြေး ငွေကျပ် ၂၅၀၀ ကောက်ခံနေခြင်း ပိတ်သိမ်းပြီးဖြစ်

**မင်းဘူး(စကု) မတ် ၁၃**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားပွဲတော်သည် ၂၁-၁-၂၀၁၈ မှ ၁၇-၄-၂၀၁၈ ရက်အထိ ၈၇ ရက်တိုင်တိုင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများနှင့် စည်ကားသည့် ရက်ရှည် ဘုရားပွဲတော်တစ်ခုဖြစ်သည်။ ပြီးခဲ့သည့် တပေါင်းလပြည့်နေ့နှင့်ဆက်၍ ရုံးပိတ်ရက်လေးရက်ဖြစ်သောကြောင့် မန်းရွှေစက်တော် ဘုရားပွဲတော်တွင် ဘုရားဖူးလာပြည်သူများနှင့် အထူးစည်ကားပြီး တည်းကျောင်းဇရပ်များလည်း မြင့်တက်ခဲ့ကာ ကားများကျပ်သည်အထိ ဖြစ်ခဲ့သည့်အပြင် မန်းရွှေစက်တော်ဘုရားမောင်းတံဂိတ်မှစ၍ ဘုရားဖူးလာ ယာဉ်များအား တစ်စီးလျှင် ငွေကျပ် ၂၅၀၀ နှုန်းကောက်ခံနေမှုကြောင့် ဘုရားဖူးလာပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်သည်နှင့်အညီ လူမှုကွန်ရက်၌လည်း မကောက်ခံသင့်ကြောင်းနှင့် ဘုရားဖူးပုံရိပ်ကို ထိခိုက်နိုင်ကြောင်း ဝေဖန်မှုများ အမျိုးမျိုးပျံ့နှံ့ခဲ့သည်။

ယခုအခါ ညအိပ်ရပ်နားသည့် မော်တော်ယာဉ်နှင့် အချိန်ကြာမြင့်စွာ ရပ်နားသည့် မော်တော်ယာဉ်များကိုသာ ယာဉ်ကြောပိတ်ဆို့မှု မရှိစေရေးအတွက် ယာဉ်ရပ်နားကွင်းအတွင်းသို့ ယာဉ်များ အပ်နှံစေပြီး ယာဉ်ရပ်နားခများ ကောက်ခံရမည်ဖြစ်သော်လည်း ယာဉ်ရပ်နားကွင်းလုပ်ကိုင်ခွင့်ရသူများအနေဖြင့် ဘုရားပွဲအဝင်တွင် ဂိတ်စခန်းဖွင့်လှစ်၍ ဘုရားပွဲသို့ လာရောက်သည့် ယာဉ်များအားလုံးကို တစ်စီးလျှင် ငွေကျပ် ၂၅၀၀ ဖြင့် ကောက်ခံနေခြင်းသည် ဘုရားဖူးလာပြည်သူများကို စိတ်အနှောင့်အယှက်ဖြစ်ပေါ်စေသည့်အတွက် အမြန်ဆုံးဖယ်ရှားဆောင်ရွက်သွားရန် မကွေးတိုင်းဒေသကြီးအစိုးရအနေဖြင့် မန်းရွှေစက်တော်ရာ ဂေါပကအဖွဲ့အား အကြောင်းကြားလာသဖြင့် မတ် ၁၃ ရက် ညနေပိုင်းမှစ၍ ဘုရားဖူးလာ မော်တော်ယာဉ်များအား ဘုရားအဝင်ဂိတ်မှ ဂိတ်ဝင်ကြေး ကောက်ခံခြင်းမရှိတော့ကြောင်း သိရသည်။

**မေသူလွင်(မကွေးကိုယ်ပွား)**



# လှိုင်သာယာစက်မှုဇုန် ၅ မှ အင်ဂျင်ဝိုင်အတု ထုတ်လုပ်သောစက်ရုံအား တာဝန်ရှိသူများ စစ်ဆေး

**ရန်ကုန် မတ် ၁၃**

ရန်ကုန်မြို့ လှိုင်သာယာစက်မှုဇုန် ၅ ရတနာလမ်းရှိ အမှတ် ၅၅၇ မှ ငှားရမ်းထားသော စက်ရုံနေရာတွင် အသုံးပြုပြီးသော စွန့်ပစ်အင်ဂျင်ဝိုင်များကို ပြန်လည်ပြုပြင်ကာ ပီပါအသစ်တွင် ထည့်၍ ပြည်ပမှ တင်သွင်းသော အင်ဂျင်ဝိုင်ပုံစံဖြင့် အတုပြုလုပ်ရောင်းချလျက်ရှိရာ စက်မှုဇုန်ဥက္ကဋ္ဌ၊ အမှတ် ၇ ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် အပိုင်နယ်ထိန်းတို့က စစ်ဆေးရာ အင်ဂျင်ဝိုင်အတု ပြုလုပ်သော ပစ္စည်းများနှင့် အင်ဂျင်ဝိုင်များ၊ ပီပါများတွေ့ရှိပြီး လုပ်ငန်းပိုင်ရှင်မှာ တိမ်းရှောင်နေကြောင်း သိရသည်။

"ကျွန်တော့်စက်ရုံက အင်ဂျင်ဝိုင်အတု ပီပါငါးလုံး ဝယ်မိသွားတယ်၊ ပီပါမှာ အင်ဒိုနီးရှားတံဆိပ်နဲ့ ဆိုတော့ အစစ်ဆိုပြီး သုံးတော့ စက်တွေ ပျက်ကုန်တယ်၊ ကျွန်တော်တို့ နိုင်ငံက စက်မှုထွန်းကားသေးတာ မဟုတ်တော့ အခုလို စက်ရုံတွေက ပစ္စည်းအတုတွေ အသုံးပြုမိပြီး ပျက်စီးရင် နစ်နာတယ်၊ အင်ဂျင်ဝိုင်အတု ပေါ်နေတာကြာပြီ၊ ဖမ်းမိတယ်ဆိုတဲ့ သတင်း ရန်ကုန်မှာ မကြားရဘူး၊ အခု တစ်ခုကို မိပြီး ဘယ်လိုဆက်ပြီး ဖော်ထုတ်မလဲ၊ စောင့်ကြည့်ချင်တယ်"ဟု ဇုန် ၅ မှ စက်ရုံပိုင်ရှင်တစ်ဦးက ပြောသည်။

ကားဝပ်ရှော့၊ ဆိုင်ကယ်ပြင်ဆိုင်တို့မှ အသုံးပြုပြီးသော အင်ဂျင်ဝိုင်အဟောင်းများကို တစ်ပီပါလျှင် ငွေကျပ် ကိုးသောင်းပေး၍ လိုက်လံဝယ်ယူပြီး ဓာတုပစ္စည်းထည့်၍ ပြန်ကျိုကာ အင်ဂျင်ဝိုင်အသစ်ပုံစံဖြင့် ပါကင်ပိတ်ရောင်းချလျက်ရှိပြီး ကွန်ပရက်ဆာအင်ဂျင်ဝိုင်ဆီ တစ်ပီပါလျှင် ငွေကျပ် ခြောက်သိန်းတန်၍ အင်ဂျင်ဝိုင်အတု တစ်ပီပါလျှင် ငွေကျပ် သုံးသိန်းဖြင့် ပြည်ပမှ တင်သွင်းသည့်ပုံစံဖြင့် ဈေးနှုန်းချိုသာစွာ စက်မှုဇုန်များတွင် ပြန်လည် ရောင်းချခြင်းဖြစ်ကြောင်း သိရသည်။

"အသုံးပြုပြီး စွန့်ပစ်ထားတဲ့ အင်ဂျင်ဝိုင်တွေကို ပေါင်းအိုးတစ်ခုထဲ ထည့်ပြီး ကျိုတယ်၊ ထွက်လာတဲ့ အနံ့က ပတ်ဝန်းကျင် လုံးဝမခံနိုင်အောင် ဆိုးရွားတယ်၊ ပတ်ဝန်းကျင်က တိုင်လို့ သွားစစ် တော့ ပီပါအခွံ အလုံး ၁၀၀ တွေ့တယ်၊ ကျိုထားတဲ့ အင်ဂျင်ဝိုင်တွေလည်း တွေ့တယ်၊ စက်ရုံတွေက အင်ဂျင်ဝိုင်သုံးတဲ့ အခါမှာ ပစ္စည်းအတုဖြစ်တဲ့အတွက် စက်ပစ္စည်းတွေ ထိခိုက်တာဟာ စက်မှုကဏ္ဍနဲ့ ကုန်ထုတ်စွမ်းအား ကိုလည်း ထိခိုက်နိုင်တယ်၊ ကြားနေတာကြာပြီ၊ အခုမှ တွေ့ရတာ၊ ထိထိရောက်ရောက် အရေးယူဖို့တော့ လိုမယ်"ဟု စက်မှုဇုန် ၅ ဥက္ကဋ္ဌ ဦးမြင့်မောင်ကပြောသည်။



စက်မှုကဏ္ဍတွင် ပြည်ပမှ ဝင်ရောက်သော အင်ဂျင်ဝိုင်ဆီကိုသာ အများဆုံး အသုံးပြုကြလျက်ရှိပြီး ဈေးထက်ဝက်ကွာ၍ သက်သာခြင်း၊ ကုမ္ပဏီတံဆိပ်များ တပ်ဆင်ထားခြင်းနှင့် အိမ်၊ စက်ရုံအရောက် ပို့ပေးခြင်းတို့ကြောင့် အင်ဂျင်ဝိုင်အတု ဈေးကွက်တစ်ခုအဖြစ် စက်မှုဇုန်များတွင် ပြုလုပ်ရောင်းချနေခြင်းဖြစ်ကြောင်း သိရသည်။ (၁၆၄)

**ဓာတ်ပုံ-သစ္စာ**

# တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုရန် နေအိမ်မှထွက်လာသည့် ကျောင်းသူတစ်ဦး ဓားဖြင့်ထိုးခံရ

**ရန်ကုန် မတ် ၁၃**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ ယနေ့ နံနက်ပိုင်းက တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုရန် နေအိမ်မှ ထွက်လာသည့် ကျောင်းသူတစ်ဦးအား အမျိုးသားတစ်ဦးက ဓားဖြင့်ထိုးရာ ဒဏ်ရာများရရှိသဖြင့် မြောက်ဥက္ကလာပ ဆေးရုံကြီးသို့ တင်ပို့လိုက်ရကြောင်း သက်ဆိုင်ရာမှ သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၈ နာရီ ၁၅ မိနစ်ခန့်က မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ်နေ မဂျူလိုင်သင်းသည် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် နေအိမ်မှ အဆိုပါမြို့နယ်ရှိ အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်းသို့ ထွက်လာစဉ် မင်းရဲနရပတိလမ်းပေါ်၌ လင်းထက်(၂၂ နှစ်) နှင့် စကားများရာမှ လင်းထက်က အသင့်ပါလာသော ဓားဖြင့် ထိုးလိုက်သဖြင့် မဂျူလိုင်သင်း၏ ဝမ်းဗိုက်တွင် ထိုးသွင်းဒဏ်ရာ တစ်ချက်၊ ညာဘက်လက်ပြင်တွင် ထိုးသွင်းဒဏ်ရာ တစ်ချက်၊ ဝဲဘက်ပေါင်တွင် ပြတ်ရှဒဏ်ရာ တစ်ချက်တို့ ရရှိခဲ့၍ မြောက်ဥက္ကလာပဆေးရုံကြီးတွင် အတွင်းလူနာ(စိုးရိမ်ရ) အဖြစ် ကုသလျက်ရှိကြောင်း သက်ဆိုင်ရာမှ သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ လင်းထက်အား ရွှေပေါက်ကံနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဇော်ကြီး**

◆*ကျောဖုံးမှ*

မျှော်လင့်နိုင်မည်ဖြစ်သည်။

ယင်းပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့နံနက် ၁၁ နာရီခွဲက သုဝဏ္ဏဘောလုံးကွင်း၌ ကျင်းပရာ ရှမ်းယူနိုက်တက်နှင့် ဆီရက်စ်အသင်းတို့မှ နည်းပြချုပ်များနှင့် အသင်းခေါင်းဆောင်တို့ တက်ရောက်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပြီးခဲ့သည့်ရက်ပိုင်းတွင် နည်းပြအပြောင်းအလဲ ဖြစ်ပေါ်ခဲ့ပြီး နည်းပြချုပ် ဦးစိုးမြတ်မင်းသည် ရာထူးမှ နုတ်ထွက်ခဲ့သောကြောင့် လက်ထောက်နည်းပြ ဦးအောင်ကျော်ထွန်းအား ယာယီနည်းပြချုပ်အဖြစ် တာဝန်ပေးထားသည်။ ရှမ်းယူနိုက်တက်အသင်းသည် နည်းပြသစ် ခန့်အပ်နိုင်ရန် ကြိုးပမ်းလျက်ရှိပြီး မခန့်အပ်မီအထိ ဦးအောင်ကျော်ထွန်းက တာဝန်ယူကိုင်တွယ်မည် ဖြစ်သည်။ ဦးအောင်ကျော်ထွန်းက "ကျွန်တော့်အနေနဲ့ အရင်ပုံစံကို အများကြီး ပြောင်းလဲမှာ မဟုတ်ဘဲ လိုအပ်တဲ့နေရာ၊ အားနည်းတဲ့နေရာကိုပဲ ပြင်ဆင်နေပါတယ်၊ အဓိကကတော့ ဆီရက်စ်အသင်းနဲ့ အိမ်ကွင်းပွဲမှာ ရလဒ်ကောင်းရဖို့ ဖြစ်ပါတယ်၊ ဆီရက်စ်အသင်းက အသင်းကောင်းဖြစ်လို့ ခက်ခဲမှာပါ၊ ဒါပေမယ့် နောက်တစ်ဆင့် တက်ဖို့ မျှော်လင့်ချက်အတွက် မဖြစ်မနေ နိုင်ပွဲရဖို့ လိုပါတယ်"ဟု ပြောကြားခဲ့သည်။

ရှမ်းယူနိုက်တက်အသင်း နောက်ခံလူဝင်းမင်းထွဋ်က "နည်းပြတွေနဲ့ ကစားသမားတွေ ညှိနှိုင်းပြီး ရလဒ်ကောင်းရဖို့ ကြိုးစားနေပါတယ်၊ ဆီရက်စ်အသင်းနဲ့ ပွဲမှာ တစ်မှတ်၊ သုံးမှတ်ရအောင်ယူပြီး လက်ကျန်နှစ်ပွဲမှာ အနိုင်ရအောင် ကစားနိုင်မယ်ဆိုရင် နောက်တစ်ဆင့်တက်ဖို့ မျှော်လင့်နိုင်မှာပါ၊ ဆီရက်စ်နဲ့ ပွဲမှာ ရှုံးလို့ မရပါဘူး၊ ရလဒ်ကောင်းရအောင် ကြိုးစားမှာပါ" ဟု ပြောကြားခဲ့သည်။ ဆီရက်စ်အသင်းနည်းပြချုပ် ဗီဒါကိုဗစ်က "ဒီပွဲက နောက်တစ်ဆင့်တက်ဖို့ အရေးပါတဲ့ပွဲ ဖြစ်ပါတယ်၊ ဒါကြောင့် ကြိုးစားမှာပါ၊ ရှမ်းအသင်းကို ပထမအကျော့မှာ အနိုင်ရထားပေမယ့် အခုပွဲအနိုင်ရမယ်လို့ ပြောလို့မရပါဘူး၊ ရလဒ်ကို ကြိုပြောဖို့ခက်ပါတယ်၊ အနိုင်ရဖို့ ကြိုးစားမှာပါ" ဟု ပြောကြားခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းနှင့် ဆီရက်စ်အသင်းသည် ယခုရာသီတွင် သုံးကြိမ်မြောက်တွေ့ဆုံခြင်းဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်းသည် နှစ်ကြိမ်စလုံး ရှုံးထားသည်။ ရှမ်းယူနိုက်တက်အသင်းသည် အာရှချန်ပီယံလိဂ်အကြို ခြေစစ်ပွဲ ပထမအဆင့်တွင် အိမ်ကွင်း၌ ပယ်နယ်တီ အဆုံးအဖြတ်ဖြင့် ရှုံးနိမ့်ခဲ့သလို AFC Cup ပြိုင်ပွဲ အဝေးကွင်းပွဲတွင်လည်း နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသည်။ AFC Cup ပြိုင်ပွဲ ပထမအကျော့အပြီးတွင် အုပ်စု (F)၌ ဆီရက်စ် (ဖိလစ်ပိုင်)က ခုနစ်မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ဟုမ်းယူနိုက်တက် (စင်ကာပူ)က လေးမှတ်၊ ရှမ်းယူနိုက်တက် (မြန်မာ)နှင့် အန်ကော(ကမ္ဘောဒီးယား)က သုံးမှတ်စီရထားသည်။

**သတင်း-ရဲရင့်ရှိုင်း**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

## မြန်မာ့ရုပ်မြင်သံကြား

၁၄-၃-၂၀၁၈ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၃၅ - **မှုပိုင်ခွင့်အကြောင်း သိကောင်းစရာ** (မြန်မာနိုင်ငံတွင် မှုပိုင်ခွင့်ဆိုင်ရာ ဆောင်ရွက်နေမှုများ)
၉း၃၅ - **ကမ္ဘာ့အမွေ အနှစ်စာရင်းဝင် သရေခေတ္တရာ ပျူမြို့ဟောင်းဆီသို့**
၁၀း၃၀ - Catch Asia News
၁၁း၄၀ - ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၂း၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ **အစမ်းသပ်ခံအချစ်** (အပိုင်း-၂၇)
၁၃း၀၅ - ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-I) (ပုသိမ်မြို့) (ပထမပိုင်း)

**ညနေပိုင်း**

၁၆း၃၅ - **ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ**(၃၃)
၁၇း၀၅ - အနုပညာခန်းရိပ်သာ (စာရေးဆရာ မောင်မိုးသူနှင့် တွေ့ဆုံခြင်း)
၁၇း၂၀ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် **ကိုယ့်ဇာတ်လမ်းမှာ ကိုယ်သာဇာတ်လိုက်** (နေတိုး၊ ထွန်းထွန်း၊ ဝတ်မှုန်ရွှေရည်) (ဒါရိုက်တာ-ကျော်ဇောလင်း (အတွေးပုံရိပ်)
၁၇း၃၅ - MRTV Travelogue
၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ **ကြမ္မာနံ့**
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **တရားရှင်နှင့်ဓားဘုရင်** (ရေသူမနတ်မိမယ်) (အပိုင်း-၂)
- သုခုမရင်ခွင်အငြိမ့်သဘင် **ဆုမြတ်ဝန်းရံနှင့်အဖွဲ့** (မင်းသမီး-ဆုမြတ်ဝန်းရံ၊ လူရွှင်တော်-သစ်ကြား၊ သစ်တော်၊ လိမ္မော်၊ နေကြာ) (ဒါရိုက်တာ - ဖုန်းမြင့်အောင်)

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### နိုင်ငံတော်သမ္မတရုံး
### လျှောက်လွှာခေါ်ယူခြင်း
### ကြော်ငြာစာအမှတ် ( ၁/၂၀၁၈ )

၁။ နိုင်ငံတော်သမ္မတရုံးတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူးရာထူး (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) (၂)နေရာနှင့် အငယ်တန်းစာရေးရာထူး (လစာနှုန်းကျပ် ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀) (၄)နေရာအတွက် လျှောက်လွှာ တင်သွင်းနိုင်ပါသည်။

၂။ ဒုတိယဦးစီးမှူးရာထူး ( ၂ )နေရာအတွက် ကွန်ပျူတာသိပ္ပံ သို့မဟုတ် သတင်းအချက်အလက်နည်းပညာဆိုင်ရာမဟာဘွဲ့ သို့မဟုတ် ပါရဂူဘွဲ့ ရရှိသူ (**အမျိုးသား**) ဖြစ်ရမည်။

၃။ အငယ်တန်းစာရေးရာထူး (၄)နေရာအတွက် ကွန်ပျူတာသိပ္ပံဘွဲ့ သို့မဟုတ် သတင်းအချက်အလက်နည်းပညာဆိုင်ရာဘွဲ့ ရရှိသူ (**အမျိုးသား**) ဖြစ်ရမည်။

၄။ ကိုယ်ရေးနောက်ကြောင်းကင်းရှင်းပြီး၊ လုံခြုံရေးအရ ယုံကြည်စိတ်ချရသော နေ့၊ ည တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၅။ လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ပြီး၊ လျှောက်လွှာပိတ်သည့်ရက်တွင် ဒုတိယဦးစီးမှူးရာထူးအတွက် အသက် (၃၃)နှစ်ထက် မကြီးစေရ၊ အငယ်တန်းစာရေးရာထူးအတွက် အသက် (၂၅)နှစ်ထက်မကြီးစေရ။ (ပညာအရည်အချင်းနှင့် အတွေ့အကြုံပေါ်မူတည်၍ အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားမည်။)

၆။ လျှောက်လွှာနှင့်အတူ-
(က) ဘွဲ့လက်မှတ်မိတ္တူနှင့် နောက်ဆုံးနှစ်အမှတ်စာရင်းမိတ္တူ၊ အခြားတတ်ကျွမ်းသော ဘာသာရပ်များအတွက် အောင်လက်မှတ်မိတ္တူ
( ခ ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ
( ဂ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ကျေးရွာ/ရပ်ကွက်ထောက်ခံစာနှင့် ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံစာ
(ဃ) (၆)လအတွင်း ပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်မိတ္တူ

၇။ ကိုယ်တိုင်ရေးလျှောက်လွှာပုံစံနှင့်အတူ လိုအပ်သည့် စာရွက်စာတမ်းများ ပူးတွဲ၍ နိုင်ငံတော်သမ္မတရုံး၊ ရုံးအမှတ်- ၁၈ (နေပြည်တော်)သို့ ၂၁-၃-၂၀၁၈ ရက်နေ့ နောက်ဆုံးထား၍ လူကိုယ်တိုင် သို့မဟုတ် စာတိုက်မှ လျှောက်ထားနိုင်ပါသည်။

၈။ ဒုတိယဦးစီးမှူးနှင့် အငယ်တန်းစာရေးရာထူးနေရာများအတွက် လူတွေ့စစ်ဆေးခြင်းကို ၅-၄-၂၀၁၈ ရက် ( ကြာသပတေးနေ့)၊ နံနက် ၁၀:၀၀ နာရီ မှစ၍ နိုင်ငံတော်သမ္မတရုံး၊ ရုံးအမှတ် (၁၈)၊ နေပြည်တော်တွင် ပြုလုပ်မည်ဖြစ်ပါသည်။

၉။ လူတွေ့စစ်ဆေးချိန်တွင် ဘွဲ့လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် အခြားအောင်လက်မှတ်များ စသည်တို့ကို မူရင်း တင်ပြနိုင်ရပါမည်။ အသေးစိတ် သိရှိလိုပါက နိုင်ငံတော်သမ္မတရုံး၊ ရုံးအမှတ်- ၁၈ (နေပြည်တော်) **ဖုန်း- ၀၆၇- ၃၄၀၉၁၁၆၊ ၃၄၀၉၁၂၀** သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
### ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
### ဒုတိယဦးစီးမှူးရာထူး ရေးဖြေစာမေးပွဲ အောင်မြင်သူများစာရင်းထုတ်ပြန်ခြင်း

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန (ရုံးချုပ်)နှင့် ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူးရာထူး (၂၃)နေရာအတွက် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့ နှင့်၁၈ ရက်နေ့ များတွင်ကျင်းပပြုလုပ်သော ရေးဖြေစာမေးပွဲအောင်မြင်သူများ၏ ခုံအမှတ်များအား အောက်ပါအတိုင်း ကြေညာလိုက်သည်-

| | | | | |
|---|---|---|---|---|
| (၁) ရက-၀၇၁ | (၂) ရက-၁၀၆ | (၃) ရက-၁၀၈ | (၄)ရက-၁၂၆ | (၅) ရက-၁၇၈ |
| (၆) ရက-၁၉၈ | (၇) ရက-၂၀၂ | (၈) ရက-၂၀၇ | (၉)ရက-၂၂၀ | (၁၀) ရက-၂၂၈ |
| (၁၁) ရက-၂၅၃ | (၁၂) ရက-၂၅၈ | (၁၃) ရက-၂၆၁ | (၁၄)ရက-၂၆၂ | (၁၅) ရက-၂၆၃ |
| (၁၆) ရက-၃၀၅ | (၁၇) ရက-၃၁၈ | (၁၈) ရက-၃၇၈ | (၁၉)ရက-၃၇၉ | (၂၀) ရက-၄၈၄ |
| (၂၁) ရက-၄၉၄ | (၂၂) ရက-၅၀၀ | (၂၃) ရက-၅၁၆ | (၂၄)ရက-၅၃၉ | (၂၅) ရက-၅၄၃ |
| (၂၆) ရက-၅၅၀ | (၂၇) ရက-၅၇၀ | (၂၈) ရက-၅၇၃ | (၂၉)ရက-၅၇၆ | (၃၀) ရက-၅၇၉ |
| (၃၁) ရက-၅၈၉ | (၃၂) ရက-၆၂၃ | (၃၃) ရက-၆၂၄ | (၃၄)ရက-၆၂၈ | (၃၅) ရက-၆၃၈ |
| (၃၆) ရက-၆၄၃ | (၃၇) ရက-၆၅၆ | (၃၈) ရက-၆၅၇ | | |

၂။ ရေးဖြေစာမေးပွဲ အောင်မြင်သူများအား လူတွေ့ နှုတ်ဖြေ စစ်ဆေးခြင်းကို ၂၁-၃-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၀၉၀၀နာရီတွင် အမှတ်စဉ် (၁) မှ (၂၀)ထိ လည်းကောင်း၊ မွန်းလွဲ ၁၃၀၀နာရီတွင် အမှတ်စဉ် (၂၁) မှ (၃၈)ထိ လည်းကောင်းဆောင်ရွက်ပါမည်။ သို့ ပါ၍ ၁၉-၃-၂၀၁၈ရက်(တနင်္လာနေ့) တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန၊ အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့ နယ်၊ ရန်ကုန်မြို့ သို့နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)နှင့်အတူ မပျက်မကွက် လာရောက်သတင်းပို့ ရန် အသိပေး ကြေညာပါသည်။

၃။ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ ဖြေဆိုအောင်မြင်သူများသည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများ၌ ၁၄-၃-၂၀၁၈ရက်နေ့ တွင် ရေးဖြေစာမေးပွဲ အောင်စာရင်း ထုတ်ပြန်ကြေညာထားမည်ဖြစ်ပြီး လူတွေ့ နှုတ်ဖြေစစ်ဆေးခြင်းအတွက် သတင်းပို့ ဆက်သွယ်ဆောင်ရွက်သွားရန် အသိပေးကြေညာအပ်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် BB/6614 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

# တစ်နိုင်ငံလုံးတွင် ပထမနေရာမှ (၆)နှစ်ဆက် ဝင်ငွေခွန်အများဆုံးထမ်းဆောင်ခဲ့သော အခွန်ထမ်း UMFCCI နာယက၊ ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ အတွက်

# ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရမှ ချီးမြှင့်သည့် နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်ဆု ချီးမြှင့်ခြင်း အခမ်းအနားတွင် ၂၀၁၁-၂၀၁၂ မှ ၂၀၁၆-၂၀၁၇ အခွန်စည်းကြပ်နှစ်အထိ၊ တစ်နိုင်ငံလုံးတွင် **"ပထမ"** နေရာမှ (၆)နှစ်ဆက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့သော နိုင်ငံသားကောင်းတာဝန်ကျေပွန်သည့် **"UMFCCI ၏ နာယက၊ ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း"** အား နိုင်ငံတော်သမ္မတ ဦးထင်ကျော်မှ ချီးမြှင့်သည့် **"နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်ဆု"** ကို လက်ခံရရှိခဲ့ခြင်း၊

နိုင်ငံတော်အခွန်ဘဏ္ဍာတာဝန်ကို နှစ်စဉ် ပထမနေရာမှ အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့ခြင်းများအပြင် ကြိုတင်ခွန်များနှင့်ပတ်သက်၍ စနစ်တကျ ကြိုတင်စီစဉ် ပေးသွင်းရန် ဆောင်ရွက်ထားရှိခြင်း၊

၂၀၁၇-ခုနှစ်၊ စက်တင်ဘာလ၊ ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့တွင် ဖိလစ်ပိုင်နိုင်ငံ၊ သမ္မတ Mr.Rodrigo Duterte မှ ပေးအပ်ချီးမြှင့်ခဲ့သည့် အာဆီယံနှစ်(၅၀)အတွင်း ပထမဆုံးအကြိမ် ပေးအပ်ချီးမြှင့်သော အမြင့်မားဆုံးဆု **"The Legacy Award (အာဆီယံထူးချွန်စံပြ စီးပွားရေးလုပ်ငန်းရှင်ဆု)"**၊ အင်္ဂလန်နိုင်ငံ World Finance မှ ၂၀၁၄၊ ၂၀၁၅ နှင့် ၂၀၁၆ ခုနှစ် (၃)နှစ်ဆက် ပေးအပ်ချီးမြှင့်ခဲ့သော အာရှတိုက်အတွက် **"Banker of the Year in Asia (စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုဆိုင်ရာ စွမ်းဆောင်ရည်အကောင်းဆုံး ဘဏ်ဥက္ကဋ္ဌဆု)"** နှင့် အခြား နိုင်ငံတကာဆု အမြောက်အမြားကို လက်ခံရရှိခဲ့ခြင်း၊

နာယကအဖြစ် ဦးဆောင်လျက်ရှိသော **"ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း"** အနေဖြင့် ပြည်ပနိုင်ငံများရောက် မြန်မာနိုင်ငံသို့ ပြန်လာရန်အခက်အခဲရှိသော မြန်မာနိုင်ငံသားဒုက္ခသည် (၆၀၀၀)ကျော်အား စရိတ်ငြိမ်းအခမဲ့ အကြိမ်ကြိမ် ပြန်လည်ခေါ်ဆောင်ပေးခဲ့ခြင်း၊ နိုင်ငံတစ်ဝှမ်း ဖြစ်ပေါ်ခဲ့သော ရေကြီး ရေလျှံဖြစ်ပွားမှုများနှင့် သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ကာကွယ်ရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အချိန်နှင့် တပြေးညီ ပါဝင်ဆောင်ရွက် လှူဒါန်းခဲ့ခြင်း၊ မြန်မာပြည်တဝှမ်း ရေရှားပါးခက်ခဲသော ဒေသများတွင် စက်ရေတွင်းများတူးဖေါ်၍ အိမ်တိုင်ရာရောက် ရေများ ဖြန့်ဝေ လှူဒါန်းပေးခြင်း၊ ရေတွင်းရေကန်များ တူးဖေါ်ပေးခြင်းနှင့် ဂါလံ(၃၀၀၀)ဆံ့ ရေသယ်ယာဉ်သစ်များလှူဒါန်းခြင်း၊ ရခိုင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် ကျပ်သိန်းပေါင်း (၆၅,၁၆၀)ကျော် ထောက်ပံ့လှူဒါန်းခြင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ကျပ်သိန်းပေါင်း(၃၀,၀၀၀) လှူဒါန်းခဲ့ခြင်း၊

နိုင်ငံတွင်း ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်အတွင်း ကျရောက်ခဲ့သော သဘာဝဘေးအန္တရာယ်များ ကာကွယ်တားဆီးရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် လူမျိုးဘာသာမရွေး၊ နေရာဒေသမရွေး ထိပ်ဆုံးမှ စဉ်ဆက်မပြတ် ပံ့ပိုးကူညီလှူဒါန်းလျက်ရှိပြီး၊ နိုင်ငံအကျိုးပြု ကဏ္ဍအသီးသီးတွင် နိုင်ငံနှင့်ပြည်သူအတွက် ကျပ်ငွေ(၁၃၈) ဘီလီယံကျော်ကို လှူဒါန်းခဲ့ခြင်းများအတွက် အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် နောင်လာ နောင်သား မျိုးဆက်သစ်များ၊ ပြည်သူ ပြည်သားများ စံနမူနာထား လေးစားအားကျအတုယူရသည့် နာယကကြီးကဲ့သို့ နိုင်ငံအကျိုးပြုပုဂ္ဂိုလ်များ အမြောက်အများ ပေါ်ထွန်းလာပါစေကြောင်း၊ နိုင်ငံနှင့်ပြည်သူ့အကျိုးကို ဆထက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

**ဥက္ကဋ္ဌ နှင့် ဗဟိုအလုပ်အမှုဆောင် / အလုပ်အမှုဆောင်အဖွဲ့**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)**

# အိန္ဒိယလယ်သမားများ မွမ်ဘိုင်းသို့ ချီတက်တောင်းဆိုမှုများ ပြုလုပ်




**နယူးဒေလီ မတ် ၁၃**

အိန္ဒိယနိုင်ငံ၏ လယ်ယာကဏ္ဍနှစ်ပေါင်းများစွာကြာအောင် အရှုံးနှင့်ရင်ဆိုင်ခဲ့ရပြီးနောက် အိန္ဒိယနိုင်ငံအနောက်ပိုင်းရှိ လယ်သမားထောင်ပေါင်းများစွာသည် ခြောက်ရက်ကြာချီတက်လာခဲ့ရာ ယမန်နေ့က အိန္ဒိယနိုင်ငံ၏ စီးပွားရေးမြို့တော် မွမ်ဘိုင်းသို့ ရောက်ရှိလာခဲ့ပြီး ချေးငွေအတိုးလျှော့ပေါ့ပေးရန်၊ လယ်ယာထွက်ကုန်များအတွက် မျှတသော စျေးနှုန်းများရရန်နှင့် အခြားအကူအညီများရရှိရန် တောင်းဆိုခဲ့ကြောင်း ဆင်ဟွာ သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဆင်းရဲသောလယ်သမားအများစုသည် မွမ်ဘိုင်းမြို့ရှိ အနောက်ပိုင်းပြည်နယ် မဟာရက်ရှ်ထရာ ဥပဒေပြုလွှတ်တော်ကို ဝိုင်းရန် ကြံရွယ်ထားခဲ့ကြောင်း သိရသည်။ လယ်သမားအများစုမှာ မတ်လ၆ရက်နေ့ပူရှိန်တွင် ခြေဗလာများဖြင့် ချီတက်လာခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

အစိုးရအနေဖြင့် လယ်ယာကဏ္ဍတွင် လျော်ကန်သင့်မြတ်အောင် ကူညီပေးရန် တောင်သူလယ်သမားများက အလိုရှိကြောင်း သိရသည်။ တောင်သူလယ်သမားအများစုမှာ ၎င်းတို့မိသားစုအတွက် သူတို့မပိုင်သော လယ်ယာမြေများတွင် ထွန်ယက်စိုက်ပျိုးမှုများပြုလုပ်ခဲ့ကြသည်။ သို့သော်လည်း မြေပိုင်ယာပိုင်ဖြစ်ရန် တောင်းဆိုထားကြကြောင်း သိရသည်။ အိန္ဒိယနိုင်ငံ၏လူဦးရေ ထက်ဝက်ကျော်သည် လယ်ယာကဏ္ဍတွင် အလုပ်လုပ်သောသူများဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့ဝင်အား တိုက်ခိုက်မှုနောက်ကွယ်တွင် ရုရှားရှိနေနိုင်ကြောင်း ဗြိတိန်ဝန်ကြီးချုပ်မေပြောကြား

**လန်ဒန် မတ် ၁၃**

လျှို့ဝှက်ထောက်လှမ်းရေးသမားတစ်ဦးအား အာရုံကြောထိခိုက်စေမည့် ဓာတုလက်နက်သုံးတိုက်ခိုက်မှု နောက်ကွယ်တွင် ရုရှားပါဝင်ပတ်သက်မှု ရှိနေနိုင်သည်ဟု ဗြိတိန်ဝန်ကြီးချုပ်ထရီဆာမေက ပြောကြားခဲ့ကြောင်း သိရသည်။

ဆာဂျီဆကရီပယ်နှင့် ၎င်း၏သမီးဖြစ်သူတို့သည် ရုရှားတွင်အဆင့်မြှင့်တင်ထုတ်လုပ်ထားသည့် စစ်သုံးဓာတုလက်နက်အဆိပ်မိခဲ့ခြင်းဖြစ်သည်မှာ ထင်ရှားကြောင်း ဝန်ကြီးချုပ်မေက ပြောကြားခဲ့သည်။

ဗြိတိန်အာဏာပိုင်များသည် ယင်းဓာတုပစ္စည်းမှာ ၁၉၇၀ ပြည့်နှစ်များနှင့် ၁၉၈၀ ပြည့်နှစ်များတွင် ဆိုဗီယက်တပ်မတော်က အဆင့်မြှင့်တင်ထုတ်လုပ်ခဲ့သည့် အာရုံကြောထိခိုက်စေသည့်ဓာတုပစ္စည်းအုပ်စုတစ်ခုနှင့် ဆက်နွယ်နေသည်ကိုတွေ့ရှိခဲ့ကြောင်း မေက ပြောကြားခဲ့သည်။

ရုရှားသည် ယင်းဓာတုပစ္စည်းကို အခြားသူများ၏ လက်ထဲသို့ ရောက်ရှိစေခဲ့သည့်အတွက် တိုက်ရိုက်တာဝန်ရှိသူဖြစ်ကြောင်း မေက ပြောသည်။

ယခုလအစောပိုင်းက ဆကရီပယ်နှင့် ၎င်း၏သမီးဖြစ် ယူလီယာတို့သည် ဆာလစ်ဘာရီရှိ စျေးဝယ်ကုန်တိုက်တစ်ခုအတွင်းရှိ ခုံတန်းရှည်ပေါ်တွင်သတိလစ်နေသည်ကို တွေ့ခဲ့သည်။

၎င်းတို့နှစ်ဦးလုံး အရေးပေါ်အခြေအနေဖြစ်နေကြောင်း သိရသည်။ ရဲတပ်ဖွဲ့က ယင်းဖြစ်ရပ်ကို လုပ်ကြံသတ်ဖြတ်ရန်ကြံစည်မှုအဖြစ် စုံစမ်းစစ်ဆေး ဆောင်ရွက်လျက်ရှိသည်။




ရုရှားထောက်လှမ်းရေး အဖွဲ့ဝင်ဟောင်းတစ်ဦးသည် ဗြိတိန်လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့နှင့်အတူ အလုပ်လုပ်ခဲ့ကြောင်း ပေါ်ပေါက်ခဲ့ပြီးနောက်တွင် ၎င်းအား နိုင်ငံတော်သစ္စာဖောက်မှုဖြင့် အရေးယူဆောင်ရွက်ခဲ့သည်။

၎င်းအား နောက်ပိုင်းတွင် အမေရိကန်နှင့် လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့ဝင် လဲလှယ်မှု တစ်စိတ်တစ်ပိုင်းအနေဖြင့် ရုရှားက ပြန်လွှတ်ပေးခဲ့ပြီး ဗြိတိန်၌ ခိုလှုံခွင့်ရရှိခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# ဂျော်ဒန်၏ စက်မှုလုပ်ငန်းနှင့် လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ရန် တူရကီနှင့် ကုန်သွယ်ရေးသဘောတူညီမှုကို ခေတ္တဆိုင်းငံ့

**အမ်မန် မတ် ၁၃**

ဂျော်ဒန်က မိမိနိုင်ငံ၏ စက်မှုလုပ်ငန်းနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ရန် တူရကီနှင့် ကုန်သွယ်ရေးသဘောတူညီမှုကို ခေတ္တဆိုင်းငံ့မည်ဖြစ်ကြောင်း ဂျော်ဒန်အစိုးရက ယမန်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။



တူရကီကုန်ပစ္စည်းများ ဂျော်ဒန်စျေးကွက်တွင် နေရာအများအပြားရယူကာ စျေးကွက်ယှဉ်ပြိုင်မှုအားနည်းအောင် လုပ်ဆောင်နေခြင်းကို မလိုလားကြောင်း၊ ဂျော်ဒန်အစိုးရအနေဖြင့် လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက်အားလုံးကို ပြန်လည်သုံးသပ်နေပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြရေးသားခဲ့သည်။

တူရကီနိုင်ငံခြားရေးဝန်ကြီး ကာဗူဆိုဂလူက ဖေဖော်ဝါရီလကုန်ပိုင်းက ဂျော်ဒန်သို့ လာရောက်လည်ပတ်စဉ် နှစ်နိုင်ငံ ကုန်သွယ်ရေးနယ်ပယ်နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များဆွေးနွေးခဲ့ပြီး ဂျော်ဒန်ကုန်ပစ္စည်းများ တူရကီနိုင်ငံသို့ တိုးမြှင့်တင်ပို့ရန် အတွက် ကုန်သွယ်ရေးသဘောတူညီချက်ကို ပြန်လည်ပြုပြင်ရန် သဘောတူခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# ကုလသမဂ္ဂ၏ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ရာတွင် မအောင်မြင်ခဲ့သည့်အတွက် ဂူတာရက်စ်စိတ်မကောင်းဖြစ်

**ဂျီနီဗာ မတ် ၁၃**

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်သည် ဆီးရီးယား၌ အပစ်အခတ်ရပ်စဲရေးကိုတောင်းဆိုထားသည့် လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိခဲ့သည့်အတွက် တနင်္လာနေ့ကဝမ်းနည်းကြေကွဲခဲ့ကြောင်း သိရသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ဆုံးဖြတ်ချက် ၂၄၀၁ ကို အကောင်အထည်ဖော်ဆောင်ရွက်မှုကို အစီရင်ခံခဲ့ချိန်တွင် ဂူတာရက်စ်က ဆီးရီးယား၌ ဖြစ်ပွားနေသည့် စစ်မက်ဖြစ်ပွားမှုများ ရပ်တန့်ခဲ့ခြင်းမရှိကြောင်း ပြောကြားခဲ့သည်။

အချို့ဧရိယာများတွင် ပဋိပက္ခများ အရှိန်အဟုန်လျော့ပါးခဲ့သော်လည်း၊ အရှေ့ဂူတာနှင့် အာဖရင်အပါအဝင် အီဒလစ်ပြည်နယ်ရှိ အစိတ်အပိုင်းများ၊ ဒမတ်စကတ်နှင့်ယင်း၏ ဆင်ခြေဖုံးနေရာများတွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။

လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်ကို ဖေဖော်ဝါရီ ၂၄ တွင် အတည်ပြုခဲ့ပြီးနောက် အထူးသဖြင့် သူပုန်များထိန်းချုပ်ထားသည့်အရှေ့ဂူတာ၌ လေကြောင်းတိုက်ခိုက်မှုများ၊လက်နက်ကြီးပစ်ခတ်မှုများနှင့် မြေပြင်ထိုးစစ်ဆင် တိုက်ခိုက်မှုများသည် ပိုမိုအရှိန်မြှင့်လာခဲ့ကာ အရပ်သားများစွာတို့၏ အသက်များဆုံးရှုံးခဲ့ရကြောင်း ကုလသမဂ္ဂအကြီးအကဲက ပြောသည်။

ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်သည် ဘေးကင်းလုံခြုံပြီး နှောင့်နှေးကြန့်ကြာမှုမရှိသော လူသားချင်းစာနာထောက်ထားမှု အကူအညီအထောက်အပံ့များ နှင့် ဝန်ဆောင်မှုများ ရက်ပေါင်း ၃၀ ထက်မနည်းကြာသည်အထိ ဆီးရီးယားနိုင်ငံတစ်လွှားသို့ ရောက်ရှိစေရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။ **ဆင်ဟွာ**



## နိုင်ငံတကာ သတင်းတိုထွာ

### နယူးယောက်မြို့ အရှေ့ဘက်မြစ်ထဲသို့ ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ နှစ်ဦးထက်မနည်း သေဆုံး

**နယူးယောက် မတ် ၁၃**

နယူးယောက်မြို့အရှေ့ဘက်ရှိ မြစ်ထဲသို့ ရဟတ်ယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွားခဲ့ ရာ အနည်းဆုံးနှစ်ဦး သေဆုံးခဲ့ကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူများက ပြောခဲ့သည်။

ယမန်နေ့က အဆိုပါရဟတ်ယာဉ်မှာ အရှေ့ဘက်လမ်း ၉၀ အနီးတွင်ရှိသည့် အရှေ့ဘက်မြစ်ထဲသို့ ပျက်ကျသွားခဲ့ကြောင်း နယူးယောက်ရဲဌာနက လူမှုကွန်ရက်စာမျက်နှာဖြစ်သော တွစ်တာတွင် မကြာသေးမီက ဖော်ပြခဲ့သည်။

နယူးယောက်မြို့တော်ဝန် ဘီလ်ဒီဘလစ်စီယို၏ ပြောရေးဆိုခွင့်ရှိသူ အဲရစ်ဖီးလစ်က အသက်ရှင်ကျန်ရစ်သူအနည်းဆုံးတစ်ဦးရှိပြီး သေဆုံးသူနှစ်ဦးရှိကြောင်း၊ ရေငုပ်သမားများမှာ အခုချိန်ထိ မြစ်ထဲတွင် ရှာဖွေမှုများ လုပ်ဆောင်လျက်ရှိကြောင်း ပြောခဲ့သည်။

ဖက်ဒရယ်လေကြောင်း ထိန်းသိမ်းရေးဌာနက ယူရိုကော့ပ်တာ အေအက်စ် ၃၅၀ ရဟတ်ယာဉ်သည် ရစ်ဖ့်ဗ်တ်ကျွန်း မြောက်ပိုင်းနား မြစ်ထဲသို့ ဒေသစံတော်ချိန် ညနေ ၇ နာရီတွင် ပျက်ကျသွားခဲ့ခြင်းဖြစ်ကြောင်း ပြောခဲ့သည်။

ဆင်ဟွာ

### ဆယ်စုနှစ်များအတွင်း အေးချမ်းမှုအရှိဆုံး ရွေးကောက်ပွဲ ကိုလံဘီယာ၌ ကျင်းပနိုင်

**ဘိုကိုတာ မတ် ၁၃**

ကိုလံဘီယာနိုင်ငံသားများသည် လွှတ်တော်အဖွဲ့ဝင်များကို ရွေးချယ်ရန် ယမန်နေ့က မဲရုံသို့သွားခဲ့ကြောင်း၊ ကိုလံဘီယာသမ္မတ ဂွါန်အန်မန်နျူရယ် ဆန်တိုးစ်က ဆယ်စုနှစ်များအတွင်း အေးချမ်းမှုအရှိဆုံး ရွေးကောက်ပွဲဟုတင်စားခဲ့ကာ ပြောက်ကျားအုပ်စုများကို ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

ယခင် ကိုလံဘီယာတော်လှန်ရေး တပ်ဖွဲ့(ဖာ့ခ်)သည် ယခုအခါတွင် လက်ဝဲနိုင်ငံရေးဦးစားပေး ဘုံတော်လှန်ရေးအဖွဲ့အဖြစ်ပြောင်းကာ ၎င်း၏ အဖွဲ့ဝင်များလည်း ကွန်ဂရက်နေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံခဲ့ကြောင်း သိရသည်။

ကိုလံဘီယာ၏ ဒုတိယအများဆုံး ပြောက်ကျားတပ်ဖွဲ့တစ်ဖြစ်လဲ အမျိုးသားလွတ်မြောက်ရေးအဖွဲ့သည် ဆန္ဒမဲပေးမှုတွင် အကြမ်းဖက်မှုများမဖြစ်ရေး အပစ်ရပ်စဲရေးသဘောတူညီချက်ကို သုံးရက်တာသတ်မှတ်ကြေညာခဲ့ကြောင်း သိရသည်။

ယခုရွေးကောက်ပွဲသည် သမိုင်းတွင် အေးချမ်းတည်ငြိမ်မှုအရှိဆုံး ရွေးကောက်ပွဲဖြစ်သည်ဟု ဆန်တိုးစ်က ပြောခဲ့သည်။

ဆင်ဟွာ

# နျူကလီးယားကင်းစင်ရေး ရတက်အေးရတော့မယ့် မေလဆွေးနွေးပွဲ

**တင်လင်းအောင်**

ကိုရီးယားကျွန်းဆွယ်အရေးဟာ နက်ရှိုင်းမှုတွေနဲ့ပြည့်နေသလို ခန့်မှန်းဖို့ရာလည်း မလွယ်ကူလှပါဘူး။ ကြာရှိုးကြာစွယ်ကိုကြည့်ပြီး ရေကန်ဟာ ဘယ်လောက်အထိ တိမ်သလဲ၊ နက်သလဲဆိုတာ ခန့်မှန်းသိနိုင်သော်လည်း ကိုရီးယားကျွန်းဆွယ်အရေးဟာ အဲလို ခန့်မှန်းဖို့ မလွယ်ပါဘူး။

ထို့အတူ ပြောသလောက် မလွယ်၊ ထင်သလောက်ပေါက်မယ့် သဘောလည်း မရှိပါဘူး။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနဲ့ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်တို့ဟာ တစ်ဖက်နဲ့ တစ်ဖက် လအတော်ကြာ ကျီစယ်မှုတွေ၊ အပြန်အလှန် ခြိမ်းခြောက်မှုတွေ၊ စကားလုံး စစ်ထိုးမှုတွေလုပ်ခဲ့ပါတယ်။

အဲဒီလို ခါတ်မတည့်တဲ့ တစ်ဖက်နဲ့တစ်ဖက်ဟာ အခုတော့ မေလမှာအစည်းအဝေးတစ်ရပ်ကျင်းပဖို့ သဘောတူညီချက်တစ်ရပ်ရရှိခဲ့ပါပြီ။

အကယ်၍များ မြောက်ကိုရီးယားခေါင်းဆောင်နဲ့ အမေရိကန် သမ္မတတို့ လူပုဂ္ဂိုလ်ချင်း တွေ့ဆုံခဲ့မယ်ဆိုပါက ဒါဟာ မကြားစဖူး ထူးကဲတဲ့ တွေ့ဆုံမှုဖြစ်လာမှာပါ။

အဓိပ္ပာယ်ရှိတဲ့ တွေ့ဆုံမှုတွေ မလုပ်ခင်မှာ မြောက်ကိုရီးယားဟာ သူ့ရဲ့ နျူကလီးယား အစီအစဉ်ကို ရပ်တန့်လက်လျှော့လိုက်မှာ မဟုတ်ဘူးလို့ အမေရိကန်က မလျှော့တမ်းပြောခဲ့ပါတယ်။

သို့သော်လည်း အခုတော့ မြောက်ကိုရီးယားဟာ ကိုရီးယားကျွန်းဆွယ်နျူကလီးယားကင်းစင်ဖို့ သူ့ရဲ့နျူကလီးယားအစီအစဉ်ရပ်တန့်ရေး အသိအမှတ်ပြုခြေလှမ်းတစ်ခု စတင်လျှောက်လှမ်းနေပြီလို့ ဆိုရမှာ ဖြစ်ပါတယ်။

မြောက်ကိုရီးယားဟာ သူ့ရဲ့ ရည်မှန်းချက်ဖြစ်တဲ့ နျူကလီးယား နိုင်ငံတော်ကြီး ပေါ်ပေါက်လာရေး အစီအစဉ်ကို ဘယ်တော့မှ လက်လျှော့မှာ မဟုတ်ဘူး။ သူ့ရဲ့ နျူကလီးယားအစီအစဉ်နဲ့ပတ်သက်ပြီး ဆွေးနွေးစရာတွေမရှိဘူးလို့ တစ်ချိန်က မလျှော့တမ်း ပြောခဲ့ပါတယ်။

တစ်ဖက်နှင့်တစ်ဖက် မည်သို့ပင်ဆိုခဲ့ ဆိုခဲ့ အခုတော့ ကိုရီးယားကျွန်းဆွယ်နျူကလီးယား ကင်းစင်ရေးအတွက် မတူတာတွေ ဘေးဖယ်ပြီး နှစ်နိုင်ငံအနေနဲ့ လာမယ့်မေလမှာ တွေ့ဆုံဆွေးနွေးမှု ပြုလုပ်မယ်ဆိုတာ ကြားသိရတာဖြင့် အတိုင်းမသိဝမ်းသာရမယ့် ကိစ္စတစ်ခုပါပဲ။

အင်န်အိတ်ချ်ကေသတင်းတစ်ရပ်မှာလည်း ဘာကိုဖော်ပြခဲ့သလဲဆိုရင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ဟာ သူ့အနေနဲ့ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနဲ့ နျူကလီးယားကင်းစင်ရေးကိစ္စနှင့်ပတ်သက်ပြီး သဘောတူညီချက်တစ်ရပ်ရရှိတော့မယ်လို့ မျှော်လင့်ကြောင်း ဖော်ပြခဲ့ပါတယ်။

မြောက်ကိုရီးယားနဲ့ သဘောတူညီချက်မှာ အမှန်တကယ်ကို အကျိုးရှိလာမှာဖြစ်ကြောင်း အကယ်၍အောင်မြင်စွာပြီးဆုံးခဲ့မယ်ဆိုပါက ကမ္ဘာကြီးအတွက် ကောင်းမွန်တဲ့ ကိစ္စတစ်ခုဖြစ်လာမှာ ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ဟာ မတ်လ ၉ ရက်က လူမှုကွန်ရက်စာမျက်နှာဖြစ်တဲ့ တွစ်တာမှာ ဖော်ပြခဲ့ပါတယ်။

မေလမှာ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးဖို့ရှိပေမယ့် တွေ့ဆုံဆွေးနွေးမယ့် အချိန်နဲ့ နေရာကို ထပ်မံဖော်ပြပေးသွားမှာဖြစ်ကြောင်း အမေရိကန် သမ္မတဒေါ်နယ်ထရန့်က လူမှုကွန်ရက်စာမျက်နှာဖြစ်တဲ့ တွစ်တာမှာ ထပ်မံဖော်ပြခဲ့ပါတယ်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ဟာ မြောက်ကိုရီးယားခေါင်းဆောင်နဲ့ မေလမှာတွေ့ဆုံမယ့် အဆိုပြုချက်ကို မကြာသေးမီက လက်ခံခဲ့ခြင်းဖြစ်ပါတယ်။

စစ်အေးခေတ်ထဲက အပေါက်အလမ်းမတည့်ခဲ့တဲ့ ဒီနှစ်နိုင်ငံ ဘယ်လိုပဲဖြစ်ဖြစ် အခုတော့ နှစ်နိုင်ငံခေါင်းဆောင်တွေအနေနဲ့ နောက်ဆုံးမှာ အနည်းဆုံးတော့ အပေါက်အလမ်းတည့်ပြီး အစေးကပ်တဲ့ အခွင့်အရေးတော့ ရရှိလာခဲ့ကြတာပဲဆိုတာ အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။

ဒါဟာ ကမ္ဘာ့သမိုင်းစာမျက်နှာရဲ့ ကံကြမ္မာ အဆိုးအကောင်းကို ဝေဖန်ပိုင်းခြားမယ့် အလှည့်အပြောင်းတစ်ခုလည်း ဖြစ်လာနိုင်တယ်ဆိုတာ ငြင်းမရပါဘူး။

မြောက်ကိုရီးယားနိုင်ငံအနေနဲ့ တွေ့ဆုံဆွေးနွေးမှုက ဘာတွေရမယ်လို့ မျှော်လင့်ထားသလဲဆိုတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး စိတ်ဝင်စားစရာကောင်းလှပါတယ်။

အတိတ်သမိုင်းကြောင်းကို လှန်ကြည့်မယ်ဆိုရင် အရင်တုန်းကတော့ မြောက်ကိုရီးယားနိုင်ငံဟာ သူ့ရဲ့နျူကလီးယားအစီအစဉ်နဲ့ပတ်သက်ပြီး ခြောက်ပါတီဆွေးနွေးမှုကဲ့သို့သော ဆွေးနွေးမှုတွေကို မူဝါဒလမ်းစဉ်အဖြစ် အသုံးပြုခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။

နိုင်ငံတကာ အသိုင်းအဝိုင်းအလယ်မှာ စီးပွားရေးဆိုင်ရာ ပိတ်ဆို့မှုတွေကို ဖြေလျှော့ပေးဖို့ သို့မဟုတ် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းတွေရရှိဖို့ မြောက်ကိုရီးယားဟာ သူ့ရဲ့ နျူကလီးယားအစီအစဉ်နဲ့ပတ်သက်ပြီး လိုက်လျောအလျှော့ပေးမှုတွေပြုလုပ်ခဲ့ပါတယ်။

ဒါဟာ တကယ်ကောင်းမွန်တဲ့ ရည်ရွယ်ချက်နဲ့မဟုတ်ဘဲ နောက်ပိုင်းအချိန်တစ်ခုကြာပြီးနောက်မှာ သူဟာ သူ့ရဲ့ နျူကလီးယားအစီအစဉ်တွေကို ဆက်လက်လုပ်မြဲ လုပ်လျက်ရှိခဲ့ပါတယ်။ ဒါဟာ အရင်တုန်းက မြောက်ကိုရီးယားနိုင်ငံအနေနဲ့ကျင့်သုံးခဲ့တဲ့ပုံစံပဲ ဖြစ်ပါတယ်။

အခုတော့ ဘယ်လိုတွေဖြစ်လာဦးမလဲဆိုတာ မသိနိုင်သေးပါဘူး။ အိမ်ဖြူတော်ကတော့ မြောက်ကိုရီးယားနိုင်ငံအပေါ်ချမှတ်ထားတဲ့ အရေးယူပိတ်ဆို့မှုတွေရှိတုန်းပဲလို့ပြောခဲ့ပါတယ်။ ထို့အတူ အမေရိကန်သမ္မတ ထရန့်ကိုလည်း မြောက်ကိုရီးယားနဲ့ ဆွေးနွေးညှိနှိုင်းမှုအပေါ် ဘယ်လိုမျိုး တုံ့ပြန်မှုတွေပြုလုပ်သွားမလဲဆိုတာနဲ့ ပတ်သက်ပြီး ဆောင်ရွက်ထားသင့်ကြောင်း အကြံပြုပါတယ်။

အခုပြုလုပ်မယ့် ဆွေးနွေးမှုမှာ နှစ်ဖက်စလုံးအနေနဲ့ ရည်ရွယ်ချက်ကောင်းတွေနဲ့ အမြော်အမြင်ရှိရှိ ဆွေးနွေးကြဖို့ လိုအပ်ပါတယ်။ ဒါမှသာ ကမ္ဘာကြီးအတွက် ကောင်းမွန်တဲ့ ကိစ္စတစ်ခုဖြစ်လာမှာဖြစ်ပါတယ်။ အခုလို အစည်းအဝေးမျိုးဟာ မြောက်ကိုရီးယားနဲ့ အမေရိကန်နိုင်ငံတို့အတွက် ပထမဆုံးအကြိမ်ပဲ ဖြစ်ပါတယ်။ နှစ်ဖက်ခေါင်းဆောင်တွေ အနေနဲ့ အစည်းအဝေးကျင်းပနေချိန်မှာ ပဋိပက္ခအသွင်မဆောင်ဘဲ အပြုံးမျက်နှာဖြင့် ဆွေးနွေးမှသာ အထမြောက်အောင်မြင်စွာ ပြီးဆုံးမှာ ဖြစ်ပါတယ်။

အခုလိုမျိုးအစည်းအဝေးမှာမြောက်ကိုရီးယားနိုင်ငံအနေနဲ့ နောက်ထပ် ဂရုစိုက်တဲ့ အကြောင်းတရားတွေ ရှိပါသေးတယ်။ အဲဒါကဘာလဲဆိုတော့ မြောက်ကိုရီးယားခေါင်းဆောင်အနေနဲ့ သူ့နိုင်ငံအပေါ် အသိအမှတ်ပြုခံရရေးပဲ ဖြစ်ပါတယ်။ မြောက်ကိုရီးယားနိုင်ငံ အနေနဲ့ အမေရိကန်ပြည်ထောင်စုနဲ့ တန်းတူတိုက်ရိုက်ဆွေးနွေးမှုတွေ ပြုလုပ်ဖို့ ရှေးမဆွကတည်းကပဲ မျှော်လင့်နေတာပဲ ဖြစ်ပါတယ်။

မြောက်ကိုရီးယားနဲ့ အမေရိကန်ပြည်ထောင်စုတို့ဟာ နောက်ဆုံး မေလမှာ တွေ့ဆုံမယ့် ဆွေးနွေးပွဲအစီအစဉ်မှာ မသေချာမှုတွေရှိကောင်းရှိနိုင်ပါတယ်။ မြောက်ကိုရီးယားနဲ့ အမေရိကန်တို့ဟာ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ မျက်နှာချင်းဆိုင်တွေ့ဆုံဆွေးနွေးမှုတွေ မလုပ်ခင်မှာ အလုပ်သဘောညှိနှိုင်း ဆွေးနွေးမှုတွေ အရင်လုပ်သင့်တယ်လို့ ကျွမ်းကျင်သူတွေက သုံးသပ်ထားပါတယ်။

နှစ်နိုင်ငံ တကယ့်တွေ့ဆုံညှိနှိုင်းမယ့် ရလဒ်ဟာ ကိုရီးယားကျွန်းဆွယ်နျူကလီးယားကင်းစင်ဖို့၊ နောက်ထပ်နျူကလီးယားထိပ်ဖူးတပ် တာဝေးပစ်ဒုံးကျည် လက်နက်ဆိုင်ရာ နည်းပညာဟာ စမ်းသပ်လုပ်ဆောင်မှုတွေကို အဆုံးသတ်ဖို့၊ အမေရိကန်ပြည်ထောင်စု၊ ကမ္ဘာ့နိုင်ငံတွေနဲ့ မြောက်ကိုရီးယားနိုင်ငံတို့ကြား ရန်လိုတင်းမာမှုတွေအပေါ် နိဂုံးချုပ်ဖို့ကို အဓိက ဦးစားပေးဆွေးနွေးသွားရမှာပဲ ဖြစ်တယ်လို့ ၁၉၉၄ ခုနှစ် နျူကလီးယား ပဋိပက္ခအတွင်း မြောက်ကိုရီးယားနဲ့ ဆွေးနွေးညှိနှိုင်းမှုလုပ်ခဲ့တဲ့ အမေရိကန်ညှိနှိုင်းဆွေးနွေးရေး အကြီးအကဲဖြစ်သူ ရောဘတ်ကလော့စီက ပြောခဲ့ပါတယ်။

အမေရိကန်ပြည်ထောင်စုအနေနဲ့ အခုကျင်းပမယ့် အစည်းအဝေးအပေါ် အသေအချာဂရုစိုက်ရမှာဖြစ်ပါတယ်။ ဒီလိုမှမဟုတ်ပါက ကာလရှည်ကြာကြီးစားလာတဲ့ ကိုရီးယားကျွန်းဆွယ်နျူကလီးယားကင်းစင်ရေးဟာ သဲထဲရေသွန်၊ လေထဲအရုပ်ရေးသလို အကောင်အထည်ပေါ်လာမှာ မဟုတ်ပါဘူး။ အမေရိကန်နဲ့ မြောက်ကိုရီးယားနိုင်ငံတို့ဟာ မေလမှာကျင်းပမယ့် နှစ်နိုင်ငံ ဆွေးနွေးပွဲအပေါ် စိတ်ရင်းအမှန်နဲ့ ပွင့်ပွင့်လင်းလင်းဆွေးနွေးပြီး တစ်ဖက်စကား တစ်ဖက်က အသေအချာနားထောင်ရုံတင်မက လက်ဆွဲနှုတ်ဆက်တာထက်ပိုတဲ့ တွေ့ဆုံဆွေးနွေးမှုကိုသာ လုပ်နိုင်မယ်ဆိုပါက မလိုလားတဲ့ စစ်ပွဲတွေ တစ်ဖက်နဲ့တစ်ဖက် ဖြစ်နိုင်ခြေနည်းသွားမှာဖြစ်ပြီး အားလုံးအတွက် အောင်မြင်မှုတွေရရှိလာမှာပဲ ဖြစ်ပါကြောင်း။ ။





**“အမေရိကန်နဲ့ မြောက်ကိုရီးယားနိုင်ငံတို့ဟာ မေလမှာကျင်းပမယ့် နှစ်နိုင်ငံဆွေးနွေးပွဲ အပေါ် စိတ်ရင်းအမှန်နဲ့ ပွင့်ပွင့်လင်းလင်းဆွေးနွေးပြီး တစ်ဖက်စကား တစ်ဖက်က အသေအချာနားထောင်ရုံတင်မက လက်ဆွဲနှုတ်ဆက်တာထက်ပိုတဲ့ တွေ့ဆုံဆွေးနွေးမှုကိုသာ လုပ်နိုင်မယ်ဆိုပါက မလိုလားတဲ့ စစ်ပွဲတွေ တစ်ဖက်နဲ့တစ်ဖက် ဖြစ်နိုင်ခြေနည်းသွားမှာဖြစ်ပြီး အားလုံးအတွက် အောင်မြင်မှုတွေရရှိလာမှာပဲဖြစ်”**

# ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ အကြောင်း

— — — နိုင်ဦး (DOCA) — — —



မနေ့က ကျွန်တော့်အိမ်ရှိ သားနှင့်သမီးတို့က ငြင်းခုံနေကြသည်။ နွေ၊ မိုး၊ ဆောင်းရာသီဥတုသုံးပါးစလုံး လူမျိုးမရွေး၊ ဘာသာမရွေး၊ ဆင်းရဲ၊ ချမ်းသာမရွေး၊ အဆင့်အတန်းမရွေး အသုံးပြုသည့် ပစ္စည်းနှစ်မျိုးကို ပြောပြပါတဲ့ဟု စကားနိုင်လုနေသည်။ ဘာအဖြေများပေးမလဲဟု ကျွန်တော်နားစွင့်နေမိသည်။ အမေးခံရသော သားငယ်သည် အချိန်အတန်ကြာ စဉ်းစားသော်လည်း သူ့ညီမမေးသောမေးခွန်းအား မဖြေနိုင်၍ အရှုံးပေးတယ်၊ နင့်အဖြေပြောဟု ပြောသံကိုကြားရသည်။ သမီးငယ်မှ မသေမချင်းမှတ်ထား ထီးနှင့်အနွေးထည်ဟု ဖြေလိုက်သည်။ သားငယ်မှ ဘာဆိုင်လို့လဲဟု ပြန်မေးသံကို လည်းကြားရသည်။ သမီးငယ်မှဆိုင်တာပေါ့၊ နွေရာသီမှာ နေပူတော့အပူဒဏ်သက်သာအောင်၊ အလှအပ ပျက်စီးမှာ စိုး၍ ထီးမဆောင်းကြဘူးလား၊ မိုးရာသီတွင် မိုးမစိုအောင်၊ နာမကျန်းမဖြစ်အောင် ထီးမဆောင်းကြဘူးလား၊ ဆောင်းရာသီတွင် အအေးဒဏ်ခံနိုင်အောင်၊ ခန္ဓာကိုယ်နွေးနွေးထွေးထွေးဖြစ်အောင် အနွေးထည်မဝတ်ကြဘူးလားဟု ပြန်ပြောမှ သားငယ်သည် မကျေမနပ်ဖြင့် ဟုတ်သလိုလိုရှိသားဟု ပြန်ပြောသံကို ကြားရသည်။ ကျွန်တော်လည်း သားငယ်နှင့်သမီးငယ်တို့၏ ကြံကြံဖန်ဖန် စကားနိုင်လုနေသည်ကိုကြားရ၍ ကျေနပ်မိသည်။ စားသုံးသူရေးရာဦးစီးဌာန၏ လိုဂိုဖြစ်သည့် အပြာရောင်ထီးတစ်ချောင်း၏ အောက်မှာ လူကြီးလူငယ်များစွာကို အကာအကွယ်ပေးနေသည့် ပုံလေးအား သွား၍မြင်မိသည်။ ကျွန်တော်တို့ စားသုံးသူရေးရာ ဦးစီးဌာနသည် အမှတ်တံဆိပ်ပါအတိုင်း မြန်မာနိုင်ငံအတွင်းရှိ ပြည်သူများကို လူမျိုးမရွေး၊ ဘာသာမရွေး၊ ဆင်းရဲ၊ ချမ်းသာမရွေး၊ အဆင့် အတန်းမရွေး စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိရေးစစ်ဆေးပညာပေးခြင်း၊ အရေးယူ ဆောင်ရွက်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

**စားသုံးသူရေးရာ အခွင့်အရေး**

ကမ္ဘာ့နိုင်ငံများတွင် စားသုံးသူများ၏ စားသုံးသူရေးရာအခွင့်အရေးများ ပိုမိုရရှိရေး၊ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော၊ ကျန်းမာရေးနှင့် ညီညွတ်သော၊ စိတ်ကျေနပ်မှုရရှိစေသော၊ အာမခံချက်ပေးနိုင်သည့် အရည်အသွေးမြင့်မား၍ နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်များနှင့် ကိုက်ညီသည့် လူသုံး၊ အိမ်သုံး ပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ ရယူသုံးစွဲနိုင်ရန် နှစ်စဉ် မတ်လ ၁၅ ရက်နေ့ရောက်တိုင်း ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ကို နှစ်စဉ်ကျင်းပ၍ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ကျင်းပဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင်လည်း စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီး၍ ပထမအကြိမ်ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနားကို ၂၀၁၆ ခုနှစ် မတ်လ ၂၆ ရက်နေ့တွင် ရန်ကုန်မြို့တွင်လည်းကောင်း၊ ဒုတိယအကြိမ်ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနားကို ၂၀၁၇ ခုနှစ် မတ်လ ၁၅ ရက်နေ့မှ ၁၇ ရက်နေ့အထိ မန္တလေးမြို့ မြို့တော်ခန်းမတွင်လည်းကောင်း ကျင်းပခဲ့ပြီး တတိယအကြိမ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနားကို ၂၀၁၈ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် နေပြည်တော်တွင် စည်ကား သိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ဖွံ့ဖြိုးပြီးနိုင်ငံများ၏ အောင်မြင်သော စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ၊ အာဆီယံနိုင်ငံများ၏ ကောင်းမွန်၍ အောင်မြင်မှုရရှိသော စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများအတိုင်း မြန်မာနိုင်ငံရှိ ပြည်သူများအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ စားသုံးသူများ လူသုံးအိမ်သုံးပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများအပေါ် ငွေကြေးဆုံးရှုံးနစ်နာမှု၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှု မရှိစေရေးအတွက် အကာအကွယ်ပေးနိုင်ရန် စားသုံးသူအကာအကွယ်ပေးရေးဥပဒေ (၂၀၁၄)ကို ပြဋ္ဌာန်း၍ ဥပဒေနှင့် အညီအကာအကွယ်ပေးနိုင်ရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

**စားသုံးသူအခွင့်အရေးများအစ**

ကမ္ဘာပေါ်တွင် ရှေးယခင်က လက်ခံကျင့်သုံးခဲ့ကြသော Caveat Emptor ( ဝယ်ယူသော ပစ္စည်းကောင်းမကောင်း စစ်ဆေးကြည့်ရှုရန်မှာ ဝယ်ယူသူ၏ တာဝန်သာဖြစ်သည်) သို့မဟုတ် Let The Buyer Beware (ဝယ်သူများသာ သတိပြုရန်) စသည့် ဥပဒေသများသည် စားသုံးသူအကာအကွယ်ပေးရေးကို စိုးမိုးချုပ်ကိုင်ထားခဲ့ကြသည်။ တစ်နည်းဆိုရလျှင် စားသုံးသူများသည် မမျှတသည့်ကုန်စည်များနှင့် လိမ်လည်ရောင်းချသည့် ကုန်စည်များ၏ အကျိုးသက်ရောက်မှုများကို မိမိထိခိုက်နစ်နာဆုံးရှုံးမှု မရှိစေရေးအတွက် ကာကွယ်ရန် အခွင့်အရေးမရကြပေ၊ ဝယ်ယူခြင်းမပြုမီ (သို့မဟုတ်) အသုံးပြုခြင်းမပြုမီ ကြည့်ရှုစစ်ဆေးသည့် အလေ့အကျင့်များ ပြုလုပ်ခွင့်မရရှိကြပေ၊ ကုန်သွယ်လုပ်ငန်းရှင်များ၏ စိတ်ကြိုက်ရောင်းချသော ပစ္စည်းများကိုသာ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဝယ်ယူသုံးစွဲခဲ့ကြရသည်။

နောက်ပိုင်းတွင် တဖြည်းဖြည်းနှင့် စားသုံးသူများ နစ်နာဆုံးရှုံးမှု ပိုမိုများပြားလာခြင်းကြောင့် သက်ဆိုင်ရာအစိုးရများက စားသုံးသူအခွင့်အရေးရရှိစေရေးအတွက် စည်းမျဉ်း၊ စည်းကမ်းများ ပြဋ္ဌာန်းထုတ်ပြန်ကာ တားမြစ်လာကြသည်။ သို့သော် လုံးလုံးလျားလျား အောင်မြင်မှုများ ရရှိမှုနည်းပါးခဲ့သည်။ စားသုံးသူပြည်သူများသည် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ ငွေကြေးပိုင်းဆိုင်ရာ ထိခိုက်နစ်နာဆုံးရှုံးမှုများ ကြုံတွေ့နေရဆဲပင်ဖြစ်သည်။ ကုန်စည်ထုတ်လုပ်ရောင်းချဖြန့်ဖြူးသူများသည် ရိုးသားသော စားသုံးသူများကို Media လုပ်ငန်းများအသုံးပြု၍ လိမ်လည်လှည့်ဖြားရောင်းချနေမှုများကို ဆက်လက်ဆောင်ရွက်နေဆဲပင်ဖြစ်သည်။ စားသုံးသူအခွင့်အရေးများအား အပြည့်အဝရရှိစေရေးအတွက် အကာအကွယ်ပေးမည့် ထိရောက်လုံလောက်သော စည်းမျဉ်း၊ ဥပဒေများမရှိသဖြင့် စားသုံးသူနှင့် ထုတ်လုပ်သူများကြားတွင် ပြဿနာများ ပိုမိုကြီးထွားကျယ်ပြန့်လာပါသည်။

ထို့ကြောင့်ပင် စားသုံးသူများ စားသုံးသူအခွင့်အရေးများကို အကာအကွယ်ပေးရန်နှင့် ကုန်စည်ထုတ်လုပ်သူ၊ လုပ်ငန်းရှင်တို့၏ ကုန်စည်ဝန်ဆောင်မှုလုပ်ငန်းများအပေါ် မသမာမှုပြုမှုမှ ကာကွယ်ရန် ၁၉၀၆ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု ကွန်ဂရက်မှ အစားအသောက်နှင့် ဆေးဝါးသီးသန့် အက်ဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့သည်။

**စတင်ကျင်းပ**

အမေရိကန်သမ္မတ ဂျွန်အက်(ဖ်)ကနေဒီ လက်မှတ်ရေးထိုးခဲ့သည့် မတ်လ ၁၅ ရက်နေ့ကို ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အဖြစ် သတ်မှတ်ခဲ့ပြီးထိုနေ့ရောက်တိုင်း Consumer International မှ ဦးဆောင်၍ ကမ္ဘာပေါ်ရှိ ၎င်း၏ ပင်မအဖွဲ့ဝင်များနှင့် အဖွဲ့ဝင်စားသုံးသူ အဖွဲ့အစည်းများမှ ကမ္ဘာ့စားသုံးသူများ၏ အခွင့်အရေးများကို အလေးဂရုပြုကာ မြှင့်တင်သည့်အနေဖြင့် စတင်ကျင်းပခဲ့ကြသည်မှာ ယနေ့အထိပင်ဖြစ်သည်။

၁၉၈၁ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် ကမ္ဘာ့ကုလ သမဂ္ဂ၊ စီးပွားရေးနှင့် လူမှုရေးကောင်စီသည် အထွေထွေအတွင်းရေးမှူးချုပ်ထံ စားသုံးသူအကာအကွယ်ပေးရေးအတွက် ဆက်လက်ဆောင်ရွက်ရန်အကြံပြုချက်များ၊ အသေးစိတ်သုံးသပ်ချက်များနှင့်အတူ အထွေထွေလမ်းညွှန်ချက်တစ်စုံ ပြုစုတင်ပြရန် ဖွံ့ဖြိုးဆဲနိုင်ငံများသို့ မေတ္တာရပ်ခံခဲ့ပါသည်။ ၁၉၈၃ ခုနှစ်တွင် စားသုံးသူအကာအကွယ်ပေးရေးအတွက် လမ်းညွှန်ချက်မူကြမ်းအားကမ္ဘာ့ကုလသမဂ္ဂ (ECOSOC) သို့ တင်ပြခဲ့သည်။ ၁၉၈၄ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂမှ စားသုံးသူအကာအကွယ်ပေးရေးအတွက် လမ်းညွှန်ချက်များအား လက်ခံရန်ဆုံးဖြတ်ခဲ့သည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် ကမ္ဘာ့နိုင်ငံများတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ မူဝါဒများနှင့် ဥပဒေပြဋ္ဌာန်းမှုများ ဖွံ့ဖြိုးတိုးတက်မှုနှင့် ခိုင်မာတောင့်တင်းစေမှုတို့ကို အကူအညီပေးနိုင်ရန် ကုလသမဂ္ဂ၏ အထွေထွေညီလာခံမှ ၁၉၈၅ ခုနှစ် ဧပြီလ ၉ ရက်နေ့တွင် ဆုံးဖြတ်ချက်အမှတ် ၃၉/၂၄၈ဖြင့် စားသုံးသူအကာအကွယ်ပေးရေးအတွက် ကုလသမဂ္ဂ၏ လမ်းညွှန်ချက်များဖြစ်သည့် " United Nations Guidelines For Consumer Protection " ကို ချမှတ်နိုင်ခဲ့သည်။ ထိုလမ်းညွှန်ချက်များတွင် စားသုံးသူ အကာအကွယ်ပေးခြင်းနှင့် ပတ်သက်၍ စားသုံးသူများ၏ အခြေခံလိုအပ်ချက်များ ပြည့်စုံစေနိုင်မှု ( Basic needs )၊ လုံခြုံစိတ်ချစွာဖြင့် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစေနိုင်မှု( Safety)၊ သတင်းအချက်အလက်ပြည့်စုံစွာ ရရှိနိုင်စေမှု( Information )၊ လွတ်လပ်စွာ ရွေးချယ်နိုင်စေမှု ( Choice)၊ နစ်နာဆုံးရှုံးမှုများအတွက် ပြောဆိုတင်ပြကြားနာနိုင်စေမှု( Representation)၊ ထိခိုက်နစ်နာမှုများအတွက် လျော်ကြေးရနိုင်စေမှု (Redress)၊ စားသုံးသူကိစ္စရပ်များ သင်ယူလေ့လာနိုင်မှု ( Consumer education) ကျန်းမာရေးနှင့် ညီညွတ်သောပတ်ဝန်းကျင်ကို ရရှိစေနိုင်မှုစသည့် စားသုံးသူအခွင့်အရေး ရှစ်ချက်ကိုသတ်မှတ် ပြဋ္ဌာန်းနိုင်ခဲ့ပါသည်။

**လူတို့၏နေထိုင်စားသောက်မှု**

ယနေ့ကမ္ဘာပေါ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လူတို့၏နေထိုင်စားသောက်မှုပုံစံများလည်း ပြောင်းလဲလာကြပါသည်။ လူတို့သည် အစားအသောက်များကို လွယ်ကူစွာစားသုံးလာကြသဖြင့် စီးပွားရေးလုပ်ငန်းရှင်များကလည်း လူတို့၏လိုအပ်ချက်များနှင့်အညီ အလွယ်တကူအသင့်စားစားသောက်ကုန်ပစ္စည်းများကို တာရှည်ခံစေရန်၊ အနံ့အရသာနှင့်ပြည့်စုံစေရန် ၊ မျက်စိပသာဒရှိစေရန်တို့ကိုသာ ဦးစားပေး၍ ဈေးနှုန်းသက်သာသော တရားမဝင်ဓာတုဆေးဝါးများ၊ ခွင့်မပြုဓာတုဆိုးဆေးများကို လှိုင်လှိုင်သုံးကာအသုံးပြုထုတ်လုပ်လာကြသဖြင့် ပြည်သူများသည်အရွယ်မတိုင်မီ ရောဂါဆန်းများဖြစ်ပွားခြင်း၊ နာတာရှည်ဖြစ်ခြင်း၊ သေကျေပျက်စီးခြင်းများ ကြုံတွေ့လာရပြီး လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးကာ နိုင်ငံတော်ဘတ်ဂျက်များလည်းထိခိုက်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုများကိုပါ ထိခိုက်လာသည်ထိဖြစ်လာသည်ကို တွေ့ရှိရသည်။

**ကုန်စည်နှင့် ဝန်ဆောင်မှုကို ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစွာ အသုံးပြုခွင့်ရရှိစေခြင်း**

လူ့အသက်နှင့် ကျန်းမာမှုတို့ကို ခြိမ်းခြောက်အန္တရာယ်ပေးနိုင်သော ကုန်စည်များ၊ ထုတ်လုပ်မှုဖြစ်စဉ်များနှင့် ဝန်ဆောင်မှုများမှ အကာအကွယ်ရရှိနိုင်ခြင်းပင်ဖြစ်ပေသည်။ အချို့သောလုပ်ငန်းရှင်များသည် နိုင်ငံတကာသတ်မှတ်ချက်များနှင့် မကိုက်ညီသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုအားထုတ်လုပ်ခြင်းဖြင့် စားသုံးသူများအတွက် လုံခြုံစိတ်ချရမှုရှိမရှိကို အလေးမထားဘဲ ကိုယ်ကျိုးရှာအမြတ်ထုတ်နေကြပါသည်။ ထို့ကြောင့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကိုထုတ်လုပ်ရန်အတွက် ညွှန်ကြားထားသည့် ညွှန်ကြားချက်များ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာလိုက်နာရမည့် အသိပေးမှုများအား လိုက်နာခြင်းဖြင့် စားသုံးသူများ၏အသက်၊ ကိုယ်ခန္ဓာနှင့် ပစ္စည်းများကို အန္တရာယ်ဖြစ်ပေါ်ခြင်းမရှိအောင် ပြုလုပ်ပေးထားခြင်းသည်လည်း ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်စေခြင်းအတွက် ပေးသင့်သောအခွင့်အရေးပင်ဖြစ်ပါသည်။

**ကုန်စည်နှင့် ဝန်ဆောင်မှုများအား စိတ်ကြိုက်ရွေးချယ်နိုင်ခွင့်**

ကျေနပ်နှစ်သိမ့်မှုဖြစ်စေနိုင်သော အရည်အသွေးအာမခံနိုင်စွမ်းနှင့် ရောင်းဝယ်မှုဖြစ်စဉ်တွင် ပြောဆိုကတိပြုထားသည့် ဈေးနှုန်းများ၊ စည်းကမ်းချက်များ၊ အာမခံပေးမှုများအတိုင်း ဝယ်ယူစဉ်နှင့် ဝယ်ယူပြီးနောက်ပိုင်းတို့တွင် စားသုံးသူများမှ စိတ်ကြိုက်ရွေးချယ်နိုင်ခွင့် ရရှိစေနိုင်ခြင်းသည်လည်း စားသုံးသူ၏အခွင့်အရေး တစ်ရပ်ပင်ဖြစ်ပါသည်။ ဥပမာ - TV တစ်လုံး၊ မော်တော်ယာဉ်တစ်စီး၊ လက်ကိုင်ဖုန်းတစ်လုံး၊ ရေခဲသေတ္တာ၊ အဲယားကွန်းစသည့်ဖြင့် ဝယ်ယူသည့်အခါတွင် အာမခံပေးထားသည့်ကာလ၊ ထိုအာမခံပေးထားသည့် ကာလအတွင်း ချွတ်ယွင်းမှုဖြစ်ပေါ်ပါက အမျိုးအစားတူအသစ်တစ်လုံးလဲလှယ်ပေးခြင်း(သို့မဟုတ်) အခမဲ့ပြုပြင်ပေးခြင်း သို့မဟုတ် လက်ခမဲ့ပြုပြင်ပေးခြင်းဆိုသည့် အာမခံချက်များကို အပြည့်အဝရရှိစေခြင်းဖြစ်ပါသည်။ (အခမဲ့ပြုပြင်ပေးခြင်းသည် ပစ္စည်းအစားထိုးလဲလှယ်ရပါကလည်း ပစ္စည်းဖိုးမပေးရခြင်းကိုဆိုလိုပါသည်)။

**ကုန်စည်နှင့်ဝန်ဆောင်မှု၏ မှန်ကန်ပြည့်စုံသော သတင်းအချက်အလက်များ ရရှိစေခြင်း**

မှန်ကန်သောရွေးချယ်မှုများ ပြုလုပ်နိုင်ရန်အတွက် တိကျမှန်ကန်သော သတင်းအချက်အလက်များ ရရှိနိုင်ခြင်းနှင့် ရိုးသားမှုမရှိသော သို့မဟုတ် မှန်ကန်မှုမရှိသော ကြော်ငြာခြင်းနှင့် တံဆိပ်တပ်ဆင်ခြင်းတို့မှ အကာအကွယ်ရရှိနိုင်ခြင်းပင်ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းရှင်များသည် ၎င်းတို့၏ ကုန်စည်နှင့်ဝန်ဆောင်မှုများ ရောင်းချရာတွင် မှားယွင်းသည့်တင်ပြမှုများ၊ အလွန်အမင်းချဲ့ကားပြောဆိုမှုများ ပါဝင်နေသောကြော်ငြာများ၊ အညွှန်းတံဆိပ် တပ်ဆင်ခြင်းများသည် စားသုံးသူများအကြား နစ်နာဆုံးရှုံးမှုများနှင့် နားလည်မှုလွဲမှားစေခြင်းများကို ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့ကြောင့် ကုန်စည်နှင့် ဝန်ဆောင်မှုများ၏ အရည်အသွေးတစ်ခုအနေဖြင့်ဖော်ပြသော သတင်းအချက်အလက်များနှင့် ဖော်ပြမှုအညွှန်းများသည် မှန်ကန်ပြီးပြည့်စုံရမည့် အခွင့်အရေးသည်လည်း စားသုံးသူ၏အခွင့်အရေးပင်ဖြစ်ပါသည်။

**ကုန်စည်နှင့် ဝန်ဆောင်မှုများကြောင့် နစ်နာဆုံးရှုံးမှုများနှင့် စပ်လျဉ်း၍ ပါဝင်ကြားနာခြင်း ရရှိစေရန်**

ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများ အသုံးပြုမှုကြောင့် ဖြစ်ပေါ်လာသော မကျေနပ်မှု၊ အငြင်းပွားမှုများအား ဖြေရှင်းပေးနိုင်ရန် အရေးဆိုတိုင်တန်းနိုင်ခွင့်၊ စားသုံးသူများ၏ အကျိုးရှိမှုအတွက်ခံစားထင်မြင်ယူဆချက်များကို ပြောဆိုတင်ပြနိုင်ခွင့်၊ သင့်လျော်သောအကာအကွယ်ပေးမှုများ ရရှိနိုင်ခွင့်သည်လည်း အခွင့်အရေးတစ်ရပ်ပင်ဖြစ်သည်။

**ကုန်စည်နှင့်ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ စားသုံးသူ၏အခြေခံလိုအပ်ချက်များပေါ်တွင် စိတ်ကျေနပ်မှု ရရှိစေခြင်း**

စားသုံးသူများသည် မိမိအမှန်တကယ်အသုံးပြုရန် သို့မဟုတ် စားသုံးရန်အတွက် ဝယ်ယူအသုံးပြုရာ၌ ဝယ်ယူသည့်ပစ္စည်းသည် စားသုံးသူလိုအပ်ချက်အတိုင်း ဖြစ်စေရေးသည် စားသုံးသူများရရှိမည့် အခွင့်အရေးတစ်ရပ်ပင်ဖြစ်ပါသည်။

**ကုန်စည်နှင့်ဝန်ဆောင်မှုများကြောင့် ဖြစ်ပေါ်လာသော ဆုံးရှုံးနစ်နာမှုများနှင့်စပ်လျဉ်း၍ ကုစားခွင့်ရရှိစေခြင်း**

စားသုံးသူသည် ကုန်စည်နှင့်ဝန်ဆောင်မှုများကို အသုံးပြုရာ၌ လုပ်ငန်းရှင်များမှ သဘောတူညီချက်နှင့်အညီ ပေးအပ်နိုင်မှုမရှိခြင်း၊ အရည်အသွေးညံ့ဖျင်းခြင်း၊ မှားယွင်းသော ကုန်စည်နှင့်ဝန်ဆောင်မှုများပေးသဖြင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ပါက လုပ်ငန်းရှင်မှ စားသုံးသူအား လျော်ကြေးပေးခြင်း၊ ပစ္စည်းအစားထိုးပေးခြင်းနှင့် စားသုံးသူမှတရားမျှတသော တောင်းဆိုမှုအတိုင်း ရရှိစေခြင်းဖြစ်ပါသည်။

**ကျန်းမာဝပြောသည့် ပတ်ဝန်းကျင်ကောင်းတွင် ရှင်သန်နိုင်ခွင့် ရရှိစေခြင်း**

စားသုံးသူပြည်သူများ အန္တရာယ်ကင်းသော ကုန်စည်နှင့် ဝန်ဆောင်မှုကိုရရှိပြီး ကျန်းမာချမ်းသာစွာဖြင့် လူနေမှုဘဝကို ဖြတ်သန်းပိုင်ဆိုင်ခွင့် ရရှိစေနိုင်ခြင်းသည်လည်း စားသုံးသူများရရှိမည့် အခွင့်အရေးတစ်ရပ်ပင် ဖြစ်ပါသည်။ ဤသို့ ပိုင်ဆိုင်ခွင့်ရရှိရန်မှာ စားသုံးသူကိုယ်တိုင်ရော မိမိ၏မိသားစုများအတွက်ပါ အန္တရာယ်ကင်းသော ကုန်စည်ဝန်ဆောင်မှုများကို ရွေးချယ်၍ စားသောက်သုံးစွဲရန် သင့် မသင့် ဝေဖန်ပိုင်းခြား သိရှိနိုင်မှသာ ဖြစ်နိုင်ပေမည်။

သို့ဖြစ်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူပြည်သူများဖြစ်သည့် ၅၁ သန်းကျော်သော ပြည်သူများအတွက် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ(၂၀၁၄)ပါသတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ လူမျိုးမရွေး၊ ဘာသာမရွေး၊ ဆင်းရဲ၊ ချမ်းသာမရွေး၊ အဆင့်အတန်းမရွေးစားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိရေး၊ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော လူသုံး၊ အိမ်သုံးပစ္စည်းများ၊ ဝန်ဆောင်မှုများ ရရှိသုံးစွဲနိုင်ရေးအတွက်စေတနာထားကာ ဆောင်ရွက်လျက်ရှိပါသည်။ စားသုံးသူများအား နေပူပူ မိုးရွာရွာ စားသုံးသူအကာအကွယ်ပေးရေး ထီးကလေးဖြင့် မိုးထားပေးချင်ပါသည်။ ။

# ရေတာရှည်မြို့နယ် သမိုင်းဝင် မယ်ဒက်ကယ်ဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

**ရေတာရှည် မတ် ၁၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် အောင်ချမ်းသာကျေးရွာအနီးရှိ သမိုင်းဝင် မယ်ဒက်ကယ်ဘုရားကြီး ဗုဒ္ဓပူဇနီယပွဲကို တန်ခူးလဆန်း ၆ ရက်မှ စတင်ကာ လပြည့်နေ့အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ဘုရားပွဲတော်ကြီးတွင် ဇာတ်ပွဲ၊ လက်ဝှေ့ပြိုင်ပွဲများ၊ အနယ်နယ်အရပ်ရပ်မှလာရောက်ရောင်းချသော ၁၂ ပွဲဈေးသည်များ၊ ဒေသတွင်း စိုက်ပျိုးထွက်ကုန်များ ခင်းကျင်းရောင်းချကြသည့်အတွက် တောင်ငူမြို့နယ်နှင့် ရေတာရှည်မြို့နယ် အတွင်းရှိ ကျေးလက်ဒေသများမှ လာရောက်သူများဖြင့် အထူးစည်ကားလှသော ပွဲတော်ကြီးလည်း ဖြစ်သည်။

“တန်ခူးလဆန်း ၁၃ ရက်ကနေ လပြည့်နေ့အထိ ဈေးတန်းတွေမှာ တိုးလို့မရအောင်စည်တယ်၊ ကိုယ့်ဒေသတွင်းမှာ ဆွေဘုရားမျိုးဘုရား ဖြစ်နေတော့ ဒီဘုရားပွဲကို အားခဲပြီးလာကြတာတွေ့ရတယ်”ဟု ဘုရားကြီးအကျိုးဆောင်ဂေါပကတစ်ဦးက ပြောသည်။



ကျေးလက်ဒေသ ဘုရားပွဲဖြစ်၍ ရှေးရိုးရာမပျက်နွားများကို ချူခလောက်မျိုးစုံဆွဲအလှဆင်ကာ လာရောက်ကြသော လှည်းဝိုင်းများမှာလည်း တစ်ရက်လျှင်စီးရေ ရာနှင့်ချီသည်ကို တွေ့ရသည်။

**ကိုလွင်(ဆွာ)**

# သက်ငယ်မုဒိမ်းမှုပပျောက်ရေး ဆောင်ရွက်

**ဝမ်းတွင်း မတ် ၁၃**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ရွှေတောင်နယ်မြေအတွင်း အရွယ်မရောက်သေးသည့် ကလေးသူငယ်များ အန္တရာယ်မကျရောက်စေရေး ပညာပေးအစီအစဉ်များကို ရွှေတောင်နယ်မြေရဲစခန်းမှ ဆောင်ရွက်လျက်ရှိပြီး နယ်မြေအတွင်း အရွယ်မရောက်သေးသည့် ကလေးသူငယ်မုဒိမ်းမှု ကျူးလွန်သူကိုလည်း ဖမ်းဆီးအရေးယူမှုများ ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

ရွှေတောင်နယ်မြေအတွင်းရှိ ကျေးရွာများအတွင်း ကလေးသူငယ်များအား ပြုစုစောင့်ရှောက်ခြင်း၊ တရားဥပဒေစိုးမိုးရေးအတွက် အသိပညာများပေးခြင်းနှင့် လုံခြုံမှုဆိုင်ရာများကို ပညာပေးလုပ်ဆောင်ချက်များ ဆောင်ရွက်လျက်ရှိပြီး ဝမ်းတွင်းမြို့နယ် သခွတ်မြင့်ကျေးရွာအုပ်စု သခွတ်မြင့် ကျေးရွာအတွင်း မတ် ၄ ရက်က အသက်လေးနှစ်ကလေးအား တစ်ရွာတည်းနေ အသက်မပြည့်သေးသည့် ကျောင်းသားတစ်ဦးက ပြစ်မှုကျူးလွန်သည့် ဖြစ်စဉ်ကိုလည်း ရွှေတောင်နယ်မြေစခန်းမှူး ရဲအုပ်ကျော်နိုင်စိုးက အမှုဖွင့်အရေးယူလျက်ရှိသည်။

ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးနိုင်ခဲ့သည်။ ၎င်းကို မြို့နယ်တရားရုံးတွင် ချုပ်ရက်ရမန်တောင်းခံပြီး မန္တလေးမြို့ လူငယ်လေ့ကျင့်ရေးကျောင်းသို့ ပို့ဆောင်ထားကြောင်းသိရပြီး တရားစွဲဆိုနိုင်ရေး အတွက်လည်း စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း ရွှေတောင်နယ်မြေ ရဲစခန်းမှ သိရသည်။

**မေဦးမိုး**

# ၂၀၁၈ ခုနှစ်အတွက် အလုပ်အကိုင် ၁၀၀ ကျော်ပေးအပ်မည်

**ရန်ကုန် မတ် ၁၃**

ပြည်တွင်းလူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်း ၁၀၀ ကျော်ကို တိုက်ရိုက်ခန့်ထားမှုစနစ်ဖြင့် မတ် ၁၀ရက်က ပေးအပ်နိုင်ခဲ့ကြောင်း Metro wholesale Myanmar မှ သိရသည်။ Metro wholesale Myanmar မှ ၂၀၁၈ခုနှစ်အတွက် ပထမဆုံးအလုပ်အကိုင်အခွင့်အလမ်းပြပွဲကို မတ် ၁၀ ရက်က ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပခဲ့ပြီး အင်ဂျင်နီယာလုပ်ငန်းများ၊ စက်မှုလက်မှုဆိုင်ရာစီမံကိန်းများ၊ စီမံခန့်ခွဲခြင်းလုပ်ငန်းများ၊ စာရင်းကိုင်၊ ဘဏ္ဍာရေး၊ ဘဏ်နှင့် အာမခံလုပ်ငန်းများစသည့် လုပ်ငန်းပေါင်း ၄၀ ကျော်က အလုပ်အကိုင်အခွင့်အလမ်းများစွာ ပြသခဲ့သည်။ ၂၀၁၇ခုနှစ် ဒီဇင်ဘာတွင်လည်း အလုပ်အကိုင်ပြပွဲကို ကျင်းပခဲ့ပြီးအလုပ်အကိုင်ပေါင်း ၁၇၀ ခန့် ပေးအပ်ထားကြောင်း သိရသည်။ “ကျွန်တော်တို့က မြန်မာနိုင်ငံမှာ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ဆောင်ပေးသွားမှာပါ၊ ဝန်ထမ်းခန့်အပ်ရုံတင်သက်သက်မဟုတ်ဘဲ ဝန်ထမ်းတွေအတွက် ပြည်တွင်းမှာရော ပြည်ပမှာပါ သင်တန်းတွေပေးပြီး ဝန်ထမ်းတွေရဲ့ အရည်အသွေးကို မြှင့်တင်ပေးမှုတွေလည်း ပါဝင်ပါတယ်”ဟု Metro wholesale Myanmar မှ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဒါရိုက်တာ ကိုထက်မင်းအောင်က ပြောသည်။ **သွန်းဝသန်**

# ကြက်သွန်ဈေး ထက်ဝက်နီးပါးခန့်ကျဆင်း၍ ကုန်ကျစရိတ်များပြားသော တောင်သူများအခက်ကြုံ

**မလှိုင် မတ် ၁၃**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်အတွင်းရှိ ကြက်သွန်ဈေးကွက်များ ထက်ဝက်ခန့်ကျဆင်းလာပြီး စိုက်ပျိုးရာတွင် ကုန်ကျစရိတ်များပြားသော ဒေသခံကြက်သွန်စိုက်ပျိုးတောင်သူများ အခက်အခဲကြုံနေကြောင်း သိရသည်။

“ကြက်သွန်ပျိုးထောင်ရင် အနည်းဆုံး ၄၅ ရက်ကနေ နှစ်လအထိ ပျိုးထောင်ကြရတယ်၊ ရှေးအဆိုအရကျွန်တော်တို့ တော်နှစ်တော်မီအောင် စိုက်ဆိုသလိုတော်သလင်းလမှာစပျိုးပြီး နတ်တော်လအတွင်း စိုက်ပျိုးကြပါတယ်၊ ဒါကအများ စိုက်ပျိုးကြတဲ့ပုံစံပါ၊ မိမိတို့ စိုက်ပျိုးတဲ့ရေမြေအနေအထားပေါ်မူတည် လုပ်ကိုင်ကြရတာပါ၊ ပျိုးရက်တော့ မတူဘူးပေါ့၊ တော်နှစ်တော်အမီ စိုက်ပျိုးနိုင် ရင်တော့ ရေသွင်းရတာသက်သာတာ တွေ့ရတယ်၊ အများအားဖြင့် ဇန်နဝါရီလဆိုရင် ကြက်သွန်စထွက်ပါတယ်၊ ကြက်သွန်စပေါ်ချိန်မှာ ဈေးနှုန်းကျဆင်းလာတော့ အခက်အခဲကြုံရပါတယ်၊ ကြက်သွန်စိုက်ပျိုးဖို့ ပျိုးဈေးက အင်မတန်မြင့်မားတယ်၊ အရင်နှစ်က ငွေကျပ် ၂၈၀၀၀ မှ ၃၀၀၀၀ လောက်ရှိတဲ့ ပျိုးဈေး ဒီနှစ်ငွေကျပ် ၆၀၀၀၀ ဝန်းကျင်ပေးဝယ်ခဲ့ရတယ်၊ စိုက်ပျိုးရေးရေသွင်းရာမှာ အသုံးပြုတဲ့ စက်ဆီဖိုးကအစ အရင်ကထက် တစ်ဂါလန်ကိုငွေကျပ် ၅၀၀ လောက် တက်လာတယ်၊ နောက်ဆုံး အလုပ်သမားကအစ အရင်ငွေကျပ် ၂၀၀၀မှ ၂၅၀၀ ကနေ ဒီနှစ်ငွေကျပ် ၃၅၀၀မှ ၄၀၀၀ အထိ ပေးခေါ်ရတယ်၊ အစစအရာရာ ဈေးတက်ပြီး ကြက်သွန်ပေါ်ချိန်ဈေးကျဆင်းလာတော့ ကြက်သွန်စိုက်ပျိုးသူအားလုံး အဆင်မပြေဖြစ်ရတာပေါ့”ဟု ကြက်သွန်စိုက်ပျိုးသူတစ်ဦးက ပြောသည်။



ပြီးခဲ့သည့်သီတင်းပတ်အတွင်းက ဒေသထွက် ကြက်သွန်တစ်ပိဿာ၏ ပေါက်ဈေးသည်ငွေကျပ် ၁၂၀၀ မှ ၁၃၀၀ အထိ ရှိခဲ့သော်လည်း ယနေ့ပေါက်ဈေးမှာငွေကျပ် ၇၀၀ မှ ၈၀၀ အထိ သာရှိတော့ကြောင်း မလှိုင်မြို့နယ်ရှိ ကြက်သွန်ဈေးကွက်အတွင်းမှ သိရသည်။

မလှိုင်မြို့နယ်ရှိ ဒေသခံတောင်သူများသည် ပြီးခဲ့သည့်နှစ် မိုးရာသီကုန်ဆုံးချိန်တွင် ဒေသတွင်း၌ကြက်သွန်ကို စတင်စိုက်ပျိုးခြင်းဖြစ်ပြီး ယခုနှစ်ဇန်နဝါရီလတွင် ဈေးကွက်ဝင်ကြက်သွန်များ စတင်ထွက်ရှိလာခြင်း ဖြစ်သည်။ လာမည့်ဧပြီလအထိ ကြက်သွန်သစ်များ ဆက်လက်ထွက်ရှိနေဦးမည်ဖြစ်ရာဈေးများဆက်လက်၍ အလွန်အမင်းကျဆင်းသွားပါက တောင်သူများ အခက်ကြုံနိုင်သဖြင့် တည်ငြိမ်သော ကြက်သွန်ဈေးကွက်ဖြစ်လာစေရန် လိုလားနေကြောင်း ဒေသခံတောင်သူများက ပြောသည်။

**ဘိုဘို( မလှိုင်)**

# စစ်ရှောင်စခန်း၌ ဆန်အိတ်များလှူဒါန်း

**လွယ်ဂျယ် မတ် ၁၃**

ကချင်ပြည်နယ် လွယ်ဂျယ်မြို့၌ ASEAN+3 က စစ်ရှောင်စခန်းငါးခုသို့ ဆန်အိတ်များလှူဒါန်းပွဲကို မတ် ၁၀ ရက်က အုပ်ချုပ်ရေးမှူးခန်းမ၌ ကျင်းပခဲ့ရာ စစ်ရှောင်စခန်းများမှ မိသားစုများ၊ ဌာနဆိုင်ရာများမှ ဦးစီးအရာရှိများ၊ NGO အဖွဲ့များ စုံလင်စွာ တက်ရောက်ခဲ့ကြသည်။ အခမ်းအနား၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်ဦးက အလှူရှင်နှင့် လှူဒါန်းရခြင်းအကြောင်းရင်းကို ရှင်းလင်းပြောကြားပြီး လှူဒါန်းသည့် ဆန်အိတ်ပေါင်း ၄၀၀ ကို သက်ဆိုင်ရာ စစ်ရှောင်စခန်း တာဝန်ခံများသို့ လွှဲပြောင်းပေးအပ်ခဲ့ရာ စခန်းတာဝန်ခံတစ်ဦးက ကူညီထောက်ပံ့ပေးခဲ့သော ASEAN+3 နှင့် သက်ဆိုင်ရာ တာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

**ရင်ငြိမ်းပန်း(လွယ်ဂျယ်)**

# မြန်မာနိုင်ငံ၏ ပထမဆုံးအွန်လိုင်းလက်ဖွဲ့ဝန်ဆောင်မှုစတင်

**ရန်ကုန် မတ် ၁၃**

မင်္ဂလာလက်ဖွဲ့ဝက်ဘ်ဆိုက်မှ လက်ဖွဲ့ဝယ်ယူမှုများအတွက် မိုဘိုင်းငွေကြေးဝန်ဆောင်မှု စတင်အသုံးပြုနိုင်ပြီဖြစ်ကြောင်း မတ် ၁၂ ရက်ကသတင်းထုတ်ပြန်ခဲ့သည်။ အဆိုပါ မြန်မာ့ပထမဆုံး အခမဲ့အွန်လိုင်းလက်ဖွဲ့ဝန်ဆောင်မှုသည် သတို့သားနှင့် သတို့သမီးတို့အတွက် လက်ဖွဲ့ဝယ်ယူပေးမည့် ဧည့်သည်များသည် Wave Money၊ M-Pitesan၊ Ongo နှင့် AGD Pay စသည့်ဝန်ဆောင်မှုအက်ပလီကေးရှင်းများကို အသုံးပြုကာ ဝက်ဘ်ဆိုက်ပေါ်တွင် အလွယ်တကူငွေပေးချေမှုများ ပြုလုပ်နိုင်ကြမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ပထမဆုံးအခမဲ့အွန်လိုင်းလက်ဖွဲ့ဝန်ဆောင်မှုကို ရန်ကုန်၊ မန္တလေး၊ တောင်ကြီးနှင့် နေပြည်တော်တို့တွင် ရရှိနိုင်ပြီး ဟန်းနီးမွန်းလက်ဖွဲ့ကိုမူ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဝယ်ယူလက်ဖွဲ့နိုင်ကြောင်း သိရသည်။ ငွေပေးချေမှုများအတွက် KBZ ၊ CB ၊ Yoma ၊ AYA နှင့် AGD ဘဏ်တို့နှင့် ချိတ်ဆက်ထားပြီး မိုဘိုင်း Banking ၊ ဘဏ်မှငွေလွှဲသည့်စနစ်၊ ကတ်စနစ်၊ အိမ်တိုင်ရာရောက်ငွေချေစနစ်တို့ဖြင့် ဝန်ဆောင်မှုပေးမည်ဖြစ်ကြောင်း သိရသည်။ MingalarLetPhwet.com တွင် အခမဲ့စာရင်းသွင်းနိုင်ကြောင်း သိရသည်။ **သွန်းဝသန်**

# ကျောက်ဖြူ၌ကျေးရွာ ကျောက်ချောလမ်းခင်း

**ကျောက်ဖြူ မတ် ၁၃**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်၌ ၂၀၁၇-၂၀၁၈အတွင်းကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) အဖြစ်အဝတောင်ကျေးရွာအုပ်စုဒွေးချကျေးရွာအတွင်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ မတ် ၉ ရက်က မြို့နယ်ကျေးလက်ဦးစီးမှူးနှင့်အဖွဲ့က စစ်ဆေးခဲ့သည်။ အဆိုပါလမ်းကို နိုင်ငံတော်မှ ၁၀ သန်း၊ ကျေးရွာထည့်ဝင်ငွေတစ်သန်းဖြင့် ဆောင်ရွက်လျက်ရှိပြီး အရှည်ပေ ၁၅၀၀၊ အကျယ် ၁၀ ပေနှင့် ထုခြောက်လက်မရှိသည်။ ယခုအခါ ကျောက်ချောလမ်းဖောက်လုပ်ပြီးစီးမှုသည် ၈၀ ရာခိုင်နှုန်းပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

# ရေအစက်ချ ဆောင်းသီးနှံ အာလူးစိုက်ခင်း စိုက်ပျိုးအောင်မြင်

**နေပြည်တော် မတ် ၁၃**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မဲဒီကျေးရွာတောင်သူဦးကြည်စိန်၏ အာလူးမျိုးသန့်မျိုးပွားစိုက်ကွင်းသည် ရေအစက်ချစနစ်ဖြင့် စိုက်ပျိုးလျက်ရှိပြီး ဆောင်းသီးနှံအာလူးစိုက်ခင်း စိုက်ပျိုးအောင်မြင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ စိုက်ကွင်းသို့ မတ်လ ပထမပတ်က စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် တာဝန်ရှိသူများသည် ကြည့်ရှုစစ်ဆေးခဲ့ပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။




ညွှန်ကြားရေးမှူးချုပ်က တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး လိုအပ်ချက်များ မေးမြန်းဆွေးနွေးပြီးနောက် သက်ဆိုင်ရာဒေသ စိုက်ပျိုးရေးတာဝန်ရှိသူများ၊ ကွင်းဝန်ထမ်းများအနေဖြင့် တောင်သူများနှင့် မိသားစုကဲ့သို့ရင်းနှီးခင်မင်စွာပေါင်းသင်းဆက်ဆံခြင်းဖြင့် တောင်သူများအတွက် နည်းပညာလိုအပ်ချက်နှင့် ဈေးကွက်တောင်းဆိုမှုရှိသည့် သီးနှံမျိုးများ ပြောင်းလဲစိုက်ပျိုးနိုင်ရေး အပါအဝင် အကြံကောင်းဉာဏ်ကောင်းများကို နီးနီးကပ်ကပ်ကူညီဖြည့်ဆည်းဆောင်ရွက်ပေးကြရန် လိုအပ်ချက်များ ဆွေးနွေးမှာကြားခဲ့သည်။

နေပြည်တော်ပြည်ထောင်စုနယ်မြေ ဒက္ခိဏသီရိမြို့နယ်အနေဖြင့် ယခုနှစ် ဆောင်းသီးနှံစိုက်ရေိယာဧက ၂၇၇၀ တွင် မတ်ပဲ၊ နှမ်း၊ မြေပဲ၊ ဖူးစားပြောင်းသီးနှံများ စိုက်ပျိုးခဲ့ပြီး လာမည့်ဆောင်းသီးနှံရာသီတွင် ကွင်းသရုပ်ပြပွဲများဆောင်ရွက်ကာ ဈေးကွက်အလားအလာပိုမိုကောင်းမွန်သောသီးနှံများ အစားထိုးစိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇူလိုင်မိုး**
**ဓာတ်ပုံ- ဇေမိုး**

# သီချင်းတစ်ပုဒ်ကို အွန်လိုင်းကနေ ဖြန့်ချိမည့် ခင်အင်ကြင်းကျော်



ဓာတ်ပုံမော်ဒယ်လ်အဖြစ် ရပ်တည်နေပြီး ရှိုးပွဲများနှင့် အမ်တီဗွီများတွင် မကြာခဏမြင်တွေ့လာရသည့် မော်ဒယ်လ်ခင်အင်ကြင်းကျော်က ကိုယ်ပိုင်သံစဉ်သီချင်းတစ်ပုဒ်အား သင်္ကြန်မတိုင်မီ အွန်လိုင်းတွင် ဖြန့်ချိမည်ဖြစ်ကြောင်း သိရသည်။

"အဆိုပိုင်းက ဝါသနာပါတယ်၊ ငယ်ငယ်ကတည်းက သီချင်းဆိုပြိုင်ပွဲတွေ ခဏခဏ ဝင်ပြိုင် ဖြစ်တယ်၊ ဆုရတာ တွေလည်းရှိသလို မရဘဲ ဝါသနာအရလည်း ဝင်ပြိုင်ဖြစ်တာတွေလည်းရှိတယ်၊ အလှမယ်ပြိုင်ပွဲတွေမှာတော့ Talent ပြိုင်ပွဲဆိုရင် သီချင်းဆိုဖြစ်တာများတယ်၊ ပြိုင်ခဲ့သမျှပွဲတွေမှာ တော်တော်များများက Talent နဲ့ပတ်သတ်ပြီး သတိထားမိကြတယ်၊ နောက်ပိုင်း နယ်ရှိုးတွေလည်း ဆိုဖြစ်တယ်။ တစ်ကိုယ်တော်အခွေကတော့ လက်ရှိမှာ မထုတ်နိုင်သေးပါဘူး၊ ဒါကြောင့်လည်း ကိုယ်ပိုင်သံစဉ်သီချင်းသစ်တစ်ပုဒ်ကို အွန်လိုင်းကနေ ဖြန့်ချိသွားဖို့ ရည်ရွယ်ထားတယ်"ဟု ခင်အင်ကြင်းကျော် ကပြောသည်။

ခင်အင်ကြင်းကျော်က အဆိုတော်များအနက် တင်ဇာမော်၊ မဒီနှင့် ဆုန်သင်းပါရ်၊ သျှီတို့၏ သီချင်းများကို ကြိုက်နှစ်သက်သူဖြစ်ပြီး ဂီတအမျိုးအစားများတွင် Slow Rock အမျိုးအစားကို ကြိုက်နှစ်သက်ကြောင်း သိရသည်။ ထို့ပြင် ဆရာသမားများဖြစ်သော ဦးချိုကြီးနှင့် အလှမယ် လုနုထွန်းတို့ကလည်း တေးသီချင်းများ သီဆိုရန် အားပေးသည့်အတွက် ကိုယ်ပိုင်သံစဉ်သီချင်းများ သီဆိုရန် အားတစ်ခုဖြစ်လာခဲ့ကြောင်း သိရသည်။

ခင်အင်ကြင်းကျော်သည် Miss Tourism Queen of The Year 2016 ပြိုင်ပွဲတွင် နိုင်ငံပေါင်း ၇၀ ကျော်မှ အလှမယ် ၈၀ တို့နှင့်အတူ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး Best Talent Top 5 နှင့် Best in Evening Wear ဆုများ ရရှိခဲ့ပြီး ပြည်တွင်းအလှမယ်ပြိုင်ပွဲများတွင်လည်း Title ဆုများ၊ 1st Runner ဆုများ ရရှိခဲ့ဖူးသူလည်း ဖြစ်သည်။

"အလှမယ်ပြိုင်ပွဲတွေတော့ ပွဲကြီးတစ်ခုလည်း ယှဉ်ပြိုင်ပြီးသွားတဲ့အတွက် ဆက်လက်ယှဉ်ပြိုင်ဖို့ မရှိတော့ပါဘူး၊ ကိုယ့်ထက်အသက်ငယ်ပြီး သွက်လက်ထက်မြက်တဲ့ ညီမလေးတွေအလှည့်ပေါ့၊ Photo Model ပိုင်းကတော့ ကျွန်မကိုယ်တိုင်လည်း စိတ်ဝင်စားတဲ့အတွက် အလုပ်တွေအများကြီးလုပ်ဖြစ်တယ်၊ လက်ရှိမှာတော့ ကိုယ်ပိုင်သံစဉ် သီချင်းလေးအွန်လိုင်းတင်ဖို့အတွက် ကြိုးစားပြင်ဆင်နေတယ်၊ နောက်ထပ်လည်း သီချင်းတွေ ဆိုသွားဖို့ရှိပါတယ်၊ တေးရေးဆရာတွေဆီမှာ အပ်ထားတဲ့သီချင်းတွေလည်း ရှိသေးတယ်။ အားပေးကြပါလို့လည်း ပရိသတ်ကြီးကိုပြောချင်ပါတယ်" ဟု ခင်အင်ကြင်းကျော်က ပြောသည်။

**ကိုလင်း**



# ၉၀ ပြည့်နှစ်က ရသများ ပြန်လည်ခံစားရမည့် 90' s Rock Legends Show ပွဲကြီး ကျင်းပမည်

၁၉၉၀ ပြည့်နှစ်ဝန်းကျင်က အတွဲညီခဲ့ကြသော ဂီတလောကမှ ကြယ်ပွင့်များဖြစ်ကြသည့် အဆိုတော် ဇော်ဝင်းထွဋ်၊ ဂျေမောင်မောင်နှင့် ချစ်ကောင်းတို့၏ မူလလက်ဟောင်းဂီတဖျော်ဖြေပွဲ 90's Rock Legends Show ပွဲကို မတ် ၂၄ ရက် ည ၈ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏဘူမိကွင်း၌ ကျင်းပမည်ဖြစ်သည်။

"၁၉၉၀ ပြည့်နှစ်မတိုင်ခင်ကတည်းက ညီအစ်ကို သုံးယောက်သီချင်းတွေ အတူတူလုပ်ခဲ့ကြတယ်၊ ၉၀ ပြည့်နှစ်လောက်ကျတော့ ပရိသတ်တွေ လက်ခံအားပေးခဲ့ကြတာပေါ့၊ အဲဒီခေတ်တုန်းကတော့ ကက်ဆက်ခွေတွေ ခေတ်ပေါ့၊ ဒီပွဲကြီးလုပ်ခြင်းကြောင့် ၁၉၉၀ ပြည့်နှစ်ကို ပြန်ရောက်သွားသလို ညီအစ်ကိုတွေရဲ့ ချစ်ခြင်းတွေကိုလည်း တွေ့မြင်ရမှာပေါ့၊ တစ်ယောက်ကို သီချင်း ၁၃ ပုဒ်စီ ဆိုပါမယ်"ဟု အဆိုတော် ချစ်ကောင်းက ပြောသည်။

"၉၀ပြည့်နှစ်က ခံစားချက်တွေအတိုင်းပဲ ပြန်ဆိုမှာပါ၊ အဲဒီအချိန်တွေကို တွေးတော လွမ်းဆွတ်ရင်း ဆိုမယ်၊ အဲဒီအချိန်ကအတိုင်းပဲ ပရိသတ်တွေလည်း ခံစားရမှာပါ၊ ကိုမင်းချစ်သူရေးပေးခဲ့တဲ့ သီချင်းတွေ ကျွန်တော်တို့ ညီအစ်ကိုတွေ ထွက်ခဲ့ကြတာ လျှပ်စစ်မိုးကောင်းကင် ၁၂ ထဲက သီချင်းတွေဆိုကြမှာပါ။ မတ် ၂၄ရက်ကို မြန်မြန်ရောက်ချင်ပြီ"ဟု အဆိုတော် ဂျေမောင်မောင်ကလည်း ပြောကြားသည်။ 90's Rock Legends Show ပွဲ လက်မှတ်များကို ငွေကျပ် ၅၀၀၀၀၊ ၃၀၀၀၀၊ ၁၀၀၀၀ ဖြင့် မန်းသီရိ တေးသံသွင်း၊ My Granden စသည်တို့တွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**ကိုလင်း**

# ပထမဆုံးရုပ်သေးပွဲတော် မကြာမီလာမည်မျှော်



မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး (ဗဟို) မှ ကြီးမှူး၍ မြန်မာနိုင်ငံရုပ်စုံ ရုပ်သေးပညာရှင်များ ထိန်းသိမ်းမြှင့်တင်ရေးကော်မတီမှ ကျင်းပမည့် ပထမဆုံးအကြိမ် နိုင်ငံတကာ ရုပ်သေးပွဲတော်ကြီးကို မတ် ၂၅ ရက် နံနက် ၉ နာရီ မှ ည ၉ နာရီအထိ ရန်ကုန်မြို့ အမျိုးသား ဇာတ်ရုံ၌ ဝင်ကြေးအခမဲ့ဖြင့် ကျင်းပမည် ဖြစ်သည်။

"ဒီပွဲကြီးဖြစ်လာတာကတော့ ဆရာမတို့ မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး ဗဟိုရဲ့ဥက္ကဋ္ဌ ဖိုးချစ်က သဘင်အလွှာတွေ အရပ်ရပ် ကော်မတီပြန်ဖွဲ့ချိန်မှာ ရုပ်သေးကိုပါ ကော်မတီပြန်ဖွဲ့ပါ တယ်၊ ဆရာမတို့ ဒီရုပ်သေးကို ဖော်ထုတ် ထိန်းသိမ်းမြှင့်တင်မယ်ဆိုပြီးတော့ တစ်ခုပြီးတစ်ခု လုပ်ကိုင်ခဲ့ပါတယ်၊ ဒါကြောင့် ကမ္ဘာကလည်း မြန်မာရုပ်သေးတွေ ကျယ်ကျယ်ပြန့်ပြန့် အခုလို ပွဲကြီးကျင်းပတာ ဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ရုပ်စုံရုပ်သေးပညာရှင်များ ထိန်းသိမ်းမြှင့်တင်ရေး ကော်မတီဥက္ကဋ္ဌ ဒေါ်မမနိုင်က ပြောသည်။

အဆိုပါ ပွဲတော်ကြီးတွင် ပါဝင်မည့်နိုင်ငံများမှာ ဩစတြေးလျ၊ ပြင်သစ်၊ အစ္စရေး၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ ထိုင်း၊ အမေရိကန်ပြည်ထောင်စုနှင့် မြန်မာစသည်တို့မှ ရိုးရာယဉ်ကျေးမှုများ နှီးနှော ဖလှယ်ကြမည်ဖြစ်သည်။

**ကိုလင်း**

# ကချင်ပြည်နယ်ရှိစစ်ဘေးသင့်ဒေသသို့ ထပ်မံလှူဒါန်းရန် မနောအလှဂီတရန်ပုံငွေပွဲ ကျင်းပမည်

ကချင်ဒေသ စစ်ဘေးသင့်ပြည်သူများကို ထပ်မံလှူဒါန်းရန်အတွက် One Iness Charity Fashion Show အဖြစ် မတ် ၂၅ ရက်နေ့ ညနေ ၆ နာရီတွင် ရန်ကုန်မြို့ပြည်လမ်းရှိ တော်ဝင်ဂါးဒင်းဟိုတယ် ရှစ်လွှာတွင် "မနောအလှ" ပရဟိတအဖွဲ့မှ ဦးစီးပြီး ကျင်းပသွားမည်ဟု သိရသည်။



"ကျွန်မတို့ မနောအလှပရဟိတအဖွဲ့အနေနဲ့ ကချင်ပြည်နယ်အနှံ့မှာရှိတဲ့ စစ်ဘေးသင့် ပြည်သူတွေကို ၂၀၁၂ ခုနှစ်က သွားရောက်လှူဒါန်းခဲ့ပါတယ်၊ အဲဒီတုန်းက ကျွန်မတို့ "မနောအလှဂီတည" အမည်နဲ့ ဂီတရန်ပုံငွေပွဲလုပ်ခဲ့ပါတယ်၊ အလှူငွေတွေလည်း အများကြီးရရှိခဲ့ပါတယ်၊ သွားရောက်လှူဒါန်းတဲ့အခါမှာလည်း ကျွန်မတို့အနေနဲ့ ကချင်ပြည်သူတွေမှ မဟုတ်ပါဘူး၊ ကျွန်မကိုယ်တိုင်ခရစ်ယာန် ဘာသာဝင်တစ်ယောက်ဆိုပေမယ့် ဒေသမှာရှိတဲ့ ဗုဒ္ဓဘာသာဝင်တွေနဲ့အတူ အခြားဘာသာဝင်တွေ အားလုံးကိုပါ အနှံ့ရှာဖွေစုံစမ်းပြီး လှူဒါန်းမှုတွေလုပ်ခဲ့ပါတယ်၊ ကျွန်မတို့အနေနဲ့ အလှူရှင်တွေရဲ့ အလှူငွေတွေကို ထိရောက်စွာနဲ့ လှူဒါန်းခဲ့တဲ့အကြောင်းကိုလည်း မီဒီယာတွေမှာ စာရင်းဇယား အားလုံးတရားဝင် ကြေညာခဲ့တာမျိုးတွေလည်းရှိပါတယ်၊ အခုလို စစ်ဘေးသင့်အပြင် ရေဘေးသင့်ဒေသတွေ အများကြီးကိုလည်း လှူဒါန်းခဲ့တာမျိုးတွေရှိပါတယ်၊ အခုပြုလုပ်မယ့် ဖက်ရှင်ပွဲကလည်း ကျွန်မတို့မှာ ရန်ပုံငွေအင်အားနည်းသွားတာကြောင့် ပြန်ပြီးကျင်းပရတာဆိုရင်လည်း မမှားပါဘူး၊ ဘဏ်မှာအားလုံး လက်ကျန်ငွေ ၁၅ သိန်း လောက်ပဲ ကျန်ရှိပါတော့တယ်၊ ဒါကြောင့်မို့ ရန်ပုံငွေပွဲလေးလုပ်ရတာပါ" ဟု မနောအလှ ပရဟိတအဖွဲ့မှ ဒုဥက္ကဋ္ဌ ဒေါ်အယ်လ်ခွန်းရီက ပြောကြားသည်။

အဆိုပါပွဲတွင် ကချင်ဒီဇိုင်နာ ရှစ်ဦး၏ လက်ရာများကိုမော်ဒယ်လ် အယောက် ၅၀ တို့နှင့် ကချင် အနုပညာရှင်များကလည်း ဝတ်ဆင်ပြသမည်ဖြစ်သည်။ အဆိုတော်များဖြစ်ကြသည့် L လွန်းဝါ၊ Lဆိုင်းဇီ၊ ရေဗက္ကာဝင်း၊ Nကိုင်ရာ၊ နောနော်၊ ဂျတ်စ်ဆန်ထွန်း၊ ချမ်းချမ်း၊ နီနီခင်ဇော်၊ အိုင်ရင်းဇင်မာမြင့်၊ ဖြူဖြူကျော်သိန်းတို့က တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမည်ဖြစ်သည်။ ရန်ပုံငွေလက်မှတ်များကို ငွေကျပ်တစ်သောင်းနှင့် နှစ်သောင်းဟူ၍ သတ်မှတ်ထားပြီး ငွေကျပ် တစ်သိန်း အထက်အလှူရှင်များကို အထူးတန်း လက်မှတ်ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။ **ကိုလင်း**




# အနုပညာထက် စီးပွားရေးဘက်ကို အားသန်သွားခဲ့သည့် ခင်သီဂီ

မော်ဒယ်လ်လောကတွင် ကျင်လည်ခဲ့သူတစ်ဦးဖြစ်သည့် ခင်သီဂီက အနုပညာလုပ်ငန်းများထက် လက်ရှိတွင် စီးပွားရေးကိုသာ ပိုမိုအားသန်နေပြီဖြစ်ကြောင်းပြောသည်။ ပုဂံ-ညောင်ဦး မြင်းခြံလမ်းတွင် Royal KK Hotel ကို ဖွင့်လှစ်ထားသည့် ခင်သီဂီက မတ်လအတွင်း အဆိုတော် ဟဲလေး၊ ဇွဲပြည့်၊ ဖြိုးပြည့်စုံ၊ အောင်ထက်၊ ဂျူဝဲ၊ အိမ့်ချစ်၊ နီနီခင်ဇော်တို့ ပါဝင်တင်ဆက်ခဲ့သည့် အမှတ်တရဟိုတယ် ဖွင့်ပွဲ စတိတ်ရှိုးကို ကျင်းပထားသည်။

"အသက် ၁၈ နှစ်လောက်တုန်းက မင်းသမီးဖြစ်ချင်ခဲ့တယ်၊ ဆရာ ဂျွန်လွင်ဆီမှာ မော်ဒယ်လ်သင်တန်းတက်ခဲ့တယ်၊ ၁၉၉၅ ခုနှစ်လောက်ကပေါ့၊ နောက်ပိုင်းမှာ အိမ်ထောင်ကျပြီး အနုပညာကို ဝါသနာပါပေမယ့် ဆက်လုပ်ဖို့အတွက် အချိန်မပေးဖြစ်တော့ဘူး၊ အခုတော့ စီးပွားရေးလောကထဲမှာ ကျင်လည်နေပါပြီ"ဟု ၎င်းက ပြောသည်။ သူ့အနေဖြင့် အနုပညာလောကကို ချစ်မြတ်နိုးကြောင်း၊ အနုပညာဖျော်ဖြေပွဲများကိုလည်း မကြာခဏ ကျင်းပသွားလိုကြောင်း သိရသည်။

**ကိုလင်း**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

# ချစ်သူအသစ်နဲ့ စုံတွဲခုတ်လာတဲ့ မင်းသမီးချော အီမာဝပ်ဆန်

ဟယ်ရီပေါ်တာ မင်းသမီးချော အီမာဝပ်ဆန်ဟာ မကြာသေးခင်ကပဲ နှစ်နှစ်ကျော်ကြာ လက်တွဲခဲ့တဲ့ ချစ်သူနဲ့လမ်းခွဲခဲ့ပါတယ်။ အဲဒီနောက်မှာတော့ သူ့ချစ်သူအသစ်ဟာ ဘယ်သူဖြစ်မလဲလို့ လူအများကစိတ်ဝင်စားခဲ့ကြပါတယ်။ သူရဲ့ချစ်သူအသစ်ကတော့ အမေရိကန်အဆိုတော်နဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ ကော့ခ်ပဲ ဖြစ်တယ်။ သူတို့နှစ်ဦးတွဲနေကြပြီလို့ သတင်းတွေထွက်ပေါ်ခဲ့ကြပေမယ့် ကောလာဟလအဖြစ်သာ တည်ရှိခဲ့ပါတယ်။ အခုလို သူတို့နှစ်ယောက် လက်ချင်းတွဲပြီးအပြင်ကို ထွက်လာခဲ့တဲ့အခါမှာတော့ ဒီကောလာဟလတွေဟာ အတည်ဖြစ်လာခဲ့ပါတော့တယ်။


အီမာဝပ်ဆန်ဟာ ဟယ်ရီပေါ်တာ၊ Beauty and the Beast ဇာတ်ကားတွေနဲ့အောင်မြင်လာတဲ့ မင်းသမီးဖြစ်ပြီး သူ့ရဲ့ချစ်သူ ကော့ခ်ကတော့ Sam Evans ဆိုတဲ့ ရုပ်သံဇာတ်လမ်းနဲ့ အောင်မြင်ပြီး လူသိများလာတာပဲဖြစ်တယ်။ အီမာဝပ်ဆန်ဟာ အခုဆိုရင်အသက် ၂၇နှစ် ရှိပြီဖြစ်ပြီး သူ့ချစ်သူသစ် ကော့ခ်ကတော့ အသက်၂၉နှစ်ရှိပြီဖြစ်တဲ့ လူချောလေး တစ်ယောက်ပါပဲ။ သူတို့နှစ်ဦးစလုံးကတော့ သူတို့စုံတွဲခုတ်နေတဲ့အကြောင်းနဲ့ပတ်သက်ပြီး ဘာမှထုတ်ဖော်ပြောကြားခြင်း မရှိကြပါဘူး။ အီမာဝပ်ဆန်ဟာ သူ့ရဲ့ကိုယ်ရေးကိုယ်တာအကြောင်းတွေကို လူသိမခံချင်သူလည်းဖြစ်တယ်။ သူအရင်ဖြေကြားခဲ့တဲ့အင်တာဗျူးမှာတော့ သူ့ချစ်သူအကြောင်း မဖြေချင်ဘူး။ သူ့အိမ်နားမှာ ပါပါရာဇီတွေ တဝဲဝဲလည်နေတာလည်းမကြိုက်ဘူးလို့ ဖြေခဲ့ပါတယ်။ အီမာဝပ်ဆန်ဟာ လတ်တလောမှာတော့ အမျိုးသမီးတွေ ရုပ်ရှင်လုပ်ငန်းခွင်မှာ အကြမ်းဖက်ခံရမှု၊ ခွဲခြားဆက်ဆံခံရမှုတို့ကို ဆန့်ကျင်တဲ့လှုပ်ရှားမှုအဖွဲ့ကို ရန်ပုံငွေတွေ လှူဒါန်းထားပါတယ်။ **ဟယ်လို**



# ဝင်ငွေတစ်ဘီလီယံကျော်ရရှိနေပြီဖြစ်တဲ့ Black Panther

အမေရိကန် စူပါဟီးရိုးဇာတ်ကားဖြစ်တဲ့ Black Panther ရုပ်ရှင်ကားဟာ တစ်နိုင်ငံလုံးအနှံ့ရုံတင်ပြသရာမှာတော့ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော် ဝင်ငွေ ရရှိခဲ့ပါတယ်။ ဝေ့ဒစ္စနေက ဖြန့်ဖြူးတဲ့ ဇာတ်ကားတစ်ကားဖြစ်ပြီး မာဗယ်ထုတ်လုပ်ရေးအတွက်တော့ ငါးကြိမ်မြောက် စံချိန်တင်နိုင်ခဲ့ခြင်းလည်း ဖြစ်တယ်။ ဒီဇာတ်ကားမှာ အော်စကာဆုရှင် မင်းသမီး လူပီတာ၊ မိုက်ကယ် ဘီဂျော်ဒန်နဲ့ ချက်ဒ်ဝခ် ဘော့စမန်းတို့က အဓိက သရုပ်ဆောင်တွေအဖြစ် ပါဝင်သရုပ်ဆောင်ထားကြပါတယ်။ သမ္မတကတော် မီရှယ်အိုဘားမားအပါအဝင် လူအများကြီးရဲ့ ချီးကျူးမှုကိုရရှိထားတဲ့ ရုပ်ရှင်ဇာတ်ကားလည်းဖြစ်တယ်။ စိတ်ကူးယဉ်လို့ကောင်းမယ့် ဇာတ်လမ်းတစ်ပုဒ်လည်းဖြစ်တယ်။ လူတိုင်းလူတိုင်းဟာ သူတို့ရဲ့ ကိုယ်ပိုင်ဇာတ်လမ်းတွေမှာ စူပါဟီးရိုးတော့ဖြစ်နိုင်ကြတာပါပဲလို့ မီရှယ်အိုဘားမားက တွစ်တာမှာ ရေးသားခဲ့ပါတယ်။

ဒီဇာတ်ကားဟာ ရုံတင်ပြသပြီး ၂၆ရက်မြောက်နေ့မှာပဲ ဒေါ်လာ တစ်ဘီလီယံကျော်ရရှိခဲ့တာပဲဖြစ်တယ်။ ဘီလီယံနဲ့ချီပြီး ရရှိတဲ့ ဇာတ်ကားတွေကတော့ ၂၀၁၂ခုနှစ်က ဂျိမ်းစ်ဘွန်းဇာတ်ကားဖြစ်တဲ့ Skyfall၊ ၂၀၁၇ ခုနှစ် အီမာဝပ်ဆန် ပါဝင်ခဲ့တဲ့ Beauty and the Beast တို့ ဖြစ်ကြပါတယ်။ Black Panther လိုပဲ အောင်မြင်ခဲ့တဲ့ စူပါဟီးရိုး ရုပ်ရှင်ကားတွေကတော့ Iron Man၊ Thor နဲ့ Captain America တို့ပဲ ဖြစ်ကြပါတယ်။ **ဘီဘီစီ**



ဖြိုး

# (၁၀၇) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားညီလာခံတက်ရောက်မည့် အလုပ်သမားကိုယ်စားလှယ်များ ရွေးချယ်ပြီ

ခင်ရတနာ

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ နှစ်ပတ်လည်ညီလာခံကြီးကို မကြာမီ ကျင်းပတော့မည်ဖြစ်သည်။ ညီလာခံတက်ရောက်ကြမည့် သုံးပွင့်ဆိုင်မြန်မာကိုယ်စားလှယ်အဖွဲ့တွင် ပါဝင်တက်ရောက်ကြမည့် အလုပ်သမားကိုယ်စားလှယ်နှင့် အလုပ်ရှင်ကိုယ်စားလှယ်များ ရွေးချယ်ရေးကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (အိုင်အယ်လ်အို)၏ စည်းမျဉ်း၊ စည်းကမ်း၊ စံနှုန်းများနှင့်အညီ ရွေးချယ်နိုင်ရန် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သက်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်များနှင့် အလုပ်ရှင်အဖွဲ့အစည်းများသို့ စတင်နှိုးဆော်နေပြီဖြစ်သည်။

**ကုလသမဂ္ဂ၏ အထူးသီးသန့် အဖွဲ့အစည်းတစ်ခု**

အိုင်အယ်လ်အိုသည် ၁၉၁၉ခုနှစ်တွင် ပထမကမ္ဘာစစ်ပြီးဆုံး၍ စစ်နိုင်သည့် မဟာမိတ်နိုင်ငံများ ချုပ်ဆိုခဲ့သော ဗာဆိုင်းစစ်ပြေငြိမ်းချမ်းရေးစာချုပ်အရ တည်ထောင်ခဲ့သည့် နိုင်ငံပေါင်းချုပ်အသင်းကြီး၏ ကိုယ်ပိုင်ရပ်တည်ခွင့် ရရှိခဲ့သောအဖွဲ့အဖြစ် အသိအမှတ်ပြုခံခဲ့ရပြီး ၁၉၁၉ခုနှစ် ဧပြီလ ၁၁ ရက်နေ့တွင် စတင်ပေါ်ပေါက်လာခဲ့ကာ ကမ္ဘာအရပ်ရပ်ရှိ အလုပ်သမားရေးရာ ပြဿနာများကို အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားကိုယ်စားလှယ်များက သုံးပွင့်ဆိုင်စနစ်ဖြင့် ဖြေရှင်းဆောင်ရွက်ပေးနေသည့် အဖွဲ့အစည်းတစ်ခုလည်း ဖြစ်ပါသည်။

စတင်တည်ထောင်ခဲ့စဉ်က အဖွဲ့ဝင်နိုင်ငံ ၄၅နိုင်ငံသာရှိသော်လည်း ယခုအခါ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၈၇ နိုင်ငံအထိ ပါဝင်လာခဲ့ပြီဖြစ်သည်။ ဒုတိယကမ္ဘာစစ်ဖြစ်ပွားပြီးနောက် နိုင်ငံပေါင်းချုပ်အသင်းကြီး ချုပ်ငြိမ်းသွားသော်လည်း အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့မှာ ကုလသမဂ္ဂ၏ အထူးသီးသန့်အဖွဲ့အစည်းတစ်ခုအဖြစ် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။ အိုင်အယ်လ်အိုအဖွဲ့အစည်းသည် ထာဝစဉ်ငြိမ်းချမ်းသာယာမှုရှိစေရန်နှင့် လူမှုရေးတရားမျှတမှုကို အခြေခံအဖြစ် ခံယူထားပြီး လူများစုဖြစ်သော အလုပ်သမားထုအပေါ် မတရားအနိုင်ကျင့်မှု၊ ၎င်းတို့၏ ဆင်းရဲနွမ်းပါးမှု၊ မကျေနပ်မှုများသည် ကမ္ဘာငြိမ်းချမ်းသာယာရေးကို အန္တရာယ်ဖြစ်စေနိုင်သောကြောင့် အလုပ်အကိုင်ရရှိရေး၊ ထိုက်တန်သော လုပ်ခရရှိရေး၊အလုပ်ချိန်ကန့်သတ်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် လေ့ကျင့်ရေးအပါအဝင် အလုပ်သမားရေးရာကိစ္စများကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း အိုင်အယ်လ်အိုမှ သိရသည်။

**ညီလာခံယန္တရားကြီးတစ်ခုလည်းဖြစ်**

ထိုလုပ်ငန်းများဆောင်ရွက်ရာတွင် အိုင်အယ်လ်အို အဖွဲ့ရုံး၊ အုပ်ချုပ်မှုအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ ညီလာခံဟူ၍ အဓိကယန္တရားကြီး သုံးရပ်ဖြင့် ကြီးကြပ်ဆောင်ရွက် လျက်ရှိရာ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ ညီလာခံသည် ဆုံးဖြတ်ပိုင်ခွင့်ရှိသော အဆင့်မြင့်ဆုံး အလုပ်သမားထုအားလုံးနှင့် သက်ဆိုင်သည့် ညီလာခံယန္တရားကြီးတစ်ခုလည်း ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံကို နှစ်စဉ်ဇွန်လတွင် အဖွဲ့ရုံးတည်ရှိရာ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကျင်းပလေ့ရှိပြီး အဖွဲ့ဝင်နိုင်ငံအသီးသီးမှ အစိုးရကိုယ်စားလှယ်နှစ်ဦး၊ အလုပ်သမားကိုယ်စားလှယ်တစ်ဦး၊ အလုပ်ရှင်ကိုယ်စားလှယ်တစ်ဦးနှင့် အကြံပေးပုဂ္ဂိုလ်များ ပါဝင်တက်ရောက်ခွင့်ရှိသည်။ ညီလာခံအတွင်း အလုပ်သမားရေးရာပြဌာန်းချက်များနှင့် တိုက်တွန်းချက်များ အတည်ပြုချမှတ်ခြင်း၊ ပြင်ဆင်ရေးဆွဲခြင်း၊ အလုပ်သမားရေးရာစံများ လိုက်နာကျင့်သုံးမှုစစ်ဆေးခြင်း၊ ဘဏ္ဍာငွေရေးကြေးရေးဆိုင်ရာကိစ္စများ အတည်ပြုခြင်းတို့ကို သုံးပွင့်ဆိုင် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

> "၂၀၁၈ ခုနှစ် ဇွန်လတွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ (၁၀၇) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာ ညီလာခံကြီးကို ကျင်းပတော့မည် ဖြစ်သည်၊ အဆိုပါ ညီလာခံကြီးတွင် တက်ရောက်ရန်အတွက် အလုပ်သမားကိုယ်စားလှယ် ရွေးချယ်ရေးကိစ္စရပ်များကို ဝန်ကြီးဌာနနှင့် တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိနေပြီဖြစ်"

ညီလာခံတက်ရောက်မည့် ကိုယ်စားလှယ်အဖွဲ့၏ အမည်စာရင်းကို အိုင်အယ်လ်အိုဖွဲ့စည်းပုံ စည်းမျဉ်းအပိုဒ် ၃(၅) အရ ဝန်ကြီးဌာနမှတစ်ဆင့် ညီလာခံကျင်းပရေးကော်မတီသို့ တင်သွင်းရသဖြင့် အလုပ်သမားကိုယ်စားလှယ် အမည်စာရင်းတင်သွင်းရန် အလုပ်သမားကိုယ်စားလှယ်နှင့် အကြံပေးပုဂ္ဂိုလ်များ သတ်မှတ်ရာတွင် ပြည်သူ့အာဏာပိုင်တို့၏ ဝင်ရောက်စွက်ဖက်မှုမှ ကင်းလွတ်ပြီး အလုပ်သမားအဖွဲ့အစည်းများ အချင်းချင်း ညှိနှိုင်း၍ကိုယ်စားပြုမှုအများဆုံးဖြစ်သော အဖွဲ့အစည်း၏ သဘောတူညီချက်ကို ရယူရမည်ဟု ပြဋ္ဌာန်းထားသည်။ ထိုသို့ညှိနှိုင်း၍မရသော အခြေအနေတွင် အစိုးရသည် မည်သည့် အဖွဲ့အစည်းသည် ကိုယ်စားပြုမှု အများဆုံးဖြစ်သည်ဟု အတည်ပြုနိုင်သော စံနှုန်းများအပေါ် အခြေခံပြီး သတ်မှတ်အကဲဖြတ်ရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

**အလုပ်သမားကိုယ်စားလှယ်ရွေးချယ်ရေး**

အလုပ်သမားကိုယ်စားလှယ် ရွေးချယ်ရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံတွင်လည်း လုပ်ဆောင်လျက်ရှိရာ အလုပ်သမား အဖွဲ့အစည်းများမဖွဲ့စည်းနိုင်ချိန်ကအလုပ်သမားအင်အားစုများ အများဆုံးတည်ရှိနေသည့် စက်မှုဇုန်များမှ ရွေးချယ်တက်ရောက်စေခဲ့ပြီး ၂၀၁၁ ခုနှစ် အလုပ်သမားအဖွဲ့အစည်း ဥပဒေပြဋ္ဌာန်းခဲ့ပြီးနောက် အလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းပြီးချိန်မှစတင်ကာ အလုပ်သမားထုကိုယ်စားပြုကိုယ်စားလှယ်ကို အလုပ်သမားအဖွဲ့အစည်းများမှ ရွေးချယ်စေခဲ့ကြောင်း သိရသည်။

၂၀၁၂ ခုနှစ် ညီလာခံသို့တက်ရောက်ရန် အလုပ်သမားကိုယ်စားလှယ်များ ရွေးချယ်ရာတွင် ဖွဲ့စည်းပြီးဖြစ်သည့် အခြေခံအလုပ်သမားအဖွဲ့အစည်း ၁၄ဖွဲ့မှ ကိုယ်စားလှယ်များ စုစည်းကာ လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်ခဲ့ကြပြီး ၂၀၁၃ ခုနှစ်တွင် တိုင်းဒေသကြီးနှင့်ပြည်နယ် နှင့် အဖွဲ့ချုပ်များ ဖွဲ့စည်းနိုင်ခြင်းမရှိသေးခြင်းကြောင့်အခြေခံနှင့် မြို့နယ်အဆင့် ဖွဲ့စည်းပြီးဖြစ်သည့် အလုပ်သမား အဖွဲ့အစည်း ၅၀၀ ကျော်အနက်မှ ကိုယ်စားလှယ်များကို စုစည်းဖိတ်ကြားကာ အဆင့်ဆင့်မဲပေးရွေးချယ်ခဲ့ကြသည်။ ၂၀၁၄ခုနှစ် နှင့် ၂၀၁၅ ခုနှစ်တို့တွင်မူ အဖွဲ့ချုပ်များနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့တို့ကို ဖွဲ့စည်းတည်ထောင်ခွင့်ပေးခဲ့သော်လည်း ၂၀၁၄ ခုနှစ်မှ ၂၀၁၇ခုနှစ်အထိ ကာလများတွင် အိုင်အယ်လ်အို စည်းမျဉ်းများနှင့်အညီ အလုပ်သမား အဖွဲ့အစည်းအချင်းချင်းညှိနှိုင်း၍ ကိုယ်စားပြုမှုအများဆုံးကိုယ်စားလှယ်ကို ရွေးချယ်ပေးနိုင်ခြင်းမရှိခဲ့သည်ကို ဝမ်းနည်းဖွယ်မြင်တွေ့ရသည်။ ထို့ကြောင့် အိုင်အယ်လ်အို၏ စံနှုန်းများနှင့်အညီ ဝန်ကြီးဌာနမှ ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

**အကြိုညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့**

၂၀၁၈ ခုနှစ် ဇွန်လတွင် ဆွစ်ဇာလန်နိုင်ငံဂျီနီဗာမြို့၌ (၁၀၇) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာ ညီလာခံကြီးကို ကျင်းပတော့မည်ဖြစ်သည်။ အဆိုပါ ညီလာခံကြီးတွင် တက်ရောက်ရန်အတွက် အလုပ်သမားကိုယ်စားလှယ်ရွေးချယ်ရေးကိစ္စရပ်များကို ဝန်ကြီးဌာနနှင့် တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်။ ဇန်နဝါရီ ၂၀ရက်က ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ရန်ကင်း)၌လည်း အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဦးဆောင်ပြီး အလုပ်သမားကိုယ်စားလှယ် ရွေးချယ်ရေး အကြိုညှိနှိုင်း အစည်းအဝေးကို ပြုလုပ်ခဲ့ကြောင်း ဝန်ကြီးဌာနမှ သိရသည်။

အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၊ မြန်မာနိုင်ငံ တောင်သူလယ်သမားနှင့် အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ တောင်သူလယ်သမား စိုက်ပျိုးရေးနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းဆိုင်ရာ အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ်၊ မြန်မာနိုင်ငံစက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ်နှင့် အိုင်အယ်လ်အိုရန်ကုန်မှ ဆက်သွယ်ရေးအရာရှိ မစ္စတာ ရိုနီမန်ဂိုဇန်တို့ တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးတွင် အလုပ်သမားကိုယ်စားလှယ်ကို အချိန်မီရွေးချယ်ရေးအတွက် အလုပ်သမားအဖွဲ့ချုပ်များအချင်းချင်း ညှိနှိုင်းရွေးချယ်ရန်၊ သတ်မှတ်ကာလအတွင်း အဖွဲ့ချုပ်များ အချင်းချင်းသဘောတူညီမှု မရရှိပါက ဝန်ကြီးဌာနမှ အလုပ်သမားကိုယ်စားလှယ်ရွေးချယ်ရေးကို အိုင်အယ်လ်အို၏ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရန် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ အပါအဝင် အလုပ်သမားအဖွဲ့ချုပ်များမှ အလှည့်ကျစနစ်ဖြင့် ရွေးချယ်တက်ရောက်ရန် စသည်ဖြင့် နည်းလမ်းများကို တင်ပြဆွေးနွေးခဲ့ကြသည်။

သို့သော် အစည်းအဝေးတွင် အဖွဲ့ချုပ်များအချင်းချင်း ညှိနှိုင်းဆွေးနွေးသဘောတူညီမှုများမရရှိသဖြင့် ဝန်ကြီးဌာနမှ အိုင်အယ်လ်အို၏ ပြဋ္ဌာန်းချက်များနှင့်အညီ ရွေးချယ်ပေးရန် ကြားဝင်ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။ အစည်းအဝေးဆုံးဖြတ်ချက်အရ သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ၏ အမည်စာရင်းကို ဖေဖော်ဝါရီလအတွင်း ကောက်ခံခဲ့ပြီး ကိုယ်စားပြုသည့် အဖွဲ့ဝင်အရေအတွက်၊ ကိုယ်စားပြုသည့် အဖွဲ့အစည်းအရေအတွက်( အဖွဲ့ချုပ်၊တိုင်းဒေသကြီးနှင့် ပြည်နယ်၊ မြို့နယ်နှင့် အခြေခံ အဖွဲ့အစည်းများ ပါဝင်မှု)၊ ကိုယ်စားပြုသည့် လုပ်ငန်းကဏ္ဍအမျိုးအစားနှင့် အရေအတွက်၊ ကိုယ်စားပြုသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အရေအတွက်တို့ကို တောင်းခံခဲ့ကြောင်း အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ သိရသည်။

ဝန်ကြီးဌာနမှ အကြောင်းပြန်ကြားချက်များကို ပေးပို့ထားကြသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၊ မြန်မာနိုင်ငံ တောင်သူလယ်သမားနှင့် စိုက်ပျိုးရေး အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ တောင်သူလယ်သမား၊ စိုက်ပျိုးရေးနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းဆိုင်ရာ အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ်၊ မြန်မာနိုင်ငံစက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်တို့ထံက အချက်အလက်များကို ရရှိထားပြီး စိစစ်ဆောင်ရွက်နေပြီဖြစ်သည်။

မကြာမီတွင် ညီလာခံကြီးသို့ တက်ရောက်နိုင်မည့် အလုပ်သမားကိုယ်စားလှယ်ကို ရွေးချယ်ပေးနိုင်တော့မည်ဖြစ်ရာကောင်းမွန်ပြည့်စုံသော အလုပ်သမားရေးရာ မူဝါဒများကို ချမှတ်နိုင်ရေး လုပ်အကိုင်များပိုမိုရရှိပြီး လုပ်သားဈေးကွက် ပိုမိုကောင်းမွန်လာစေရေးအတွက် အပြည်ပြည်ဆိုင်ရာအလုပ်သမား ရေးရာအဖွဲ့အပါအဝင် ပြည်တွင်းပြည်ပ အဖွဲ့အစည်းအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်နိုင်တော့မည်ဖြစ်ပါကြောင်း။ ။

# တပေါင်း တန်ခူး ဝမ်းမနူးနှင့်

**ကြည်လွင်မြင့် (မုံရွာ)**

ယခုရောက်ရှိနေသော အင်္ဂလိပ် မတ်လသည် ပြက္ခဒိန်ကြည့်လျှင် တပေါင်း-တန်ခူးဟူသော မြန်မာလနှင့် တွဲလျက်ရှိကြသည်။ ခရစ်သက္ကရာဇ် ၂၀၁၈ ခုနှစ်ဟု သိကြသော်လည်း မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ်ကို လူသိနည်းကြသည်။ သာသနာတော်နှစ်မှာ ၂၅၆၁ ဖြစ်သည်။ မြန်မာလူမျိုး ကျောင်းသားများကို မေးကြည့်လျှင် မြန်မာလ မြန်မာသက္ကရာဇ်ကို ပြောနိုင်သူမှာ အလွန်ရှားသွားပြီဖြစ်သည်။

ဥတုဘောဇန သင်္ဂဟကျမ်းအလို ဝသန္တဥတု။ ။တပေါင်း၊ တန်ခူးလတို့သည် ဝသန္တဥတုမည်၏။ လောကသည် စဉ်းငယ်ပူ၏။ ကောင်းကင်ကြည်လင်၏။ အရွက်နုတို့ဖြင့် သစ်ပင်တို့သည် တင့်တယ်ကုန်၏။ ပေါက်၊ ချရား၊ သော်က၊ သရဖီ အစရှိသော ပန်းတို့သည် ပွင့်ကုန်၏။ ဥသြငှက်၊ ပျား၊ ပိတုန်းတို့ဖြင့် ပြွမ်းကုန်၏။

တောင်လေလာ၏။ သလိပ်ပျက်၏။ လောက မခြောက်၊ ချိုဆိမ့်သောအရသာရှိသော အမြစ်၊ အရွက်၊ အသီးမျိုး အားရှိ၏။ အချို၊ အဆိမ့်၊ အဖန်၊ အေးသော၊ ကြေခဲသောအစာ၊ နေ့၌အိပ်ခြင်း၊ တက်သောအစာတို့ကို ကြဉ်ရှောင်အပ်ကုန်၏။

အပင်ပန်းခံခြင်း၊ နှိပ်နယ်ခြင်း၊ အခိုးသောက်ခြင်း၊ ချဉ်စပ်သောအရသာရှိသည့် အရည်တို့နှင့် လုတ်ဆေးခြင်း၊ မျက်စဉ်းခတ်ခြင်း၊ နှာနှပ်ခြင်း၊ သလိပ်ထွက်အောင် အန်ဆေးတိုက်ခြင်းတို့ကို ရှောင်အပ်၏။ ကြစုသီးနှင့် ပျားရည်၊ ကြည်းကုန်း၌ ကျက်စားသော သားငှက်တို့၏အသား၊ ထောပတ်သုတ်၍ ကင်သော အသား၊ စိမ့်စမ်းရေ၊ တံခွန်ရေတို့ကို မှီဝဲသုံးဆောင်အပ်ကုန်၏။ ကရမက်၊ ပရုတ်၊ သားလုကျေးဖူးတို့ကို လိမ်းကျံအပ်ကုန်၏။ ကြေလွယ်၍ သလိပ်ကိုနိုင်သော အစပ်၊ အပူ၊ အငန်၊ အခါး အရသာတို့ကို စားအပ်ကုန်၏။ ချိပ်၊ ဆူးပန်း၊ ပိန္နဲအစရှိသော ဖန်ရည်တို့ဖြင့် ဆိုးအပ်သော စောင်၊ ပုဆိုးတို့ကို ဝတ်ရုံအပ်ကုန်၏။

ဝသန္တဥတု(တပေါင်း၊ တန်ခူး)နှင့် ဝဿာနဥတု (ဝါဆို၊ ဝါခေါင်) လွဲမှားတတ်သည်။ အမှတ်မမှားရန်လိုသည်။

၁။ ဝဿာနဥတု၌ ညနေဆည်းဆာအခါ လေပျက်၏။
၂။ သရဒဥတု၌ သန်းခေါင်အခါ သည်းခြေပျက်၏။
၃။ သိသိရဥတု၌ ညဦ့အဆုံး လေပျက်၏။
၄။ ဝသန္တဥတု၌ နံနက်အခါ လေပျက်၏။
၅။ ဂိမှဥတု၌ မွန်းတည့်အခါ သည်းခြေပျက်၏။

ဆေးပညာ ဥပဒေသအားဖြင့် နံနက်ပိုင်းသည် သလိပ်ချိန်၊ နေ့လယ်ချိန်သည် သည်းခြေချိန်၊ ညနေပိုင်းသည် လေချိန်ဖြစ်သည်။ ဝသန္တဥတု၌ နံနက်အခါ သလိပ်ပျက်၏ဟုဆိုသောကြောင့် ယခုမတ်လတွင် နံနက်စောစော အိပ်ရာထချိန်များတွင် လူကြီးများမှာ အအေးပပ်သလိုဖြစ်ပြီး သလိပ်ထွက်ခြင်း၊ သလိပ်ထွေးရခြင်း၊ နံနက်စောစော အစာမစားချင်ခြင်း၊ ဝမ်းချုပ်ခြင်းတို့ ဖြစ်တတ်သည်။

**ဝမ်းပျက် ဝမ်းလျှောခြင်း**

နံနက်အိပ်ရာထတွင် သလိပ်ပွ အထက်ဆန်ပြီး ဝမ်းချုပ်ခြင်းကြောင့် လူကြီးများ ဝမ်းနုတ်ဆေးစားလေ့ရှိသည်။ ဝမ်းနုတ်မှားလျှင် ဝမ်းလျှော၊ ဝမ်းပျက် ရောဂါဖြစ်ပြီး ဆေးခန်း၊ ဆေးရုံရောက်ရသူများရှိသည်။ နွေဦး လေရူးနှင့် ဝမ်းနူးစာကြောင့်လည်း ဝမ်းပျက်၊ ဝမ်းလျှော ဖြစ်တတ်သဖြင့် သတိထားရမည့် ရာသီဖြစ်သည်။

ဝမ်းနုတ်ဆေးမဟုတ် ဝမ်းမှန်ဆေးဟုဆိုကာ မန်ကျည်းသီး၊ ရှောက်သီး၊ ရှောက်ခါးသီး စားနေကြသူများပင် တောင်လေတိုက်သော ရာသီတွင် သလိပ်ပွပြီး ဝမ်းချုပ်သဖြင့် မိမိစား နေကျ ဝမ်းမှန်ဆေးကို ပို၍ စားခြင်း၊ နှစ်ဆတိုးစားခြင်း ပြုလုပ် ပြီး ဝမ်းမထိန်းနိုင်သောကြောင့် ဒုက္ခရောက်ရသူများကို တွေ့ရှိ ရသည်။ အချို၊ အဆိမ့်၊ အဖန်၊ အအေးကြိုက်သူများ၊ တက်စာ စားသူများ၊ နေ့၌အိပ်သူများ၊ ဝမ်းနုတ်ဆေးစားသူများသည် တပေါင်း၊ တန်ခူး နှစ်လတွင် ဘေးတွေ့တတ်သဖြင့် ဆင်ခြင် စားသောက်နေထိုင်အပ်သည်။

တပေါင်း၊ တန်ခူးလတွင် ရေစိမ်းသောက်ခြင်းထက် ကျိုချက်ပြီးရေကျက်အေးကို မြေအိုး၊ သဲပါသော စိမ့်အိုးတို့တွင် ထည့်၍သောက်ခြင်းဖြင့် အပူငြိမ်းစေသည်။ မန်ကျည်းမှည့်ဖြင့် ချက်သော ကန်စွန်းရွက်ချဉ်ရည်ဟင်း၊ ရှောက်သီးဖြင့်ချက်သော ကင်မွန်းချဉ်ရွက်ချဉ်ရည်ဟင်း၊ ပြည်ပန်းညိုရွက်ဟင်းချို၊ မန်ကျည်းရွက်နုချဉ်ရည်ဟင်း၊ ထနောင်းရွက်၊ ထနောင်းဖူးသုပ်တို့သည် ယခုရာသီနှင့်သင့်တော်သော ဓာတ်စာများ ဖြစ်ပါသည်။

တပေါင်း၊ တန်ခူးတွင် အဖြစ်များသော ရောဂါများမှာ အစာမကြေရောဂါနှင့် ဝမ်းကိုက်ရောဂါတို့ ဖြစ်သည်။



**အစာမကြေရောဂါအတွက် ဝမ်းမီးတောက်ဆေး**

ဤဆေးကို အစာဖျက်ဆေးဟုလည်းခေါ်သည်။ ကောက်ညှင်း၊ ခေါ်ပုတ်၊ ဆန်စီး၊ ရှမ်းဆန်စသည့် ကြေခဲသောအစာများကို များများစားမိသောအခါ ရင်တောင့်ပြီး အစာမကြေဖြစ်တတ်သည်။ ထိုအခါမျိုးတွင် ဝမ်းမီးတောက်ဆေးကို အစာကြေဆေးအဖြစ် သောက်သုံးနိုင်သည်။ တစ်ခါတစ်ရံ တွဲဖက်၍ မစားသင့်သော အစာများကို အမှတ်တမဲ့စားမိသဖြင့် ပျို့အန်ချင်ဖြစ်သောအခါများတွင် ဤဆေးကို အစားမှား အစာဖျက်ဆေးအဖြစ် သုံးစွဲလျှင် လူကို ဘေးဥပဒ်မပေးဘဲ အစာကြေသွားစေနိုင်သဖြင့် အိမ်တိုင်းဖော်ထားသင့်သော သက်စောင့်ဆေးမျိုးဖြစ်သည်။

မြန်မာလူမျိုးတို့သည် မစားသင့်သောအစာကို စားမိလျှင် တောက်သည်ဟုခေါ်သည်။ အော့ချင် အန်ချင်ဖြစ်ခြင်း၊ တစ်ကိုယ်လုံး ပူလာ ယားလာခြင်း၊ မျက်နှာများနီရဲလာခြင်းကို တောက်သည်ဟု ခေါ်သည်။ အစာအဆိပ်သင့်ခြင်းပင် ဖြစ်သည်။ ထိုကဲ့သို့ဖြစ်လျှင် ဝမ်းမီးတောက်ဆေးကို လျင်မြန်စွာသောက်ခြင်းဖြင့် အသက်ကယ်နိုင်သည်။ ဆေးကို လျှာတွင် ပွတ်ပေးပြီး အန်အောင်ပြုလုပ်ခြင်းဖြင့်လည်း ကယ်နိုင်သည်။

ဥတုဘောဇနသင်္ဂဟကျမ်း (ဆန့်ကျင်ဘက် အစာဖြေကဏ္ဍ)တွင် မသင့်တင့်သောအစာကို စားမိလျှင် စားပြီးစ အစာသစ်အိမ်တွင် အစာရှိခိုက်ဖြစ်လျှင် အန်ဆေးတိုက်ရမည်။ အူတွင်း အစာဟောင်းအိမ်သို့ရောက်လျှင် ဝမ်းနုတ်ဆေးတိုက်ရမည်။ ထို့နောက် သကြား၊ သာဂူ၊ နွားနို့များ ပေးရမည်။ ကြက်ဥအစိမ်းကိုသော်လည်းပေးရမည်။ မြေပုံခရမ်းမြစ်ပြုတ်ရည်ကိုသော်လည်း တိုက်ရမည်ဟု ဖော်ပြထားသည်ကို တွေ့ရသည်။

အစားမှားခြင်းသည် အမှတ်မထင်ဖြစ်လေ့ရှိသဖြင့် အိမ်တိုင်းတွင် ဆေးကိုကြိုတင်ဆောင်ထားသင့်သည်။ အရပ်ပြောအားဖြင့် မတည့်သောအစာများမှာ မင်းကွတ်သီးနှင့် သကြား၊ စိမ်းစားဥနှင့် ချောကလက်ချိုချဉ်၊ ဘဲဥနှင့် ဖရဲသီး၊ နို့ချဉ်နှင့် ဝက်သား၊ မှိုနှင့် ဆူးပုပ်ရွက်၊ ချင်းသုပ်နှင့် သဘော်သီးမှည့်၊ ပန်းသီးနှင့် သနပ်ခါး စသည်ဖြင့် အပြောများကြသည်။ ကိုယ်တွေ့မကြုံသော်လည်း တစ်ဆင့်စကားဖြင့်ပင် ရှောင်ကြဉ်ကြသည်။

ဥတုဘောဇနသင်္ဂဟကျမ်းမှ ဆန့်ကျင်ဘက် အစာကိုပြခြင်း ကဏ္ဍတွင် သဘာဝဆန့်ကျင်ဘက်အဖြစ် အစာလွန်မှစားခြင်း၊ အလွန်ကောင်းလွန်းသောအစာကို စားခြင်း၊ အလွန်ထက်လွန်းသောအစာကို စားခြင်း၊ အရသာမရှိသောအစာကို စားခြင်း၊ ပုပ်သိုးသောအစာကို စားခြင်း၊ အလွန်ပူသော ထမင်းဟင်း၊ ရေနွေးတို့ကို သောက်စားခြင်း၊ မိမိနှင့်မသင့်သော အစာတို့ကို စားသောက်ခြင်းဟု ဖော်ပြထားသည်။ ထိုသို့ စားသောက်ခြင်းကြောင့် ဝမ်းမီးပျက်သောရောဂါ ရနိုင်ပေသည်။

ဝမ်းမီးတောက်ဆေးနည်းမှာ-

| | |
|---|---|
| (၁) ဇီယာ | ၁ ကျပ်သား |
| (၂) နွယ်ချို | ၁ ကျပ်သား |
| (၃) ဇာတိပ္ဖိုလ်သီး | ၁ ကျပ်သား |
| (၄) လေးညှင်းပွင့် | ၁ ကျပ်သား |
| (၅) ဥသျှစ်သီး | ၁ ကျပ်သား |
| (၆) ပဥ္စကာနီသီး | ၁ ကျပ်သား |
| (၇) သလဲခွံ | ၁ ကျပ်သား |
| (၈) ဆေးပုစွန်ထုပ် | ၁ ကျပ်သား |
| (၉) သစ်ကြံပိုး | ၁ ကျပ်သား |

(စုစုပေါင်းဆေးချိန် ၉ ကျပ်သား)

အစာမကြေခြင်း၊ အစာမှားခြင်း၊ ဝမ်းရင်ပြည့် ရင်ကယ်ခြင်းဖြစ်ပါက ရေနွေးဖြင့်သောက်ပါ။ လေထိုးလေအောင့် ဖြစ်လျှင် သိန္ဓောဆားစပ်၍ ရေနွေးဖြင့်သောက်ပါ။ ဝမ်းချုပ်လျှင် ဆားလှော်ထည့်၍ သောက်ပါ။ မီးယပ်သွေးငုပ်လျှင် ချင်း၊ ထန်းလျက်ပြုတ်ရည်ဖြင့်၊ ညှော်မိလျှင် ကွမ်းရွက်ပြုတ်ရည်ဖြင့် သောက်ပါ။ လူကြီး နှစ်ပဲသား(မန်ကျည်းစေ့ နှစ်စေ့ခန့်)၊ ကလေး တစ်ပဲသား(မန်ကျည်းစေ့ တစ်စေ့ခန့်) သောက်သုံးနိုင်ပါသည်။

**ဝမ်းကိုက်ရောဂါနှင့် ဆေးမြီးတို**

ဝမ်းကိုက်ရောဂါသည် လေတိုက်သောရာသီတွင် အဖြစ်များသည်။ အပူအစပ်နှင့် အချဉ်ဖောက်ထားသောအစာ၊ ပြန်နွှေးသောအစာ၊ မသန့်ရှင်းသော လက်လုပ်ချဉ်များ၊ ရေကောင်းစွာ မဆေးသော အသီးအရွက်များကို ချက်ပြုတ်ရောင်းချသည့် အစားအသောက်ဆိုင်များ၊ လမ်းဘေးဖုန်ထူသည့်နေရာ၊ မသန့်ရှင်းသောနေရာများတွင် ရောင်းချသည့် အစားအသောက်များကို စားပြီးနောက် ဦးစွာ ဝမ်းလျှောသည့်ရောဂါ ရတတ်သည်။

စာရေးသူ၏မိတ်ဆွေတစ်ဦးသည် အိမ်မှအစားအသောက်များကို ငြီးငွေ့၍ ခံတွင်းလိုက်စေရန် လမ်းဘေးတွင်ရောင်းချသော မာလာဟင်းဆိုင်တစ်ဆိုင်မှ မာလာဟင်းခေါ် အရွက်ပေါင်းစုံကို ကြာစွယ်၊ ကြာဆံ၊ အစပ်အချဉ်များဖြင့် ချက်ထားသောဟင်းကို စားပြီးနောက် ညအိပ်ရာဝင်ချိန်တွင် ဝမ်းဗိုက်နာလာပြီး တစ်ညလုံးဝမ်းလျှောသည်။ ဝမ်းပိတ်စေရန် လက်ဖက်ခြောက်နှင့် ဆားကိုလှော်ပြီး အဖန်ရည်လုပ်သောက်ခြင်းအားဖြင့် ဝမ်းအရည်များသွားခြင်းမှ ရပ်သွားခဲ့သည်။ နောက်တစ်နေ့တွင် ဗိုက်ထဲမှရစ်နာပြီး အိမ်သာသွားလိုစိတ် မကြာခဏ ဖြစ်သည်။ ဝမ်းမလျှောဘဲ ဝမ်းကိုက်မှု ကျန်နေခြင်းဖြစ်သည်။ ကျောင်းသားလေးတစ်ဦးမှာ ဝက်သားတုတ်ထိုး အလွန်ကြိုက်သည်။ အချို့ဝက်သားတုတ်ထိုးဆိုင်များသည် တစ်နေ့စာရောင်းချ၍မကုန်သော ဝက်သားတုတ်ထိုးများကို အကြိမ်ကြိမ် အဖန်ဖန် ပြန်နွှေး၍ ရောင်းချသောကြောင့် ဝမ်းကိုက်ရောဂါရရှိသည်။ ဝက်သားအဆီနှင့် အခေါက်တွင်ပါရှိသော သန်ဥနှင့် ဝမ်းကိုက်ပိုး စွဲကပ်လျှင် သာမန်မဟုတ်ဘဲ သွေးဝမ်းကိုက်ရောဂါအထိ ဖြစ်တတ်သည်။ ထိုကျောင်းသားလေးသည် ဝမ်းကိုက်ပိုးကို သေချာပျောက်ကင်းအောင် မကုသဖြင့် အသည်းသို့ ဝမ်းကိုက်ပိုးရောဂါဖြင့် ဆေးရုံတက်ပြီး ခက်ခဲစွာ ကုသရသည်ဟုဆိုသည်။

ဝမ်းကိုက်ရောဂါသည် (၁) လေဝမ်းကိုက်(၂) အပုပ်ဝမ်းကိုက် (၃) သွေးဝမ်းကိုက် (၄) ပိုးဝမ်းကိုက် ဟူ၍ အမျိုးအစားများစွာ တွေ့ရသည်။ မြန်မာ့ရိုးရာကုထုံး ဆေးမြီးတိုဖြင့် စောစီးစွာကုသလျှင် အဆင့်မြင့် ဝမ်းကိုက်ရောဂါမဖြစ်မီ သက်သာပျောက်ကင်းနိုင်မည်။ စာရေးသူကိုယ်တိုင် တက္ကသိုလ်ကျောင်းသားဘဝက ဝမ်းကိုက်ဖူးသည်။ အင်္ဂလိပ်ဆေးအပြင်းတစ်မျိုးကိုသောက်၍ သက်သာသွားပြီးမှ ခေါင်းမူး၍ ဆက်မသောက်ဘဲနေရာမှ ဝမ်းပြန်ကိုက်ခဲ့သည်။ သွေးစသွေးနပါလာရာ လက်ထုတ်ကြီးခေါက်ကို ပြုတ်သောက်ရာမှ နောက်ဆုံးပျောက်ကင်းခဲ့သည်။

ဝမ်းကိုက်ပျောက်စေနိုင်သော ဓာတ်စာနှင့် ဆေးမြီးတိုများမှာ-

(၁) ကြက်သွန်ဖြူနှင့် ထန်းလျက်ကို နှမ်းဆီဖြင့် ကြော်စားပါ။
(၂) ထားဝယ်မှိုင်းရွက်ကို မြေပဲဆန်နှင့် ကြက်သွန်ဖြူ၊ ကြက်သွန်နီရောပြီး သုပ်စားပါ။
(၃) မီးကွင်းဂမုန်းရွက်ကို သုပ်စားပါ။
(၄) ပဲကြီးလှော်ကို နှမ်းဆီနှင့်ကြော်ပြီး ကြက်သွန်ဖြူနိုင်နိုင်ဖြင့် သုပ်စားပါ။
(၅) ဘဲဥပြုတ်ကို ထမင်းပူပူဖြင့် ဆီဆမ်းစားပါ။ ဟင်းမပါဘဲ တစ်မျိုးတည်း နှစ်ရက်သုံးရက် ဆက်စားပါ။
(၆) ဝမ်းကိုက်ချိန်တွင် အစာဖြတ်ပြီး သိပ်ဆာလာမှ နွားနို့ပူပူကို ဆားအနည်းငယ်ခတ်၍ သောက်ပါ။
(၇) ကြက်ဟင်းခါးသီးကို ပုစွန်တုပ်ရရ၊ ပုစွန်ဆိတ်ရရ ရောကြော်၍စားပါ။

ကြက်ဟင်းခါးသီးကို မခါးအောင် ဆားရည်မစိမ်ပါနှင့်။ အကွင်းလိုက်လှီးထားပြီး ရိုးရိုး ရေစိမ်ထားပါ။ ကြော်ခါနီးတွင် ရေတစ်ထပ်ပြန်ဆေးပြီး သံဒယ်အိုးမှာ ဟင်းအနှစ်နိုင်နိုင်ဆီများများနှင့်ကြော်ပါ။ သိပ်မမွှေပါနှင့်။ ကြက်ဟင်းခါးသီးမှာ မွှေလေခါးလေဖြစ်သည်။ အထက်အောက်လှန်တာပဲ ပြုလုပ်ပေးပါ။ ဝမ်းကိုက်ပျောက်စေပါသည်။ (တိုင်းရင်းမေမေမေပွင့်နည်း) (တိုင်းရင်းမေ ၁၅၊ ၆၊ ၅၈)

အထက်ပါနည်းများမှာ လွယ်ကူ၍ လက်တွေ့ဝမ်းကိုက်ရောဂါပျောက်စေသည့် ဆေးမြီးတိုနည်းများ ဖြစ်ပါသည်။ ။

**“မင်းကွတ်သီးနှင့် သကြား၊ စိမ်းစားဥနှင့် ချောကလက်ချိုချဉ်၊ ဘဲဥနှင့် ဖရဲသီး၊ နို့ချဉ်နှင့် ဝက်သား၊ မှိုနှင့် ဆူးပုပ်ရွက်၊ ချင်းသုပ်နှင့် သဘော်သီးမှည့်၊ ပန်းသီးနှင့် သနပ်ခါး စသည်ဖြင့် အပြောများကြသည်။ ကိုယ်တွေ့မကြုံသော်လည်း တစ်ဆင့်စကားဖြင့်ပင် ရှောင်ကြဉ်ကြသည်။ ဥတုဘောဇနသင်္ဂဟကျမ်းမှ ဆန့်ကျင်ဘက် အစာကိုပြခြင်း ကဏ္ဍတွင် သဘာဝဆန့်ကျင်ဘက်အဖြစ် အစာလွန်မှ စားခြင်း၊ အလွန်ကောင်းလွန်းသောအစာကို စားခြင်း၊ အလွန်ထက်လွန်းသောအစာကို စားခြင်း၊ အရသာမရှိသောအစာကို စားခြင်း၊ ပုပ်သိုးသော အစာကို စားခြင်း၊ အလွန်ပူသော ထမင်းဟင်း၊ ရေနွေးတို့ကို သောက်စားခြင်း၊ မိမိနှင့်မသင့်သော အစာတို့ကို စားသောက်ခြင်းဟု ဖော်ပြထားသည်”**

## နွေရာသီ အခြေခံဘောလုံး အားကစားနည်း သင်တန်းဖွင့်

**သုံးခွ မတ် ၁၃**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် နန်းခလဲကျေးရွာတွင် ကိုရီးယားနိုင်ငံ KOICA အဖွဲ့၏ ကူညီထောက်ပံ့မှုဖြင့် ဆောင်ရွက်နေသော မြန်မာဆယ်မာအူးလ်အွန်ဒုံ ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းအရ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်တစ်ရပ်အဖြစ် ကျောင်းသားကျောင်းသူများအတွက် နွေရာသီ အခြေခံဘောလုံးအားကစားနည်း သင်တန်းကို မတ် ၆ ရက်မှစတင်ဖွင့်လှစ်လျက်ရှိပြီး ဧပြီ ၆ ရက်အထိ သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ နန်းခလဲကျေးရွာ ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းအရ ကျေးရွာနေပြည်သူများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်တစ်ရပ်အဖြစ် ကျေးရွာနေ ကျောင်းသားကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်တွင် အချိန်ကို အကျိုးရှိရှိ အသုံးချတတ်စေရန်၊ ကျန်းမာကြံ့ခိုင်စေရန်နှင့် ထူးချွန်သော မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းစေရန် ရည်ရွယ်၍ ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်း ဥက္ကဋ္ဌ ဦးထင်လင်းနှင့် ကော်မတီဝင်များက ဦးဆောင်၍ သင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရသည်။ ကျေးရွာကျောင်းအားကစားကွင်း၌ တစ်လကြာဖွင့်လှစ်မည့် အဆိုပါသင်တန်းတွင် သင်တန်းသား ကျောင်းသား ကျောင်းသူ ၂၈ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# မြန်မာ-ဂျပန် နှစ်နိုင်ငံဆက်ဆံရေး ပူးပေါင်းဆောင်ရွက်မှုများကို ဝမ်းမြောက်ကြိုဆို

ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၉၅၀ တွင်ရှိသော အင်းလေးကန်သည် တောင်ပေါ်ဒေသ၏ ချိုင့်ဝှမ်းလွင်ပြင်တွင် တည်ရှိပြီး ပြည်တွင်းခရီးသွားများကိုသာမက ကမ္ဘာအရပ်ရပ်မှ နိုင်ငံခြားသားခရီးသွားများပါ နှစ်ခြိုက်သဘောကျရာ နေရာအဖြစ် ဂုဏ်ယူဖွယ်ဖြစ်ခဲ့သည်။ နောက်ပိုင်းတွင် အင်းလေးကန်ရေပြင်နှင့် သဘာဝပတ်ဝန်းကျင်မှာ တဖြည်းဖြည်း ပျက်စီးလာ၍ ယခုအခါ ပြန်လည်ထိန်းသိမ်းရန် နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည်။

ရှမ်းပြည်နယ် အစိုးရကလည်း ရေပေါ်ကျေးရွာပေါင်း ၁၃၂ ရွာမှ လူဦးရေ ရှစ်သောင်းကျော် မှီခိုနေထိုင်လျက်ရှိသော အင်းလေးကန် သန့်ရှင်းသာယာလှပရေး၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် ရေသယံဇာတနှင့် ဇီဝမျိုးကွဲများ၊ ရေနေကုန်းနေ တိရစ္ဆာန်များ ဆက်လက်ရှင်သန် ပေါက်ပွားနိုင်ရေးကို အလေးထား ဆောင်ရွက်လျက်ရှိသည်။

**မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး**

အင်းလေးကန်အတွင်း စီးဝင်သောရေများ သန့်ရှင်းစေရန်နှင့် ကန်အတွင်းနေထိုင်သူများ စွန့်ပစ်သောရေများကြောင့် အင်းလေးရေညစ်ညမ်းမှုကို တားဆီးနိုင်ရန်အတွက်လည်း ဆောင်ရွက်လျက်ရှိရာ ဂျပန်နိုင်ငံမှ ကူဘိုတာဂျိုကားဆု ကုမ္ပဏီက ရေဆိုးသန့်စင်စက် ၂၃ လုံးကို ပြည်တွင်းကုမ္ပဏီနှင့် ပူးပေါင်း၍ လှူဒါန်းခဲ့ပြီးဖြစ်သည်။ ထိုလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၂ ရက်က ညောင်ရွှေမြို့ Royal Nation Resort တွင် ကျင်းပခဲ့ရာ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး တာတဲရှိ ဟီခုချိ ကိုယ်တိုင်တက်ရောက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်နှင့် ဝန်ကြီးများလည်း တက်ရောက်ခဲ့ကြသည်။

**ဂျပန်-မြန်မာချစ်ကြည်ရေး**

လှူဒါန်းပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးက "မြန်မာနိုင်ငံဟာ အင်မတန်လှပတဲ့နိုင်ငံ ဖြစ်ပါတယ်၊ အဲ့ဒီမှာ ရှမ်းပြည်က အင်းလေးကန်ဟာ အလှဆုံးလို့ ကျွန်တော်ယူဆပါတယ်၊ ဂျပန်-မြန်မာ ချစ်ကြည်ရေးကို မြှင့်တင်နိုင်တဲ့အခမ်းအနားကို တက်ရောက်လာနိုင်တာကိုပဲ ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူရပါတယ်၊ ဂျပန်နိုင်ငံအစိုးရက လွန်ခဲ့သောနှစ် ဒီဇင်ဘာလက မြန်မာနိုင်ငံသမ္မတကို ဖိတ်ကြားခဲ့ပါတယ်၊ မြန်မာပြည်သူတို့ရဲ့ ကျန်းမာရေးမြှင့်တင်ရေး၊ ရောဂါကာကွယ်ရေးနဲ့ ကြိုတင်ကာကွယ်ရေးအတွက် ဂျပန်အစိုးရက တတ်နိုင်သလောက် အကူအညီပေးပါ့မယ်လို့ ဂျပန်နိုင်ငံဝန်ကြီးချုပ်က ပြောခဲ့ပါတယ်၊ ခေတ်မီဆေးရုံဆောက်လုပ်ပြီး အခြေခံကျန်းမာရေးနဲ့ ကူးစက်ရောဂါကာကွယ်ရေး စီမံချက်ဟာလည်း အရေးကြီးပါတယ်၊ ရေဆိုးသန့်စင်ရေးစနစ်ဆိုတာဟာလည်း သိပ်အရေးကြီးပါတယ်၊ ရောဂါမရှိတဲ့ပတ်ဝန်းကျင်ကို ရနိုင်ဖို့အတွက် အင်မတန်အရေးကြီးတဲ့လုပ်ငန်းလို့ ယူဆပါတယ်၊ အင်းလေးကန်ရဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ကျန်းမာရေးအတွက် အထောက်အကူပြုမယ့် ဂျပန်နိုင်ငံက ရေဆိုးသန့်စင်စက်ကို သုံးစွဲမယ်ဆိုရင် အင်မတန်မှ ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူပါတယ်၊ အင်းလေးကန်နားမှာရှိသူတွေ နေထိုင်မှုမြှင့်တင်ရေးနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အင်တိုက်အားတိုက် ဆောင်ရွက်ပေးခဲ့တဲ့ ဝမင်းကုမ္ပဏီကိုလည်း ကျေးဇူးတင်ပါတယ်၊ ယခင်ကတည်းက ဂျပန်-မြန်မာချစ်ကြည်ရေးကို တစိုက်မတ်မတ်ဆောင်ရွက်ပေးခဲ့တဲ့ ကုမ္ပဏီနာယကဦးမြင့်ဝေကိုလည်း ကျေးဇူးတင်ပါတယ်၊ အင်းလေးဒေသခံပြည်သူတွေ ကျန်းမာပါစေ"ဟု ပြောခဲ့သည်။

**မြန်မာနိုင်ငံ၏ ရေဆိုးသန့်စင်စနစ်**

မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ ပထမအတွင်းဝန်ကလည်း "ရေဟာ ဒေသခံလူထုအတွက် အလွန်ပဲအရေးကြီးပါတယ်၊ ရေဆိုးပတ်ဝန်းကျင်မှာနေထိုင်မယ်ဆိုရင် ကူးစက်ရောဂါ ဖြစ်မယ်၊ အန္တရာယ်ရှိတာကြောင့် သန့်ရှင်းတဲ့ရေကို အသုံးပြုဖို့ အရေးကြီးပါတယ်၊ ဂျပန်နိုင်ငံဟာ အရင်က ဖွံ့ဖြိုးတိုးတက်ဖို့ ကြိုးစားခဲ့ရပါတယ်၊ စီးပွားရေးကောင်းလာတဲ့အချိန်မှာ ပတ်ဝန်းကျင်နဲ့ပတ်သက်တဲ့ပြဿနာတွေ ပေါ်လာခဲ့ပါတယ်။ အထူးသဖြင့် ရေပြဿနာပေါ့။ ဒေသခံပြည်သူတွေရဲ့ စကားသံကို နားထောင်ပြီးတော့ အစိုးရ၊ပြည်သူ၊ ပုဂ္ဂလိကကုမ္ပဏီတွေ ပူးပေါင်းဆောင်ရွက်မှုကောင်းမွန်ခဲ့တဲ့ သမိုင်းကြောင်းတော့ ရှိခဲ့တယ်။ ပြည်သူတွေအတွက် ရေကိစ္စ၊ သန့်ရှင်းတဲ့လေကိစ္စတွေဟာ



အရေးကြီးတယ်လို့ ကျွန်တော်တို့ ဂျပန်အစိုးရက ယူဆပါတယ်" ဟု ပြောသည်။

မြန်မာနိုင်ငံတွင် ရေဆိုးသန့်စင်စနစ်နှင့် ပတ်သက်၍လည်း အမြဲတမ်းအတွင်းဝန်က "ဂျိုက်ကာက ရန်ကုန်မြို့၊ မန္တလေးမြို့က YCDC၊ MCDC တို့နဲ့ ဆာဗေးလုပ်နေတာ ရှိပါတယ်၊ စက်မှုဇုန်နားကရေကို စစ်ဆေးမှုတွေ ၂၀၁၅ ခုနှစ်က စလုပ်နေပါတယ်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က လှိုင်သာယာစက်မှုဇုန်နားမှာရှိတဲ့ရေရဲ့သန့်စင်မှုနဲ့ပတ်သက်ပြီး စိတ်ပါဝင်စားလုပ်ဆောင်နေတာ ရှိပါတယ်၊ ရန်ကုန်မှာ ရေဆိုးကို ဘယ်လောက်ထိ လက်ခံနိုင်မယ်ဆိုတာကတော့ တိတိကျကျ မပြောနိုင်ပါဘူး၊ နည်းလမ်းကတော့ အမျိုးမျိုးရှိပါတယ်၊ စက်ရုံတစ်ခုစီမှာ ရေဆိုးသန့်စင်ရေးစက် ထားရှိတာ၊ စက်ရုံတွေအားလုံးကို စုပြီး ရေဆိုးသန့်စင်စက်တွေ ထားရှိတာ လုပ်နိုင်ကြပါတယ်၊ YCDC က ဘယ်လိုဆောင်ရွက်နေလဲဆိုတာတော့ မသိပါဘူး၊ အခုလောလောဆယ် စီမံကိန်းရှိတယ်လို့ သေသေချာချာဖော်ပြတာတော့ မရှိပါဘူး"ဟု ဆက်လက်ပြောကြားသည်။

**ရေဆိုးသန့်စင်ရေးနှင့် အနာဂတ်**

မြန်မာနိုင်ငံရှိ စက်မှုဇုန်များမှထွက်သော ရေဆိုးများကို သန့်စင်ရန် ဂျပန်နိုင်ငံမှစက်များ တပ်ဆင်အသုံးပြုမည်ဆိုပါက အသင့်ရှိနေသော အနေအထားဖြစ်ကြောင်း သိရသည်။

အင်းလေးကန် ရေပြင်သန့်စင်ရေးသည် ရေကန် ရေရှည်တည်တံ့ရန် အရေးပါသကဲ့သို့ ရန်ကုန်နှင့် မန္တလေးမြို့တို့ရှိ စက်မှုဇုန်များမှရေဆိုးများ မြစ်၊ ချောင်းအတွင်း စီးဆင်းခြင်းနှင့် မြေအောက်သို့စိမ့်ဝင်မှုသည် နှောင်နှစ်များစွာကြာသောအခါ မြေအောက်ရေနှင့် မြစ်ရေ အရင်းအမြစ်၊ မြစ်များအတွင်းမှ ရေနေသတ္တဝါများ၏ အန္တရာယ်ကင်းရှင်းမှုတို့နှင့် ဆက်နွှယ်လာမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ရေဆိုးသန့်စင်သော စက်ရုံများကို အချိန်မီ တည်ဆောက်နိုင်ပါက အနာဂတ်မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍအတွက် များစွာအထောက်အကူဖြစ်စေမည်ဟုလည်း သိရသည်။

**ပန်းတိုင်သုံးခု**

ဂျပန်သံအမတ်ကြီးက "ရေဆိုးသန့်စင်ရေးနဲ့ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရက စိတ်ဝင်တစားရှိပြီး တစ်ခုခုလုပ်ဆောင်ဖြေရှင်းရမယ်ဆိုတဲ့စိတ် ရှိနေတယ်ဆိုတာ ပေးအပ်ပွဲနေ့က ခံစားမိပါတယ်၊ ကူဘိုတာဂျိုကားဆု ရေဆိုးသန့်စင်မှုဟာ မြန်မာပြည်သူတွေအတွက် အကျိုးရှိတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါတယ်၊ ဂျပန်နိုင်ငံက ၂၀၁၁ ခုနှစ်ကစပြီး ကဏ္ဍအသီးသီးအတွက် ကူညီထောက်ပံ့ဖို့ ရည်ရွယ်ချက်ရှိပါတယ်၊ ဒီမိုကရေစီ ပိုပြီးထွန်းကားရမယ်၊ ငြိမ်းချမ်းရမယ်၊ စီးပွားရေးတိုးတက်ရမယ်၊ အဲ့ဒီအချက် သုံးချက်အတွက်လည်း ပါပါတယ်၊ ဂျပန်နိုင်ငံ အစိုးရပိုင်းနဲ့ ပုဂ္ဂလိကပိုင်း ပူးပေါင်းပြီး အထက်က ပန်းတိုင်သုံးခုကို ကူညီဖို့ အဆင်သင့်ပြင်နေပါတယ်၊ ကြိုးစားပြီး လုပ်ဆောင်ဖို့လည်း ရည်ရွယ်ထားပါတယ်၊ ကျန်းမာရေးနဲ့ ပညာရေးကဏ္ဍကို ကူညီဖို့ ဆန္ဒရှိပါတယ်"ဟု ဆက်ပြောသည်။

မတ် ၇ ရက်က တာဝန်များပြီးဆုံး၍ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ တာတဲရှိဟီခုချိအား မြန်မာနိုင်ငံတော်သမ္မတကြီးက နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်တွင် လက်ခံတွေ့ဆုံခဲ့ကြောင်း သိရသည်။

မြန်မာ-ဂျပန် နှစ်နိုင်ငံ ချစ်ကြည်ရေးအတွက် ဂျပန်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုကိုလည်း မြန်မာပြည်သူများက ဝမ်းမြောက်ဂုဏ်ယူလျက်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

**သတင်းဆောင်းပါး - သန်းထိုက်**

**ဓာတ်ပုံ - သန်းစိုး**



## စီမံကိန်းစိစစ်သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မတ် ၁၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဌာနအသီးသီးတွင် အပြည်ပြည်ဆိုင်ရာ ချေးငွေအထောက်အပံ့ အကူအညီများဖြင့် စီမံကိန်းစိစစ်သုံးသပ် အကဲဖြတ်လုပ်ငန်းများကို လက်တွေ့ဆောင်ရွက်နေသူများအနေဖြင့် စီမံကိန်းများ စိစစ်သုံးသပ်ရေးအဖွဲ့ (Sub M & E teams)များ ဖွဲ့စည်းဆောင်ရွက်ရန်နှင့် Sub M & E teams များနှင့် Core M & E Team တို့အကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် ကောင်းမွန်သောကွန်ရက်တစ်ခု ထူထောင်နိုင်ရေးအတွက် စီမံကိန်းဦးစီးဌာနနှင့် ဥရောပသမဂ္ဂ ပညာရှင်အဖွဲ့တို့ ပူးပေါင်း၍ စီမံကိန်း စောင့်ကြည့်စိစစ် အကဲဖြတ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသင်တန်းကို မတ် ၈ ရက်က နေပြည်တော်ရှိ ACE Hotel တွင် ကျင်းပခဲ့သည်။

ဝန်ကြီးဌာနအနေဖြင့် စီမံကိန်းအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းအစီအစဉ်အခြေပြု(Program-based) စီမံကိန်းစိစစ်သုံးသပ်ခြင်းများ လုပ်ဆောင်ရန် အရေးကြီးကြောင်း၊ ဥရောပသမဂ္ဂ(EU)နှင့် စီမံကိန်းဦးစီးဌာနတို့ ပူးပေါင်းသင်ကြားပို့ချသည့် ဤသင်တန်းမှရရှိလာမည့် ဗဟုသုတ၊ အတွေ့အကြုံနှင့် နည်းပညာများကို မိမိတို့ဌာနအသီးသီးရှိ စီမံကိန်းစိစစ်သုံးသပ်ခြင်းနှင့်စပ်လျဉ်းသည့် လက်ဆင့်ကမ်းသင်တန်းများတွင် အရည်အသွေးပြည့်ဝစွာ ပြန်လည်ပို့ချပေးနိုင်ရေးအတွက် ကြိုးပမ်းကြရန်လည်း လိုအပ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာတင်ထွဋ်က ပြောသည်။

အဆိုပါစီမံကိန်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဝန်ထမ်းများအား ပြည်တွင်း၊ ပြည်ပ၌ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများသို့ တက်ရောက်စေခြင်း၊ လေ့လာရေးခရီးစရိတ်များ ပံ့ပိုးပေးခြင်း၊ စီမံကိန်းဆိုင်ရာ စစ်တမ်းများ ကောက်ယူခြင်း၊ ဘွဲ့လွန်သင်တန်းများ စေလွှတ်ခြင်း စသည့်အစီအစဉ်များ ပါဝင်ကြောင်း သိရသည်။

**ကျော်လှိုင်သင်း (နေပြည်တော်)**

## လယ်ယာမြေ အဆင့်မြှင့်တင်ပြုပြင်ခြင်း အောင်မြင်စွာဆောင်ရွက်ပြီးစီး

**ပွင့်ဖြူ မတ် ၁၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် သမဝါယမဦးစီးဌာနက ကြီးမှူး၍ စေတကူကျေးရွာမှ စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းသားများ၏ လယ်ယာမြေများကို အဆင့်မြှင့်တင်ပြုပြင်ခြင်းများ ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများ အောင်မြင်စွာပြီးစီးသဖြင့် ပိတ်သိမ်းပွဲကို မတ် ၁၁ ရက်က အဆိုပါကျေးရွာ၌ ကျင်းပခဲ့ပြီး ပွင့်ဖြူမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆန်းက အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းဇော်နိုင်က စေတကူကျေးရွာ စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းသား တောင်သူများအား လူမှုစီးပွားဘဝ မြှင့်တင်ပေးနိုင်ရေးအတွက် မိမိတို့ သမဝါယမဦးစီးဌာနအနေဖြင့် ယခုကဲ့သို့ အခြေခံသမဝါယမအသင်းများ ဖွဲ့စည်း၍ တစ်ဖက်တစ်လမ်းမှ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အသင်းသား တောင်သူများအနေဖြင့်လည်း မိမိတို့ရရှိသည့် အခွင့်အရေးကို အကျိုးရှိစွာ အသုံးချ ဆောင်ရွက်ကြစေလိုကြောင်း၊ ယခု ဖြည့်ဆည်းဆောင်ရွက်ပေးထားသည့် သမဝါယမ ပံ့ပိုးချေးငွေများကိုလည်း အချိန်မီအခါမီ အပြေအကြေ ပေးဆပ်သွားကြရန် စသည်တို့ကို ရှင်းလင်းမှာကြားခဲ့သည်။

ဆက်လက်၍ ပွင့်ဖြူမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန်းစန်းဝင်းနှင့် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးတင်အုန်းတို့က လယ်ယာမြေ အဆင့်မြှင့်တင်ပြုပြင်ခြင်းနှင့်ပတ်သက်၍ အသေးစိတ် ရှင်းလင်းပြောကြားပြီး စေတကူကျေးရွာ စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်းမှ သမဝါယမအသင်းသား တောင်သူ ဦးမြတ်စိုးက ယခင်က တောင်သူများအနေဖြင့် လယ်ယာမြေများကို ပြုပြင်ပြီး စိုက်ပျိုးရမည်ကို မသိခဲ့ဘဲ မိရိုးဖလာ စိုက်ပျိုးခဲ့ကြကြောင်း၊ ယခု ဌာနများမှ ပညာရှင်များက စိုက်ပျိုးမြေများကို ပြုပြင်ပြီး စိုက်ပျိုးလျှင် သီးနှံအထွက်နှုန်း ပိုမိုရရှိနိုင်မှုအခြေအနေများကို ပြောပြ၍ သိရှိခဲ့ရကြောင်း၊ လယ်ယာမြေ ပြုပြင်ရန်အတွက် သမဝါယမဦးစီးဌာနက တစ်ဧကလျှင် ငွေကျပ် သုံးသိန်းနှုန်း ပံ့ပိုးချေးပေးသည့်အပြင် လိုအပ်သည့် နည်းပညာများကိုလည်း ဖြည့်ဆည်းပေးခဲ့၍ သမဝါယမ ဦးစီးဌာနအား တောင်သူများက ကျေးဇူးတင်ကြောင်း ပြောကြားသည်။

ထို့နောက် လယ်ယာမြေများကို အဆင့်မြှင့်တင်ပြုပြင်ပြီးစီးသည့် အခြေအနေများကို တာဝန်ရှိသူများက အသင်းသား တောင်သူများနှင့်အတူ လှည့်လည်ကြည့်ရှုခဲ့သည်။

ပွင့်ဖြူမြို့နယ် သမဝါယမဦးစီးဌာနအနေဖြင့် စေတကူကျေးရွာရှိ စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း ငါးသင်းမှ တောင်သူဦးရေ ၁၁၁ ဦး၏ လယ်ယာမြေများ အဆင့်မြှင့်တင် ပြုပြင်ရန်အတွက် တစ်ဧကလျှင် ပံ့ပိုးချေးငွေ ငွေကျပ်သုံးသိန်းနှုန်းဖြင့် ပံ့ပိုးပြီး စုစုပေါင်း လယ်ယာမြေ ၁၁၈၂ ဧကကို အဆင့်မြှင့်တင် ပြုပြင်ပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



# တံတား ၆၉ စင်း စီမံကိန်းဧရိယာနှင့်မလွတ်သောအရာများ ဖယ်ရှားရန် ကုန်ကျစရိတ်များပေးအပ်

**ကလေး မတ် ၁၃**

ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၂)က စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝ-ကျီကုန်း-တမူးလမ်းပေါ်တွင် အိန္ဒိယနိုင်ငံအကူအညီဖြင့် အဆင့်မြှင့်တင် တည်ဆောက်သွားမည့် တံတား ၆၉ စင်းအနက် ကလေးမြို့နယ်အတွင်း ပါဝင်သည့် တံတား ၄၂ စင်းအတွက် လုပ်ငန်းစီမံကိန်းဧရိယာနှင့်ပတ်သက်၍ မလွတ်ကင်းသောအရာများ ဖယ်ရှားရှင်းလင်းနိုင်ရန် ကုန်ကျမည့် ကုန်ကျစရိတ်ငွေများ ပေးအပ်ပွဲကို မတ် ၉ ရက်က ကလေးမြို့နယ် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။



ကုန်ကျစရိတ်ပေးအပ်ပွဲတွင် တံတားအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ၌ စီမံကိန်းဧရိယာနှင့် မလွတ်ကင်းသော လျှပ်စစ်မီးတိုင်များ ရွှေ့ပြောင်းစိုက်ထူရန်အတွက် ကုန်ကျမည့် အထွေထွေကုန်ကျစရိတ်ငွေကျပ် ၉၈ သိန်းကျော်ကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝေလွင်ဖြိုးက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ကလေးခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံးမှ အင်ဂျင်နီယာ ဦးမင်းမင်းသက်ထံသို့ ပေးအပ်ခဲ့သည်။

ဆက်လက်၍ တံတားအထူးအဖွဲ့(၂)မှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သီဟကိုယ်စား လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်ဝင်းက စီမံကိန်းဧရိယာနှင့် မလွတ်ကင်းသည့် ဆက်သွယ်ရေးတိုင်နှင့် ဖိုင်ဘာကေဘယ်လ်ကြိုးများ ရွှေ့ပြောင်းစိုက်ထူသွယ်တန်းရာတွင် ကုန်ကျမည့်အထွေထွေကုန်ကျစရိတ် ငွေကျပ် ၁၆၆၃သိန်းကျော်ကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အော်တိုအိတ်ချိန်းမှ လက်ထောက်အင်ဂျင်နီယာ ဦးမြင့်သန်းထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ကုန်ကျစရိတ်များပေးအပ်ပွဲသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တံတားအထူးအဖွဲ့(၂)မှ လက်ထောက်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ခရိုင်နှင့်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ တာဝန်ရှိသူများ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အော်တိုအိတ်ချိန်းမှ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အလားတူ စီမံကိန်းဧရိယာနှင့်မလွတ်ကင်းသည့် သစ်ပင်များ ရွှေ့ပြောင်းရာတွင် ကုန်ကျမည့် အထွေထွေကုန်ကျစရိတ်များကိုလည်း သက်ဆိုင်ရာ သစ်တောဦးစီးဌာနသို့ ယခု မတ်လအတွင်းမှာပင် ပေးအပ်သွားမည်ဖြစ်ကြောင်း တံတားအထူးအဖွဲ့(၂)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်ဝင်းထံမှ သိရသည်။

**ချင်းတွင်းသား**

# မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒေသခံပြည်သူများ တွေ့ဆုံ

**ကျိုက်မရော မတ် ၁၃**

ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝ မြင့်မားတိုးတက်စေရေးအတွက် မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သော အဖွဲ့သည် ကျိုက်မရောမြို့နယ် ဖာသိမ်ကျေးရွာရှိ ပြည်သူများနှင့် မတ် ၁၁ ရက် နံနက်က ဖာသိမ်ကျေးရွာ ဘုန်းကြီးကျောင်း၌ တွေ့ဆုံခဲ့ကြောင်း သိရသည်။

လူထုနှင့်တွေ့ဆုံပွဲတွင် ဝန်ကြီးချုပ်က ဖာသိမ်ကျေးရွာရှိ ဒေသခံပြည်သူများ စီးပွားဖြစ် ကြံစိုက်ပျိုးရန်အတွက် မြေလွတ်မြေရိုင်းများကို တောင်သူများထံ ဝေငှပေးသွားမည်ဖြစ်ကြောင်း၊ နှစ်ပေါင်းများစွာ လယ်ယာမစိုက်ပျိုးဘဲ ပစ်ထားသည့် လစ်လပ်မြေများကို အမှန်တကယ်စိုက်ပျိုးမည့် ဒေသခံများထံ အပ်နှံမည်ဖြစ်ကြောင်းနှင့် ကြံစိုက်ပျိုးမှု အောင်မြင်ရေးအတွက် နည်းပညာများနှင့် လိုအပ်ချက်များကိုလည်း ပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးပြီး ဒေသခံတောင်သူများက သိရှိလိုသည်များကို မေးမြန်းကာ ဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားရှင်းလင်းခဲ့ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# မူခင်းနှင့် သက်ငယ်မုဒိမ်းမှုများ ပပျောက်ရေး ပညာပေးဟောပြော

**ရန်ကုန် မတ် ၁၃**

မူခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှုများ လျော့နည်းပပျောက်ရေးအတွက် အသိပညာပေးဆွေးနွေးဟောပြောပွဲကို မတ် ၁၀ ရက်က မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် အောင်သိဒ္ဓိလမ်းမကြီး ဝေယျာဝစ္စ ဆွမ်းလောင်းအသင်း ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မရမ်းကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးအောင်က အမျိုးသမီးများ ဘဝလုံခြုံစေရေးနှင့် သက်ငယ်မုဒိမ်းမှုများ ဖြစ်ပွားခြင်းလုံးဝမရှိစေရေးအတွက် အမျိုးသမီးများ၊ မိဘအုပ်ထိန်းသူများအနေဖြင့် သတိပြုလိုက်နာသင့်သည့် အချက်များ၊ အကြမ်းဖက်ခံရနိုင်ဖွယ်ရှိသည့်အချက်များနှင့် ခိုးဆိုးနှိုက် ဒုစရိုက်မှုများဆိုင်ရာ အချက်အလက်များ၊ ဖမ်းဆီးအရေးယူမှု ဖြစ်စဉ်များနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်းတို့ကို ဟောပြောခဲ့ပြီး မူခင်းကျဆင်းရေးတွင် ပြည်သူများ ပူးပေါင်းဆောင်ရွက်ရန် လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့သည်။ ဟောပြောပွဲသို့ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် ရပ်ကွက်နေပြည်သူ ၈၀ ခန့် တက်ရောက်ခဲ့သည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**



# အရည်အသွေးကောင်း နှမ်းများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးဆွေးနွေး



**ဘောလခဲ မတ် ၁၃**

ကယားပြည်နယ် ဘောလခဲခရိုင် ဘောလခဲမြို့နယ်၊ ဖားဆောင်းမြို့နယ်နှင့် မယ်စဲ့မြို့နယ်များရှိ နှမ်းစိုက်တောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူး ဦးမျိုးခန့်၊ ပြည်နယ်ဒုဦးစီးမှူး၊ ခရိုင်ဦးစီးမှူးတို့နှင့် တွေ့ဆုံ၍ အရည်အသွေးကောင်း နှမ်းများ စိုက်ပျိုးထုတ်လုပ်ရေး၊ နှမ်းဈေးကွက်ရရှိရေး စိုက်ပျိုးနည်းစနစ်ကောင်းများ လိုက်နာကြရန် တွေ့ဆုံဆွေးနွေးပွဲကို မတ် ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် အဆိုပါမြို့နယ်များတွင် ပြုလုပ်ခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲများတွင် ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာများ ဆောင်ရွက်နေခြင်း၊ မျိုးကောင်းမျိုးသန့်သုံးစွဲခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြေတွင်းအာဟာရဓာတ်ပါဝင်မှုကို မြေနမူနာယူ စမ်းသပ်ခြင်း၊ ဘက်စုံသီးနှံ ကာကွယ်ရေး၊ စိုက်ပျိုးနည်းစနစ်များစိုက်ပျိုးရေးနှင့် နှမ်းဈေးကွက်ရရှိရေးတို့နှင့်ပတ်သက်၍ တောင်သူများနှင့် ဆွေးနွေးခဲ့သည်။ ထို့နောက် တောင်သူများ၏ မေးမြန်းဆွေးနွေးချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းခဲ့သည်။ **မောင်ကျော်ကြီး**

# သစ်ကြီးတောကျေးရွာမှ မီးဘေးသင့်ပြည်သူများအား အိမ်ထောင်စုစာရင်းမိတ္တူ နေ့ချင်းပြီးပြုလုပ်ပေး

**ရေစကြို မတ် ၁၃**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် သစ်ကြီးတောကျေးရွာမှ မီးဘေးသင့်အိမ်ထောင်စုများအား အိမ်ထောင်စုစာရင်းမိတ္တူများကို ရေစကြိုမြို့နယ် အလုပ်သမားနှင့် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနက မတ် ၁၁ ရက်တွင် နေ့ချင်းပြီးကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



အိမ်ထောင်စုစာရင်းမိတ္တူများ ပြုလုပ်ပေးခြင်းနှင့်ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်သောင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က အမှာစကားပြောကြားကာ မီးဘေးသင့်ပြည်သူများ ကိုယ်စား ကျေးရွာအုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် မီးဘေးသင့်ပြည်သူအိမ်ထောင်စု ၁၆၇ စုအနက် မီးလောင်ရာတွင် ပါသွားသော အိမ်ထောင်စု ၁၄၇ စုအား အိမ်ထောင်စုစာရင်းမိတ္တူများကို ရေစကြိုမြို့နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးမျိုးမြင့်သူနှင့်ဝန်ထမ်းများက နေ့ချင်းပြီး ဆောင်ရွက်ပေးကာ ပြည်သူများထံ လက်ရောက်ပေးအပ်ခဲ့သည်။

"ပြည်သူတွေမှာလည်း မီးလောင်သွားတာဆိုတော့ ဌာနကနေ ဆောင်ရွက်ပေးနိုင်တာကို မီးဘေးစီမံချက်အနေနဲ့ ချက်ချင်းဆောင်ရွက်ပေးလိုက်တာပါ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားကိုလည်း ဆက်ပြီးလုပ်ပေးမှာပါ"ဟု ရေစကြိုမြို့နယ် လဝကဦးစီးမှူး ဦးမျိုးမြင့်သူက ပြောကြားသည်။

**အိမွန်ဆွေ(ရေစကြို)**

# လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီ အစည်းအဝေးပြုလုပ်

**ပြင်ဦးလွင် မတ် ၁၃**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၁၀ ရက်က ပြင်ဦးလွင်မြို့ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးသို့ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များနှင့် ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများ တက်ရောက်ကြပြီး ခရိုင်အုပ်ချုပ်ရေးမှူးက ပြင်ဦးလွင်ခရိုင်အတွင်းရှိ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး လုပ်ငန်းဆောင်ရွက်မှုများ၊ လုပ်ငန်းစဉ်များနှင့် ပုံစံ ၇ ကိစ္စရပ်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။ ထို့နောက် သက်ဆိုင်ရာ ဌာနအလိုက် တာဝန်ရှိသူများက ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ ၇ ကိစ္စရပ်များ၊ အယူခံအမှုတွဲများ၊ အခြားနည်းအသုံးပြုခွင့် ကိစ္စရပ်များ၊ ပြန်လည်စိစစ်ရေး ကော်မတီထံသို့ မြေယာတိုင်ကြားစာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မူးယစ်ဆေးသယ်လာသူက ဓားဖြင့်ထိုး၍ ရဲတပ်ဖွဲ့ဝင်များက လုံးထွေးဖမ်းဆီးခဲ့ရ

**မြဝတီ မတ် ၁၃**

ကရင်ပြည်နယ်ရဲတပ်ဖွဲ့ မြဝတီခရိုင် မူခင်းနှိမ်နင်းရေးအဖွဲ့မှ ရဲအုပ်မျိုးကျော် ဦးစီးသည့်အဖွဲ့နှင့် မြဝတီမြို့မရဲစခန်းမှ နယ်ထိန်းတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က မတ် ၈ ရက် ည ၁၀ နာရီခွဲခန့်တွင် မူးယစ်ဆေးဝါး သတင်းအရ မသင်္ကာသူအား ရှာဖွေစစ်ဆေးစဉ် မသင်္ကာသူက ဓားဖြင့်ထိုးသဖြင့် လုံးထွေးသတ်ပုတ်၍ ဖမ်းဆီးခဲ့ရကြောင်း သိရသည်။

မြဝတီမြို့ အမှတ်(၄)ရပ်ကွက် ချစ်ကြည်ရေးလမ်း သံတံတားကားဝင်းအနီး လမ်းမပေါ်တွင် မသင်္ကာဖွယ်တွေ့ရှိသူတစ်ဦးအား စစ်ဆေးမေးမြန်းစဉ် ၎င်းက လက်ထဲအသင့်ကိုင်ဆောင်ထားသော အရိုးအသွား ကိုးလက်မခန့်ရှိ စတီးဓားချွန်ဖြင့် ဖမ်းဆီးရေးအဖွဲ့ဝင်များကို ထိုးသဖြင့် ဖမ်းဆီးရေးအဖွဲ့က လုံးထွေးသတ်ပုတ် ဖမ်းဆီးခဲ့ရကြောင်း၊ ၎င်းအား သက်သေများရှေ့တွင် ရှာဖွေစစ်ဆေးရာ စောမင်းကျော်ဦး(ခ)ဖိုးကတုံး (၃၁ နှစ်) ဖြစ်ကြောင်း သိရပြီး ၎င်းလွယ်ထားသောအိတ်အတွင်းမှ WY စာတန်းပါ စိတ်ကြွဆေးပြား ၁၀၀၀ ကို ဖမ်းမိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါး လက်ဝယ်တွေ့ရှိသူ စောမင်းကျော်ဦး (ခ) ဖိုးကတုံးအား မြဝတီမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မင်းသူ/ထွန်းထွန်းထွေး(ဘားအံ)**



## မောင်တောမြို့၌ နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်

**မောင်တော မတ် ၁၃**

ရခိုင်ပြည်နယ် မောင်တောမြို့၌ မြို့နယ်လူမှုကူညီရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်ပွဲကို မတ် ၁၁ ရက်က သာသနဝ့ံဗိမ္မာန်တော်ကြီး၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် စစ်တွေမြို့ ကုန်တန်းရပ်ကွက် ပညာအောင်မြေဆရာတော်က သီလချီးမြှင့်ပြီး သင်တန်းတွင် သင်ကြားပို့ချပေးမည့် သံဃာတော်များနှင့် စစ်တွေမြို့မှ ဆရာ ဆရာမများက မိတ်ဆက်စကားပြောကြားသည်။ ထို့နောက် မောင်တောမြို့နယ် လူမှုကူညီရေးအသင်းကိုယ်စား ဦးအောင်ဇော်ဖြိုးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်းတွင် သင်တန်းသား ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၆၅ ဦး တက်ရောက်ကြပြီး သင်တန်းဖြစ်မြောက်ရေးအတွက် နတ်မြစ်မဟီအသင်းက အလှူငွေ ကျပ်ငါးသိန်း ပါဝင်လှူဒါန်းခဲ့သည်။ အဆိုပါ သင်တန်းကို မတ် ၁၁ ရက်မှ ၂၃ ရက်အထိ နေ့စဉ် မွန်းလွဲ ၁၂ နာရီမှ ညနေ ၄ နာရီအထိ သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## အမ်းမြို့နယ်တွင်ဖြစ်ပွားသော ယာဉ်တိမ်းမှောက်မှုအတွက် အထူးခရီးသွားအာမခံလျော်ကြေးငွေ ပေးအပ်

**အမ်း မတ် ၁၃**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ်အနီး ဖြစ်ပွားခဲ့သော ယာဉ်တိမ်းမှောက်မှုဖြစ်စဉ်တွင် သေဆုံး ဒဏ်ရာရသူများအတွက် FNI အာမခံကုမ္ပဏီမှ အထူးခရီးသွား အာမခံလျော်ကြေးကို အမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ မတ် ၉ ရက်က ပေးအပ်ခဲ့သည်။

အဆိုပါ ဖြစ်စဉ်တွင် သေဆုံးသူ ငါးဦးအတွက် တစ်ဦးလျှင် ငွေကျပ်သိန်း ၃၀ ဖြင့် ငွေကျပ် သိန်း ၁၅၀၊ ဒဏ်ရာရရှိသူ ၁၀ ဦးအတွက် ဒဏ်ရာအလိုက် လျော်ကြေးငွေကျပ် ၅၂၂၀၀၀၀၊ စုစုပေါင်း ငွေကျပ် ၂၀၂၂၀၀၀၀ ကို FNI အာမခံကုမ္ပဏီမှ တာဝန်ရှိသူများက သေဆုံးသူများ၏ မိသားစုဝင်များနှင့် ထိခိုက်ဒဏ်ရာရရှိသူများထံ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## မီးဘေးကာကွယ်ရေးနှင့် လုံခြုံရေး သရုပ်ပြဆောင်ရွက်

**ဖြူး မတ် ၁၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်အတွင်းရှိ ဖြူးချောင်းရေလှောင်တမံ စီမံကိန်း၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၁)၊ လက်ထောက်ညွှန်ကြားရေးမှူး (၄) ရုံးတွင် မတ် ၁၂ ရက်က ပွင့်လင်းရာသီ မီးဘေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်ရန် ညွှန်ကြားရေးမှူးချုပ်၏ ညွှန်ကြားချက်များနှင့်အညီ ရုံး၊ ဝန်ထမ်း လိုင်းခန်း၊ စတို၊ မော်တော်ယာဉ်၊ အလုပ်ရုံများ၊ ဆီသိုလှောင်ကန်များ၊ မီးဘေးကာကွယ်ရေး၊ မီးဘေးလုံခြုံရေး အစီအမံများအတွက် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ပူးပေါင်းဆက်သွယ်၍ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ် အဆင့်ဆင့်အား ဟောပြောဆွေးနွေးခြင်း၊ သရုပ်ပြလေ့ကျင့်ခြင်း၊ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ် သရုပ်ပြခြင်း၊ မီးသတ်ပိုက်ဖြင့် မီးငြိမ်းသတ် သရုပ်ပြခြင်းတို့ကို လက်ထောက်ညွှန်ကြားရေးမှူး (၄) ရုံး၊ အုပ်ချုပ်မှုအောက်ရှိ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများအား မီးဘေးကာကွယ်ရေးနှင့် လုံခြုံရေးအတွက် သရုပ်ပြဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

ဖြူး-မြင့်ဦး

## နွေရာသီ အားကစားသင်တန်းများ၌ ကလေးငယ်များ စိတ်ပါဝင်စားစွာ တက်ရောက်လျက်ရှိ

**ကျောက်ပန်းတောင်း မတ် ၁၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့တွင် နွေရာသီ အားကစားသင်တန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၏ အစီအစဉ်ဖြင့် ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ကျောင်းသား ကျောင်းသူ ကလေးငယ်များ စိတ်ပါဝင်စားစွာ တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။



ကျောက်ပန်းတောင်းမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနအနေဖြင့် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီ၊ မြို့နယ်ပညာရေးဌာနတို့နှင့် ပူးပေါင်း၍ နွေရာသီ အားကစားသင်တန်းများအဖြစ် ဘောလုံး၊ တိုက်ကွမ်ဒို၊ ဝူရှူး၊ သေနတ်ပစ်၊ အေရိုးဗစ်နှင့် ပြေးခုန်ပစ် အားကစားနည်း ခြောက်မျိုးကို ဖေဖော်ဝါရီ ၁၉ ရက်မှစ၍ သင်တန်းများဖွင့်လှစ်ကာ သင်ကြားပေးနေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အားကစားသင်တန်းများအနက် ဘောလုံးအားကစားနည်းတွင် သင်တန်းသား ၈၀၊ တိုက်ကွမ်ဒို အားကစားနည်းတွင် သင်တန်းသား ၆၀၊ ဝူရှူးအားကစားနည်းတွင် ၃၀ ဦး၊ သေနတ်ပစ်တွင် ၂၀ နှင့် အေရိုးဗစ် အားကစားနည်းတွင် ကျောင်းသူ ၃၀ တို့ တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းဆရာများအဖြစ် ဘောလုံး၊ ဝူရှူး၊ တိုက်ကွမ်ဒိုနှင့် သေနတ်ပစ်တို့ကို မန္တလေး အားကစားနှင့် ကာယပညာသိပ္ပံကျောင်းမှ နည်းပြများဖြစ်သည့် ဆရာ ဦးသက်နောင်စိုး(ဘောလုံး)၊ ဦးရဲလင်းကျော်(တိုက်ကွမ်ဒို)၊ ဦးဇော်မင်းထွန်း(ဝူရှူး)နှင့် ခရိုင်အား/ကာ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးမော်တို့က သင်ကြားပေးလျက်ရှိကာ သေနတ်ပစ်နှင့် ပတ်သက်၍ အား/ကာသိပ္ပံမှ ဆရာမ ဒေါ်မင်းမင်းအောင်နှင့် မြို့နယ် အား/ကာမှ ဦးစီးအရာရှိဦးတင်မောင်ဝင်းတို့က အားဖြည့်သင်ကြားပေးကြောင်း၊ အေရိုးဗစ် အားကစားနည်းကို မြို့နယ်အား/ကာမှ နည်းစနစ်မှူး ဒေါ်ဝင်းမင်းသန်းက သင်ကြားပေးပြီး ဘောလုံးအားကစားနည်းနှင့် ပြေးခုန်ပစ် အားကစားနည်းများတွင် မြို့နယ်ပညာရေးဌာနမှ ကာယဆရာများနှင့် မြို့နယ် ဘောလုံးလက်ရွေးစင်များကလည်း အားဖြည့်သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

အားကစားသင်တန်းများ အနက် ဘောလုံး၊ တိုက်ကွမ်ဒို၊ သေနတ်ပစ်နှင့် ပြေးခုန်ပစ် လေးမျိုးကို မြို့နယ်ဘောလုံးအားကစားကွင်းထဲတွင် သင်ကြားပေးနေပြီး ဝူရှူးနှင့် အေရိုးဗစ် အားကစားနည်းများကို မြို့နယ်အားကစားခန်းမ၌ သင်ကြားပေးလျက်ရှိကာ သင်တန်းများမှာ မတ် ၂၆ ရက်တွင် ပြီးဆုံးမည်ဖြစ်ကြောင်းနှင့် သင်တန်းများတွင် ကျောင်းသားကျောင်းသူ ကလေးငယ်များ စိတ်ပါဝင်စားစွာ တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

နေအောင်(ပြန်/ဆက်)

## မီးဘေးကြိုတင်ကာကွယ်ရေး အရှိန်မြှင့်ဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေး

**နတ်တလင်း မတ် ၁၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်အတွင်း မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ထားရန်အတွက် ညှိနှိုင်းအစည်းအဝေးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၁၁ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေဝဏ္ဏလှိုင်က လက်ရှိအချိန်သည် ပူပြင်းခြောက်သွေ့သောနွေရာသီကို ရောက်လာပြီဖြစ်၍ မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ဌာနဆိုင်ရာများ၊ NGO အဖွဲ့အစည်းများနှင့် ပြည်သူများ တက်ညီလက်ညီ ဝိုင်းဝန်းပြီး လုပ်ဆောင်ကြရန် အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသက်ချိုဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ဆက်လက်ဆွေးနွေးကြရာ နတ်တလင်းမြို့နယ် မီးသတ်ဦးစီးဌာနတွင် မီးသတ်ကား ထပ်မံရရှိထားသည့်အခြေအနေ၊ အနောက်ခြမ်းနယ်မြေဖြစ်သော တာပွန်မြို့သည် နယ်မြေမီးသတ်စခန်းရှိပြီး မီးသတ်ကားနှစ်စီး၊ အုပ်ချုပ်မှုယာဉ်တစ်စီးရှိကာ အရှေ့ခြမ်းတောင်ညိုမြို့သစ်မှာ နတ်တလင်းမြို့နှင့်အလှမ်းဝေးသလို သွားလာရေးအခက်အခဲရှိသဖြင့် အရေးပေါ်မီးလောင်မှုဖြစ်ပေါ်လာပါက လက်ဦးမှုရယူနိုင်ရန် မီးသတ်ကား တစ်စီး ပို့ထားသင့်ကြောင်းစသည်တို့ကို ဆွေးနွေးခဲ့သည်။

ထို့အပြင် မြို့အတွင်း၌ လောင်စာဆီရောင်းချနေသော ဆိုင်အသေးအကြီး အားလုံး အနေဖြင့် မြို့ပြင်တွင်သာ ရောင်းချကြရန်နှင့် သက်ဆိုင်ရာကအသိပေးပြီး တစ်ပတ်အတွင်း အပြီးဆောင်ရွက်ကြရန်၊ သန္နေမီးသတ်တပ်ဖွဲ့ဝင်တိုင်း ကားမောင်းနှင့် စက်ကိုင်တွယ်မှုများကို တတ်ကျွမ်းအောင် သင်ကြားထားရန်၊ နွေရာသီတွင် ဘုရားပွဲနှင့် ပျော်ပွဲရွှင်ပွဲများ ပေါ်များ၍ မီးကို ကြိုတင်ကာကွယ်မှုဖြင့် အနိုင်ယူနိုင်အောင် စုပေါင်းလုပ်ဆောင်ကြရန်၊ မီးဘေးအန္တရာယ်ကင်းဝေးစေရန် ကြိုတင်ကာကွယ်ရေးလုပ်များကို အရှိန်အဟုန်မြှင့်ပြီး ဆောင်ရွက်သွားကြရန် စသည်တို့ကိုလည်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

တင်မြင့် (နတ်တလင်း)

## တပ်ပိုင်မြေ တောင်ပေါ်ဘုရားနေရာကို သာသနာပိုင်မြေအဖြစ် လွှဲပြောင်းပေးအပ်

**ရွာသစ် မတ် ၁၃**

ကယားပြည်နယ် ဘော်လခဲခရိုင် ရွာသစ်မြို့ရှိ တပ်ပိုင်မြေ တောင်ပေါ်ဘုရားနေရာကို သာသနာပိုင်မြေအဖြစ် လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို မတ် ၁၁ ရက်က တပ်ဦးစေတီနှင့် မင်္ဂလာရွှေကျောင်းတော်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

တပ်ပိုင်မြေနေရာ လွှဲပြောင်းပေးခြင်း အခမ်းအနားတွင် အမှတ်(၁၀၀၅) နယ်ခြားစောင့်တပ်မှ တာဝန်ရှိသူများက ရွာသစ်မြို့ရှိ ဂေါပကအဖွဲ့များထံသို့ မြေနေရာကို လွှဲပြောင်းပေးအပ်ခဲ့ပြီး ဂေါပကအဖွဲ့များနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့က မြောက်ပိုင်းရပ်ကွက်ရှိ မင်္ဂလာရွှေကျောင်းတော် ဆရာတော်ထံသို့ သာသနာပိုင်မြေအဖြစ် ထပ်မံလွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

နန်းဆွေဆွေအေး(ပြန်/ဆက်)



ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့၌ မိုးရာသီကာလတွင် ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးနှင့် ရေမြောင်းများတွင် ရေဆိုးရေညစ်များ မရှိစေရေးအတွက် ရေမြောင်းများအတွင်း ပိတ်ဆို့နေသော အမှိုက်များ၊ မြက်များ၊ ရေဆိုးရေညစ်များကို မြို့နယ်စည်ပင်သာယာရေး ကော်မတီနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းပြီး မီးသတ်ပိုက်နှင့်ထိုးပက်၍ ရှင်းလင်းမှုများ မတ် ၁၁ ရက်က ဆောင်ရွက်စဉ်။

မျိုးညွန့်ရွှေ (မိုးနဲ)








## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်ကိုလတ် ၈/မသန(နိုင်)၀၈၇၁၁၀ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း–၀၉–၉၇၅၀၃၀၈၀၅**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်ဆန်းလင်း ၈/ပခက(နိုင်)၂၃၇၄၇၂ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း–၀၉–၉၆၅၄၁၈၈၁၇**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ရဲဝင်း ၈/နမန(နိုင်)၀၉၆၂၂၉ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း–၀၉–၉၆၇၀၆၃၁၇၄**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ထွန်းထွန်းဝင်း ၈/ဆဖန(နိုင်)၀၆၇၂၀၉ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း–၀၉–၇၈၈၀၁၂၄၇၃**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၇ယ/၅၈၆၁၆ Honda Scoopy ,110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးလန်ကမ်ထန် ၁/ပတအ(နိုင်)၀၀၀၁၈၃က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5G/6763 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)**
**ပြင်ဦးလွင်ခရိုင်တရားရုံး**
**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်–၁၄**

ဦးကျော်မြင့် **နှင့်** ဦးမျိုးမြင့်
**တရားလို** **တရားပြိုင်**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ အကွက်အမှတ်(လ–၃၃)နေ ဦးမျိုးမြင့် CHK–၁၀၁၀၀၁ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကတိအတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၈ခုနှစ် မတ်လ ၂၃ရက် (၁၃၇၉ခုနှစ် တန်ခူးလဆန်း ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် မတ် ၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သဇင်ရွှေ)**
**ခရိုင်တရားသူကြီး**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ညောင်ဦးမြို့၊ ရွှေစည်းခုံစေတီတော်ပိုင် ဝတ္တကမြေဖြစ်သော ညောင်ဦးမြို့၊ အမှတ်(၅)ရပ်ကွက်၊ သီရိပစ္စယာတိုးချဲ့(၅)ရပ်၊ ဝိုင်းအကွက်အမှတ် ၅၂၁၊ ဒေါ်သိန်းညွန့် PGN–၀၇၇၈၇၆ အမည်ပေါက် ဝိုင်းမြေကွက်အတွက် (ဘ) ဦးဖိုးတာ၏သမီး ဒေါ်ခင်သိန်း ၉/ညဥန(နိုင်)၀၀၁၈၀၅မှ ရွှေစည်းခုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သို့ ရွှေစည်းခုံစေတီတော်ပုံတော်ပါ ရွှေစည်းခုံစေတီတော်ပိုင် ဝတ္တကမြေပေါ်တွင် နေထိုင်ခွင့်ရရှိကြသည့် ပုဂ္ဂိုလ်များထံမှ အလှူတော်ငွေရပြေစာ စာရွက်အမည်ပြောင်းထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ရွှေစည်းခုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားသူ ဒေါ်ခင်သိန်းသို့ ရွှေစည်းခုံစေတီတော် ပုံတော်ပါဝတ္တကမြေပေါ်တွင် နေထိုင်ခွင့်ရရှိကြသည့်ပုဂ္ဂိုလ်များထံမှ အလှူတော်ငွေရ ပြေစာစာရွက်ထုတ်ပေးရေးကိစ္စကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ရွှေစည်းခုံစေတီတော်၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## သမီးအဖြစ်မှရာသက်ပန်အမွေပြတ်စွန့်လွှတ်ခြင်း

(၁၁)ရပ်ကွက်၊ အောင်ချမ်းသာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့နေ ကျွန်မ ဒေါ်မြသိန်း ၁၂/အစန(နိုင်)၁၀၇၉၀၇ ၏သမီး ဒေါ်မြင့်မြင့်ဆွေ ၁၂/အစန(နိုင်)၁၀၉၃၈၄ သည် မိဘမောင်နှမများကို အသိပေးခြင်းမရှိဘဲ မိဘနှင့်မိသားစုကို အကြိမ်ကြိမ်စိတ်ဆင်းရဲ အရှက်ရစေသည့် ကိစ္စရပ်အား ၎င်း၏သဘောဆန္ဒရှိသည့်အတိုင်း ပြုမူလုပ်ဆောင်သွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား လုံးဝတာဝန်ယူမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဒေါ်မြသိန်းမိသားစု**

## မြေကွက်ဝယ်လိုသည်

ဒဂုံတောင်ပိုင်းနှင့် ဒဂုံဆိပ်ကမ်း

ဖုန်း–၀၉–၇၉၆၅၅၅၉၁၁၊ ၀၉–၄၄၃၂၇၆၆၇၆

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)**
**လပွတ္တာခရိုင်တရားရုံးတော်**
**၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်–၉**

ဦးဖေယျာလင်း **နှင့်** ဦးဝေလင်း
**တရားလို** **တရားပြိုင်**

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ အမှတ်(၂၃)၊ ၁၄လမ်း၊ ၆ရပ်ကွက်နေ တရားပြိုင်ဖြစ်သော ဦးဝေလင်း (ဘ) ဦးအောင်သိန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဖေယျာလင်းက မေတ္တာဖြင့်အကူအညီပေးအပ်ချေးငှားထားသည့် ငွေသိန်း ၃၀၀ကျပ် (သိန်းသုံးရာကျပ်တိတိ) လက်ရောက်ပြန်လည်ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၈ခုနှစ် မတ် ၃၀ရက် နံနက် ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးသို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် မတ် ၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးအေးမြင့်)**
**ခရိုင်တရားသူကြီး**
**လပွတ္တာခရိုင်တရားရုံး**

## အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ အောင်မင်္ဂလာရပ်၊ အောင်မင်္ဂလာ ၁ လမ်း၊ အမှတ်–ယ၆/၁၀၃၊ (၂၉×၄၀)အကျယ်အဝန်း၊ အရှေ့လားသော် ဦးဇော်ဇော်လွင်၊ အနောက်လားသော် ဦးဇော်မျိုး၊ မြောက်လားသော် လမ်း၊ တောင်လားသော် ဦးဖေလှရှိ အိမ်ဝိုင်းခြံမြေအား ဦးချော ၉/ပမန(နိုင်)၀၂၂၇၇၅မှ ပိုင်ဆိုင်သဖြင့် ရောင်းချလိုကြောင်း အဆိုပြုသဖြင့် ဝယ်ယူလိုသူ ဒေါ်ယဉ်နွယ်အေး ၉/ပမန(နိုင်)၁၃၆၇၅၇ က ဝယ်ယူမည်ဖြစ်သဖြင့် သက်ဆိုင်သည့် တစ်ဦးဦးက ကန့်ကွက်လိုပါက အိမ်ဝိုင်းမြေနှင့် ပတ်သက် သက်ဆိုင်သည့်အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်ပြီးနောက် အပြီးအပိုင် အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးနေတူး (LL.B)**
**အထက်တန်းရှေ့နေ (စဥ်–၃၃၉၇၅)**
**အမှတ်(၁၀/၄၈)၊ မောင်ခင်လမ်း၊ ရွှေချီရပ်၊ ပျဉ်းမနားမြို့၊**
**ဖုန်း–၀၉–၂၅၄၀၂၅၉၀၄**


**မြေကွက်များဈေးကောင်းပေးဝယ်လိုသည်**
ဒဂုံမြို့သစ်၊ (အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း)တို့တွင် မြေကွက်များဝယ်လိုသည်။
**အိမ်အရောက် ငွေချေနစ်၊ ပွဲခပေးရန်မလို**
**မဟူနံ 01-2339310,01-2339355,01-578044**


## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ မြေကွက်အမှတ်(၈၃၀)၊ ဦးစိန်ကြည် (N/RGN-006292)အမည်ပေါက် မြေချပါမစ်မူရင်း ပိုင်ဆိုင်သည့်မြေကွက်အား ဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် နောက်ဆုံးလက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်မြစိမ်းဟန် ၁၂/ဗဟန(နိုင်)၀၆၉၀၂၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ယဉ်ယဉ်သူ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၂၅၈၃၂)**
**ဖုန်း–၀၉–၇၆၄၂၀၀၇၄၇**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်–၅၊ နည်းဥပဒေ–၁ နှင့် ၅)**
**မင်္ဂလာဒုံမြို့နယ်တရားမရုံး၌**
**၂၀၁၈ခုနှစ် တရားမကြီးအမှုအမှတ်–၂၄**

၁။ ဦးခင်မောင်သွင် **နှင့်** ဦးမောင်စိန်
၂။ ဦးစိုးသူလွင်
(၎င်းတို့၏အခွင့်ရကိုယ်စားလှယ်
ဒေါ်ထူးထူးဆွေ)
**တရားလိုများ** **တရားပြိုင်**

ဦးမောင်စိန် အမှတ်(၁၇၀)၊ သစ်ဆိမ့်ကုန်းကျေးရွာ၊ မင်္ဂလာဒုံမြို့နယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လယ်ယာမြေ(၃/က) လျှောက်ထားရန်နှင့် ကတိပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ခုနှစ် မတ် ၂၂ရက် (၁၃၇၉ခုနှစ် တန်ခူးလဆန်း ၆ရက်) နံနက် ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် လိုအပ်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် မတ် ၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အုန်းမြင့်)**
**မြို့နယ်တရားသူကြီး**
**မင်္ဂလာဒုံမြို့နယ်တရားရုံး**

## ဝမ်းနည်းကြေကွဲခြင်း
# ဒေါ်ချစ်ရီ
**(MARJORIE MORRIS)**
**ပြင်ဦးလွင်၊ ပုဂံ-ညောင်ဦးအသင်းသက်ကြီးကန်တော့ခံ**
**အသက်(၈၆)နှစ်**

သူငယ်ချင်း ချစ်ချစ်ဖေ၏ မိခင်ကြီးသည် ၁၀-၃-၂၀၁၈ရက်(စနေနေ့) နံနက် ၉း၂၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူ၊သူငယ်ချင်း မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၇၉ခုနှစ် စီးပွားရေးတက္ကသိုလ်ဘွဲ့ရ သူငယ်ချင်းများ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်လှရည်
**အသက်(၈၄)နှစ်**

နတ်တလင်းမြို့နယ်၊ တာပွန်မြို့၊ တက်နေမင်းလမ်းနေ (ဦးစံမြ-ဒေါ်ဖွားသီ)တို့၏သမီး၊ (ဦးလွန်းမောင်-ဒေါ်အေးသင်)တို့၏သမီးချွေးမ၊ (ဦးစိုးမြင့်)၏ဇနီး၊ ဗိုလ်မှူးအောင်ဇော်မြင့်(ငြိမ်း)-ဒေါ်ခင်မာချို၊ ဦးဇော်လင်းထွန်း(YCDC, တိ/ကူဌာန)-ဒေါ်ဆွေမာမြင့်၊ (မောင်ကျော်လင်းမြင့်)တို့၏ချစ်လှစွာသောမိခင်၊ မောင်မင်းဆက်အောင်၊ မောင်စိုးသီဟဇော်၊ မောင်ထက်ကိုကိုတို့၏အဘွားသည် ၁၃-၃-၂၀၁၈ရက် ည ၆း၁၅နာရီတွင် ရန်ကင်းမြို့နယ်၊ YCDC ဝန်ထမ်းအိမ်ရာ၊ တိုက် A 4, အခန်း ၂၀၃ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၁၈ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ရန်ကင်း YCDCဝင်း နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဦးလှထွန်း
**အသက်(၇၅)နှစ်**

သူငယ်ချင်း ဗိုလ်မှူးထွန်းထွန်းဦး(ငြိမ်း)-ဒေါ်အေးအေးခိုင်တို့၏ ချစ်လှစွာသောဖခင် ဦးလှထွန်းသည် ၁၂-၃-၂၀၁၈ရက် (တနင်္လာနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၂၂)မှ သူငယ်ချင်းများ**

## ကျေးဇူးအထူးတင်ရှိခြင်း

စစ်တွေမြို့၊ အိုးတန်းရပ်ကွက်၊ ရွှေသာလမ်း၊ အမှတ် ၅၂နေ(ဦးစောအောင်ရှိ)၏ဇနီး ဒေါ်စိန်ခင်သည် ၁၀-၃-၂၀၁၈ရက် နံနက် ၉း၃၀နာရီတွင်ကွယ်လွန်ပြီး နာရေးသို့ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း တယ်လီဖုန်းတို့ဖြင့် ဝမ်းနည်းကြောင်း ပြောကြားခဲ့သော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ နာရေးသို့ လိုက်ပါပို့ဆောင်ခဲ့ကြသော ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
# ကိုဝေဖြိုးခိုင်မာ
**အသက်(၄၀)**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့၊ ဗိုလ်အောင်ဇေယျရပ်နေ ဦးသန်းညွန့်ဝင်း (စစ်ကိုင်းတိုင်းဒေသကြီး၊ လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး)၊ ဒေါ်ချိုချို(အောင်ပန်းနည်းပြ မိသားစု)တို့၏သားကြီး ကိုဝေဖြိုးခိုင်မာသည် ၁၃-၃-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စစ်ကိုင်းတိုင်းဒေသကြီး**
**လမ်းဦးစီးဌာန**
**ညွှန်ကြားရေးမှူး(မြို့ပြ)နှင့်**
**တိုင်း/ခရိုင်/အထူးအဖွဲ့များမှ ဝန်ထမ်းများ**

# ကိုအောင်ရဲမြတ်
**Horizon Telecom International Co.,Ltd.**
**(Chief Representative Officer)**
**အသက်(၃၄)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကမ္ဘောဇလမ်း၊ အမှတ် ၁၅/စီနေ [ဦးရဲခေါင် (ဒုတိယဝန်ကြီးချုပ်၊ ငြိမ်း)]-ဒေါ်မိမိကြီး၊ (ဦးညွန့်အောင်-ဒေါ်မြင့်မြင့်)တို့၏မြေး၊ ဦးရဲမြတ်စိုး(A Bank, ဒုတိယဥက္ကဋ္ဌ)-ဒေါ်ဥမ္မာအောင်တို့၏သား၊ မောင်ထက်ဘုန်းမြတ်(မြို့ပြအင်ဂျင်နီယာ)၊ မခြူးခင်ခင်(သတင်းအချက်အလက် နည်းပညာတက္ကသိုလ်၊ ဒုတိယနှစ်)တို့၏အစ်ကိုသည် ၁၀-၃-၂၀၁၈ရက် (စနေနေ့) နံနက် ၇း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၃-၂၀၁၈ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
# မောင်ဇင်လင်းထွဋ်
**အသက်(၁၇)နှစ်**

MAHAPARAMOUNT GROUP INT'L CO.,LTD (MPG PVC PIPE FACTORY)မှ Production Manager ဦးအောင်မျိုးထွဋ်-ဒေါ်မာမာဦးတို့၏သားဖြစ်သူ မောင်ဇင်လင်းထွဋ် အသက်(၁၇)နှစ်သည် ၁၂-၃-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၆နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကုမ္ပဏီ Director အဖွဲ့နှင့်**
**ကုမ္ပဏီဝန်ထမ်းများ**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်ကိုကိုမျိုးဦး ၁၀/သထန (နိုင်) ၂၀၉၅၅၆ ၏ (Passport - No) မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၆၇၈၈၂၉၉**

## ဖခင်အမည်မှန်

ဝါးခယ်မမြို့နယ်၊ အထက(ခွဲ) ကလ နဝမတန်း (A)မှ မောင်သူရအောင်၏ ဖခင်အမည်မှန်မှာ ဦးမြအေးငွေ ၁၄/ဝခမ(နိုင်)၃၀၃၀၅၀ ဖြစ်ပါကြောင်း။

## ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး
# ဦးကြီးမြင့် (အထက်တန်းရှေ့နေ)
**အထက(၁)တ/ဥ၊ အထက(၄)တ/ဥ၊ အင်းစိန် အထက(၁)**
**ကျောင်းဆရာ(အငြိမ်းစား)**
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည်အထက် ၁၂ လမ်း၊ အမှတ် ၄၃၆နေ ဒေါ်လှကြည်(မော်-စာပေ)၏ခင်ပွန်း၊ ဒေါ်မြင့်မြင့်မော်(အထက်တန်းရှေ့နေ)၊ (ဦးညွန့်လွင်)-ဒေါ်သင်းသင်းမော်(အထက်တန်းပြ၊ ပုဇွန်တောင်၊ အထက-၃) ကမာရွတ်မြို့နယ်၊ သထုံလမ်း၊ တိုက်(၆/၁)နေ ဒေါက်တာကျော်မင်း (ဘူမိဗေဒဌာန၊ ပါမောက္ခ၊ ဌာနမှူး၊ ပြည်တက္ကသိုလ်)-ဒေါက်တာကြည်ကြည်မော်(ဘူမိဗေဒဌာန၊ ပါမောက္ခ၊ဌာနမှူး၊ ဒဂုံတက္ကသိုလ်)တို့၏ဖခင်၊ မောင်သုဝဏ်သာ(နောက်ဆုံးနှစ်၊ ဂုဏ်ထူးတန်း၊ ဘူမိဗေဒ)၊ မောင်သုဝဏ်ထက်(နဝမတန်း၊ ကမာရွတ် TTC)တို့၏အဘိုးသည် ၁၀-၃-၂၀၁၈ရက် (စနေနေ့) မွန်းလွဲ ၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၃-၂၀၁၈ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါတောင်ဥက္ကလာပမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
# ဦးစိန်ရွှေ
**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ပြည်ထောင်စုလမ်း၊ အမှတ် ၄၇နေ ဒေါ်အေးအေးမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ခေတ္တ အမေရိကန်ပြည်ထောင်စုနေ ဦးမြင့်ဆွေ(ခ)မိုက်ကယ် DIMPLE TIN HU (Director Hotel H Valley Yangon & Hostel H Way Yangon)တို့၏ချစ်လှစွာသောဖခင်ကြီး ဦးစိန်ရွှေသည် ၁၃-၃-၂၀၁၈ရက်(အင်္ဂါနေ့)နံနက် ၅း၁၀နာရီခန့်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Hotel H Valley Yangon**
**နှင့်**
**Hostel H Way Yangon**
**General Manger နှင့် ဝန်ထမ်းများ**

## ခရစ်တော်၌အိပ်ပျော်ခြင်း
# ဦးဒိန်ရအဖုန်
**အသက်(၇၃)နှစ်**

(ဦးဒိန်ရတန်-ဒေါ်ဘန်ထွယ်)တို့၏သား၊ (ဦးဒီနောင်ပါ)-ဒေါ်မြဝင်းထွန်း၊ ဒေါ်ဒီနင်ဆင်း-(ဦးမြင့်ဆွေ)၊ ဒေါ်ဒီအချန်၊ ဦးဒီအလ-ဒေါ်လုပါ၊ ဦးဒီတူးခေါင်-ဒေါ်ဒီချန်ဘိုင်း၊ ဦးဒီတန်ဂွန်း-ဒေါ်မဒန်ဒေါင်နန်းတို့၏အစ်ကို၊ ဒေါ်ဖေါင်ယမ်ရွယ်ဒင့်၏ခင်ပွန်း၊ ကိုဖုန်ဆိုင်း-မဆွမ်လွတ်ဘန်ဆိုင်း၊ မောင်ထင်နားလတ်၊ မနန်ထွယ်တို့၏ဖခင်သည် ၁၂-၃-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၅း၅၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၅-၃-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် အမှတ် ၁၁၃၊ ရှမ်းစုတောင်ရပ်ကွက်၊ မြစ်ကြီးနားမြို့နေအိမ်၌ ဝတ်ပြုဆုတောင်းပြီး နောင်နန်း၊ ဝမ်ပေါင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဦးထွန်းဦး
**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ခိုင်ရွှေဝါ(ဗဟိုလမ်း)၊ (၁)ရပ်ကွက်၊ အမှတ် ၁၇၉-၅(က)နေ (ဦးတင်စိန်-ဒေါ်လှရီ)တို့၏သား၊ (ဦးချစ်ရွှေ-ဒေါ်တင်)တို့၏သားသမက်၊ ဦးအေးမင်း-ဒေါ်လှပိုင်တို့၏အစ်ကို၊ ကိုအောင်သိုက်ဦး-မချိုချိုလင်း၊ ကိုအောင်မျိုးသိန်း-မယဉ်ယဉ်အေး၊ ကိုဘိုဘိုအောင်-မပွင့်မာလာထွန်း၊ ကိုမင်းမင်းသူ-မနွယ်နီစိုးတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုး၊ ဒေါ်အေးမြင့်၏ခင်ပွန်းသည် ၁၃-၃-၂၀၁၈ရက်(အင်္ဂါနေ့)နံနက် ၉း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၃-၂၀၁၈ရက် (တနင်္လာနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
# ဒုတပ်ကြပ်ကျော်လတ် အသက်(၃၇)နှစ်

ဒေါ်သန္တာစိုး၏ခင်ပွန်း ဆသရ(၄)တပ်ရင်းမှ ဒုတပ်ကြပ်ကျော်လတ်သည် ၄-၃-၂၀၁၈ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမြတ်မင်းထွန်း၊**
**ဦးဖြိုးဝေလင်း-ဒေါ်စုမြတ်မွန် မိသားစု**

# ဦးဝင်းနိုင်
**အသက်(၅၄)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ၆လမ်း၊ အမှတ် ၉၂နေ ဒေါ်စန်းယဉ်၏တူ/သား၊ ဦးအောင်ဝင်း-(ဒေါ်စန်းတင့်)တို့၏သား၊ (ဦးနေဝင်း-ဒေါ်လှကြည်)တို့၏ သားသမက်၊ ဒေါ်မိမိခိုင်၊ ဦးငွေစိုး-ဒေါ်စန္ဒာခင်တို့၏အစ်ကို၊ ဗိုလ်ကြီးဖြိုးဝေမင်း (ပြည်သူ့ကျန်းမာရေးပါရဂူ)၊ မောင်အာကာကျော်တို့၏ဖခင်၊ ဒေါ်သီတာဝင်း၏ခင်ပွန်းသည် ၁၂-၃-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ [အမှတ် ၉၂၊ ၆လမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေအိမ်မှကားများ နံနက် ၉း၁၅နာရီတွင် ထွက်ခွာပါမည်။] [ကွယ်လွန်သူအားရည်စူး၍ ၁၈-၃-၂၀၁၈ရက်(တနင်္ဂနွေနေ့)တွင်အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဦးအောင်မြင့်
**အသက်(၅၆)နှစ်**

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၁)ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ် ၆၁၉နေ(ဦးထွန်းဘ-ဒေါ်သိန်းတင်)တို့၏သား၊ (ဦးစံငွေ-ဒေါ်ခင်သန်း)တို့၏သားသမက်၊ ဒေါ်ခင်မြ-ဦးဘမြင့်တို့၏မောင်/ညီ၊ ကိုသိန်းမြင့်-မမြင့်မြင့်စိုးတို့၏အစ်ကို၊ ဒေါ်ဝင်းဝင်းဆွေ၏ချစ်လှစွာသောခင်ပွန်း၊ တူ/တူမ ၁၁ယောက်တို့၏ဦးလေးသည် ၁၂-၃-၂၀၁၈ရက် ည ၈း၅၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄-၃-၂၀၁၈ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ရဟန်း၊ကျောင်း၊ဒါယိကာမကြီး
# ဒေါ်ခင်ထား
**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၁၀လမ်း၊ အမှတ် ၂၂နေ (ဦးအောင်ကွန်း-ဒေါ်လှယဉ်)တို့၏သမီး၊ (ဦးစံရွှေ)၏ဇနီး၊ ဦးသီဟ (Bernhard Schulte Co.)-ဒေါ်နီလာသိန်း၊ ဦးစိုးမြင့် (Bernhard Schulte Co.)-ဒေါ်သီတာအေး၊ ဦးအောင်သူရ(Bernhard Schulte Co.)-ဒေါ်မြမြမိုးတို့၏ချစ်လှစွာသောမိခင်၊ မလင်းလက်သီရိ၊ မောင်ပိုင်စစ်မှူးခန့်၊ မမျက်သွယ်စိုး၊ မောင်ညီထွဋ်၊ မောင်ဟိန်းဆက်အောင်၊ မောင်ခန့်ဟိန်းတို့၏အဘွားသည် ၁၂-၃-၂၀၁၈ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၄-၃-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၃-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဦးထွန်းခိုင်လတ်
**အသက်(၅၂)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကွမ်းခြံတန်းလမ်း၊ အမှတ် ၆၈နေ ဦးတင်လတ် - ဒေါ်တင်စိန်တို့၏သား၊ ဒေါ်လွင်လွင်ဦး၏ခင်ပွန်း၊ မချောခင်ခင်၏ဖခင်၊ (ဦးရဲနိုင်လတ်၊ C/E)-ဒေါက်တာကြည်ကြည်မြင့်၊ ဦးမိုးကျော်စိုး-ဒေါ်ခင်မျိုးလတ် (ခေတ္တ-အင်္ဂလန်နိုင်ငံ)တို့၏ညီ/မောင်၊ Capt: ဦးထိန်ဝင်းလတ် (LIZSTAR SHIPPING Co.,LTD) - ဒေါ်ဝင်းမမလွင်တို့၏အစ်ကိုသည် ၁၂-၃-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၃-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# မောင်ဇင်လင်းထွဋ်(ခ) ကိုဇင်
**1st year Mechanical GTI Laputta**
**အသက်(၁၇)နှစ်**

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊(က-၄)လမ်း၊ အမှတ် ၂၆၄နေ (ဦးစောကြည်မောင်)-ဒေါ်အုန်းမေ၊ မြို့သစ်(က+ခ)ရပ်ကွက်၊ (ခ/၁၀)လမ်း၊ အမှတ် ၇၇၈နေ(ဦးသိန်းမြင့်)-ဒေါ်မြသိန်းတို့၏မြေး၊ ဒေါ်သီတာဝင်း(GTI) နည်းပြ (ငြိမ်း)၊ ဒေါ်ခင်နှင်းထွဋ် (ဒုတိယညွှန်ကြားရေးမှူး၊ တနင်္သာရီတိုင်းဒေသကြီး၊ တရားလွှတ်တော်)၊ ဒေါ်တင်လင်းထွဋ်(အလယ်တန်းပြ၊အထက-၄၊ အင်းစိန်)၊ ဦးထွန်းထွန်းဝင်း-ဒေါ်ဇာဇာအောင်(မဇာအထည်ဆိုင်)၊ ဒေါ်ဇင်မာသက် (ဂရိတ်ဝေါဆေးဝါးထုတ်လုပ်ရေး)၊ ဦးငြိမ်းချမ်းလင်း(Singapore) - ဒေါ်ခင်နှင်းဝေတို့၏တူ၊ မောင်အောင်လင်းခန့်သာ၊ မောင်စွမ်းလပြည့်လင်းတို့၏ အစ်ကို၊ ဦးအောင်မျိုးထွဋ်(MPG International Co.,Ltd.) (Production Manager)-ဒေါ်မာမာဦး(တောင်ထိပ်ပန်းဆေးဆိုင်)တို့၏ချစ်လှစွာသောသား၊ မနှင်းထက်အောင်(ဆဋ္ဌမတန်း၊အထက-၂၊အင်းစိန်)တို့၏အစ်ကိုသည် ၁၂-၃-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၄၅နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၃-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အမှတ် ၇၇၈၊ (ခ/၁၀)လမ်းနေ(ဦးသိန်းမြင့်)-ဒေါ်မြသိန်းတို့၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
# ဦးဥတ္တရ (ဗိုလ်ကြီးခင်အောင်-ငြိမ်း)
**မုံလည်တောရ ဓမ္မရိပ်သာ ပဲခူး ၁၀မိုင်ကုန်း**
**ဗိုလ်သင်တန်းအပတ်စဉ် ၃၄၊ ဆိပ်ကမ်းမြို့နယ်တရားသူကြီးဥက္ကဋ္ဌဟောင်း**
**သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၁၄)ဝါ**

ရန်ကုန်မြို့နေ (ဒေါ်တင်အေး)၏ခင်ပွန်း၊ ဒေါ်ချိုချိုအောင်၊ ဦးရဲမင်း-ဒေါ်မိုးသူအောင်၊ ဦးသန့်စင်ကို (မန်နေဂျာ၊ ရွှေမဲကုမ္ပဏီ)၊ ဒေါ်မိုးဆွေအောင် (အထက-၂၊ ရန်ကင်း)၊ (ဦးမိုးကျော်အောင်)၊ ဦးဖြိုးအောင်ချို-ဒေါ်မိုးမော်မော်အောင်၊ ဦးဇော်ထွဋ်ထွဋ်သွင်-ဒေါ်မိုးကြည်သာအောင်တို့၏ဖခင်၊ မောင်ရဲဟိန်းအောင်-မခင်စန်းမော်၊ မောင်ရဲစစ်အောင်၊ မဖြူစင်မိုးကြယ်၊ မလဲ့ရည်မိုးပွင့်၊ မောင်မိုးယံထွဋ်သွင်၊ မောင်မိုးသော်ဖြိုး၊ မောင်သွင်ထက်ဖြိုးနှင့်မြေးခြောက်ယောက်တို့၏အဘိုး၊ မြစ်နှစ်ယောက်တို့၏အဘေးသည် ၁၃-၃-၂၀၁၈ရက် နံနက် ၀၀း၃၂နာရီတွင် သုခကမ္ဘာဆေးရုံ၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၅-၃-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဦးစိန်ရွှေ(ခ)လင်(မ်)စင်ရွှေ
**စိန်ရွှေအပ်ချုပ်ဆိုင်**
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံ မြောက်/အနောက်ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ် ၄၇နေ ဒေါ်အေးအေးမြင့်(ခ)ဒေါ်ချန်စူကွမ်၏ခင်ပွန်း၊ ဦးသက်လွင်-ဒေါ်ခင်မာကြူ၊ ဦးမြင့်ဆွေ(ခ)Michael Lin-Dimple Hu၊ ဒေါ်ဝင်းဝင်းမာ-ဦးချိုတို့၏ဖခင်၊ မောင်စိုးထက်ဟန်၊ မောင်ဥက္ကာမင်း၊ Spencer Lin၊ မောင်သီဟန်၊ မောင်မျိုးသက်ကိုတို့၏အဘိုးသည် ၁၃-၃-၂၀၁၈ရက် နံနက် ၅နာရီတွင် ဗဟိုရိစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၁၈ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၃-၂၀၁၈ရက် (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဒေါက်တာစိုးလွင် (ဝါးခယ်မ)
**B.D.S (8th-Batch)**
**အသက်(၆၆)နှစ်**

ရန်ကုန်မြို့နေ(ဦးညွန့်တင်-ဒေါ်စောမြင့်)တို့၏သား၊ ဦးခင်ဇော်-ဒေါ်စမ်းစမ်းမြင့်၊ ဦးမြင့်စိုး-ဒေါ်မော်မော်ဝင်း၊ ဦးသန့်စင်-ဒေါ်စမ်းစမ်းနွယ်တို့၏အစ်ကို၊ ဒေါ်သင်ဇာစိုး(Jewellery Luck Co.,Ltd)၊ ဦးဇင်ဘိုဘိုစိုး(Prime Residence Co.,Ltd)-ဒေါ်ဒါလီမြင့်ဆွေတို့၏ဖခင်၊ မြေးလေးယောက်တို့၏ဘိုးဘိုးကြီးသည် ၁၂-၃-၂၀၁၈ရက် ည ၇း၄၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် သန်လျင်မြို့ အမိုးနီသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၁၈-၃-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် တာမွေမြို့နယ်၊ ဒဂုံလွင်လမ်း၊ မေတ္တာညွန့်၊ တိုက်(၄/ဒီ)၊ အခန်း ၃၀၄ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
# ဦးခင်မောင်ဦး (ဂျူနီမင်း)
**အသက်(၆၆)နှစ်**

ဒိုက်ဦးမြို့၊ ဝါဆိုရပ်ကွက်၊ အောင်မင်္ဂလာလမ်းနေ (ဦးကျင်ထွန်း-ဒေါ်ကျင်အေး)၊ (ဦးရှိန်-ဒေါ်အေးသင်)တို့၏သားသမက်၊ ဒေါ်မြင့်မြင့်ရီ၏ချစ်လှစွာသောခင်ပွန်း၊ ကိုရဲမင်း-မမိုးမိုး(ခ)မဟေမာန်ငြိမ်းချမ်း(ငွေစင်ကြယ်-အီလက်ထရွန်းနစ်နှင့်မိုဘိုင်း)၊ နခဖ(၁) ရခိုင်ပြည်နယ်နေ ရဲမှူးကြီးဗညားဦး-မဝသန်ငြိမ်းချမ်း၊ ရန်ကုန်မြို့နေ ဒေါက်တာနေနွယ်ငြိမ်းချမ်းတို့၏ဖခင်၊ (ဦးခင်မောင်ဖြူ)-ဒေါ်ဖြူနှင်းဝေ၊ ဦးခင်မောင်ငွေး-ဒေါ်အေးအေးနှင်း၊ ဦးခင်မောင်သန်း-ဒေါ်မြတ်သီတာစိုး၊ ဒေါ်ခင်ငွေးခိုင်၊ ဦးခင်မောင်ထိုက်၊ ပခုက္ကူ အာယုသုခ ဆရာတော် ဘဒ္ဒန္တပညာဇောတတို့၏အစ်ကို၊ တူ/တူမ ၂၃ယောက်တို့၏ဦးလေး၊ မြေးသုံးယောက်တို့၏အဘိုး၊ ဒိုက်ဦးမြို့နယ်၊ အရန်မီးသတ်တပ်ဖွဲ့၊ ဒုတပ်ရင်းမှူး၊ အထက(၂)ဒိုက်ဦးကျောင်း အကျိုးတော်ဆောင်အဖွဲ့နာယက၊ အနန္တဂုဏ်ရည်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးခင်မောင်ဦး(ဂျူနီမင်း)သည် ၁၁-၃-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၅း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၇-၃-၂၀၁၈ရက် (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# မောင်ပြည့်ဖြိုးကျော် (ရွှေတောင်မြို့)
**(အထက်တန်းရှေ့နေ)**
**အသက်(၃၃)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ထူပါရုံ ၂လမ်းအနောက်၊ အမှတ် ၁၁၁၇နေ ဦးကြည်သောင်း-ဒေါ်ခင်စောလုံတို့၏သား၊ အရှေ့ဒဂုံမြို့နယ်၊ (၁၂)ရပ်ကွက်၊ ဗညားဦး(၁)လမ်း၊ အမှတ် (၄၉၂/ခ)နေ (ဦးတင်အောင်)-ဒေါ်အေးအေးကြည်တို့၏သားသမက်၊ ကိုသိန်းထွန်း(Olympic Hotel)-မသဲစုလှိုင်၊ ကိုစိုးညွန့်-မဝတ်ရည်ခိုင်၊ ကိုမြတ်မိုးဦး-မစန္ဒာအောင်တို့၏မောင်၊ မမြင့်မိုရ်ကြည်မင်း၏အစ်ကို၊ မတင်တင်ခိုင်(Super Power Co.,Ltd)၏ချစ်လှစွာသောခင်ပွန်းသည် ၁၂-၃-၂၀၁၈ရက်(တနင်္လာနေ့) ည ၁၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၃-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ သာကေတမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ကိုညီညီထွေး(ခ)ကိုညီ
**အသက်(၃၁)နှစ်**

ရှမ်းပြည်နယ်၊ ဟိုပုန်းမြို့နေ ဦးအောင်ငွေး-ဒေါ်သိင်္ဂီနုတို့၏သား၊ မမြတ်စုစိန်လွင်၏ ချစ်လှစွာသောခင်ပွန်းသည် ၁၂-၃-၂၀၁၈ရက် (တနင်္လာနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၃-၂၀၁၈ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (လှိုင်သာယာနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# အာရှဖလားခြေစစ်ပွဲ လက်ကျန်ပွဲများအတွက် မြန်မာ့လက်ရွေးစင်အသင်း အပြီးသတ်လူရွေးချယ်



မြန်မာ့လက်ရွေးစင်အသင်းတွင် ပထမဆုံး ရွေးချယ်ခံရသည့် တိုက်စစ်မှူး အီစိုး။ ဓာတ်ပုံ-စိုးညွန့်

ရန်ကုန် မတ် ၁၃

**မြန်မာ့လက်ရွေးစင်အသင်းသည် ယခုလအတွင်း ယှဉ်ပြိုင်ရမည့် ၂၀၁၉ အာရှဖလားခြေစစ်ပွဲ လက်ကျန်ပွဲများအတွက် အပြီးသတ်ကစားသမား၂၃ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။**

မြန်မာ့လက်ရွေးစင် အသင်းနည်းပြချုပ် ဂတ်ဖရိုင်းဒရစ်သည် ကာဂျစ္စတန်အသင်းနှင့် ပြန်ကန်ပွဲကစားရန် တောင်ကိုရီးယားနိုင်ငံသို့ သွားရောက်ခါနီးမှ အပြီးသတ် လူရွေးချယ်ခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်း လူစာရင်းတွင် မျက်နှာသစ်ကစားသမားများအဖြစ် လွင်မိုးအောင်၊ အီစိုးနှင့် ကျော်ဇင်ဦးတို့ ပါဝင်လာခဲ့ပြီး နောက်ခံလူ ကျော်စွာလင်းလည်း ပထမဆုံးအကြိမ် ရွေးချယ်ခံခဲ့ရသည်။ ထို့ပြင် ထိုင်းလိဂ်သို့ ပြောင်းရွှေ့ရန် ကြိုးပမ်းပြီး ပျက်ပြယ်ခဲ့သောကြောင့် ကာလရှည်ပွဲကစားခွင့်မရသည့် နောက်ခံလူ ဇော်မင်းထွန်းမှာလည်း ရွေးချယ်ခံခဲ့ရသည်။ မြန်မာ့လက်ရွေးစင်အသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးသန်းတိုးအောင်၊ နည်းပြချုပ်အဖြစ် ဂတ်ဖရိုင်းဒရစ်၊ လက်ထောက် နည်းပြအဖြစ် ဦးကြည်လွင် နှင့် ဦးဇော်ဝင်းထွန်း၊ **ကြံ့ခိုင်ရေးနည်းပြ** အဖြစ် ပိုပေ့ါစကီး၊ **ဂိုးနည်းပြ** အဖြစ် ဦးအောင်ကျော်ကျော်၊ ကစားသမားများအဖြစ် **ဂိုးသမား**-ကျော်ဇင်ထက်၊ ဆန်းဆက်နိုင်(ရန်ကုန်)၊ သီဟစည်သူ (ရှမ်းယူနိုက်တက်)၊ **နောက်တန်း**-ဒေးဗစ်ဒန်း၊ ဇော်မင်းထွန်း (ရန်ကုန်)၊ ကျော်ဇင်လွင်၊ ကျော်စွာလင်း (မကွေး)၊ ထိုက်ထိုက်အောင်၊ ဝင်းမင်းထွဋ် (ရှမ်းယူနိုက်တက်)၊ သိန်းသန်းဝင်း (ရတနာပုံ)၊ **အလယ်တန်း**-လှိုင်းဘိုဘို၊ စည်သူအောင် (ရတနာပုံ)၊ တင်ဝင်းအောင်၊ ရန်နိုင်ဦး (ရှမ်းယူနိုက်တက်)၊ ကျော်ဇင်ဦး၊ ရန်အောင်ကျော်၊ ကြည်လင်း၊ မောင်မောင်လွင် (ရန်ကုန်)၊ လွင်မိုးအောင်(အား/ကာသိပ္ပံ)၊ **ရှေ့တန်း** - ကျော်ကိုကို (ချင်းရိုင်ယူနိုက်တက်)၊ အောင်သူ (Police Tero)၊ ဇင်မင်းထွန်း(ရှမ်းယူနိုက်တက်)နှင့် အီစိုး(ရန်ကုန်)တို့ ပါဝင်ကြသည်။ ထိုင်းလိဂ်တွင် သွားရောက်ကစားနေသည့် အောင်သူနှင့် ကျော်ကိုကိုတို့မှာမူ မတ် ၁၉ ရက်တွင် ထိုင်းနိုင်ငံမှတစ်ဆင့် တောင်ကိုရီးယားနိုင်ငံသို့ လာရောက်ပူးပေါင်းမည် ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလားခြေစစ်ပွဲ လက်ကျန်ပွဲများအဖြစ် မတ် ၂၂ ရက်တွင် ကာဂျစ္စတန်အသင်းနှင့် ပြန်ကန်ပွဲ၊ မတ် ၂၇ ရက်တွင် မကာအိုအသင်းနှင့်

စာမျက်နှာ ၇ ကော်လံ ၅ ❐

## မုန်တိုင်းငယ် ဆက်လက်ရွေ့လျားမည်

**နေပြည်တော် မတ် ၁၃**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော သီရိလင်္ကာ တောင်ပိုင်းနှင့် မော်လ်ဒိုက်-ကိုမိုရင်ဒေသတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိခဲ့ပြီး အာရေဗျပင်လယ်ပြင် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာတွင် ဆက်လက်တည်ရှိနေကာ၊ အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီ ပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

# မြစ်သာမြစ်ကူးတံတား(ဟံသာဝတီ)တွင် မြစ်ရေအနိမ့်အမြင့် တိုင်းတာရေးကိရိယာ တပ်ဆင်

ကလေး မတ် ၁၃

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အရေးပေါ်တုံ့ပြန်မှုဆိုင်ရာ နည်းလမ်းအစီအစဉ် (Immediate Response Mechanism- IRM) ဖြင့် မြစ်ရေကြီးမှု ကြိုတင်ခန့်မှန်းသတိပေးစနစ် (Flood Early Warning System- FEWS) အား အထောက်အကူပြုနိုင်ရန်အတွက် အလိုအလျောက် မြစ်ရေအနိမ့်အမြင့်တပ်ဆင်ခြင်းလုပ်ငန်းကို ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌဦးအောင်ဇော်မိုး၏ ညွှန်ကြားမှုဖြင့် ITCZ Co., Ltd.(Yangon) နှင့် မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနတို့ ပူးပေါင်းကာ မတ် ၁၂ ရက် မွန်းလွဲ ၃ နာရီခွဲက ကလေးမြို့နယ် မြစ်သာမြစ်ကူးတံတား ဟံသာဝတီ - ကျောက်ပြုတ်ကျေးရွာဘက် ကမ်းကပ်ခုံပေါ်တွင် တပ်ဆင်ခဲ့ကြောင်း သိရသည်။**

"မိုးရာသီရောက်တိုင်း အချိန်မရွေး ကလေးမြို့နဲ့ အနီးပတ်ဝန်းကျင်မှာ ရေကြီးရေလျှံမှု ဖြစ်ပေါ်နိုင်တဲ့အတွက် မြစ်ရေကြီးမှု အန္တရာယ်နဲ့ ကြုံတွေ့ကြရတဲ့ ဒေသခံပြည်သူတွေရဲ့ အသက်အိုးအိမ် စည်းစိမ်ပစ္စည်းတွေ ဆုံးရှုံးမှု နည်းနိုင်သလောက်နည်းပါးစေဖို့ ရည်ရွယ်ပြီး အခုလို အလိုအလျောက် မြစ်ရေအနိမ့်အမြင့် တိုင်းတာရေးစက်ကိရိယာကို တပ်ဆင်ရတာပါ၊ ဒီတိုင်းတာရေး စက်ကိရိယာကို မသမာသူတွေရဲ့ ခိုးယူခြင်း၊ အကြောင်းမဲ့ဖျက်ဆီးခြင်း မပြုလုပ်နိုင်စေဖို့စတဲ့ ပျက်စီးဆုံးရှုံးမှုမျိုး မရှိစေရေးအတွက် ဒေသခံမိဘပြည်သူတွေက တာဝန်သိစိတ်ဓာတ်နဲ့ ဝိုင်းဝန်းပူးပေါင်း




စာမျက်နှာ ၇ ကော်လံ ၅ ✪

# AFC Cup ပြိုင်ပွဲ အုပ်စုပွဲအဖြစ် ရှမ်းယူနိုက်တက်နှင့် ဆီရက်စ် ယနေ့ယှဉ်ပြိုင်မည်

**ရန်ကုန် မတ် ၁၃**

၂၀၁၈ ရာသီ AFC Cup ပြိုင်ပွဲ အုပ်စု (F) ဒုတိယအကျော့ပွဲစဉ်များကို မတ် ၁၄ ရက် (**ယနေ့**) ကျင်းပမည်ဖြစ်ပြီး မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းသည် ဖိလစ်ပိုင်ကလပ် ဆီရက်စ်အသင်းနှင့် အိမ်ကွင်းပွဲ ကစားရမည်ဖြစ်သည်။ ယင်းပွဲမှာ ရှမ်းယူနိုက်တက်အသင်းအတွက် နောက်တစ်ဆင့်တက်ရေးမျှော်လင့်ချက်အတွက် အရေးပါသည့်ပွဲဖြစ်ပြီး နိုင်ပွဲရယူနိုင်မှသာ ဆက်လက်

စာမျက်နှာ ၁၂ ကော်လံ ၁ ◆

ဓာတ်ပုံ-ဖိုးသော်ဇင်




ရှမ်းယူနိုက်တက် ယာယီနည်းပြချုပ် ဦးအောင်ကျော်ထွန်းနှင့် ဆီရက်စ်အသင်းနည်းပြချုပ် ဗီဒါကိုဗစ်တို့အား ပွဲကြို သတင်းစာရှင်းလင်းပွဲတွင် တွေ့ရစဉ်။

မြန်မာ-တရုတ် အဏ္ဏဝါသိပ္ပံဆိုင်ရာ သုတေသန ပူးပေါင်းဆောင်ရွက်မှု စာ ၁၀
လှိုင်သာယာစက်မှုဇုန် ၅ မှ အင်ဂျင်ဝိုင်အတု ထုတ်လုပ်သောစက်ရုံအား တာဝန်ရှိသူများ စစ်ဆေး စာ ၁၂
လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့ဝင်အား တိုက်ခိုက်မှုနောက်ကွယ်တွင် ရုရှားရှိနေနိုင်ကြောင်း ဗြိတိန်ဝန်ကြီးချုပ်မေ ပြောကြား စာ ၁၄





ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)



# မြို့တော်ရန်ကုန်ရဲ့ ရေကြီးမှုကို ကာကွယ်ဖို့ အမှိုက်မပစ်ကြပါစို့

● ထင်ပေါ်ဝင်း

**ယခု** သီတင်းပတ်ရဲ့ ရန်ကုန်စာမျက်နှာအတွက် အဓိကထား ရေးသားတင်ပြသွားမယ့် အကြောင်းအရာကတော့ မြို့တော်ရန်ကုန်မှာ နှစ်စဉ်မိုးတွင်းတိုင်း ကြုံတွေ့ရလေ့ရှိတဲ့ ရေကြီးရေလျှံမှုကို ကာကွယ်ဖို့အတွက် မြို့တော်နေ ပြည်သူအပေါင်းတို့က ဝိုင်းဝန်းပါဝင်ကူညီပေးကြဖို့ တိုက်တွန်းချင်တဲ့ အကြောင်းအရာကို တင်ဆက်ပေးသွားပါမယ်။

ရန်ကုန်မြို့တော်ကြီးမှာ မိုးတွင်းကာလရောက်ပြီဆိုရင် နှစ်စဉ်လိုလိုရေကြီးမှုကို ကြုံတွေ့ရစမြဲပါ။ သူ့ခေတ်သူ့အခါကရှိတဲ့ လူဦးရေအိမ်ခြေနဲ့ တွက်ချက်ပြီး တည်ဆောက်ခဲ့တဲ့ ရေနုတ်မြောင်းတွေကို ခေတ်အဆက်ဆက် ပြောင်းခဲ့ပေမယ့် တိုးတက်လာတဲ့ လူဦးရေအိမ်ခြေနဲ့အညီ မတွက်ချက်ဘဲ ဒီအတိုင်းထားခဲ့တဲ့ ပြဿနာတွေက ရေကြီးရေလျှံမှုဖြစ်တဲ့ အကြောင်းတွေထဲမှာ တစ်ခုအပါအဝင်ပါပဲ။ အခြားအကြောင်းအရာအနေနဲ့က စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်းလည်း ပါဝင်ပါတယ်။

တကယ်တော့ ရန်ကုန်မြို့တော်ကြီးဟာ မြန်မာနိုင်ငံရဲ့ အကြီးဆုံးမြို့ကြီး တစ်မြို့ဖြစ်ပြီး နိုင်ငံအနှံ့က လူအမျိုးမျိုးတို့ဟာ အကြောင်းအရာပေါင်းစုံနဲ့ လာရောက်အခြေချနေထိုင်ကြတာ ဖြစ်ပါတယ်။ လူအမျိုးမျိုး စရိုက်အထွေထွေကြောင့် တင်းကျပ်တဲ့ စည်းမျဉ်းစည်းကမ်းတွေ မထုတ်ပြန်နိုင်သေးဘဲ မြို့တော်ရန်ကုန်ကို အဆင့်မြှင့်တင်လို့ရမှာ မဟုတ်ပါဘူး။ လှည်းတန်းလို နေရာမျိုးမှာ သတ်မှတ်အမှိုက်ပုံတွေရှိလျက်နဲ့ ညစဉ် ၈ နာရီခန့်ဆိုလျှင် လမ်းသွယ်များထိပ် လမ်းမကြီးများပေါ်တွင် အလျှိုလျှိုအမှိုက်အိတ်များ လာရောက်ချထားမှုများ နေ့စဉ်နှင့်အမျှ မြင်တွေ့နေရဆဲပါ။ အချို့က ရေနုတ်မြောင်းထဲ အမှိုက်များချဆဲပါ။ အမှိုက်များကို ယခုကဲ့သို့ စည်းကမ်းမဲ့စွန့်ပစ်နေသမျှ ကာလပတ်လုံး မြို့တော်ရန်ကုန်ရဲ့ သန့်ရှင်းရေးနဲ့ ရေကြီးရေလျှံမှုကို ကာကွယ်ဖို့ဆိုတာ အလှမ်းဝေးနေဦးမှာပါ။

မကြာသေးမီရက်ပိုင်းများက မြို့တော်စည်ပင် သန့်ရှင်းရေးဝန်ထမ်းများက လမ်းဘေးရေနုတ်မြောင်းများအတွင်းမှ မြောင်းချေးနှင့် နုန်းများ အမှိုက်များ ဆယ်တင်ခြင်းကို ဆောင်ရွက်နေတာ တွေ့ရှိရပါတယ်။ အလားတူပါပဲ ရွှေတိဂုံစေတီတော်မြတ်ကြီးရဲ့အရှေ့ဘက်မှာရှိတဲ့ ကန်တော်ကြီးရေကန် ကန်တော်ကြီးကန်အတွင်းကို သန့်ရှင်းတဲ့ မိုးရေများသိုလှောင် ထိန်းသိမ်းသွားနိုင်ဖို့ ပြင်ဆင်ဆောင်ရွက်နေတာလို့ သိခဲ့ရပါတယ်။ ရုံးပိတ်ရက်ဖြစ်တာကြောင့် မြို့တော် စည်ပင်က တာဝန်ရှိသူကို တွေ့ဆုံမေးမြန်းဖို့ ကြိုးစားပေမယ့်လည်း အချည်းနှီးဖြစ်ခဲ့ရပါတယ်။ ဒါကြောင့်ပဲ အလုပ်လုပ်ကိုင်နေတဲ့ လုပ်သားများကိုပဲ တီးခေါက်မေးမြန်းကြည့်ခဲ့ရပါတယ်။

ကမ္ဘာအေးဘုရားလမ်းနှင့် ကန်တော်ကြီးကို ဆက်သွယ်တဲ့ ရေနုတ်မြောင်းကြီးကို ထပ်မံတူးဖော်ပြီးရေစုကန်၊ ရေစစ်ကန်များ တည်ဆောက်နေတာ

## မြို့တော်ရန်ကုန်မှာ နေထိုင်နေကြတဲ့ မြို့သူမြို့သားများရော ဒေသခံမဟုတ်သူ၊ အနယ်နယ်အရပ်ရပ်မှ လာရောက်အခြေချ နေထိုင်ကြသူများကပါ မိမိတို့၏ တစ်ပိုင်တစ်နိုင် အမှိုက်များကို စည်းကမ်းရှိရှိ တာဝန်သိသိဖြင့် စနစ်တကျစွန့်ပစ်ဖို့ လိုအပ်

မှာလည်း စက်ယန္တရားကြီးများနဲ့ နေ့ညအလုပ်လုပ်ကိုင်နေကြတာကို တွေ့ရပါတယ်။ ဒီလိုနဲ့ အများပြည်သူ ရုံးပိတ်ရက်ဖြစ်တဲ့ သီတင်းပတ်တစ်ခုရဲ့ စနေတစ်ရက်မှာ သွားရောက် လေ့လာကြည့်မိခဲ့ပါတယ်။ ကန်တော်ကြီးရေပြင်ဟာ တိမ်ကောလာတာဖြစ်တဲ့အတွက် နုန်းဆယ်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နေတာဖြစ်ပြီး မိုးတွင်းကာလအနီးအနားဝန်းကျင် မြို့နယ်များမှာ ရေကြီးရေလျှံမှုဖြစ်လာရင် ဖြစ်တယ်လို့ သိခဲ့ရပါတယ်။ မိုးတွင်းကာလကျရောက်လာတဲ့အခါမှာ ရေဆိုးရေညစ်များကို မူလရှိပြီးဖြစ်တဲ့ ရေနုတ်မြောင်းကြီးမှတစ်ဆင့် စီးဆင်းစေပြီး သန့်ရှင်းတဲ့ မိုးရေများကိုမှ အမှိုက်သရိုက်နှင့် အညစ်အကြေးများ မပါဝင်စေဘဲ ကန်တော်ကြီးအတွင်းကို ထည့်သွင်းသိုလှောင်ထားမယ်လို့ သိရပါတယ်။ ဒါကြောင့် လာမယ့်မိုးတွင်းကာလမှာ

အချပ်ပို (ခ) သို့

# ရန်ကုန်လမ်းမီးတိုင်များ ထိန်ထိန်လင်းတော့မည်

တင်ဝင်းလေး (ကြည့်မြင်တိုင်)

**ရန်ကုန်** တိုင်းဒေသကြီးအတွင်း လမ်းမီးတိုင်(ဓာတ်တိုင်)တစ်တိုင် လျှပ်စစ်မီးလင်းနိုင်ရေးအတွက် ဌာနနှစ်ခုက ပေါင်းစပ်၍ ဆောင်ရွက်နေရခြင်းအပေါ် ပြည်သူအချို့က "အပ်လေးတစ်ချောင်းကို "ဦး"၊ "ပဲ့" ထမ်းနေခြင်းနှင့် ဥပမာနှိုင်း၍ ဝေဖန်မှုများ ရှိခဲ့သည်။

ဤကိစ္စကို ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်တစ်ဦးအဖြစ် ဆောင်ရွက်ခဲ့စဉ်ကာလက မကြာခဏ ကြုံတွေ့ခဲ့ရဖူးသည်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ လာရောက်၍ "ဥက္ကဋ္ဌ ကျွန်တော်တို့လမ်းဓာတ်မီးတိုင်မလာတာ တစ်လလောက်ရှိပြီ၊ လုပ်ပေးပါဦး၊ လျှပ်စစ်ဌာနကို အကြောင်းကြားပေးပါဦး" ဟု ဆိုလာကြသည်။

အမျိုးသမီးတစ်ဦးဆိုပါက ရုံးခန်းအတွင်းသို့ တန်းဝင်လာပြီး အသံကျယ်ကျယ်လောင်လောင်ပင် "ကဲ လူကြီးတွေရယ် လုပ်ကြပါဦး၊ လမ်းဓာတ်မီးတိုင်တွေ မလာတာကြာပြီ၊ ဟိုလမ်းမှူးပြောလည်းမရ၊ ဒီရာအိမ်မှူးပြောလည်း မလာဘူး၊ လျှပ်စစ်ရုံးကို ဖုန်းဆက်တော့ ဟုတ်ကဲ့ လာခဲ့ပါမယ်ပြောပြီး ရောက်မလာဘူး၊ နောက်တစ်ပတ်လောက်အကြာ ဆက်ပြန်တော့ လျှပ်စစ်ဓာတ်အားလိုင်းက ပျက်တာလား၊ မီးလုံးက မလာတာလားတဲ့၊ ကျွန်မတို့က ဘယ်သိမှာလဲ၊ ဓာတ်တိုင်က မီးမလင်းတာပဲ သိတယ်၊ ကြိုးလိုင်းကဖြစ်ဖြစ်၊ မီးလုံးကဖြစ်ဖြစ် သူတို့နဲ့ပဲဆိုင်တာ မဟုတ်ဘူး လား၊ လမ်းမီးမှောင်တာ အန္တရာယ်ရှိတယ်" ဟု ပြောဆိုခဲ့ဖူးသည်။

ခက်သည်က အိမ်မီးတစ်ခုခုဖြစ်သွားပါက လွယ်သည်။ မြို့နယ်လျှပ်စစ်ရုံးသို့ ဖုန်းဆက်အကူအညီတောင်းလိုက်သည်နှင့် အမြန်ဆုံးရောက်လာတတ်ကြသည်။ လိုအပ်သည်များကို ဆောင်ရွက်ပြုပြင်ပေးသွားကြသည်။ ဒါကလည်း ....။

လမ်းမီးတိုင်ဖြစ်ပါက အထက်ကဆိုထားသကဲ့သို့ ဌာနနှစ်ခုမှ သူ့အပိုင်းနှင့်သူ တာဝန်ယူဆောင်ရွက်ကြခြင်းဖြစ်၍ အဆင့်ဆင့်တင်ပြကြရသည့်အတွက် နှောင့်နှေးမှုများ ရှိခဲ့သည်။

လမ်းမီးတိုင်(ဓာတ်တိုင်)များ စိုက်ထူခြင်း၊ လမ်းမီးကြိုးများ သွယ်တန်းခြင်း၊ လမ်းမီးများ လျှပ်စစ်ပေးခြင်းလုပ်ငန်းများကို ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (YESC)က တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ပြီး လမ်းမီးလုံးများ တပ်ဆင်ခြင်း၊ ချွတ်ယွင်းပျက်စီးသွားသော မီးလုံးမီးခွက်အိမ်များကို အစားထိုးလဲလှယ်ခြင်း၊ လမ်းမီးဓာတ်အားခများကို ပေးဆောင်ခြင်းများကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (YCDC) တို့က ခွဲဝေတာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ဤကိစ္စကို ပြည်သူအများအပြား မသိနားမလည်ကြပါ။ နီးစပ်သူများက သိကြသည်။ လမ်းမီး၊ အိမ်မီး၊ လျှပ်စစ်နှင့်ဆိုင်သော ကိစ္စဟူသမျှ လျှပ်စစ်ဌာနနှင့်သာ သက်ဆိုင်သည်ဟူသော အသိရှိထားကြသည်။

"လမ်းမီးမလင်းလို့" ဟု လာပြောသူတိုင်းကို ဌာနနှစ်ခုက ခွဲဝေဆောင်ရွက်နေမှုကို ရှင်းပြသည်။ လမ်းမီးအပိုင်းက ဖြစ်သည်လား၊ မီးလုံးအပိုင်းက ဖြစ်သည်လား စိစစ်ပြီးမှ မီးလင်းရန် ဆောင်ရွက်ရခြင်းအပေါ် ရှင်းပြသည့်အခါ လာရောက်အသိပေး ပြောကြားလာသူအများစုက "အပ်သေးသေးလေးတစ်ချောင်း ကို "ဦး-ပဲ့ထမ်းနေကြတယ်" ဟူ၍ သူတို့အမြင်ကို ပြန်ပြောသွားတတ်ကြသည်။

အချပ်ပို (ဃ) သို့





# မြို့ပြရန်ကုန်နှင့် အမှိုက်ပြဿနာ

မြင့်မောင်စိုး၊ ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

**မြန်မာ နိုင်ငံရဲ့ စီးပွားရေးမြို့တော် ရန်ကုန်မြို့ဟာ လူဦးရေခုနစ်သန်းကျော် နေထိုင်တဲ့မြို့ကြီးပါ။ လူဦးရေထူထပ်တဲ့အလျောက် တစ်နေ့ တစ်နေ့ထွက်လိုက်တဲ့ အမှိုက်တွေကလည်း တောင်ပုံ ယာပုံ၊ နေအိမ်တစ်အိမ်ချင်းစီကထွက်တဲ့ အမှိုက်တွေကအစ စက်ရုံ အလုပ်ရုံကထွက်တဲ့ အမှိုက်တွေ၊ ဈေးကြီးဈေးငယ်ကထွက်တဲ့ အမှိုက်တွေအဆုံး အမှိုက်တွေက အများကြီး၊ ဒီလောက်များပြားလှတဲ့ အမှိုက်တွေကို စည်းကမ်းတကျ စွန့်ပစ်သူများရှိသလို စည်းမဲ့ကမ်းမဲ့ စွန့်ပစ်နေသူတွေကလည်း အများကြီးပါပဲ။စည်းကမ်းမဲ့စွန့်ပစ်လိုက်တဲ့ အမှိုက်တွေဟာ ရေမြောင်းတွေထဲမှာ တွေ့နေရဆဲပါ။ ညအချိန်လစ်ရင် လစ်သလို ဆောက်လုပ်ရေး လုပ်ကိုင်သူတွေက စွန့်ကစ်တဲ့ မြေကြီးပုံကြီးတွေဆိုတာလည်း မြင်မကောင်း ရှုမကောင်းအောင် တွေ့နေရဆဲပါ။ ဒါနဲ့ပတ်သက်လို့ အသိပညာပေး အမှိုက်ပွဲတွေကတော့ လူထုကြားမှာ စိမ့်ဝင်ပျံ့နှံ့လာပါတယ်။**

အမှိုက်တွေကို စနစ်တကျစွန့်ပစ်ဖို့ လိုအပ်နေပြီဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးက မြို့တော်ခန်းမရှေ့မှာ ပြုလုပ်တဲ့ မြန်မာ-ဂျပန် အမှိုက်ကောက်ပွဲမှာ အခုလိုပြောဆိုခဲ့ပါတယ်။

“ဂျပန်နိုင်ငံဟာ အမှိုက်နဲ့ပတ်သက်လာရင် အင်မတန် အတုယူစရာကောင်းတဲ့ နိုင်ငံဖြစ်ပါတယ်၊ အမှိုက်တွေကိုပစ်တဲ့ အခါမှာလည်း အမှိုက်စို၊ အမှိုက်ခြောက်ဆိုပြီး ခွဲခြားပစ်လေ့ ရှိကြပါတယ်၊ ဂျပန်နိုင်ငံမှာ အမှိုက်ကင်းစင်တဲ့မြို့တွေကို မြို့တိုင်း မြို့တိုင်းတွေ့ရပါတယ်၊ ကျွန်မတို့ ရန်ကုန်မြို့တော်စည်ပင်သာယာ ရေးကော်မတီအနေနဲ့လည်း ရန်ကုန်မြို့ကြီးကို အမှိုက်ကင်းစင်တဲ့ မြို့ကြီးဖြစ်အောင်ကြိုးပမ်းတဲ့နေရာမှာ စည်ပင်သန့်ရှင်းရေး ဝန်ထမ်းတွေရဲ့အင်အားနဲ့ အမှိုက်တွေ သိမ်းပေးနေသလို ပြည်သူ လူထုတစ်ဦးချင်းကလည်း အမှိုက်တွေကို စည်းကမ်းတကျ စွန့်ပစ်ဖို့ ဝိုင်းဝန်းကူညီကြဖို့ လိုပါတယ်”ဟု ဆိုသည်။

အမှိုက်တွေကို မြစ်တွေ၊ ချောင်းတွေ၊ ဆိပ်ကမ်းတွေမှာ စည်းကမ်းမဲ့မပစ်သင့်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာ ရေးကော်မတီမှ ကော်မတီဝင် ဒေါ်သန်းမြင့်အောင်က ဗိုလ်တထောင်ကမ်းနားမှာ ပြုလုပ်တဲ့ မြန်မာ-နယ်သာလန်အမှိုက် ကောက်ပွဲမှာ အခုလိုပြောဆိုခဲ့ပါသေးတယ်။

“ကျွန်မတို့ စွန့်ပစ်အမှိုက်တွေကို စီမံခန့်ခွဲပြီး စွန့်ပစ်ဖို့ဆိုတာ မြို့ပြတစ်ခုအတွက် အလွန်ပဲအရေးကြီးပါတယ်၊ နယ်သာလန်က ပညာရှင်တစ်ဦးပြောသွားတာကတော့ ကျွန်မတို့နိုင်ငံမှ မဟုတ်ဘူး၊ ကမ္ဘာ့နိုင်ငံတွေမှာလည်း ဆိပ်ကမ်းတွေ၊ မြစ်ချောင်းအင်းအိုင်တွေအတွင်း ပလတ်စတစ်အမှိုက်တွေ စည်းကမ်းမဲ့ စွန့်ပစ်နေတဲ့အတွက် ဂေဟစနစ်ပျက်ယွင်းလာနေမှုဟာ စိန်ခေါ်မှုကြီးတစ်ရပ်ဖြစ်လာနေပါတယ်၊ စိမ်းလန်းသာယာတဲ့ မြို့တော်ကြီးဖြစ်ဖို့ဆိုရင် အမှိုက်တွေကိုစနစ်တကျပစ်ဖို့ လိုအပ် လာပြီဖြစ်ပါတယ်၊ အထူးသဖြင့်တော့ အမှိုက်တွေကို ရေထဲပစ် မချဖို့လိုပါတယ်၊ ကုန်းပေါ်ကို ပစ်ချလိုက်တဲ့ အမှိုက်တစ်စဟာ ပြန်ကောက်လို့လွယ်ပေမယ့် ရေထဲချလိုက်တဲ့အမှိုက်တစ်စဟာ ပြန်ဆယ်ယူဖို့ ခက်ပါတယ်၊ ရေစီးထဲမျောပါနေတဲ့ အမှိုက်တွေဟာ ကြာလာရင်တော့ ဂေဟစနစ်ကို ပျက်စီးစေနိုင်ပါတယ်၊ ပတ်ဝန်းကျင် ညစ်ညမ်းမှုတွေ၊ ဇီဝမျိုးကွဲ မျိုးသုဉ်းမှုတွေလည်း ရှိလာနိုင်ပါတယ်၊ ဒါကြောင့် ဆိပ်ကမ်းတွေမှာ အမှိုက်မချရေးအတွက် အလေးအနက်ထားကြဖို့ တိုက်တွန်းချင်ပါတယ်” ဟု ပြောသည်။





ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်နှင့် သန့်ရှင်းရေးဌာန ဒုတိယဌာနမှူး ဒေါက်တာ အောင်မြင့်မော်

ရန်ကုန်မြို့မှာ ထွက်ရှိလာသမျှအမှိုက်တွေကို နေ့စဉ်နှင့် အမျှ သိမ်ဆည်းနေမှုနှင့် ပတ်သက်ပြီး ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ ပတ်ဝန်းကျင်နှင့် သန့်ရှင်းရေးဌာန ဒုတိယ ဌာနမှူး ဒေါက်တာ အောင်မြင့်မော်ကလည်း အခုလိုပြောဆိုထား ပါတယ်။

“ထားဝယ်ချောင်မှာရှိတာက ၁၄၄ ဧကရှိတယ်၊ သုံးပြီး ဧက ၈၀ လောက်ဆိုတော့ ဧက ၆၀ ကျော်လောက်တော့ ကျန်ပါသေးတယ်၊ အခုရန်ကုန်မြို့က စွန့်ပစ်တဲ့ အမှိုက်တွေကို ပို့တဲ့နေရာက ခြောက်နေရာရှိတယ်၊ ဒီထဲမှာမှ ထားဝယ်ချောင်က တစ်ရက်ကို အမှိုက်တန်ချိန် ၈၀၀ လောက်ပုံနေတယ်၊ အများဆုံး ပုံနေတဲ့နေရာကတော့ ထိန်ပင်ပါ၊ တစ်ရက်ကိုတန် ၁၀၀၀ လောက်ပုံနေတယ်၊ ဒီနေရာနှစ်နေရာက ရန်ကုန်မြို့ရဲ့နေ့စဉ်ထွက် ရှိတဲ့ အမှိုက်တွေကို အဓိက ပုံတဲ့နေရာတွေပါ၊ တစ်ရက်ကို အမှိုက်တန်ချိန် ၂၆၀၀ လောက်ထွက်ရှိနေပါတယ်၊ ဒီထဲက တန်ချိန် ၂၃၀၀ လောက်တော့ ပုံမှန်သိမ်းနေတာဆိုတော့ အမှိုက်ထွက်ရှိမှုရဲ့ ၉၅ ရာခိုင်နှုန်းလောက်ကို စည်ပင်သန့်ရှင်းရေး ဝန်ထမ်းတွေက သိမ်းပေးနေပါတယ်၊ တစ်မြို့လုံး အမှိုက်ပုံး ၂၈၀၀၀ အပြင်၊ အမှိုက်ကန်တွေလည်း ထားရှိပေးထားပါတယ်၊ အမှိုက်သယ်ယာဉ်ကတော့ အကြီးအသေး ၄၀၀ လောက်ရှိ ပါတယ်၊ အခုအမှိုက်စွန့်ပစ်နေတဲ့နေရာတွေဟာ မူလရည်ရွယ် ချက်ကတော့ သုသာန်အဖြစ် အသုံးပြုဖို့ပါ၊ လွန်ခဲ့တဲ့ ဆယ်စုနှစ် အတွင်း ရန်ကုန်မြို့ရဲ့အမှိုက်ထွက်ရှိမှုက နှစ်ဆတိုးလာခဲ့ပါတယ်၊ ဒီလိုတိုးလာတဲ့အတွက် အမှိုက်တွေကို မီးရှို့စက်သုံးဖျက်ဆီးတာ တွေ၊ စွန့်ပစ်အမှိုက်ကနေ ဓာတ်ငွေ့ထုတ်ယူတာတွေ လုပ်နေ ပါတယ်၊ အမှိုက်တွေကို လက်ရှိအနေအထားအတိုင်း ပုံသွားမယ် ဆိုရင် နောင် ငါးနှစ်၊ ခြောက်နှစ်ကြာရင် အမှိုက်ပုံစရာ မရှိဖြစ်လာ နိုင်ပါတယ်၊ လာမယ့်ဘတ်ဂျက်မှာ ထိန်ပင်မှာ တန် ၂၀ ဆေးရုံ သုံး အမှိုက်မီးရှို့စက်တစ်လုံး တည်ဆောက်သွားဖို့ စီစဉ်လျက်ရှိ ပါတယ်၊ ဒါ့အပြင် တန် ၆၀၀ မီးဖိုချောင်ထွက် အမှိုက်မီးရှို့စက် တစ်လုံးလည်း ဆောက်လုပ်သွားဖို့ရှိပါတယ်၊ တန် ၁၀၀၀ နေ့စဉ် ပုံနေတဲ့ ထိန်ပင်မှာ အမှိုက်ကနေ မီသိန်းဓာတ်ငွေ့ထုတ်လုပ်နိုင် ဖို့ လျာထားဆောင်ရွက်နေပါတယ်”ဟု ဆိုသည်။

ဒါကတော့ ရန်ကုန်မြို့တော်ကြီးကို သန့်ရှင်းတဲ့မြို့ကြီး ဖြစ်လာစေဖို့ တာဝန်ရှိသူတွေက အသိပညာပေးမှုအပိုင်း၊ ထွက်ရှိ နေတဲ့ အမှိုက်တွေကို စည်ပင်သန့်ရှင်းရေးဝန်ထမ်းတွေက နေ့စဉ် နဲ့အမျှ သိမ်းဆည်းနေမှုအပိုင်းတွေကို တင်ပြခဲ့တာပါ။ ဒီလိုအသိ ပညာပေးမှုတွေ၊ အမှိုက်တွေကို လိုက်လံသိမ်းဆည်းနေရုံနဲ့ ဂျပန်လို၊ စင်ကာပူလို သန့်ရှင်းမှု အပြည့်အဝရှိတဲ့ မြို့ကြီးဖြစ်လာ မှာ မဟုတ်ပါဘူး။ အသိပညာပေးမှုတွေနဲ့ ဥပဒေကြောင်းအရ ဆောင်ရွက်နိုင်တဲ့ အစီအစဉ်တွေကို ယှဉ်တွဲလုပ်ဆောင်သွားသင့် ပါတယ်။

## မြစ်ချောင်းအင်းအိုင်တွေ အတွင်း ပလတ်စတစ်အမှိုက်တွေ စည်းကမ်းမဲ့ စွန့်ပစ်နေတဲ့အတွက် ဂေဟစနစ် ပျက်ယွင်းလာနေမှုဟာ စိန်ခေါ်မှုကြီး တစ်ရပ် ဖြစ်လာ၊ စိမ်းလန်းသာယာတဲ့ မြို့တော်ကြီး ဖြစ်ဖို့ဆိုရင် အမှိုက်တွေကို စနစ် တကျပစ်ဖို့ လိုအပ်လာပြီဖြစ်


### မြို့တော်ရန်ကုန်ရဲ့ ရေကြီးမှုကို ကာကွယ်ဖို့ အမှိုက်မပစ်ကြပါစို့ မှ

ကန်တော်ကြီးနဲ့ ဆက်စပ်မြို့နယ်တွေဖြစ်တဲ့ ဗဟန်းနဲ့ မင်္ဂလာတောင်ညွန့်မြို့နယ်များမှာ ရေကြီးရေလျှံမှု လျော့နည်း သွားမယ်လို့ ခန့်မှန်းမိပါတယ်။

ဒါဟာလည်း နိုင်ငံတကာနဲ့ ဆက်သွယ်သွားလာပြီး ရရှိတဲ့ အတွေ့အကြုံ အသိတစ်ခုဖြစ်မယ်လို့ ထင်ပါတယ်။ ၂၀၁၇ ခုနှစ် အတွင်းက သွားရောက်သတင်းရယူခဲ့တဲ့ အခမ်းအနားတစ်ခုမှာ ဂျပန်မြို့တော်ဝန်က သူတာဝန်ယူတဲ့ မြို့ကြီးဟာလည်း အရင်က ရေကြီး ရေလျှံမှုနဲ့ နှစ်စဉ်ကြုံတွေ့ခဲ့ရကြောင်း၊ ယခုအခါ မြို့လယ်နေရာတစ်ခုဖြစ်တဲ့ တင်းနစ်ကစားကွင်း တစ်ကွင်း အောက်မှာ ရေစုကန်ကြီးများ တည်ဆောက်ပြီးရွာချသော မိုးရေကို စုဆောင်းကာ မြစ်ချောင်းပင်လယ်အတွင်းသို့ ပြန်လည် စွန့်ထုတ်သောစနစ်ကို ကျင့်သုံးခဲ့တဲ့အတွက် ရေကြီးရေလျှံမှု ကို ကာကွယ်နိုင်ခဲ့ပြီဖြစ်ကြောင်း ပြောကြားခဲ့ဖူးတာကို မှတ်သားခဲ့ဖူးပါတယ်။ သူ့အပြောအရ မြို့သူ မြို့သားတိုင်းဟာ ရေကြီးရေလျှံမှုကိုကာကွယ်ဖို့အတွက် ရေနုတ်မြောင်းများ ပိတ်ဆို့မနေစေရန် အမှိုက်ကို စနစ်တကျ စွန့်ပစ်တယ်ဆိုတာ သိခဲ့ရပါတယ်။

ရန်ကုန်မြို့ကြီးအတွင်းမှာလည်း သဘာဝရေကန်ကြီးများ၊ လူတို့ပြုပြင်ခဲ့သော ရေကန်ကြီးများ တည်ရှိနေပါတယ်။ အခုအခါမှာ အဆိုပါရေကန်ကြီးများဟာ နှစ်ပေါင်းများစွာ မပြုမပြင်ဘဲထားရှိခဲ့တဲ့အတွက် အမှိုက်သရိုက်များ၊ နုန်းဒိုက် ဗေဒါအပေါင်းနဲ့ ပြည့်နှက်နေပြီဖြစ်ပါတယ်။ ကန်တော်ကြီးရေပြင် အတွင်း တည်ရှိရာ ကရဝိက်ကြီးပင်လျှင် ရေနည်းလာသည့် အတွက် အောက်ခံတိုင်များ ရေပြင်အထက် ရောက်လာခဲ့ပါပြီ။ ရေကန်ကြီးများ အောက်ခြေမှာ နုန်းထုထည်ဟာ နှစ်စဉ်လိုလို တိုးလာတဲ့အတွက် ရေသိုလှောင်နိုင်မှု ပမာဏတဖြည်းဖြည်း လျော့နည်းလာလျက်ရှိပါတယ်။ ဒါကို မြို့တော်စည်ပင်သာယာ အဖွဲ့တွေက အချိန်မီကုစားဖို့ ပြင်ဆင်နေကြတာကို တွေ့ခဲ့ရပါ တယ်။ ထို့အတူပဲ အင်းလျားကန်ကိုလည်း ပြည်သူအကျိုးရှိစေ မည့် အစီအမံများဖော်ထုတ်ပြီး ပြန်လည်ကုစားဖို့ လိုအပ် လျက်ရှိပါတယ်။

အုပ်ချုပ်သူအစိုးရအဖွဲ့များက မိမိတို့တာဝန်ယူထားတဲ့ အပိုင်းအလိုက် ဆောင်ရွက်နေကြသလို မြို့တော်ရန်ကုန်မှာ နေထိုင်နေကြတဲ့ မြို့သူမြို့သားများရော ဒေသခံမဟုတ်သူ၊ အနယ်နယ်အရပ်ရပ်မှ လာရောက်အခြေချနေထိုင်ကြသူများ ကပါ မိမိတို့၏ တစ်ပိုင်တစ်နိုင် အမှိုက်များကို စည်းကမ်းရှိရှိ တာဝန်သိသိဖြင့် စနစ်တကျစွန့်ပစ်ဖို့ လိုအပ်ပါတယ်။ သန့်ရှင်းရေးနဲ့ ပတ်သက်ပြီး အသိပညာပေးတဲ့ နေရာမှာ လည်း ကျောင်းများ၊ ရပ်ကွက်များအတွင်းမှာ အသိပေး လှုပ်ရှားမှုများနဲ့ မလုံလောက်ဘူးဆိုတာ တွေ့ရပါတယ်။ လူထု လှုပ်ရှားမှုပုံသဏ္ဌာန်နဲ့ လူမှုရေးအဖွဲ့အစည်းတွေက ပြုလုပ် နေကြပေမယ့် တချို့က ဘာလုပ်နေမှန်းတောင် မသိသူတွေ ရှိဆဲပါ။ ဒါကြောင့် သန့်ရှင်းရေး အသိပညာပေးမှုများကို



ပိုမိုကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သင့်ပါတယ်။ သို့မှလည်း အမှိုက်ကင်းစင်ကာ နေချင့်စဖွယ် မြို့ကြီးတစ်မြို့အဖြစ်သို့ ရန်ကုန်မြို့တော်ကြီးဟာ ရေကြီးရေလျှံမှု လျော့နည်းပြီး ရောက်ရှိလာနိုင်မှာဖြစ်ပါကြောင်း . . .

# ခေတ်မီမြို့ပြဖွံ့ဖြိုးတိုးတက်မှုသည် ရပ်ကွက်၊ ကျေးလက်များ သန့်ရှင်းသာယာမှုပေါ်တွင် မူတည်လျက်ရှိ

**သန်းထိုက်(လှိုင်သာယာ)**



နိုင်ငံတစ်နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုဖြင့် ရပ်တည်နိုင်ခြင်းသည် ထိုနိုင်ငံအတွင်းရှိ မြို့ပြများ ခေတ်မီလှပ သန့်ရှင်းမှုကြောင့်ပင် ဖြစ်သည်။ ခေတ်မီလှပရန် အတွေးအခေါ် အယူအဆများသည်လည်း မြင့်မားခေတ်မီနေရန် လိုအပ်မည်ဖြစ်သည်။ မြန်မာပြည်၏ အချက်အချာကျရာ မြို့ပြကြီးဖြစ်သည့် မဟာရန်ကုန်မြို့တွင် ကိုကိုးကျွန်းမပါဘဲ ၄၄ မြို့နယ်ရှိပြီး ထိုမြို့နယ်များ၏ အလှသည် နှင်းဆီပန်းတစ်ပွင့်နှင့်တူညီပြီး ရန်ကုန်မြို့၏အလှသည် ထိုနှင်းဆီပန်းရနံ့နှင့် တူညီပါသည်။ အပွင့်လှပြီး ရနံ့မသင်းလျှင် ထိုပန်းပွင့်ကို ကြိုက်နှစ်သက်မှုမရှိသကဲ့သို့ ရနံ့သင်းပျံ့ပြီး အပွင့်အခက်လှပလိုက်ဖက်မှုမရှိလျှင်လည်း ထိုပန်းသည် အပယ်ခံသာ ဖြစ်နေမည်ဖြစ်သည်။ ထို့ကြောင့် ကန်နှင့်ကြာ လိုက်ဖက်ညီရန် အထူးလိုအပ်သည်။

ယနေ့ ရန်ကုန်မြို့ပြဝန်းကျင်ရှိ မြို့နယ်များရှိ ရပ်ကွက်အတွင်းနှင့် စက်မှုဇုန်များ၊ အဆောင်နေထိုင်မှုများသော ရပ်ကွက်များနှင့်၊ မြစ်ကမ်းဘေး၊ ချောင်းဘေးရပ်ကွက်၊ ကျေးရွာတို့တွင် စွန့်ပစ်အမှိုက်ကြောင့် ရေစီးရေလာပိတ်ဆို့ခြင်း၊ ရေမြောင်းများအတွင်း ပိတ်ဆို့နေသော အရာများကို ရှင်းလင်းဆယ်ယူမှုမရှိခြင်း၊ တိုးပွားလာသောလူဦးရေနှင့်အညီ ထိန်းသိမ်းနိုင်သော လုပ်ဆောင်မှုအားနည်းလာခြင်း၊ ပူးပေါင်းဆောင်ရွက်မှုအားနည်းခြင်းနှင့် ကျန်းမာရေးအသိအားနည်းခြင်းတို့ကြောင့် ယခုလို နွေရာသီတွင် ရပ်ကွက်အတွင်း လမ်းရေမြုပ်ခြင်းနှင့် နေအိမ်များအတွင်း ရေနစ်မြုပ်ခြင်းတို့ကြောင့် ခြင်များပေါများလာခြင်းကို ကြုံတွေ့နေရလျက်ရှိသည်။ အိမ်တွင်းစက်မှုလုပ်ငန်းများစွာရှိသော မြောက်ဥက္ကလာ၊ တောင်ဥက္ကလာ စက်မှုဇုန်များနှင့် ကျူးကျော်နေထိုင်မှုများလာသော လှိုင်သာယာ၊ ရွှေပြည်သာ မြို့နယ်တို့တွင် ရေစီးရေလာ ပိတ်ဆို့မှုကြောင့် လမ်းပေါ်နှင့် နေအိမ်အတွင်း မိုးတွင်းကာလကဲ့သို့ သွားလာရေးခက်ခဲလျက် ရှိနေကြသည်။

ထိုသို့ဖြစ်ပေါ်ရခြင်းသည် နေထိုင်ရာရပ်ကွက်လမ်းအတွင်း အဆောင်၊ ဈေးဆိုင်များ တိုးချဲ့ဆောက်လုပ်ခြင်းကြောင့် ထိုနေရာတွင် နေထိုင်သူတို့၏ အိမ်ရှေ့ အိမ်နောက် စွန့်ပစ်ရေများ စီးဆင်းရာ မြောင်းကြီး၊ မြောင်းငယ်များ ပိတ်ဆို့နေ၍ ဖြစ်သည်။ ရပ်ကွက်အတွင်း ရေမြောင်းများ ဖော်ရာ၌ အဓိကလမ်းမကြီးများကိုသာ တူးဖော်လေ့ရှိပြီး ရေမြောင်းများပေါ်တွင် ပိတ်ဆို့ဆောက်လုပ်ထားသော အရာများကြောင့် လည်းကောင်း၊ ရေမြောင်းများ ပျောက်ကွယ်သွားခြင်းကြောင့် လည်းကောင်း၊ တစ်ပတ်တစ်ကြိမ် ရပ်ကွက်၊ ကျေးလက်တို့၌ မိမိအိမ်ရှေ့နှင့် ဝန်းကျင်သန့်ရှင်းရေးစနစ် ပျောက်ကွယ်နေခြင်းကြောင့် လည်းကောင်း၊ ရပ်ကွက်သန့်ရှင်းရေး လုပ်ဆောင်ရန် တိုက်တွန်းအားပေးမှု မရှိခြင်းတို့ကြောင့် ရန်ကုန်မြို့ပြရှိ မြို့နယ်တို့တွင် နွေရာသီတွင် ရေဝပ်ရေလျှံခြင်းနှင့် ခြင်ပေါများခြင်းကို ခံစားကြုံတွေ့နေရခြင်းဖြစ်သည်။ အထူးသဖြင့် မြန်မာပြည်၏ စက်မှုဇုန်အကြီးဆုံးတည်ရှိရာ လှိုင်သာယာမြို့နယ်တွင် ဖြစ်သည်။ ရပ်ကွက်အတွင်း ညပိုင်းလမ်းပေါ် မတ်တပ်ရပ်ကာ စကားပြော၍ မရအောင်ပင် ခြင်ပေါများလာခြင်းကို ကြုံတွေ့နေရသည်။ နေရာအစုံ ခြင်ပေါများသည်။ ပုဂ္ဂလိကဆေးရုံ၊ ပြည်သူ့ဆေးရုံတို့တွင် ခြင်ကိုက်သော ဒဏ်ကို ခံစားနေကြရလျက်ရှိသည်။

> **“ မိမိရပ်ကွက်၊ မိမိကျေးရွာ သန့်ရှင်းသာယာလှပရန် လုပ်ဆောင်ခြင်းသည် မြို့ပြခေတ်မီဖွံ့ဖြိုးတိုးတက်ရန် ဖော်ဆောင်ခြင်း၏ ရှေ့ပြေးလက္ခဏာပင်ဖြစ် ”**

စက်မှုဇုန်ဖြစ်၍ လုပ်သားပေါများသည်။ ထိုလုပ်သားများမှာ တစ်လ သုံးသောင်းခွဲမှ သိန်းကျော်ပေး၍ မိသားစုဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ နေထိုင်ကြလျက်ရှိသည်။ စနစ်ကျစွာ ဆောက်လုပ်ထားသော အဆောင်တိုက်ခန်းများမဟုတ်ဘဲ စီးပွားဖြစ်ဆောက်လုပ်သော အဆောက်အအုံများသာဖြစ်၍ မီးသတ်ကန်၊ ဆေးဘူး၊ အမှိုက်ကန်၊ အမှိုက်ပုံးနှင့် ရေစီးရေလာကောင်းမွန်စေသော ရေမြောင်းများအဖြစ် စီမံဆောင်ရွက်မှု အားနည်းလျက်ရှိသည်။ ငှားရမ်းသည့် ပိုင်ရှင်ပင်လျှင် ပတ်ဝန်းကျင်သန့်ရှင်းရေးကို အလေးမမူသည့်အပြင် ရွှေ့ပြောင်းနေထိုင်သူများကလည်း ဤနေရာမကြိုက်လျှင် အခြားနေရာ ပြောင်းရွှေ့သောကြောင့် ထိုရပ်ကွက်၊ ကျေးရွာတွင် နေထိုင်သောသူတို့မှာ အနံ့အသက်နှင့် ကျန်းမာရေးထိခိုက်မှုတို့ကို ညပိုင်းတွင်ပို၍ ကြုံတွေ့ရမည်မှာ အမှန်ပင်ဖြစ်သည်။



လှိုင်သာယာစက်မှုဇုန်တစ်ခု၌ အမှိုက်များ စည်းကမ်းမဲ့စွန့်ပစ်ထားသည်ကို တွေ့ရစဉ်။

မိမိရပ်ကွက်၊ မိမိကျေးရွာ သန့်ရှင်းသာယာလှပရန် လုပ်ဆောင်ခြင်းသည် မြို့ပြခေတ်မီဖွံ့ဖြိုးတိုးတက်ရန် ဖော်ဆောင်ခြင်း၏ ရှေ့ပြေးလက္ခဏာပင်ဖြစ်သည်။ ရပ်ကွက်ပေါင်း ၂၀၊ ကျေးရွာပေါင်း ကိုးရွာရှိသော လှိုင်သာယာတွင် စက်မှုဇုန်ကြီးများ အစီအရီရှိနေကြပြီး ရပ်ကွက်အတွင်း ရေစီးရေလာ မကောင်းသော လမ်းများကြောင့် အိမ်ရှေ့ အိမ်နောက် ရေဆိုးများ ပိတ်နေသည့်နည်းတူ စက်မှုဇုန်များရှိ ကျူးကျော်နေထိုင်မှု တိုးပွားလာခြင်းကြောင့် ကျန်းမာရေးပြဿနာနှင့် ရေစီး ရေလာပိတ်ကာ လှိုင်မြစ်အတွင်း အပြည့်အဝ စီးဆင်းမှုမရှိဘဲ ရပ်ကွက်အတွင်း နွေ၊ မိုး၊ ဆောင်း ရေဆိုးများ ဝပ်နေသည်ကို ကြုံတွေ့နေကြရသည်။ မိုးရာသီလမ်းပေါ်နှင့် အိမ်အတွင်း ရေဝပ်ရေလျှံဖြစ်ပေါ်ခြင်းထက် ရေခန်းခြောက်သော နွေရာသီတွင် အပေါ်ပူ၊ ခြေထောက်ရေစိုသော ဒုက္ခကြုံတွေ့နေရခြင်းမှ ကင်းဝေးစေရန် အားလုံးဝိုင်းဝန်းလက်တွဲ ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်သည်။ မိမိအိမ်ရှေ့ မိမိတာဝန်ယူခြင်းသည် အမျိုးသားရေးတစ်ရပ်နှင့် နိုင်ငံသားတစ်ဦး၏ တာဝန်ဖြစ်ကြောင်းကိုလည်း နားလည်သိရှိရန် လိုအပ်မည်ဖြစ်သည်။

ရန်ကုန်မြို့ပြကြီးနှင့် တစ်ဆက်တည်းရှိနေသော မြို့နယ်များအားလုံး ရေစီးရေလာကောင်းမွန်၍ လမ်းများသန့်ရှင်းသာယာလှပလျက် ခြင်အန္တရာယ်နှင့် အနံ့အသက်များ ကင်းဝေးခြင်းဖြင့် ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိစေမည် ဖြစ်သည်။ ရပ်ကွက်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုကို အစဉ်လက်တွေ့ကျကျ ထိန်းသိမ်းခြင်းဖြင့် လူငယ်များ ဗလငါးတန်သန်စွမ်းလျက် အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးတွင် အထောက်အပံ့ဖြစ်စေမည် ဖြစ်သည်။ မြို့ပြ သန့်ရှင်းသာယာလှပမှု၊ ကျန်းမာရေး ထိန်းသိမ်းစောင့်ရှောက်မှု၊ တရားဥပဒေစိုးမိုးမှုနှင့် ဘာသာရောင်ဝါ ထွန်းလင်းမှုသည် ထိုမြို့ပြဂုဏ်ရှိန်ကို ထင်ပေါ်ကျော်ကြားစေမည်ဖြစ်သည်။ လွန်ခဲ့သောနှစ် ၃၀ က ရန်ကုန်မြို့နှင့် ယနေ့မြို့ပြရန်ကုန် ဖွံ့ဖြိုးတိုးတက်မှုကွာခြားမှုနှင့်အတူ မြို့ပြ၏ နောင်တော်များဖြစ်သော မြို့နယ်အသီးသီး၏ ပြောင်းလဲတိုးတက်လာမှုကို သတိပြုမိကြပြီး ဖြစ်မည်။ ခေတ်စနစ်နှင့်အညီ တိုးတက်ပြောင်းလဲရန်သာ လိုမည်။ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ပြောင်းလဲခြင်းသည် နည်းပညာ ပြောင်းလဲလာခြင်းကြောင့်ပင် ဖြစ်သည်။ နည်းပညာ ပြောင်းလဲလာသော်လည်း ဆန်းသစ်သော အတွေးအခေါ်နှင့် မျှတသော စိတ်ပိုင်းဆိုင်ရာ အယူအဆများ ပြောင်းလဲမှုမရှိပါက အသင်းအဖွဲ့ဖြစ်စေ၊ အစုအဖွဲ့ဖြစ်စေ၊ မြို့ပြနိုင်ငံဖြစ်စေ ရေရှည်တွင် အခက်အခဲများဖြင့်သာ ဖြတ်သန်းရမည်သာဖြစ်သည်။

ရောင်စုံပန်းအလှကဲ့သို့ မြို့နယ်များအားလုံး သန့်ရှင်းသာယာလှပမှုက မွှေးပျံ့သောရနံ့နှင့် တူညီသည့် ရန်ကုန်မြို့ပြကြီး၏ရနံ့ ပို၍သင်းပျံ့မွှေးကြိုင်စေမည်ဖြစ်သောကြောင့် မြို့ပြ၏ခေတ်မီဖွံ့ဖြိုးတိုးတက်မှုသည် မြို့နယ်များ သန့်ရှင်းသာယာလှပမှုအပေါ်တွင် မူတည်ပါကြောင်း ရေးသားလိုက်ရပါသည်။



ရပ်ကွက်အတွင်း ရေမြောင်းများ ရေစီးဆင်းမှုမရှိခြင်းကြောင့် လမ်းများပေါ်၌ ရေပြည့်လျှံနေမှုကို တွေ့ရစဉ်။

ဓာတ်ပုံ-သန်းစိုး

တစ်ပတ်အတွင်း ရန်ကုန် ကားဈေးကွက်

# ခရီးသွားရာသီကာလ အရောင်းအားနည်းသော်လည်း ပုံမှန်အလုပ်ဖြစ်နေသည့် ရန်ကုန်ဈေးကွက်



**မင်းသော်**

**ရန်ကုန်** ကားအရောင်းအဝယ်ဈေးကွက်အတွင်း ပုံမှန်အရောင်းအဝယ် အနည်းငယ်သာရှိနေပြီး အများစုမှာ စောင့်ကြည့်နေဆဲ အနေအထားပင်ဖြစ်ကြောင်း သိရှိရသည်။ လက်ရှိဈေးကွက်အတွင်း ဝယ်ရောင်းအများစုမှာ မော်တော်ကားလက်ဝယ်ထားရှိမှုတွင် အမြတ်အစွန်းနည်းပါးဆုံးသော ကားများကို ထုတ်ရောင်းလာကြပြီး ဈေးလျှော့ရောင်းသဖြင့် အရောင်းအဝယ်ပြန်ဖြစ်လာနေသည်ကို တွေ့ရသည်။ ဈေးနှုန်းမြင့်မားခြင်းကြောင့် မော်တော်ကားလက်ဝယ်ကိုင်ဆောင်ထားလိုကြသော်လည်း အဝယ်မလိုက်မှု ကြာရှည်လာသဖြင့် ငွေလည်ပတ်ရန်အတွက် ယခုကဲ့သို့ ရောင်းချနေကြခြင်းဖြစ်သည်။

## တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့် မော်တော်ကားဈေးနှုန်းများ

| ယာဉ်အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်းကျပ်သိန်း |
|---|---|---|---|---|---|
| Alphard | 2003 | ရန်ကုန် | 3000cc | အပြင်ဈေး | ၄၈၅ |
| CRV RD5 | 2001 | ရန်ကုန် | 2000cc | အပြင်ဈေး | ၂၅၀ |
| Kluger | 2001 | ရန်ကုန် | 2400cc | အပြင်ဈေး | ၂၈၀ |
| Fit Gpl | 2012 | နယ် | 1300cc | အပြင်ဈေး | ၁၉၅ |
| Latio | 2007 | ရန်ကုန် | 1500cc | အပြင်ဈေး | ၁၄၀ |
| Parado | 1997 | ရန်ကုန် | 3000cc | အပြင်ဈေး | ၃၄၀ |
| Vitz | 2010 | ရန်ကုန် | 1300 cc | အပြင်ဈေး | ၁၆၀ |
| Belta | 2010 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၈၀ |
| Mark II | 2003 | ရန်ကုန် | 2000 cc | အပြင်ဈေး | ၂၆၅ |
| Cedric | 2000 | ရန်ကုန် | 2500cc | အပြင်ဈေး | ၁၃၀ |

ဈေးနှုန်းများမှာ ကားအမျိုးအစား၊ အရည်အသွေးနှင့် အခြားသောကိစ္စရပ်များကြောင့် ပြောင်းလဲနိုင်ပါသည်။

မော်တော်ယာဉ်တင်သွင်းခွင့်ကို ဇန်နဝါရီ ၂ရက်က စတင်ခွင့်ပြုပေးခဲ့သော်လည်း ဘယ်မောင်းနှင့် အသားမကျသူများအတွက် တင်သွင်းရန် အားယူနေကြရမည့် ကာလဖြစ်ခြင်းကြောင့် ညာမောင်းများအတွက် အခွင့်သာနေချိန်ဖြစ်နိုင်သည်။ သို့သော် လက်ရှိတွင်ဈေးမှာ အတက်ဈေးဖြင့် ငြိမ်သက်နေပြီး ပွင့်လင်းရာသီ အရောင်းအဝယ်ကောင်းချိန်တွင် တက်ဈေးကားများလည်း အရောင်းအဝယ် အလွန်အားနည်းနေသည်။ ယခုအချိန်တွင် စတိကားများ၊ နံပါတ်ထွက်ပြီးသား ရန်ကုန်လိုင်စင်ကားများ အားလုံး ပုံမှန်ပင် အရောင်းအဝယ်ရှိသော်လည်း ယခင်ကဲ့သို့ ရောင်းအားမြင့်မားလာခြင်းမရှိသည်မှာ ကြာခဲ့ပြီဖြစ်သည်။

ယခုရက်ပိုင်းအတွင်း အရောင်းအဝယ် အနည်းငယ်ဖြစ်သည့်ကားများမှာ ရန်ကုန်လိုင်စင် အင်ဂျင်ပါဝါနိမ့်မော်တော်ကားများနှင့် နယ်လိုင်စင် ပုံမှန်ပေါက်ဈေးထက် လျှော့ကာရောင်းချသည့် မော်တော်ကားများဖြစ်ကြသည်။ ရန်ကုန်လိုင်စင်ကားများတွင်လည်း လိုင်စင်ဟောင်း အလယ်အလတ်နံပါတ်များသာ အရောင်းအဝယ် အနည်းငယ်ရှိပြီး စတိကားများမှာမူ အရောင်းအဝယ်မရှိသလောက် ရပ်တန့်လျက်ရှိသည်။

အရောင်းပြခန်းများတွင်လည်း ရန်ကုန်လိုင်စင်ရရှိလိုသဖြင့် စလစ်လိုအပ်ချက်များကြောင့် ဈေးလျှော့မရောင်းနိုင်ကြသကဲ့သို့ အချို့ကားသစ်အရောင်းပြခန်းများမှာမူ အရစ်ကျစနစ်အားကောင်းစေရန် ဘဏ်များနှင့် ပိုမိုချိတ်ဆက်၍ ဈေးကွက်အရောင်းမြှင့်တင်ခြင်းဖြင့် နယ်ဝယ်လက်များအထိ ဈေးကွက်ချဲ့ထွင်နေကြောင်း သိရသော်လည်း အများစုမှာ ဈေးနှုန်းမြင့်မားသဖြင့် ထင်သလောက် ခရီးမပေါက်ကြောင်းလည်း ကားဈေးကွက်ကျွမ်းကျင်သူအချို့က ပြောသည်။

**အရောင်းပြခန်းများတွင်လည်း ရန်ကုန်လိုင်စင်ရရှိလိုသဖြင့် စလစ်လိုအပ်ချက်များကြောင့် ဈေးလျှော့မရောင်းနိုင်ကြသကဲ့သို့ အချို့ကားသစ်အရောင်းပြခန်းများမှာမူ အရစ်ကျစနစ်အားကောင်းစေရန် ဘဏ်များနှင့် ပိုမိုချိတ်ဆက်၍ ဈေးကွက်အရောင်းမြှင့်တင်ခြင်းဖြင့် နယ်ဝယ်လက်များအထိ ဈေးကွက်ချဲ့ထွင်နေကြောင်း သိရသော်လည်း အများစုမှာ ဈေးနှုန်းမြင့်မားသဖြင့် ထင်သလောက် ခရီးမပေါက်**

လာမည့်နှစ် မော်တော်ယာဉ်တင်သွင်းခွင့်ကို ဇန်နဝါရီ ၂ ရက်က စတင်ခွင့်ပြုပေးခဲ့သော်လည်း ဘယ်မောင်းနှင့် အသားမကျသူများအတွက် တင်သွင်းရန် အားယူနေကြရမည့် ကာလဖြစ်ခြင်းကြောင့် ညာမောင်းများအတွက် အခွင့်သာနေချိန်ဖြစ်သည်။ သို့သော် လက်ရှိတွင် ဈေးမှာ အတက်ဈေးဖြင့် ငြိမ်သက်နေပြီး ပွင့်လင်းရာသီ အရောင်းအဝယ်ကောင်းချိန်တွင် တက်ဈေးကားများလည်း အရောင်းအဝယ် အလွန်အားနည်းနေသည်။ ယခုအချိန်တွင် စတိကားများ၊ နံပါတ်ထွက်ပြီးသား ရန်ကုန်လိုင်စင်ကားများလည်း ယခင်လို အရောင်းအဝယ်အားမကောင်းဘဲ ငြိမ်သက်နေသည်ဟု သိရသည်။ လက်ရှိတွင် သက်တမ်းနှစ် ၂၀ အမည်ပေါက် စလစ်တစ်စောင် ဈေးနှုန်းမှာ ငွေကျပ်သိန်း ၁၃၀ ရှိနေပြီး စလစ်လိုအပ်ချက်မှာ များပြားလာနိုင်သေးကြောင်း သိရသည်။

"အရောင်းအဝယ်မဖြစ်ဘူးလို့လည်း ယတိပြတ်တော့ ပြောမရပါဘူး၊ ဖြစ်နေတာတွေက ဈေးနည်းတဲ့ အောက်ကားလေးတွေ ရှိတယ်၊ ဒါပေမယ့် ပြောရရင် ဈေးကွက်မဝင်ဘူးပေါ့ဗျာ၊ ကျွန်တော်တောင် ကားအရောင်းအဝယ်မလုပ်သေးဘဲ ကိုင်ထားတာ တစ်လကျော်နေပြီ၊ ကိုယ့်လက်ထဲကဟာကို အမြတ်မရှိဘဲ မထုတ်ရဲဘူး၊ မြတ်လည်း မမြတ်ဘူး၊ ကိုယ်ပြန်ဝယ်ရင်လည်း တက်ဈေးအတိုင်း မဝယ်နိုင်ဘူး၊ ဈေးကွက်လည်း မကောင်းတော့ ဝယ်ရောင်းအတော်များများက ကားကိုင်ပြီး ထိုင်နေကြတယ်"ဟု ကားအရောင်းအဝယ်လုပ်ကိုင်သူ ကိုအေးသိန်းကလည်း ပြောသည်။

### ရန်ကုန်လမ်းမီးတိုင်များ ထိန်ထိန်လင်းတော့မည်....မှ

ဤကိစ္စသည်က ယနေ့ကာလမှမဟုတ်၊ ရှေ့ဘယ်အစိုးရလက်ထက်ကတည်းက ဖြစ်လာခဲ့သည်မသိပါ။ လွန်ခဲ့သောနှစ်နှစ်ကျော်က ရပ်ကွက်အုပ်ချုပ်ရေးမှူး ခွင့်တစ်လယူချိန်၊ အုပ်ချုပ်ရေးမှူးကိုယ်စား အပတ်စဉ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးသို့ အစည်းအဝေးတက်ရသည်။ မြို့နယ်အတွင်းရှိ ဌာနပေါင်းစုံပါသည်။ မြို့နယ် ထွေ/အုပ်ဦးစီးမှူးက လိုအပ်သည်များကို မှာကြားသည်။ ရပ်ကွက်များ၏ လိုအပ်ချက်များကို ရပ်ကွက်အုပ်ချုပ်ရေးမှူးများက တင်ပြကြရသည်။

အဓိက တင်ပြကြသည်မှာ ရပ်ကွက်အတွင်း သန့်ရှင်းရေးနှင့် လမ်းခတ်မီးတိုင်များမလင်း၍ ဆောင်ရွက်ပေးရန်ဖြစ်သည်။ မိမိကိုယ်တိုင်ပင် လမ်းခတ်မီးတိုင်များမလင်း၍ တင်ပြခဲ့ဖူးသည်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးသာ ခွင့်တစ်လပြည့်၍ ပြန်ရောက်လာသည်။ လမ်းခတ်မီးတိုင်များက အမှောင်လွှမ်းဆဲပင်ဖြစ်သည်။

ပြီးခဲ့သော ဖေဖော်ဝါရီ ၂၈ ရက်က ကျင်းပသော ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးတွင် ဗဟန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြတ်ကျော်က ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် လမ်းမီးများလင်းရေး ဆောင်ရွက်ရာတွင် YESC နှင့် YCDC ဌာနနှစ်ခုတို့က လုပ်ငန်းလျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဌာနတစ်ခုတည်းမှသာ ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ သိလိုပါကြောင်း မေးမြန်းခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က အထက်ကဆိုသကဲ့သို့ ဌာနနှစ်ခုမှ ခွဲဝေဆောင်ရွက်နေခြင်းအပေါ် ရှင်းလင်းပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် လမ်းမီးလုံးများ လဲလှယ်တပ်ဆင်ရန်၊ မြို့နယ်အဆင့်ကို တာဝန်ပေးထားခြင်းမရှိဘဲ စည်ပင်သာယာရေးကော်မတီမှ တာဝန်ယူဆောင်ရွက်နေကြောင်း၊ မြို့နယ်မှ စည်ပင်ယာယာရေးကော်မတီသို့ အဆင့်ဆင့်တင်ပြရခြင်းဖြစ်၍ ကြန့်ကြာနေရခြင်းဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။

ထို့အပြင် ရန်ကုန်မြို့တော် စည်ပင်ယာယာရေးကော်မတီနှင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းတို့မှ ညှိနှိုင်းပြီး လမ်းမီးထွန်းညှိခြင်းလုပ်ငန်းကို ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းသို့သာ တာဝန်ပေးအပ်သွားရန် ညှိနှိုင်းလျက်ရှိကြောင်း၊ လက်ရှိအနေဖြင့် မြို့နယ်စည်ပင်သာယာရေးအဆင့်သို့ လမ်းမီးများ လဲလှယ်တပ်ဆင်ပေးနိုင်ရန် တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားပေးခဲ့သည်။

စမ်းချောင်းမြို့နယ် သီရိခေမာရပ်ကွက်မှ ဦးအောင်သူက "အခုလို လမ်းမီးတိုင်တွေကို ဌာနတစ်ခုတည်းကပဲ တာဝန်ယူဆောင်ရွက်သွားမယ်ဆို ပိုကောင်းတာပေါ့ဗျာ...၊ ကျေးဇူးတင်ပါတယ်၊ ခတ်မီးတိုင်တွေ လင်းလင်းထင်းထင်းရှိတော့ ဒုစရိုက်မှုလည်းကင်းတာပေါ့၊ မြန်မြန်ညှိနှိုင်းကြပြီး မြန်မြန်အကောင်အထည် ဖော်ဖို့တော့ မျှော်လင့်ပါတယ်၊ ကျွန်တော်တို့ငယ်ငယ်က ရုပ်ရှင်ရုံတွေမှာ ကြည့်ရတဲ့ နောက်ကားအတွက် ကြော်ငြာသလို မကြာ မီလာမည်မျှော် ဆိုပြီး အကြာကြီးတော့ မမျှော်ချင်ဘူး" ဟု ဆိုခဲ့သည်။

ကြည့်မြင်တိုင်မြို့နယ်မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်းကမူ " မေးမြန်းတာတွေ၊ ပြန်လည်ဖြေကြားသွားတာတွေ အလွန်ကောင်းပါတယ်၊ မိုးတွင်းကာလမှာ လျှပ်စစ်အန္တရာယ်ကင်းစေဖို့ သစ်ကိုင်းတွေကို လျှပ်စစ်ဌာနက ခုတ်တယ်၊ ပြန်သိမ်းဖို့ကျတော့ စည်ပင်ကိစ္စ၊ ဒါပေမယ့် ဌာနက ကားအခက်အခဲ၊ ဆီအခက်အခဲကြောင့် တစ်ရက်လည်း မသိမ်းနိုင်၊ နှစ်ရက်နဲ့လည်း မသယ်နိုင်တဲ့အတွက် ရပ်ကွက်ပြည်သူတွေကပဲ ကျခံပြီး ကားငှားပစ်လိုက်ရတာတွေလည်း ရှိနေတုန်းပဲ၊ စောစောက ပြောသလို ဌာနတစ်ခုတည်းကပဲ ဆောင်ရွက်သွားမယ်ဆို အလွန်ကောင်းတဲ့ အစီအစဉ်ပါ၊ ဒါပေမယ့် အခုလမ်းမီး တစ်လုံးလင်းဖို့ တစ်လကြာလို့ စီစဉ်လိုက်ခါမှ ဒီထက်ပိုကြာသွားမယ်ဆိုရင်တော့ 'နောက်လာတဲ့ မောင်ပုလဲ ဒိုင်းဝန်ထက်ကဲ' ဆိုသလိုမျိုး မဖြစ်အောင် ကျွန်တော်တို့ လွှတ်တော်အမတ်တွေက ဝိုင်းဝန်းစောင့်ရှောက်ထိန်းသိမ်းပေးရမှာပေါ့" ဟု သုံးသပ်ပြောကြားပေးခဲ့သည်။ ။

